www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# ဒီပါအောင်

# သမားစိမင်းကြီးဘဲ့ရှင်

(ပထမပိုင်း)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၂ ခုနှစ်
ပထမအကြိမ် အုပ်ရေ-၄၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်ဇာမျိုး (ဝန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း နှင့် မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မှဲ့ရွှေ ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။

**နိုင်ငံတော်အရေးသုံးပါး**

☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးမှုမပြိုကွဲရေး — ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

☆ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
☆ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တရပ်တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက်(၄)ရပ်**

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
☆ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

www.burmeseclassic.com

www.burmeseclassic.com



## ပြိုင်ဘက်ကင်းစားသမား

သိုင်းလောကၽွ စားပညာကို အဓိကထား အသုံးပြုသော သိုင်းသမား အများအပြား ရှိကြသည့်အနက် 'ကျူးထင်းဖုန်း'အား ပြိုင်ဘက်ကင်းစားသမားဟု ကင်ပွန်းတပ်ကာ ချီးကျူးကြလေသည်။

ကျူးထင်းဖုန်းကမူ သူ၏စားပညာ ထက်မြက်သည်မှန်သော်လည်း ပြိုင်ဘက်ကင်း မဟုတ်ကြောင်း ပြောဆိုလေ့ရှိသည်။

ကျူးထင်းဖုန်းသည် အများအကျိုး၊ သိုင်းလောကအကျိုးသည်ပိုးဆောင်ရွက်နေသူ ဖြစ်သည်။

သဘောမနောကောင်းပြီး သူတပါးအား ကူညီဖို့ ဝန်မလေးသူ ဖြစ်၍လည်း လူချစ်လူခင် ပေါများလှပေသည်။

ကျူးထင်းဖုန်း၏မိတ်ဆွေသင်္ဂဟများမှာလည်း ထင်ရှားသော သိုင်းသမားကြီးများ ဖြစ်လေသည်။

မကြာသေးမီက...

အေးချမ်းငြိမ်သက်နေသော သိုင်းလောကၽွ ပြဿနာတစ်ရပ် ပေါ်ပေါက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အများအကျိုး ဆောင်ရွက်နေသော အဖြူရောင်သိုင်းဆရာ အချို့မှာ လူသတ်သမားတစ်ယောက်၏ လက်ချက်ဖြင့် သေဆုံးသွားကြခြင်း ဖြစ်လေသည်။

လူသတ်သမားမှာ မည်သူမည်ဝါဟု မသိရပါ။

လူသတ်သမားသည် လူသတ်ကာနီး၌ ထူးခြားသော အသံတစ်မျိုး မြူလုပ်တတ်လေသည်။

ထိုအသံကို ကြားပြီး မကြာမီ လုပ်ကြံခံရသည်ဟု ပြောဆိုကြလေသည်။

ကျူးထင်းဖုန်းသည် 'မိစ္ဆာညည်းသံ'ဟု တစ်စထက်တစ်စ သတင်းကြီးလာသော လူသတ်ကောင်ကို ဖော်ထုတ်ရန် ဆုံးဖြတ်လိုက်သည်။

သူကိုယ်တိုင်လည်းကောင်း၊ တပည့်တပန်းများကိုလည်းကောင်း၊ မိတ်ဆွေသင်္ဂဟများကို အကူအညီတောင်း၍လည်းကောင်း စုံစမ်းခဲ့ရာ ခြောက်လခန့် အကြာတွင် ထူးခြားသော သတင်းတစ်ခု ရရှိခဲ့လေသည်။

လူသတ်ကောင်က နိုင်ဖုံးမြို့မှ သိုင်းဆရာ'ကျင်းတ'အား ဒုက္ခပေးလိမ့်မည်ဟု သတင်းရလိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့်…

ကျူးထင်းဖုန်းက နိုင်ဖုံးမြို့သို့ အလျင်အမြန် ထွက်လာခဲ့လေတော့သည်။

♠ ♠ ♠



နိုင်ဖုံးမြို့…။

နိုင်ဖုံးမြို့သည် အလွန်စည်ကား သိုက်မြိုက်လှသည့် မြို့တော်ကြီးတစ်ခု ဖြစ်လေသည်။

သိုင်းဆရာကျင်းတသည် နိုင်ဖုံးမှ ထင်ရှားသော သိုင်းဆရာတစ်ဦး ဖြစ်လေသည်။

ကျင်းတသည် နိုင်ဖုံးမြို့ အရှေ့ဘက် ဆင်ခြေဖုံးရှိ ခြံဝင်းကြီးတစ်ခု၌ တပည့်တပန်းများဖြင့် နေထိုင်သည်။

မကြာသေးမီက…

ညဘက်ရောက်လျှင် လူမမာတစ်ယောက်၏ ညည်းတွားသံမျိုးကို ကြားခဲ့ကြရသည်။

ထိုညည်းတွားသံသည် ပြင်းထန်သော ဝေဒနာ ခံစားရကာ သေအံ့မူးမူး အချိန်၌ အသက်ငင်ညည်းတွားနေသံမျိုးနှင့် တူလှပေသည်။

ကျင်းတ၏တပည့်တပန်းများက လိုက်လံရှာဖွေကြပါသော်လည်း ညည်းတွားသူကို မတွေ့ခဲ့ရချေ။

ကျင်းတသည် သိုင်းလောက၌ ထွက်ပေါ်နေသော သတင်းများနှင့် ဆက်စပ်ကြည့်ပြီး ကြားခဲ့ရသော ညည်းတွားသံမှာ 'မိစ္ဆာညည်းသံ' ဖြစ်ရမည်ဟု နားလည်လိုက်သည်။

ထို့ကြောင့်…

ကျင်းတက မိတ်ဆွေများအား အကြောင်းကြားကာ 'မိစ္ဆာညည်းသံ' လူသတ်ကောင်နှင့် ရင်ဆိုင်ရန် အသင့်ပြင်ကာ စောင့်ဆိုင်း

www.burmeseclassic.com

www.burmeseclassic.com



နေခဲ့လေသည်။

ထိုအချိန်မှာပင် ကျူးထင်းဖုန်း ရောက်ရှိလာသောအခါ ကျင်းတ အလွန်ပင် အားတက်ခဲ့ရလေတော့သည်။

♠ ♠ ♠

ညဦးနက်ပြီ ဖြစ်သည်။

စည့်ခန်းအတွင်း၌ မီးရောင် ရှိနေဆဲ။

ကျင်းတနှင့် ကျူးထင်းဖုန်းတို့ မျက်နှာချင်းဆိုင်ထိုင်ကာ ရေနွေးကြမ်း သောက်နေကြလေသည်။

ကျင်းတက...

"နောင်ကြီးကျူး ရောက်လာတာ ကျုပ်အားတက်မိတယ်၊ ကျုပ်သတင်းစုံစမ်းကြည့်တာ 'မိစ္ဆာညည်းသံ'ဆိုတဲ့ လူသတ်ကောင်ရဲ့ လက်ချက်မိသွားတဲ့လူ မနည်းတော့ဘူးဗျ"

ကျူးထင်းဖုန်းက...

"မိစ္ဆာညည်းသံက ဘယ်သူဘယ်ဝါဆိုတာ မသိရသလို ဘာကြောင့် ခုလိုလိုက်ပြီး သတ်ဖြတ်နေတယ်ဆိုတာလဲ မသိရဘူး၊ လူသတ်မှုတွေ ကျူးလွန်တယ်ဆိုရင် အကြောင်းတစ်ခုခုတော့ ရှိရမယ် မဟုတ်လား"

ကျင်းတ ထောက်ခံလိုက်သည်။

"မှန်တာပေါ့ဗျာ"



ကျူးထင်းဖုန်းက...

"ကျုပ်ကြားထားတဲ့ သတင်းတစ်ခုတော့ရှိတယ်၊ ဒါပေမယ့် အဲသည် သတင်းကလဲ အခြေအမြစ်မရှိဘူးလို့ ထင်မိတာပဲ"

ကျင်းတက...

"ဘယ်လိုသတင်းမျိုးလဲ ပြောပါဦးဗျာ"

ကျူးထင်းဖုန်းက...

"သူ့ရဲကောင်းတောင်ကုန်းက လူတွေဟာ သိုင်းလောကကို အပိုင်စီးဖို့ ကြိုးစားနေကြတယ်၊ သူတို့က လိုက်ပြီး စည်းရုံးသိမ်းသွင်းတာကို လက်မခံတဲ့ ငြင်းပယ်တဲ့ လူတွေကို အကောက်ကြံပြီး လုပ်ကြံသတ်ဖြတ်ပစ်တယ်ဆိုတဲ့ သတင်းပါဗျာ"

ကျင်းတ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"သူ့ရဲကောင်းတောင်ကုန်းက လူတွေဟာ သိုင်းလောကကို အပိုင်စီးဖို့ ကြိုးစားနေကြတယ် ဟုတ်လား"

ကျူးထင်းဖုန်းက...

"သူတို့ကို အားလုံးက ကြည်ညိုလေးစားကြတာပါ၊ တောင်ကုန်းပိုင်ရှင်ကို ပြည်နယ်ငါးခု၊ ခရိုင်ငါးခုက သိုင်းသမားတွေက 'သမာဓိမင်းကြီး'အဖြစ် လက်ခံထားခဲ့ကြတာဝါ"

"သမာဓိမင်းကြီး"

သမာဓိမင်းကြီး ဘွဲ့ထူးရထားသည့် သူ့ရဲကောင်းတောင်ကုန်းပိုင်ရှင်သည် ပြည်နယ်ငါးခု၊ ခရိုင်ငါးခုမှ သိုင်းလောကပြဿနာများကို စီရင်ဆုံးဖြတ်ခွင့် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖြူသနှာရင်ဆိုင်နေရသူများသာမက အခြားသိုင်းသမားများကပါ 'သမာဓိမင်းကြီး'၏ စီရင်ဆုံးဖြတ်မှုကို နာခံရလေသည်။

သမာဓိမင်းကြီး ဘွဲ့ထူးရ သူရဲကောင်းတောင်ကုန်းပိုင်ရှင်မှာ ဤစာအရှိန်အဝါ အလွန်ကြီးမားလှပေတော့သည်။

သူရဲကောင်းတောင်ကုန်းပိုင်ရှင်သည် သိုင်းလောကအားအပိုင်စီးဖို့ ကြိုးစားနေသည်ဆိုခြင်းမှာ လုံးဝ မဖြစ်နိုင်သည့်ကိစ္စဖြစ်လေသည်။

ကျူးထင်းဖုန်းက...

"သူရဲကောင်းတောင်ကုန်းပိုင်ရှင် 'ပိုင်ဖန်း'ဟာ အပင်ပန်းခံပြီး သိုင်းလောကကို လွှမ်းမိုးဖို့ ကြိုးစားနေစရာ လိုတော့မှာ မဟုတ်ပါဘူး"

ကျင်းတာက...

"ဒါပေမယ့် ကျုပ်ပြောစရာတစ်ခု ရှိတယ်ဗျ"

ကျူးထင်းဖုန်း ခေါင်းညိတ်လိုက်သည်။

"ပြောပါဗျာ"

ကျင်းတာက...

"ကျုပ်ဆီကို မကြာသေးခင်ကပဲ သူရဲကောင်းတောင်ကုန်းက လူတစ်ယောက် ရောက်လာသေးတယ်"

"ဩော်"

ကျူးထင်းဖုန်း မျက်မှောင်ကုပ်သွားလေသည်။

ကျင်းတာက...



"တောင်ကုန်းပိုင်ရှင်ရဲ့ လက်ရုံးနှစ်ယောက်ထဲက လှေကြိုးဗျ"

"သူက ဘယ်လို ရည်ရွယ်ချက်နဲ့ ရောက်လာတာလဲ ပြောပါဦး"

"သိုင်းလောကမှာ လူသတ်ကောင်တစ်ယောက် ထွက်ပေါ်လာတာကြောင့် လိုက်ပြီး သတင်းစုံစမ်းနေတာလို့ ပြောပါတယ်"

ကျူးထင်းဖုန်း သက်ပြင်းချလိုက်လေသည်။

"သူရဲကောင်းတောင်ကုန်းကလဲ လူသတ်ကောင်ကို လိုက်ရှာနေတာကိုး"

ကျင်းတာက...

"သူတို့က လူသတ်ကောင်ကို လိုက်ရှာနေတာဆိုရင် အကြောင်းမဟုတ်ဘူး၊ နောင်ကြီးကျူး သတင်းကြားထားသလိုဖြစ်နေရင်တော့.."

ရှေ့ဆက်မပြောဘဲ စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

ကျူးထင်းဖုန်းက...

"အင်း လောကပေါ်မှာ ဘယ်လိုကိစ္စမျိုးမဆို ဖြစ်ပေါ်လာနိုင်တာပဲလေ၊ လူတစ်ယောက်ဟာ ပြောင်းလဲ မသွားဘူးလို့ ဘယ်သူ ပြောနိုင်မလဲ၊ ဘာပဲဖြစ်ဖြစ် သတိဝီရိယထားတာ မမှားပါဘူးလေ"

နှစ်ယောက်သား တိုင်ပင်ဆွေးနွေးရင်း ညဦးက ဝိုဈနက်

www.burmeseclassic.com

www.burmeseclassic.com



နှင်းလာပြီ ဖြစ်ရကား အနားယူရန် ဆုံးဖြတ်လိုက်ကြလေသည်။

ကျင်းတက ကျူးထင်းဖုန်းအား သီးသန့်ပြင်ဆင်ပေးထား သောအခန်းသို့ လိုက်လံပို့ဆောင်ပေးလိုက်သည်။

"မနက်ကျမှ ပြန်ဆုံကြတာပေါ့ဗျာ"

"ကောင်းပြီ..ကောင်းပြီ"

ကျင်းတ ထွက်သွားလျှင် ကျူးထင်းဖုန်းက အခန်းထဲ ဝင် ကာ တံခါးပိတ်ထားလိုက်လေသည်။

ထိုသို့ တံခါးပိတ်လိုက်ချိန်လေးမှာပင်...

"အား"

အပြင်ဘက်မှ စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည် ကို ကြားလိုက်ရလေသည်။

ကျင်းတ၏အော်သံ ဖြစ်လေသည်။

"ဟင်"

ကျူးထင်းဖုန်း ရင်ထိတ်သွားသည်။

တံခါးဖွင့်ကာ အပြင်ဘက် ခုန်ထွက်ပြီး ပြေးသွားလိုက်လေ သည်။

မကြာပါချေ။ စင်္ကြံလမ်းတစ်နေရာ၌ လဲကျနေသော ကျင်း တကို တွေ့မြင်လိုက်ရလေသည်။

ကျင်းတကား ရန်သူလက်ဖျက်မိသွားပြီ ဖြစ်သည်။

ကျူးထင်းဖုန်း မယုံနိုင်အောင် ဖြစ်သွား၏။

ကျင်းတသည် တခဏတာ အချိန်လေးမှာပင် လူသေ



အလောင်းဘဝသို့ ပြောင်းလဲသွားပြီ မဟုတ်လား။

ကျင်းတအား မည်သူက လုပ်ကြံလိုက်ပါသနည်း။

ယခုတလော သတင်းကြီးနေသည့် မိစ္ဆာညည်းသံဆိုသည့် လူသတ်ကောင်ပင် ဖြစ်ရပေမည်။

"တောက်"

ကျူးထင်းဖုန်း ဒေါသထွက်ကာ တက်ခေါက်လိုက်မိသည်။

လူသတ်ကောင်ကို ပတ်ဝန်းကျင်၌ ရှာဖွေကြည့်လိုက်လေ သည်။

ထိုအခါ မလှမ်းမကမ်း တစ်နေရာ၌ လူရိပ်များ လှုပ်ရှား သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျူးထင်းဖုန်း ချက်ချင်းလှုပ်ရှားလိုက်၏။

"ဟူး"

သူ၏ခန္ဓာကိုယ်သည် လျှင်မြန်စွာ လှုပ်ရှားသွားပြီး လူရိပ် များ လှုပ်ရှားနေသည့် နေရာသို့ ရောက်ရှိသွားလေသည်။

ကျင်းတက ခြံဝင်းအတွင်း၌ သူ၏တပည့်များကို နေရာချ ထားသည်။

ခြံဝင်းပတ်ဝန်းကျင်၌လည်း သူ၏မိတ်ဆွေများ ရှိနေ၏။

အားလုံးက သတိဝီရိယထားကာ တင်းတင်းကြပ်ကြပ် စောင့်ကြပ်နေကြခြင်းကြောင့် ရန်သူ ဝင်ရောက်လာသည်နှင့် ချက် ချင်းသိသွားမည် ဖြစ်သည်။

ယခုတော့...

www.burmeseclassic.com

www.burmeseclassic.com



ရန်သူသည် မြို့ဝင်းအတွင်းသို့ဝင် ဝင်ရောက်ကာ ကျောင်းတအား သတ်ဖြတ်လိုက်ပြီ ဖြစ်လေသည်။

ကျောင်းတ၏အော်သံကြောင့် အဆောင်အကြွင်းအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်နေကြချေပြီ။

ကျူးထင်းမှုန်း တွေ့လိုက်ရသည့် လူရိပ်များမှာ တိုက်ပွဲဖြစ်နေခြင်းပင်။

ကျူးထင်းမှုန်း ရောက်ရှိသွားသောအခါ...

"ဟိတ်"

"ယား"

ညာသံပေးသံများနှင့်အတူ လူသုံးယောက်က လူတစ်ယောက်အား ဝိုင်းပြီး တိုက်ခိုက်နေသည်ကို တွေ့လိုက်ရ၏။

လူသုံးယောက်မှာ ကျောင်းတ၏တပည့်များ ဖြစ်သည်။

ကျန်တစ်ယောက်ကား အနက်ရောင်ဝတ်ထားသော လူရွယ်တစ်ဦး ဖြစ်လေသည်။

ထိုလူရွယ်၏သိုင်းပညာ မြင့်မားနေသည်ကို တွေ့ရ၏။

ယှဉ်ပြိုင်တိုက်ခိုက်လိုက်ကြပြီး မကြာမီ...

"ဝုန်း"

"အား"

"အမလေးလေး"

ရှုံးရှုံးသော အော်ဟစ်သံများနှင့်အတူ ကျောင်းတ၏တပည့်သုံးယောက် ငုံ့ခွင့်စဉ်သွားကြလေတော့သည်။



"ရန်သူ...ရန်သူ"

"မြန်မြန်လာကြ"

အော်သံ၊ ဟစ်သံများ ဟိုမှသည်မှ ထွက်ပေါ်လာလေသည်။

ကျောင်းတ၏တပည့်များ၊ မိတ်ဆွေများ ပြေးလွှားရောက်ရှိလာကြလေသည်။

မီးတုတ်များ၊ မီးအိမ်များလည်း ကိုင်ဆောင်လာကြသဖြင့် ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်း ဖြစ်သွားတော့သည်။

ယခု...

အနက်ရောင်ဝတ်ထားသူ မည်သူမည်ဝါ ဖြစ်ကြောင်း ထင်ထင်ရှားရှား တွေ့လိုက်ရပြီ ဖြစ်သည်။

ကျူးထင်းဖုံး အံ့ဩသွားလေသည်။

"မင်းက လွေကြိုး မဟုတ်လား"

အနက်ရောင်ဝတ် လူရွယ်ကား သူရဲကောင်းတောင်ကုန်းဝိုင်ရှင် ဝိုင်ဖန်း၏ညာလက်ရုံး လွေကြိုး ဖြစ်လေသည်။

လွေကြိုးသည် နောင်တစ်ချိန်၌ ဝိုင်ဖန်း၏ အရိုက်အရာ ဆက်ခံရမည့်သူဟု သတင်းကြီးနေသူလည်း ဖြစ်လေသည်။

လူရွယ်(ဝါ)လွေကြိုးက...

"ဆရာကြီးကျူးကို ဂါရဝပြုပါတယ် ခင်ဗျာ"

ကျူးထင်းဖုန်းက...

"မင်းက ဆရာကျောင်းတကို လုပ်ကြံလိုက်တယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



လှေကြီး ခေါင်းခါယမ်းလိုက်လေသည်။

"ဆရာကျင်းတကို အခုတလော သတင်းကြီးနေတဲ့ လူသတ်ကောင်က ဒုက္ခပေးလိမ့်မယ်ဆိုတဲ့ သတင်းကြောင့် ဆရာက အခြေအနေကြည့်ဖို့ ကျွန်တော့်ကို လွှတ်လိုက်ပါတယ်"

ကျူးထင်းဖုန်းက...

"မင်းက လူသတ်ကောင်ကို ဖော်ထုတ်ဖို့ ဆရာကျင်းတဆီကို လာခဲ့တာ ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ဆရာကျင်းတ လုပ်ကြံခံလိုက်ရပြီ၊ မင်းက လူသတ်ကောင်ကို တွေ့လိုက်သေးသလား"

လှေကြီးက...

"ဟုတ်ကဲ့၊ စကြီလမ်းဘက်က အော်သံကြားရပြီး လူတစ်ယောက် ပြေးလွှားလာတာ တွေ့ရပါတယ်၊ သူ့ကို ဟန့်တားနေတုန်းမှာ လူသုံးယောက်က ကျွန်တော့်ကို တိုက်ခိုက်လာကြတာပါ"

"စကြီလမ်းဘက်က ပြေးလာတဲ့လူကော"

"သူက အမှောင်ရိပ်ထဲ တိုးဝင်သွားပြီး ပျောက်သွားပါတယ်"

ကျူးထင်းဖုန်းက...

"မြန်မြန်လိုက်ရှာကြ"

ကျင်းတ၏လူများအား အမိန့်ပေးလိုက်သည်။

ကျင်းတ၏လူများလည်း ချက်ချင်း ပြေးလွှားသွားကြလေ



တော့သည်။

လူရှင်းသွားတော့မှ ကျူးထင်းဖုန်းက...

"မင်းက သူ့ရဲ့ကောင်းတောင်ကုန်းကို ပြန်သွားပါ။ မကြာခင် ကျုပ်က မင်းရဲ့ဆရာနဲ့ လာတွေ့မယ်"

ဟု ပြောလိုက်လျှင် လှေကြီး ဦးညွှတ်လိုက်လေသည်။

"ကောင်းပါပြီ ခင်ဗျာ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

ထို့နောက် ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်လျှင် မြင်ကွင်းမှ ရိပ်ခနဲ ပျောက်ကွယ်သွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## သတင်းအဖုံဖုံ

ကျူးထင်းဖုန်းသည် သူ၏အိမ်ဂေဟာသို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်လေသည်။

သိုင်းဆရာကျင်းတ လုပ်ကြံခံလိုက်ရသော်လည်း လူသတ်ကောင်ကို ဖော်ထုတ်နိုင်ခြင်း မရှိသဖြင့် ကျူးထင်းဖုန်း စိတ်မောလှမော ဖြစ်ရလေသည်။

သူ့အတွက် အရှက်ရစရာ ဖြစ်ရသည် မဟုတ်ပါလား။

"လူသတ်ကောင်ကို ရအောင် ဖော်ထုတ်ရလိမ့်မယ်"

ကျူးထင်းဖုန်း စိတ်ပိုင်းဖြတ်လိုက်၏။

အိမ်၌ တစ်ရက်နှစ်ရက် အနားယူပြီးလျှင် သိုင်းလောကသို့ ခရီးထွက်ရန် စီစဉ်လိုက်သည်။

ထိုအချိန်မှာပင် သမီးဖြစ်သူ ကျူးရှမ်းအော့ ရောက်ရှိလာလေသည်။

ကျူးရှမ်းအော့က...

"ဖေဖေ ဦးလေး'ယွမ်လီ' ရောက်လာပါတယ်"



ဟု ပြောလျှင် ကျူးထင်းဖုန်း ဝမ်းသာသွားလေသည်။

ယွမ်လီသည် တောင်ပိုင်း၌ 'နတ်ဘေးရွှေလက်ဝါး'ဘွဲ့ထူးဖြင့် လျှမ်းလျှမ်းတောက် ကျော်ကြားနေသူ မဟုတ်ပါလား။

ကျူးထင်းဖုန်းနှင့် ညီရင်းအစ်ကိုပမာ ချစ်ခင်ရင်းနှီးသူလည်း ဖြစ်လေသည်။

ကျူးထင်းဖုန်းကိုယ်တိုင် ထွက်၍ ကြိုဆိုလိုက်၏။

ယွမ်လီမှာ အသက်လေးဆယ်ကျော် ခန္ဓာကိုယ် ဝိန်ဝိန်ပါးပါးရှိသူဖြစ်သည်။

သူလှုပ်ရှားလိုက်လျှင် လှုပ်ရှားသည်ဟု မထင်ရအောင် အလွန်ပေါ့ပါးသွက်လက်သူလည်း ဖြစ်လေသည်။

လွန်ခဲ့သောနှစ်က သူရဲကောင်းတောင်တုန်းပိုင်ရှင် ပိုင်ဖန်းက သိုင်းလောကမှ အနားယူတော့မည်ဟူသော သတင်းများ ထွက်ပေါ်လာခဲ့သည်။

ဤတွင်...

သမာဓိမင်းကြီး အရိုက်အရာကို မည်သူဆက်ခံသင့်သနည်းဟူသော မေးခွန်း ပေါ်ပေါက်လာလေသည်။

သိုင်းလောကသားများသည် မိမိတို့၏သဘောဆန္ဒ အလျောက် 'သမာဓိမင်းကြီး' နေရာကို မည်သူမည်ဝါက ဆက်ခံထိုက်သည်ဟု ထင်ကြေးပေးကာ ပြောဆိုလာခဲ့ကြလေသည်။

ထိုသို့ ထင်ကြေးပေးခဲ့သူများအနက် ယွမ်လီသည်လည်း တစ်ယောက် အပါအဝင် ဖြစ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျူးထင်းဖုန်းက ယွမ်လီအား ညွှန်ခန်းထဲသို့ ဖိတ်ခေါ်သွားကာ နေရာထိုင်ခင်းပေး၍ ညွှန်ဝတ်ပြုလေသည်။ ယွမ်လီက...

"ကျူဝ်က သည်ကို မရောက်တာ တစ်နှစ်လောက်ပဲ ရှိသေးတယ်၊ တူမကြီးကျူးရှမ်းအော့ကိုတောင် မမှတ်မိအောင် ဖြစ်သွားတယ်ဗျ"

ကျူးထင်းဖုန်းက...

"ကျူပ်သမီးက.."

"ခြော် သူက နတ်မိမယ်ရွှေအောင် ပိုပြီးချောမောလှပလာလို့ပေါ့ဗျာ"

"ဟား..ဟား..ဟား"

ကျူးထင်းဖုန်း ရယ်မောလိုက်လေသည်။

ယွမ်လီ၏ကျီစယ်စကားကြောင့် ကျူးရှမ်းအော့လည်း ရှက်ပြုံးလေး ပြုံးလိုက်လေသည်။

"ဦးလေးယွမ်လီကို ကျွန်မက လိုလေသေး မရှိအောင် ညွှန်ခံပြုစုသွားမှာပါ"

ယွမ်လီ လက်ကာပြလိုက်သည်။

"နေ..နေ..ခုတော့ မစားချင်သေးဘူး"

"ဦးလေးယွမ်လီက ဘယ်နေ့မှ စားမှာလဲ"

"ငါ့တူမကြီးရဲ့ မင်္ဂလာပွဲ ကျင်းပတဲ့ နေ့ကျမှပဲ အဝစားတော့မယ်"

"ဦးလေးယွမ်လီ မကောင်းဘူး"



ကျူးရှမ်းအော့ ရှက်သွေးဖြာသွားပြီး ကပိုကရိုလေး ပြေးထွက်သွားလေတော့သည်။

သူမသည် ယွမ်လီ ပြောသကဲ့သို့ နတ်မိမယ် ရွှေအောင်ပင် ချောမောလှပသူလေး မဟုတ်ပါလား။

ဖခင်ထံမှ သိုင်းပညာလည်း ရရှိထားသည့် သိုင်းလောကသမီးပျိုလေးတစ်ဦးလည်း ဖြစ်လေသည်။

ကျူးရှမ်းအော့ ထွက်သွားပြီးမှ ယွမ်လီက ကျူးထင်းဖုန်းကို မေးလိုက်သည်။

"ခင်ဗျား ခိုင်ဖုံးကို ရောက်ခဲ့သေးတယ် ဟုတ်လား"

ကျူးထင်းဖုန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ဆရာကျင်းတရဲ့ သတင်းကြားလို့ သွားတာ၊ ဒါပေမယ့် လူသတ်ကောင်က လက်ဦးသွားတယ်ဗျာ"

ယွမ်လီက...

"ခင်ဗျားက သူရဲကောင်းတောင်ကုန်းပိုင်ရှင် ပိုင်ဖန်ရဲ့ ညာလက်ရုံး လျှောက်ြုံးနဲ့ တွေ့ခဲ့သေးတယ် မဟုတ်လား၊ သူဟာ လူငယ်လူရွယ်တစ်ဦး ဖြစ်ပေမယ့် တစ်ချိန်မှာ ဆရာရဲ့ အရိုက်အရာကို ဆက်ခံရမယ့်လူလို့ သတင်းကြီးနေတာ"

သမာဓိမင်းကြီးဘွဲ့ ထူး ဆက်ခံရမည့် သူများတွင် လျှောက်ြုံးလည်း ပါဝင်နေ၏။

ထို့အတူ...

ကျူးထင်းဖုန်းလည်း ပါဝင်နေသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်ဖန်းက သိုင်းလောကမှ အနားယူတော့မည်ဟု သတင်းများ ထွက်ပေါ်လာပြီးသည်နှင့် သမာဓိမင်းကြီးဘွဲ့ထူး ဆက်ခံရေးမှာ အလွန်ပင် စိတ်ဝင်စားစရာ စိတ်လှုပ်ရှားစရာ ကောင်းနေပါတော့သည်။

ယွမ်လီက စကားဆက်လိုက်လေသည်။

"လျှောကြီးက သူ့ဆရာရဲ့ နောက်ကွယ်မှာ သိုင်းလောကကို လွှမ်းမိုးဖို့ ကြံစည်နေတယ်လို့ သတင်းတွေ ထွက်ပေါ်နေတာ ခင်ဗျား ကြားပြီးပြီလား"

ကျူးထင်းဖုန်း အံ့ဩသွားသည်။

"သည်သတင်းကို ကျုပ် မကြားမိသေးပါလားဗျာ"

ယွမ်လီက...

"လျှောကြီးက သူ့ဆရာ အနားယူသွားလို့ သမာဓိမင်းကြီးဘွဲ့ထူးရဖို့ မသေချာတာနဲ့ သူ့ဆရာရှိနေတုန်း နောက်ကွယ်ကနေ ကြိုးစားနေတာလို့ ပြောဆိုနေကြတာပဲ"

ကျူးထင်းဖုန်းက...

"အဲဒီ ဆရာကျင်းတာရဲ့ အိမ်မှာ တွေ့ခဲ့ရတာ..."

ပြောရင်း တွေဝေသွားသည်။

ယွမ်လီက...

"သူ့ရဲကောင်းတောင်ကုန်းပိုင်ရှင် ဝိုင်ဖန်းက သိုင်းလောကကို သိမ်ပြီး စိတ်ဝင်စားတော့တာ မဟုတ်ဘူး။ ဒါကြောင့် သူတို့ဟာ 'မိစ္ဆာညည်းသံ လှသတ်ကောင်' ကိစ္စကို ဂရုစိုက်မယ်လို့



ကျုပ် မယူဆဘူး"

ကျူးထင်းဖုန်းက...

"ဝိုင်ဖန်းက စိတ်မဝင်စားဘူးဆိုရင် လျှောကြီးဟာ ဆရာကျင်းတာဆီကို ရောက်လာစရာ ဘယ်အကြောင်း ဘယ်ရှိပါ့မလဲ၊ အခု သူ ရောက်လာတာဟာ"

ယွမ်လီက...

"ဒါပေါ့ လူသတ်ကောင်ဟာ လျှောကြီးကို သံသယဖြစ် စရာကောင်းနေပြီပေါ့"

ကျူးထင်းဖုန်းသည် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြန်လည်တွေးတောစဉ်းစားပြီး သက်ပြင်းချလိုက်လေသည်။

ယွမ်လီက...

"တကယ်ဆိုရင် ကျုပ် အခုလာခဲ့တာ လျှောကြီးရဲ့ အကြောင်းကို ပြောဖို့ထက် ပိုပြီးအရေးကြီးတဲ့ ကိစ္စတစ်ခု ပြောချင်လို့ပါဗျာ"

ကျူးထင်းဖုန်းက...

"ပြောပါဦးဗျ"

ယွမ်လီက...

"ကျုပ်က သူ့ရဲကောင်းတောင်ကုန်းကို သွားပြီး ဆရာဝိုင်ဖန်းနဲ့ တွေ့ဖို့ စိတ်ကူးထားပါတယ်၊ ခင်ဗျားလဲ ကျုပ်နဲ့အတူ လိုက်ခဲ့နိုင်မလားဆိုတာ သိချင်လို့ပါဗျာ"

"ဩော်"

www.burmeseclassic.com

www.burmeseclassic.com



ကျူးထင်းဖုန်းက ယွမ်လီအား အကဲခတ်လိုက်လေသည်။

ယွမ်လီက ပိုင်ဖန်းနှင့် တွေ့ဆုံကာ မည်သို့သောအကြောင်းကိစ္စများ ဆွေးနွေးမည်နည်း။

လူသတ်ကောင်တစ်ယောက် ထွက်ပေါ်လာပြီး သိုင်းလောက လှုပ်လှုပ်ရှားရှား ဖြစ်နေချိန်၌ ယွမ်လီနှင့် ပိုင်ဖန်းတို့၏ တွေ့ဆုံမှုသည် အရေးပါသော ကိစ္စတစ်ခု ဖြစ်လာမည်မှာ သေချာ၏။

ယွမ်လီ၏သိုင်းပညာမှာ မိမိထက် မြင့်မားပြီး ဆရာပိုင်ဖန်းကိုပင် ပခုံးချင်းယှဉ်နိုင်သည်ဟုလည်း ကျူးထင်းဖုန်း နားလည်ထားလေသည်။

ယွမ်လီက...

"ဒါမှ မဟုတ်ရင်လဲ ကျုပ်က သူရဲကောင်းတောင်ကုန်းကို သွားနေချိန်မှာ ခင်ဗျားက လွှကြိုးကို ဂရုစိုက်ပေးစေချင်ပါတယ်ဗျာ"

ဟု ပြောလာလေသည်။

ကျူးထင်းဖုန်းက...

"ခင်ဗျားမှာ ထူးခြားမှု တစ်ခုခုရှိနေပြီလို့ ကျုပ်ယူဆမိတယ်"

ယွမ်လီ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ အခု ထွက်ပေါ်လာတဲ့ လူသတ်ကောင်ရဲ့ လက်ချက်နဲ့ သေဆုံးသွားရသူတွေဟာ သူရဲကောင်းတောင်ကုန်းနဲ့ အဆင်မပြေကြတဲ့လူတွေ ဖြစ်နေတာကို ကျုပ်သတိပြုမိလို့ပါပဲ"



အဖြူရောင်သိုင်းသမား အချင်းချင်း ဖြစ်စေ၊ အနက်ရောင်သိုင်းသမား အချင်းချင်း ဖြစ်စေ အဆင်ပြေသူများ ရှိသလို အဆင်မပြေသူများလည်း ရှိလေသည်။

သိုင်းပညာအရ လည်းကောင်း၊ စီးပွားဥစ္စာအလိုငှာ လည်းကောင်း ဩဇာအရှိန်အဝါ ပြောဆိုဆက်ဆံမှု စသည့်အခြေခံ အကြောင်းတရားများဖြင့် တစ်ယောက်နှင့်တစ်ယောက် အဆင်မပြေမှုများရှိတတ်ကြသည် မဟုတ်ပါလား။

သူရဲကောင်းတောင်ကုန်းအား လေးစားကြည်ညိုသူများ ရှိသကဲ့သို့ ဘဝင်မကျသူများလည်း ရှိနေသည်မှာ မဆန်းတော့ချေ။

ယွမ်လီက...

"ထားပါတော့လေ၊ ခင်ဗျားက ဆရာကျင်းတ ကိစ္စနဲ့ပတ်သက်ပြီး လွှကြိုးနဲ့ တွေ့ခဲ့တယ်၊ ဒါကြောင့် သူ့ကို မျက်ခြည်မပြတ်တာ ကောင်းတယ်၊ ကျုပ်ကသာ သူရဲကောင်းတောင်ကုန်းကို သွားလိုက်ပါ့မယ်"

ဟု ပြောကာ စကားလက်စသပ်လိုက်လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ယွမ်လီက သူ့ရဲကောင်းတောင်ကုန်းသို့ သွားမည် ဖြစ်ရာ ကျူးထင်းဖုန်းအား နှုတ်ဆက်လိုက်လေသည်။

ကျူးထင်းဖုန်းက မြို့ဝသို့တိုင် လိုက်လံပို့ဆောင်ပေးလေသည်။

နှစ်ယောက်သား မြို့ဝသို့ ရောက်ရှိသွားချိန်၌...

"ခွပ်ခွပ်...ခွပ်ခွပ်"

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများနှင့်အတူ မြင်းစီးသမားတစ်ယောက် ဒုန်းစိုင်းနှင်လာသည်ကို တွေ့လိုက်ရလေသည်။

မြင်းစီးသမားမှာ ကျူးထင်းဖုန်း၏မိတ်ဆွေတစ်ဦး ဖြစ်သည်။ နာမည်ရှိသော သိုင်းသမားလင်ချန်း ဖြစ်လေသည်။

ကျူးထင်းဖုန်း အံ့ဩသွား၏။

"ဆရာလင်ချန်းပါလား"

လင်ချန်းသည် မြစ်ဝါမြစ်ကမ်းတစ်လျှောက်၌ ထင်ရှားကျော်ကြားနေသော အဖြူရောင်သိုင်းသမားတစ်ဦးဖြစ်ပြီး ကျူးထင်းဖုန်း၏ သွေးသောက်မိတ်ဆွေတစ်ဦးလည်း ဖြစ်လေသည်။

ယွမ်လီနှင့်လည်း ခင်မင်ရင်းနှီးသူ ဖြစ်လေသည်။

ယွမ်လီက...

"ဆရာလင်ချန်းက သူ့ရဲကောင်းတောင်ကုန်းကို သွားပြီး ပိုင်ဖန်းနဲ့ တွေ့ဆုံဆွေးနွေးလို့ စီစဉ်ထားတယ်လို့ သတင်းကြားမိ



တယ်ဗျ"

မြင်းဒုန်းစိုင်းလာသည့် ဆရာလင်ချန်းသည် မနီးမဝေးသို့ ရောက်လျှင်...

"ဟေး"

မြင်းဇက်ကာ အရှိန်သပ်ရပ်တန့်လိုက်လေသည်။

တဆက်တည်းပင် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်လေသည်။

ယွမ်လီနှင့် ကျူးထင်းဖုန်းတို့က ရှေ့သို့ လှမ်းထွက်သွားကြလေသည်။

ဆရာလင်ချန်းက ကျူးထင်းဖုန်းအား ပြောလိုက်သည်။

"ကျုပ်က ဆရာကျူးဆီကို လာခဲ့တာ မိတ်ဆွေကြီးယွမ်လီကော ရောက်နေတော့ အတော်ပဲဗျို့"

ကျူးထင်းဖုန်းက...

"ဆရာလင်ချန်းကို ကြည့်ရတာ အရေးကြီးတဲ့ ကိစ္စတစ်ခုနဲ့ ကြုံတွေ့လာပုံရတယ်"

"မှန်လိုက်လေဗျာ"

"ဘယ်လိုကိစ္စများလဲ ပြောပါဦး"

လင်ချန်းက...

"ကျုပ်က သူ့ရဲကောင်းတောင်ကုန်းကို ရောက်ခဲ့တယ်၊ တကယ်ကို မယုံနိုင်စရာဘဲဗျို့"

"ဘယ်လို ဖြစ်တာလဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"သူ့ရဲ့ကောင်းတောင်ကုန်း ပျက်စီးသွားပြီလေ"

ကြားလိုက်ရသော စကားကြောင့် ကျူးထင်းဖုန်းနှင့် ယွမ်လီတို့ မယုံနိုင်အောင် ဖြစ်သွားကြလေသည်။

"ဟင်"

"ဟာ"

နှစ်ယောက်သား အချင်းချင်း ကြည့်လိုက်ကြသည်။

တဖန် လင်ချန်းဘက်သို့ ပြန်လှည့်လိုက်ကြသည်။

ယွမ်လီက…

"သူ့ရဲ့ကောင်းတောင်ကုန်း ပျက်စီးသွားပြီ ဟုတ်လား"

လင်ချန်းက…

"ဟုတ်ပါတယ်ဗျာ"

"ဘယ်သူ့လက်ချက်လဲ"

"လွှကြီးက အကောက်ကြံတာလို့ ပြောနေကြတာပဲဗျ"

"လွှကြီး"

"ဟုတ်တယ်"

ကျူးထင်းဖုန်းက…

"လွှကြီးဟာ တောင်ကုန်းပိုင်ရှင် ပိုင်ဖန်း အားထားရတဲ့ လက်ရုံးတပည့်ပဲ၊ သူက ပိုင်ဖန်းကို သစ္စာဖောက်ပြီး သူ့ရဲ့ကောင်းတောင်ကုန်းကို ဖျက်ဆီးပစ်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလားဗျာ"

လင်ချန်းက…

"ပိုင်ဖန်းက တပည့်နှစ်ယောက် ရှိတဲ့အထဲက သူ သိုင်းလောကက အနားယူရင် သူ့နေရာကို လွှကြီးကို ပေးလိမ့်မယ်လို့ လူတိုင်း ယူဆထားကြပေမယ့် ပိုင်ဖန်းက ဖန်စွန်းကို လွှဲပေးဖို့ စီစဉ်နေတာကြောင့် လွှကြီးက မကျေနပ်လို့ ခုလိုလုပ်လိုက်တာလို့ ပြောနေကြတယ်"

ကျူးထင်းဖုန်း အနည်းငယ် စဉ်းစားလိုက်ပြီး…

"တောင်ကုန်းပိုင်ရှင်ပိုင်ဖန်းက…"

"အလစ်လုပ်ကြံခံရတာကြောင့် သေဆုံးသွားပြီလို့ ဖန်စွန်းက ပြောတာပဲ"

လွှကြီးမှာ ပိုင်ဖန်း၏ညာလက်ရုံး ဖြစ်ပြီး ဖန်စွန်းက ဘယ်လက်ရုံး ဖြစ်လေသည်။

လင်ချန်း စကားဆက်လိုက်သည်။

"လွှကြီးက အကောက်ကြံလို့ ဆရာပိုင်ဖန်း သေဆုံးသွားသလို ဖန်စွန်းက အချိန်မီရှောင်ပြေးနိုင်လို့ ကံကောင်းသွားတယ်၊ ခုဆိုရင် ဖန်စွန်းဟာ သိုင်းလောကသားတွေရဲ့ အကူအညီရယူပြီး လွှကြီးကို ဆုံးမဖို့ စီစဉ်နေပါပြီ"

ကျူးထင်းဖုန်းနှင့် ယွမ်လီတို့ အချင်းချင်း ကြည့်လိုက်မိကြပြန်လေသည်။

လင်ချန်းက…

"လွှကြီးက သူ့ဆရာ ပိုင်ဖန်းနဲ့ အဆင်မပြေတဲ့သိုင်းလောကသားတွေကို လိုက်ပြီး စည်းရုံးခဲ့သေးတယ်၊ ဒါပေမယ့် သူ့ကို လက်မခံကြတော့ စိတ်ဆိုးပြီး လုပ်ကြံဝစ်တယ်၊ မိစ္ဆာညည်းသ



www.burmeseclassic.com

ရှုသတ်ကောင်ဟာ လှေကြိုးပဲလို့ ပြောနေကြတယ်၊ ကျုပ်လဲ လှေကြိုးကို လိုက်ရှာမလို့ သည်ကိစ္စကို ခင်ဗျားတို့နှစ်ယောက်လဲ စိတ်ဝင်စားကြမယ် ထင်တယ်”

ယွမ်လီက...

“ဘယ်လိုပြောလိုက်တာလဲဗျာ၊ သိပ်ပြီး စိတ်ဝင်စားတာပေါ့၊ ကျုပ် တစ်ခါထဲ လိုက်ခဲ့မယ်”

“ဒါဖြင့် သွားကြမယ်”

ယွမ်လီနှင့် လင်ချန်းတို့သည် ကျူးထင်းဖုန်းအား နှုတ်ဆက်ကာ ထွက်သွားကြလေတော့သည်။

♠ ♠ ♠



## ဘဝတကွေ့ဝယ်

ယွမ်လီက လင်ချန်းနှင့် လိုက်သွားပြီ ဖြစ်လေသည်။

ကျူးထင်းဖုန်း မလိုက်ဖြစ်သေးပါ။

သူ့ရဲ့ကောင်းတောင်ကုန်း ဖျက်စီးသွားပြီး မိုင်ဖန်း သေဆုံးသွားသည့်ကိစ္စမှာ နှစ်ပေါင်းသုံးဆယ်အတွင်း သိုင်းလောက၌ အထူးခြားဆုံး ကိစ္စတစ်ခု ဖြစ်နေသည်။

ထို့ကြောင့်...

ကျူးထင်းဖုန်း ပေါ့ပေါ့တန်တန် သဘောမထားဘဲ သေသေချာချာ စဉ်းစားဆောင်ရွက်ရမည့် ကိစ္စဟု နားလည်ပြီး ချက်ချင်းဆောင်ရွက်ခြင်း မပြုသေးဘဲ နေရစ်ခဲ့ခြင်း ဖြစ်လေသည်။

မိစ္ဆာညည်းသံလူသတ်ကောင် ထွက်ပေါ်လာပြီးနောက် သိုင်းသမားကြီးများ လုပ်ကြံခံရသကဲ့သို့ သူ့ရဲ့ကောင်းတောင်ကုန်း

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ရှင် ပိုင်ဖန်းလည်း သေဆုံးခဲ့ပြီ ဖြစ်သည်။

ပိုင်ဖန်းအား လုပ်ကြံကာ သူ့ရဲကောင်းတောင်ကုန်းအား ဖျက်ဆီးပစ်လိုက်သူမှာ 'လွှေကြိုး' ဖြစ်နေသည်။

လင်ချုန်းနှင့် ယွမ်လီက မိစ္ဆာညည်းသံလှသတ်ကောင်မှာ လွှေကြိုးပင် ဖြစ်သည်ဟု သတ်မှတ်ထားလိုက်ကြပြီ ဖြစ်သည်။

ကျူးထင်းဖုန်း တွေးတောစဉ်းစားရင်း သက်ပြင်းချလိုက်သည်။

"သည်ကိစ္စတွေဟာ အစီအစဉ်တကျ တစ်ဆင့်ပြီးတစ်ဆင့် ဖြစ်ပေါ်လာတဲ့ကိစ္စတွေပဲ၊ အကြံအစည် ကြီးမားတဲ့ လူတစ်ယောက်က သေသေချာချာ အကွက်ချပြီး လုပ်ကိုင်ဆောင်ရွက်နေပုံမျိုးပဲ၊ ငါတွေးတာ မှန်ရင်တော့ လွှေကြိုးဟာ တကယ့်တရားခံအစစ် မဖြစ်နိုင်ဘူး၊ အကြံသမားက ရှိသမျှ အပြစ်တွေ လွှေကြိုး ခေါင်းပေါ်ပုံချလိုက်တာပဲ ဖြစ်ရမယ်"

ကျူးထင်းဖုန်းမှာ အတွေ့အကြုံ ရင့်ကျက်သကဲ့သို့ စဉ်းစားမျှော်မြင်တတ်သူလည်း ဖြစ်လေသည်။

သိုင်းလောက၌ ဖြစ်ပေါ်လေ့ရှိသော ပြဿနာများနှင့် နှိုင်းယှဉ်ကာ လွှေကြိုးမှာ တကယ့် တရားခံအစစ် မဟုတ်နိုင်ဟု တွက်ဆမိလေတော့သည်။

သို့တိုင်…

"ဆရာကျင်းတ လုပ်ကြံခံရတဲ့ အချိန်မှာ လွှေကြိုး ရှိနေတာ စဉ်းစားစရာပဲ၊ ဒါဟာ တိုက်ခိုက်မှုတစ်ခုဆိုရင် အတော့်ကို အံ့ဩ



စရာကောင်းနေပြီ"

ကျင်းတ၏အိမ်၌ လွှေကြိုးအား တွေ့ခဲ့ရသည့်ကိစ္စက အခက်အခဲတစ်ခု ဖြစ်နေသည်ကို တွေးပြီး သက်ပြင်းချလိုက်မိပြန်တော့သည်။

ထိုစဉ်…

"ဖေဖေ သက်ပြင်းတွေ ခဏခဏ ချနေရအောင် ဦးလေး ယွမ်လီက ဘာများ ပြောသွားလို့လဲဟင်"

ကျူးရှမ်းအော့ ရောက်လာပြီး မေးလိုက်လေသည်။

ကျူးထင်းဖုန်းက…

"မိစ္ဆာညည်းသံလှသတ်ကောင်နဲ့ ပတ်သက်ပြီး သိုင်းလောကမှာ ပြဿနာတွေ ဖြစ်ပေါ်လာတာကို သမီးသိပြီးပြီ မဟုတ်လား"

"ဟုတ်ကဲ့ သိပြီးပါပြီ ဖေဖေ"

"အခုတစ်ခါ သူ့ရဲကောင်းတောင်ကုန်း ဖျက်ဆီးခံလိုက်ရပြန်ပြီ၊ တောင်ကုန်းပိုင်ရှင် ပိုင်ဖန်းလဲ သေဆုံးသွားတယ်လို့ ဆရာလင်ချုန်း လာပြောသွားတယ်"

"ရှင်"

သူ့ရဲကောင်းတောင်ကုန်း သတင်းကို ကြားလိုက်ရသောအခါ ကျူးရှမ်းအော့ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

သူ့ရဲကောင်းတောင်ကုန်း…။

သူ့ရဲကောင်းတောင်ကုန်းသည် သူမနှင့် ပတ်သက်နေသော နေရာတစ်ခု မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စသည် ကျူးထင်းဖုန်းပင် မသိဘဲ သူမတစ်ယောက်ထဲသာ သိရှိထားသည့် လျှို့ဝှက်ကိစ္စ ဖြစ်လေသည်။

ကျူးထင်းဖုန်းက...

"တောင်ကုန်းပိုင်ရှင် ပိုင်ဖန်းရဲ့ ညာလက်ရုံး လျှော့ကြိုးရဲ့ လက်ချက်ပဲ၊ သိုင်းလောကမှာ သောင်းကျန်းနေတဲ့ လူသတ်ကောင်ဟာလဲ သူပဲ၊ ဒါကြောင့် သိုင်းလောကတစ်ခုလုံးက သူ့ကို သဲကြီးမဲကြီး လိုက်ရှာနေကြပြီ"

ကျူးရှမ်းအော့က...

"ဦးလေးယွမ်လီနဲ့ ဦးလေးလင်ချန်းတို့ကလဲ လိုက်ရှာနေကြတာပေါ့နော်"

"ဟုတ်တယ် သမီး"

"ဒါဆို ဖေဖေကော"

ကျူးထင်းဖုန်းက...

"ဖေဖေလဲ လက်ပိုက်ကြည့်နေလို့ ဘယ်ရပါတော့မလဲ သမီးရယ်၊ လျှော့ကြိုးကို ရှာပြီး ဆုံးမရတော့မှာပေါ့"

ကျူးရှမ်းအော့က...

"လျှော့ကြိုးက ဆရာကို သစ္စာဖောက်တဲ့ လူသတ်ကောင်တစ်ယောက်လို့ ဖေဖေယုံကြည်သလားဟင်"

ဟု မေးလိုက်သည်။ ကျူးထင်းဖုန်းက...

"သက်သေအထောက်အထား မခိုင်လုံဘဲတော့ မပြောနိုင်ပါဘူး။ လျှော့ကြိုးကို ဖေဖေသိတာပေါ့။ သူဟာ လူကောင်းလေးတစ်



ယောက်ပါ"

ကျူးထင်းဖုန်းနှင့် သူ့ရဲ့ကောင်းတောင်ကုန်းပိုင်ရှင်တို့မှာ ထိပ်သီးသိုင်းသမားများ ဖြစ်သည့်အတိုင်း အပြန်အလှန် လေးစားမှု ရှိသကဲ့သို့ သိုင်းလောက ကိစ္စများနှင့် ပတ်သက်၍ တိုင်ပင်ဆွေးနွေးမှု ပြောဆိုဆက်ဆံမှုများ ရှိခဲ့ပေသည်။

သူ့ရဲ့ကောင်းတောင်ကုန်း၌ ကျင်းပသော ညှိနှိုင်းပွဲ၊ အထိမ်းအမှတ်ပွဲများသို့ ကျူးထင်းဖုန်းကိုယ်တိုင်လည်းကောင်း၊ သမီးကျူးရှမ်းအော့ကို ကိုယ်စားလွှတ်၍လည်းကောင်း သွားလာဆက်ဆံခဲ့သည်။

ထို့အတူ...

ကျူးထင်းဖုန်း ကျင်းပသည့် ညှိနှိုင်းပွဲများကိုလည်း သူ့ရဲ့ကောင်းတောင်ကုန်းပိုင်ရှင် ဖြစ်စေ၊ တပည့်လျှော့ကြိုးအား ကိုယ်စားလွှတ်၍ဖြစ်စေ လာရောက်ဂုဏ်ပြုလေ့ ရှိခဲ့သည်။

ထို့ကြောင့်...

ကျူးထင်းဖုန်းက လျှော့ကြိုးကို ကောင်းကောင်းကြီး သိနေရုံမျှမက ရင်းရင်းနှီးနှီး ဆက်ဆံခဲ့ဖူးပေသည်။

ကျူးရှမ်းအော့က...

"လျှော့ကြိုးဟာ သူများတွေပြောနေသလို ရက်စက်တဲ့ လူသတ်ကောင်တစ်ယောက်လို့ သမီးမထင်ဘူး။ ဒါကြောင့် သမီးစုံစမ်းကြည့်ချင်တယ်၊ ခွင့်ပြုပါ ဖေဖေ"

ကျူးထင်းဖုန်းသည် သမီးကျူးရှမ်းအော့ကို သိုင်းလောက

www.burmeseclassic.com

www.burmeseclassic.com



၌ ကျင်လည်ကျက်စားခွင့် ဖြစ်ထားပေသည်။

ကျူးရှမ်းအော့မှာ သိုင်းပညာ မခေသကဲ့သို့ အလွန်ဥာဏ်ကောင်းသူလေး ဖြစ်သည်။

သိုင်းလောက နေရာအနှံ့အပြား၌ ရှိနေကြသော မိတ်ဆွေများကလည်း ကူညီစောင့်ရှောက်ကြမည် ဖြစ်ရာ ကျူးထင်းဖုန်း စိတ်ချစရာအကြောင်း မရှိတော့ချေ။

ကျူးရှမ်းအော့က လျှေကြိုးနှင့်လည်း ရင်းနှီးသူ ဖြစ်ရကား သူမအား ခွင့်ပြုလိုက်ခြင်းက ပို၍သင့်လျော်မည်ဟု တွေးပြီး သဘောတူလိုက်လေသည်။

“ကောင်းပြီလေ၊ သမီးဂရုစိုက်ပါ”

“စိတ်ချပါ ဖေဖေ”

ကျူးရှမ်းအော့ ဝမ်းသာသွားသည်။

ဖခင်ကြီးအား ဦးညွှတ်ပြီး ချက်ချင်းထွက်သွားလေတော့သည်။

ကျူးထင်းဖုန်းက သမီးဖြစ်သူ၏ နောက်ကျောကို ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့၏။

ကျူးရှမ်းအော့သည် မိန်းမချောလေးတစ်ဦး ဖြစ်သည်။

သူမအား လက်ထပ်လိုသူများ ဗိုင်းဗိုင်းလည်လျက် ရှိလေသည်။

သို့သော်...

ကျူးရှမ်းအော့သည် ယနေ့ထက်တိုင် မည်သူ့ကိုမျှ စိတ်ဝင်



စားခြင်း မရှိချေ။

ကျူးထင်းဖုန်းက သမီးဖြစ်သူ အကြောင်းကို တွေးရင်း သက်ပြင်းချလိုက်လေသည်။

“လျှေကြိုးရဲ့ သတင်းကို ကြားတာနဲ့ သိုင်းလောကထဲကို သွားချင်တယ်ဆိုတော့ သမီးဟာ လျှေကြိုးနဲ့များ ပတ်သက်နေလို့လား”

ဟုလည်း စဝေဇဝါ ရေရွတ်လိုက်လေတော့သည်။

♠ ♠ ♠

နေဝန်းနီမှာ ကောင်းကင် အလယ်ဗဟိုသို့ ရောက်ရှိလာပြီဖြစ်လေသည်။

နေမွန်းတည့်ချိန် ဖြစ်ရကား ချစ်ချစ်တောက် ပူလောင်ပြင်းပျနေပါတော့သည်။

ကျူးရှမ်းအော့သည် မြင်းဖြူကြီးတစ်ကောင်ကို စီးနင်းရင်း ခရီးနှင်လာခဲ့ပြီး တောအုပ်တစ်ခုသို့ ရောက်ရှိလာသောအခါ ခေတ္တအနားယူရန် ဆုံးဖြတ်ကာ မြင်းကို ရပ်တန့်လိုက်သည်။

အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်၌ အနားယူရင်း အဆင်ပါလာသော ရေဗူးနှင့် မုန့်ခြောက်များကို စားသောက်ရင်း ဗိုက်ဖြည့်လိုက်လေသည်။

သူမသည် ‘ခားသုံးကွက်’ ကျူးထင်းဖုန်း၏သမီးဝိဝိ သိုင်း

www.burmeseclassic.com

www.burmeseclassic.com



လောက တန့်တလျားသို့သွားကာ ကျင်လည်ကျက်စားခဲ့ဖူးပေသည်။

သိုင်းလောကသားများက သူမအား ‘ပိုလွှားနီ’ဟူသော ဘွဲ့ထူးပေးအပ်ထားခြင်း ခံရသူလေးလည်း ဖြစ်ပေသည်။

ကျူးရှမ်းအော့ အနားယူနေစဉ်…

“ဟူး…ဟူး…ဟူး”

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျူးရှမ်းအော့ သတိပြုမိပြီး ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

ဝန်းကျင်၌ စိမ်းလန်းသော သစ်ပင်ချုံနွယ်များ ဖုံးလွှမ်းထားပြီး လူရိပ်လူရောင် မတွေ့ရချေ။

ကျူးရှမ်းအော့ မဲ့ပြုံးပြုံးလိုက်သည်။

“ရှင်တို့ ဘယ်သူတွေပဲဖြစ်ဖြစ် ရောက်လာပြီးမှတော့ ထွက်လာခဲ့ပါရှင်”

ဟု ပြောလိုက်၏။

တိတ်ဆိတ်နေသော ဝန်းကျင်တွင် သူမ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည် ထင်ရ၏။

သူမ၏စကားသံနှင့် မရှေးမနှောင်းတွင် သစ်ပင်များနောက်ကွယ်မှ လူငါးယောက် ထွက်ပေါ်လာကြလေသည်။

ထိုလူငါးယောက်သည် အနက်ရောင်ဝတ်ထားပြီး လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြလေသည်။



ကျူးရှမ်းအော့ ရင်ထိတ်သွား၏။

ထိုလူငါးယောက်အား သူမကောင်းစွာ သိထားသည် မဟုတ်ပါလား။

ထိုလူငါးယောက်အား လင်းယုန်နက်ငါးဖော်ဟု လူသိများ၏။

အလွန်ရက်စက်ကြမ်းကြုတ်သော လမ်းဓားပြများ ဖြစ်လေသည်။

လင်းယုန်နက်ငါးဖော်၏ဆရာလည်းဖြစ်၊ ခေါင်းဆောင်လည်း ဖြစ်သူမှာ ‘ကြင်ချွမ်းအဘိုးအို’ ဖြစ်သည်။

ကြင်ချွမ်းအဘိုးအိုခေါင်းဆောင်သော လင်းယုန်နက်ငါးဖော် ရောက်ရှိရာ အရပ်ဒေသတိုင်း၌ သွေးစွန်းသွားလေ့ ရှိသည်။

ယခုတော့…

ကြင်ချွမ်းအဘိုးအို သေဆုံးသွားပြီး လင်းယုန်နက်ငါးဖော်သာ ကျန်ရစ်ခဲ့တော့သည်။

“သည်လူတွေနဲ့မှ တိုက်တိုက်ဆိုင်ဆိုင် လာတွေ့ရတာ စိတ်ပျက်စရာကောင်းလိုက်တာ”

ဟု တီးတိုး ညည်းတွားလိုက်လေသည်။

လင်းယုန်နက်ငါးဖော်က ကျူးရှမ်းအော့အား ဝိုင်းရံထားလိုက်ကြ၏။

သူတို့ကလည်း ကျူးရှမ်းအော့ကို ကောင်းကောင်းကြီး သိနေကြပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အရပ်ထောင်ထောင်မောင်းမောင်းရှိသူတစ်ဦးက…

"ကျူးရှမ်းအော့၊ လူသတ်ကောင်တစ်ယောက် သောင်းကျန်းလာတဲ့ သတင်းတွေ ထွက်ပေါ်လာတာနဲ့ မင်းလဲ သိုင်းလောကထဲ ထွက်လာတော့မယ်ဆိုတာ ကျုပ်တို့သိထားတာပေါ့"

ဟု အားရကျေနပ်စွာ ပြောလာသည်။

ကျူးရှမ်းအော့က…

"ရှင်တို့က ကျွန်မကို စောင့်ကြည့်နေကြတာပေါ့လေ"

ထိုလူက…

"မှန်လိုက်လေ၊ ကျုပ်တို့ ကြာကြာမစောင့်လိုက်ရပါဘူး၊ မင်းထွက်လာတာပဲ မဟုတ်လား"

ကျူးရှမ်းအော့က…

"နေပါဦး၊ ရှင်တို့က ဘာကြောင့် ကျွန်မကို သည်လောက် သဲကြီးမဲကြီး ဖြစ်နေကြတာလဲရှင်"

ထိုလူ နှာခေါင်းရှုံ့လိုက်သည်။

"ကျူးရှမ်းအော့၊ မင်းရှူးနေပြီလား၊ မင်းတို့ကြောင့် ငါတို့ ဆရာ သေဆုံးသွားရတာကို ငါတို့ မေ့ထားလိုက်ရမှာလား"

ဟု အော်လိုက်လေသည်။

ကျူးရှမ်းအော့ကလည်း ခါးထောက်ကာ ပြန်အော်လိုက်လေသည်။

"ကျွန်မ ဘာကြောင့် ရှူးနေရမှာလဲ၊ ရှင်တို့သာ ရှူးနေတာ၊ ရှင်တို့ဆရာကို သတ်တာ ကျွန်မလား၊ အစ်ကိုလျှကြီးလား ပြောစမ်း



ပါဦး"

ထိုလူက…

"မင်းတို့နှစ်ယောက်စလုံး အတူတူပဲ၊ အခုလဲ လျှကြီးဆီကို မင်းသွားမလို့ မဟုတ်လား"

"ဘာရှင့်"

"လျှကြီးက လူသတ်ကောင် ဖြစ်နေပြီ၊ သိုင်းလောကသားတွေ သဲကြီးမဲကြီး လိုက်နေတာကြောင့် ခွေးပြေးဝက်ပြေး ပြေးနေရပြီ မဟုတ်လား"

"ရှင်…ရှင်"

"အေး မင်းကို ဖမ်းထားလိုက်ရင် လျှကြီး လက်ပိုက်ကြည့်နေနိုင်မှာတဲ့လား"

ထိုလူက သူ၏အဖော်များအား အော်ပြောလိုက်လေသည်။

"သူ့ကို လက်ရဖမ်းကြမယ်"

ကျန်လေးယောက်က သဘောတူလိုက်လေသည်။

ထို့နောက် ကျူးရှမ်းအော့အား ဝိုင်းရံတိုက်ခိုက်လိုက်ကြတော့သည်။

ကျူးရှမ်းအော့ ဘာမှ မတတ်နိုင်တော့ပါ။

"ရှင်တို့ကို ကြောက်နေရမှာလား"

အော်ငေါက်ကာ ပြန်လည်တိုက်ခိုက်လိုက်လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



အေးမြနေသော တောလမ်းကလေး၌ တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေသည်။

လင်းယုန်နက်ငါးဖော်က ကျူးရှမ်းအော့ကို ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

ကျူးရှမ်းအော့ကလည်း အားကျမခံ ပြန်လည်ရင်ဆိုင်ခဲ့လေသည်။

သူမသည် လက်တစ်ဘက်က ဓားတစ်လက်ကိုင်ထားပြီး ကျန်လက်တစ်ဘက်က လက်နက်ပုန်းလေးများ ဆုပ်ကိုင်ထား၏။

ဓားဝှေ့ယမ်းကာ ရင်ဆိုင်လိုက်သကဲ့သို့ အခွင့်အရေးရလျှင် လက်နက်ပုန်းလေးများဖြင့် ပစ်ခတ်တိုက်ခိုက်ရန် ရည်ရွယ်ထားခြင်း ဖြစ်လေသည်။

လင်းယုန်နက်ငါးဖော်ကလည်း ဒေါသတကြီးဖြင့် အပြင်းအထန် တိုက်ခိုက်ကြလေသည်။

ကျူးရှမ်းအော့သည် လင်းယုန်နက်များနှင့် ရင်ဆိုင်ရင်း...

"သူတို့တတွေ သဲကြီးမဲကြီး ဖြစ်နေတော့ ရင်ဆိုင်ရခက်နေပြီ၊ သူတို့ကို အနိုင်ရမယ်ဆိုရင်တောင် ငါ့ရဲ့ သက်သာမှာ မဟုတ်ဘူး"

ဟု တွေးပြီး စိုးရိမ်စိတ်ဝင်လာလေသည်။

လင်းယုန်နက်ငါးဖော်နှင့် သူမ တကြိမ် ရင်ဆိုင်ခဲ့ဖူးပြီး ဖြစ်သည်။ လင်းယုန်နက်တို့သည် ရင်ဆိုင်ရန် ခက်ခဲသူများ ဖြစ်ကြောင်း သူမကောင်းစွာ နားလည်ထားပြီး ဖြစ်လေသည်။



ယခင်တစ်ကြိမ်က ရွှေကြိုး ရှိနေသဖြင့် ကံကောင်းခဲ့ခြင်း ဖြစ်သည်။

ယခုတစ်ကြိမ်၌မူ ကျူးရှမ်းအော့က အခြေအနေအရ ရှောင်တိမ်းသွားဖို့ ဆုံး ဖြတ်လိုက်လေသည်။

လင်းယုန်နက်ငါးဖော်ကလည်း ကျူးရှမ်းအော့၏အကြံကို ရိပ်မိထားလေသည်။

"မင်းထွက်ပြေးလို့ရမယ် မထင်နဲ့"

"သူ့ကို မလွှတ်စေနဲ့"

"သေပေတော့"

ဉာဉ်သိများပေးကာ ဖိ၍ တိုက်ခိုက်ကြတော့သည်။

ကျူးရှမ်းအော့ ပြုံးလိုက်သည်။

သူမ ထွက်မပြေးနိုင်အောင် ဖိ၍ တိုက်ခိုက်ကြခြင်းက သူမအတွက် အခွင့်အရေးရစေသည် မဟုတ်ပါလား။

"ရှောင်နိုင်ရင် ရှောင်ပေတော့"

ပျံလွှားငှက်ပုံသဏ္ဍာန် ပြုလုပ်ထားသော လက်နက်ပုန်းလေးများဖြင့် ပစ်ခတ်တိုက်ခိုက်လိုက်လေသည်။

"ဝှစ်...ဝှစ်...ဝှစ်"

လက်နက်ပုန်းလေးများက လင်းယုန်နက်များထံသို့ ပစ်လွှင့်သွားရာ လူချင်းနီးကပ်နေခြင်းကြောင့် လင်းယုန်နက်များ အခက်ကြုံသွားကြလေသည်။

"သတိထား"

www.burmeseclassic.com

www.burmeseclassic.com



အချင်းချင်း သတိပေးကာ ကပျာကယာ ရှောင်တိမ်းလိုက်ကြသည့်တိုင်အောင်...

"အား"

လင်းယုန်နက်တစ်ဦး လက်နက်ပုန်းထိမှန်ကာ လဲကျသွားတော့သည်။ ကျူးရှမ်းအော့လည်း ရရှိလာသည့် အခွင့်အရေးကို လက်လွှတ်မခံဘဲ...

"ဟိတ်"

ခြေပေါ်ခြေဆောင့်ကာ ခုန်ထွက်လိုက်လျှင် သူမ၏မြင်းပေါ်သို့ ရွှေ့ခံနဲ့ ရောက်ရှိသွားတော့သည်။

ကျူးရှမ်းအော့က မြင်းကိုဝေါက်ကာ ခုန်းစိုင်းမောင်းထွက်သွားလေတော့သည်။

"ဟီး..ဟီး..ဟီး"

"ခွပ်ခွပ်..ခွပ်ခွပ်"

မြင်းဖြူကြီးကလည်း ရှည်လျားစွာ ဟီလိုက်ပြီး ခုန်းစိုင်းပြေးလွှားသွားတော့သည်။

လင်းယုန်နက်များ ဒေါသထွက်သွားကြလေသည်။

"မင်းပြေးလို့ လွတ်မလား"

တောအုပ်ထဲ၌ ဝှက်ထားသော သူတို့၏မြင်းများကို ယူပြီး ကျူးရှမ်းအော့ နောက်သို့ သဲကြီးမဲကြီး လိုက်သွားကြလေတော့သည်။

♠ ♠ ♠



## အတိတ်ကာလ

နေဝန်းနီမှာ အနောက်ဘက်တွင် ငုတ်လျှိုးပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

ကျူးရှမ်းအော့သည် လင်းယုန်နက်များ၏အန္တရာယ်မှ ရှောင်တိမ်းရင်း နေဝင်သွားသောအခါ လမ်းခရီးတစ်နေရာ၌တွေ့ရသော ဘုံကျောင်းပျက်လေးတစ်ခုတွင် ဝင်ရောက်အနားယူလိုက်လေသည်။

အနီးပတ်ဝန်းကျင်၌ တွေ့ရသော သစ်ကိုင်းခြောက်များကောက်ယူကာ မီးပုံတစ်ခု ပြုလုပ်လိုက်၏။

မီးပုံမှ အလင်းရောင်ကြောင့် ဘုံကျောင်းပျက်လေး အတွင်း၌ လင်းလင်းချင်းချင်း ရှိနေပါတော့သည်။

ကျူးရှမ်းအော့က မီးပုံနံဘေး၌ ထိုင်ကာ လင်းယုန်နက်များအကြောင်း တွေးတောစဉ်းစားနေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြင်ချွမ်အတိုးအို ဦးဆောင်သော လင်းယုန်နက်များသည် သိုင်းလောကအား ကောင်းကောင်းကြီး ဒုက္ခပေးနိုင်ခဲ့ကြသူများ ဖြစ်သည်။

ကျူးရှမ်းအော့၏သိုင်းပညာ မခေပါ။

သို့သော်...

လင်းယုန်နက်များနှင့်စာလျှင် တိုက်ပွဲ အတွေ့အကြုံ နနယ်လှသည်ဟု ဆိုနိုင်သည်။

ထို့အပြင်...

လင်းယုန်နက်များသည် ရက်စက်ကြမ်းကြုတ်ပြီး လူသတ်ဖို့ ဝန်မလေးသူများ ဖြစ်ပြီး ကျူးရှမ်းအော့က သူမကြောင့် သူတပါး ထိခိုက်ဒဏ်ရာရမည်ကို စိုးရိမ်သူဖြစ်သည်။

သူမသည် မည်သို့သော ရန်သူမျိုးနှင့်မဆို ရင်ဆိုင်ရသော အခါ အလွန်သတိထားခဲ့သည်။

သူ့အသက် ကိုယ့်အသက် လုရသော တိုက်ပွဲမျိုး၌ မလွဲသာမရှောင်သာ တိုက်ခိုက်ရသည်မှအပ မလိုအပ်ဘဲ တိုက်ခိုက်ခြင်းမျိုးကို ရှောင်ရှားသူ ဖြစ်လေသည်။

လင်းယုန်နက်ငါးဖော်အား အနိုင်ယူနိုင်သည်ဆိုလျှင်ပင် သူမလည်း ထိခိုက်ဒဏ်ရာရမည့် အဖြစ်မျိုးကို မလိုလားပါချေ။

ထို့ကြောင့် ဆက်လက်တိုက်ခိုက်ခြင်း မပြုဘဲ ရှောင်ထွက်လာခဲ့ခြင်း ဖြစ်သည်။

လင်းယုန်နက်ငါးဖော်ကို ဆုံးမဖို့ထက် ပိုပြီးအရေးကြီး



သောကိစ္စ ရှိနေသေးသည် မဟုတ်ပါလား။

ကျူးရှမ်းအော့သည် လင်းယုန်နက်ငါးဖော်နှင့် ဆက်စပ်၍ လွှကြိုးကို သတိရလာလေသည်။

လွှကြိုး...။

သူမ၏အသဲနှလုံးကို စိုးမိုးထားသည့် လွှကြိုးကို သူမ အချိန်တိုင်း သတိရနေမည် ဖြစ်လေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



စီးဝူကန်တော်...။

စီးဝူကန်တော်သည် အလွန်သာယာလှပသည့် ကန်တော်မင်္ဂလာ ဖြစ်လေသည်။

နှစ်စဉ် နွေဦးရာသီ ရောက်တိုင်း အနယ်နယ်အရပ်ရပ်မှ အပန်းဖြေ အနားယူမည့်သူများ ရောက်ရှိလာကာ စည်ကားသိုက်မြိုက်နေတတ်လေသည်။

ကန်တော်ပတ်လည်၌ စားသောက်ဆိုင်များ၊ ဈေးဆိုင်များ၊ တည်းခိုခန်းများ ပြည့်နှက်နေသကဲ့သို့ လှေဆိပ်၌ လှေအပျော်ငှားစီးသူ များပြားလှသည်။

ကျူးရှမ်းအော့သည် ဖခင်ကြီးထံ ခွင့်တောင်းကာ စီးဝူကန်သို့ လာခဲ့လေသည်။

သူမသည် စီးဝူကန်တော်၏ သာယာလှပပုံများကို လှည့်လည်ကြည့်ရှုပြီးနောက် လှေတစ်စီးငှားရမ်းကာ ကိုယ်တိုင်လှော်ခတ်ပြီး ကန်တော်ထဲ၌ လှေအပျော်စီးခဲ့လေသည်။

ကန်တော်အတွင်း၌ ငါးအမျိုးမျိုး ပေါကြွယ်လှသည်။

သစ်ပင်ပန်းပင်များဖြင့် လှပကာ စိမ်းလန်းနေသော ကျွန်းကလေးများလည်း ရှိနေသည်။

ကျူးရှမ်းအော့က ပန်းပေါင်းစုံ ဝေဝေဆာဆာ ဖူးပွင့်နေသည့် ကျွန်းကလေးတစ်ကျွန်း၌ လှေကိုဆိုက်ကပ်ကာ ကျွန်းပေါ်တက်လာခဲ့လေသည်။

အေးချမ်းကာ သာယာလှပနေသည့် ပတ်ဝန်းကျင်ကြောင့်



ကျူးရှမ်းအော့ ပျော်ရွှင်နေမိလေသည်။

သို့သော်...

ကျွန်းပေါ် ရောက်သွားပြီး မကြာမီ စိတ်ပျက်စရာကောင်းသော အဖြစ်အပျက်တစ်ခုနှင့် ရင်ဆိုင်လိုက်ရတော့သည်။

ကျွန်းပေါ်၌ သူမထက် အရင်ရောက်နှင့် နေသူများရှိနေပါသည်။

ထိုကျွန်းပေါ်ရှိ ဇရပ်လေး၌ ဘုန်းတော်ကြီးတစ်ပါး ရောက်ရှိနေ၏။

ထိုဘုန်းတော်ကြီးမှာ ရှောင်လင်ကျောင်းမှ မူထိုင်ကိုယ်တော် ဖြစ်သည်။

မူထိုင်ကိုယ်တော်သည် ဘုန်းတော်ကြီး ဖြစ်သော်လည်း မကောင်းသူပယ် ကောင်းသူကယ်၊ လူဆိုးဓားပြ၊ ဒုစရိုက်သမားများ၊ အနက်ရောင်သိုင်းသမားများအား ဆုံးမနေသူဖြစ်ပြီး ရှောင်လင်ကျောင်းထိုင်က ကျောင်းတော်ထဲ၌သာ နေထိုင်ရန် ပြင်ပကိစ္စများ၌ ဝင်ရောက်စွက်ဖက်ခြင်း မပြုရန် တားမြစ်မိန့် ထုတ်ခဲ့သည်ကို နာခံခြင်း မပြုသဖြင့် ရှောင်လင်ကျောင်းမှ မောင်းထုတ်ခံရသူ ဖြစ်လေသည်။

သိုင်းလောကသားများကလည်း မူထိုင်ကိုယ်တော်မှာ ခေါင်းမာသူ၊ ပြဿနာရှာလေ့ရှိသူဟု သတ်မှတ်ကာ ဝေးဝေးရှောင်ကြသည်။

မူထိုင်ကိုယ်တော် ရောက်လေရာ အရပ်တိုင်း၌ ပြဿနာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု ပေါ်ပေါက်တတ်သည် မဟုတ်ပါလား။

အမှန်တော့...

မူထိုင်ကိုယ်တော်က ပြဿနာ ဖန်တီးသူများ ရှိရာသို့ သွားခြင်းသာ ဖြစ်ပါသည်။

ယခု မူထိုင်ကိုယ်တော်သည် သာယာလှပသော ကျွန်းကလေးပေါ်၌ ရောက်ရှိနေ၏။

ဤကျွန်းကလေးပေါ်၌ ပြဿနာများ ရှိနေပြီလော။

ကျူးရှမ်းအော့ အကဲခတ်နေစဉ်မှာပင် လူတစ်စုက စကားတပြောပြောဖြင့် လျှောက်လာနေကြသည်ကို တွေ့လိုက်ရလေသည်။

ခန္ဓာကိုယ်ထွားကြိုင်းသန်မာပြီး အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသူငါးယောက်နှင့် အဘိုးအိုတစ်ယောက် ဖြစ်သည်။

သူတို့က ဇရပ်လေးဆီသို့ ဦးတည်ကာ လျှောက်လာနေကြခြင်း ဖြစ်သည်။

မလှမ်းမကမ်းသို့ ရောက်လာကြလျှင် ဇရပ်ပေါ်မှ မူထိုင်ကိုယ်တော်ကို တွေ့မြင်သွားကြပြီး ခြေလှမ်းရပ်သွားကြလေသည်။

အဘိုးအိုက အကဲခတ်ပြီး...

"မူထိုင်ကိုယ်တော်ပါလား"

ဟု ရေရွတ်လိုက်လေသည်။

မူထိုင်ကိုယ်တော်သည် ဇရပ်မှ တိုင်တစ်လုံးကို ကျောမှီပြီး မျက်လုံးမှိတ်ထား၏။

အဘိုးအို၏စကားသံကြောင့် မျက်လုံးပွင့်လာသလို မျက်နှာ



တစ်ခုလုံး ပြုံးရွှင်သွားလေသည်။

"ဪ ရောက်လာကြပြီကိုး။ လာကြလေ၊ ဘာရပ်ကြည့်နေကြတာလဲ"

ဟုလည်း လှမ်းခေါ်လိုက်လေသည်။

အဘိုးအိုက...

"ကိုယ်တော်က ကျုပ်တို့ကို လာစောင့်နေတာလား"

မူထိုင်ကိုယ်တော် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ၊ ကြင်ချွမ်းအဘိုးအိုက လင်းယုန်နက်ငါးဖော်နဲ့အတူ သည်ကျွန်းကလေးမှာ လာပြီး တိုင်ပင်ဆွေးနွေးကြလိမ့်မယ်လို့ သတင်းကြားလို့ ကျုပ်လာပြီး စောင့်နေတာ"

အဘိုးအိုနှင့် ဇတ်စုံနက်ငါးယောက်မှာ ကြင်ချွမ်းအဘိုးအိုနှင့် လင်းယုန်နက်ငါးဖော် ဖြစ်ကြောင်း သိလိုက်ရလျှင် ကျူးရှမ်းအော့ ပိုပြီး စိတ်ဝင်စားသွားလေတော့သည်။

ကြင်ချွမ်းအဘိုးအိုက...

"ဪ ကျုပ်တို့အကြောင်းတောင် သိနေပြီကိုး"

မူထိုင်ကိုယ်တော်က...

"ခင်ဗျားတို့က ကျန်းနန်က သိုင်းသမားတွေကို ဒုက္ခပေးပြီး စီးဝူကန်တော်ကို လာရောက်လည်ပတ်ကြသူတွေကို လုယက်တိုက်ခိုက်ဖို့ စီစဉ်ထားကြတယ် မဟုတ်လား"

ကြင်ချွမ်းအဘိုးအို မကျေမနပ် ဖြစ်သွားသည်။

"ကျုပ်တို့ဘာလုပ်လုပ် ကိုယ်တော်နဲ့ မဆိုင်ဘူးဆိုတာ မှတ်

www.burmeseclassic.com

www.burmeseclassic.com



ထားပါ"

မှူထိုင်ကိုယ်တော် ခေါင်းခါယမ်းလိုက်သည်။

"သည်လိုပြောလို့ ဘယ်ရပါ့မလဲ၊ ကျုပ်က မကောင်းမှု လုပ်တဲ့လူတွေ အားလုံးကို ကျုပ်ဆုံးမပဲ့ပြင်ပေးရမယ့် လူတွေလို့ သဘောထားတာ အများသိကြပါတယ်လေ"

ကြင်ချွမ်းအဘိုးအိုက...

"ကိုယ်တော်က သူများကိုသွားပြီး ဆုံးမပဲ့ပြင်လို့ရမယ်၊ ကျုပ်ကိုတော့ မရဘူးဗျ"

ပြောရင်း ရှေ့တိုးလာလေသည်။

လင်းယုန်နက်ငါးဖော်ကလည်း ဇရပ်လေးကို ဝိုင်းရံထား လိုက်ကြလေသည်။

မှူထိုင်ကိုယ်တော်က...

"ကျုပ်နဲ့ တွေ့တဲ့ လူတိုင်း သည်လို ပြောကြတာပဲ၊ နောက်တော့ သူတို့ ကျုပ်ဆုံးမပဲ့ပြင်တာကို ခံလိုက်ကြရတာပဲလေ"

ကြင်ချွမ်းအဘိုးအိုက...

"ကောင်းပြီလေ၊ ကိုယ်တော်က ကျုပ်ကို ဆုံးမနိုင်မလား၊ ကျုပ်က ကိုယ်တော်ကို ဆုံးမနိုင်မလား ကြည့်ကြသေးတာပေါ့၊ ဇရပ်ပေါ်က ဆင်းလာခဲ့ပါလား"

"ဟဲ..ဟဲ၊ ကျုပ်လာရမှာပေါ့လေ"

မှူထိုင်ကိုယ်တော်လည်း ထိုင်ရာမှထကာ ဇရပ်ပေါ်မှ ခုန်ဆင်းလိုက်လေတော့သည်။



ထိုအချိန်မှာပင် ကြင်ချွမ်းအဘိုးအိုက လက်နှစ်ဘက် ဝှေ့ယမ်းလိုက်လေသည်။

"ဟူး"

လေပွေလှိုင်းတစ်ခုက မှူထိုင်ကိုယ်တော်ထံသို့ တိုးဝင်သွားလေသည်။

လင်းယုန်နက်ငါးဖော်ကလည်း ပြိုင်တူ လှုပ်ရှားလိုက်ကြလေသည်။

လက်နက်ပုန်းလေးများဖြင့် ပစ်ခတ်လိုက်ကြခြင်း ဖြစ်လေသည်။

"ဝှစ်..ဝှစ်..ဝှစ်"

လက်နက်ပုန်းလေးများသည် မှူထိုင်ကိုယ်တော်ထံသို့ တိုးဝင်သွားလေသည်။

မှူထိုင်ကိုယ်တော်က ရယ်မောလိုက်သည်။

"မဆိုးဘူးဟေ့"

သူ၏လက်တစ်ဘက် ဝှေ့ယမ်းလိုက်လျှင် လက်နက်ပုန်းလေးများ မြေပေါ်ကျသွားလေသည်။

ကြင်ချွမ်းအဘိုးအို၏လက်ဝါးရိုက်ချက်မှ ထွက်ပေါ်သော လေပွေလှိုင်းကမူ ဆက်လက်တိုးဝင်လာခြင်းမရှိဘဲ ပျောက်ကွယ်သွားလေသည်။

ထို့အတွက် ထူးခြားမှုတစ်ခုခု ရှိနေပြီ ဖြစ်ကြောင်း မှူထိုင်ကိုယ်တော် သတိပြုမိလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏နှာခေါင်းထဲ၌ ထူးခြားသော အနံ့အသက်တစ်ခုလည်း ရှူရှိုက်မိလိုက်သည်။

"ဟား..ဟား..ဟား"

ကြင်ချွမ်းအဘိုးအိုက ဟားတိုက်ရယ်မောလိုက်လေသည်။

ထို့နောက် မူထိုင်ကိုယ်တော်အား အမှုမထားတော့ဘဲ ဇရပ်လေးဆီသို့ လှမ်းသွားလေသည်။

မူထိုင်ကိုယ်တော်က...

"ကျုပ်ကိုတောင် ဂရုမစိုက်တော့ဘူးပေါ့ ဟုတ်လား"

ကြင်ချွမ်းအဘိုးအိုက ဇရပ်ပေါ်တက်ကာ အေးအေးလူလူ ထိုင်ချလိုက်လေသည်။

လင်းယုန်နက်ငါးဖော်က မူထိုင်ကိုယ်တော်ကို ဝိုင်းရံထားလိုက်ကြသည်။

မူထိုင်ကိုယ်တော်က...

"ဘေးဖယ်လိုက်ကြစမ်း"

လက်နှစ်ဘက်ဖြင့် တွန်းထုတ်လိုက်၏။

ဤတွင် သူ၏အတွင်းအားများ ကုန်ခမ်းပျောက်ကွယ်နေကြောင်း သတိပြုမိလိုက်တော့သည်။

"ဟင်"

မူထိုင်ကိုယ်တော် အံ့ဩသွား၏။

သူ၏အတွင်းအားများ ကုန်ခမ်းပျောက်ကွယ်သွားသည်မှာ အဘယ်ကြောင့်ပါနည်း။



ကြင်ချွမ်းအဘိုးအိုက အကောက်ကြံလိုက်ပြီ ဖြစ်ကြောင်း နားလည်လိုက်လေသည်။

မူထိုင်ကိုယ်တော် ရင်ထိတ်သွားသည်။

ထိုစဉ် ကြင်ချွမ်းအဘိုးအို၏ အမိန့်ပေးသံ ထွက်ပေါ်လာ၏။

"ကဲ သူ့ကို ဆုံးမပဲ့ပြင်ပေးလိုက်ကြစမ်း"

လင်းယုန်နက်ငါးဖော်လည်း ရှေ့တိုးလာကြလေတော့သည်။ ကျူးရှမ်းအော့ လက်ပိုက်ကြည့်မနေနိုင်တော့ပါ။

"ရပ်လိုက်"

ဟန့်တားရင်း ရှေ့သို့ ခုန်ထွက်သွားကာ မူထိုင်ကိုယ်တော်၏ရှေ့၌ရပ်ကာ အကာအကွယ် ပြုထားလိုက်လေသည်။

လင်းယုန်နက်ငါးဖော်သည် ကျူးရှမ်းအော့က ရုတ်တရက် ရောက်လာသဖြင့် ရင်ထိတ်ကာ ကပျာကယာ နောက်ဆုတ်လိုက်ကြလေသည်။

ဇရပ်ပေါ် ရောက်နေသော ကြင်ချွမ်းအဘိုးအိုလည်း မျက်မှောင်ကုပ်သွားလေသည်။

"တယ်လဲ သတ္တိကောင်းပါလားဟေ့"

လင်းယုန်နက်ငါးဖော်သည် ရုတ်တရက် ဘာလုပ်ရမှန်းမသိ ဖြစ်နေပြီး ကြင်ချွမ်းအဘိုးအိုကို လှမ်းကြည့်လိုက်ကြ၏။

ကြင်ချွမ်းအဘိုးအိုက...

"မင်းတို့ ဘာလုပ်နေကြတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ပြောလိုက်လေသည်။

လင်းယုန်နက်ငါးဖော်လည်း သတိဝင်လာပြီး...

"တိုက်ကြဟေ့"

"ယား"

ညာသံပေးကာ တိုက်ခိုက်လိုက်ကြလေတော့သည်။

ကျူးရှမ်းအော့ကလည်း ရင်ဆိုင်ရန် အသင့်ပြင်ထားပြီး ဖြစ်လေသည်။

ကျူးရှမ်းအော့က ဓားကို ခြွမ်းခနဲ ဆွဲထုတ်ပြီး ဝှေ့ယမ်းလိုက်လေတော့သည်။

ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာလေသည်။

ရှေ့ဆုံးမှ ဝင်လာသည့် အမှတ်တစ် လင်းယုန်နက်မှာ ပခုံး၌ ဓားတစ်ချက်ထိကာ ဒဏ်ရာရသွား၏။

"အား"

အမှတ်တစ် တစ်ချက်အော်ပြီး နောက်ဆုတ်သွားလေသည်။

ကျန်လေးယောက်လည်း ချက်ချင်း နောက်ဆုတ်လိုက်ကြသည်။

ကျူးရှမ်းအော့မှာ သိုင်းပညာခေသူ မဟုတ်ကြောင်း သူတို့နားလည်သွားကြလေသည်။

ကြင်ချွန်းအဘိုးအိုကို လှမ်းကြည့်လိုက်ကြသည်။

"တော်တော် အသုံးမကျတဲ့ကောင်တွေ"



ကြင်ချွမ်းအဘိုးအိုက စရပ်ပေါ်မှ ခုန်ဆင်းလိုက်သည်။

ချက်ချင်းပင် ကျူးရှမ်းအော့နှင့် မူထိုင်ကိုယ်တော်တို့ ရှေ့သို့ ရောက်ရှိသွားလေသည်။

ကြင်ချွမ်းအဘိုးအိုက ကျူးရှမ်းအော့အား ခြေဆုံးခေါင်းဆုံး အကဲခတ်လိုက်လေသည်။ တဖန်...

"မိန်းကလေး၊ မင်းက မူထိုင်ကိုယ်တော်နဲ့ ဘယ်လိုပတ်သက်နေသလဲ ပြောပါဦး"

ဟု မေးလိုက်လေသည်။

ကျူးရှမ်းအော့က...

"မူထိုင်ကိုယ်တော်ဟာ ကျွန်မအဖေရဲ့ မိတ်ဆွေပဲရှင့်၊ ဒါကြောင့် သူ့ကို ဒုက္ခပေးတာကို ကျွန်မလက်ပိုက်ကြည့်မနေနိုင်ဘူး"

ကြင်ချွမ်းအဘိုးအိုက...

"မင်းအဖေက ဘယ်သူများလဲ ပြောပါဦး"

ကျူးရှမ်းအော့က...

"သိုင်းသုံးကွက် ကျူးထင်းဖုန်းဆိုရင် ရှင်သိမှာပေါ့"

"လက်စသပ်တော့ ဂိုဏ်းချုပ်ကျူးထင်းဖုန်းဟာ မင်းရဲ့အဖေကိုး"

"ဟုတ်တယ်၊ ကျွန်မကို ဒုက္ခပေးရင် ကျွန်မအဖေက သဘောကျမှာ မဟုတ်ဘူးရှင့်"

ကျူးရှမ်းအော့၏စကားကြောင့် ကြင်ချွမ်းအဘိုးအိုက တဟားဟား ရယ်မောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျူးထင်းဖုန်းသည် ထိပ်သီးသိုင်းသမားတစ်ဦး ဖြစ်သလို အင်အားကောင်းသော ဂိုဏ်းတစ်ခု၏ ဂိုဏ်းချုပ်တစ်ဦးလည်း ဖြစ်ပေသည်။

ကြင်ချွမ်းအဘိုးအိုက...

"ကောင်းတယ်၊ သိပ်ကောင်းတယ်၊ ကျုပ်ကလဲ နေရာတကာ လူတွင်ကျယ် လုပ်နေတဲ့ မင်းအဖေကို ဆုံးမချင်နေတာ ကြာပြီ၊ မင်းကို ဆုံးမလိုက်ရင် မင်းအဖေ ဘယ်လောက် ဒွေ့ဒွေ့ခုန်သွားမလဲဆိုတာ ကြည့်ချင်သေးတယ်"

ကျူးရှမ်းအော့ကလည်း အားကျမခံ ပြန်ပြောလိုက်၏။

"အပြောကကြီးပါနဲ့ရှင်၊ ကျွန်မ ဆုံးမတာ ခံရပြီး နောင်တရ နေဦးမယ်"

ကြင်ချွမ်းအဘိုးအိုက...

"စိတ်ချ၊ ကျုပ်က မင်းကို မဆုံးမနိုင်ဘူးဆိုရင် ကိုယ့်ကိုကိုယ် အဆုံးစီရင်ပစ်မယ်"

"ခုထိတောင် ရှင်အပြောကြီးနေတုန်းပဲလား"

"မင်းလက်တွေ့သိရမှာပေါ့"

ကြင်ချွမ်းအဘိုးအိုက လက်နှစ်ဘက် ဆန့်တန်းကာ ကျူးရှမ်းအော့ထံ ခုန်ဝင်သွားလေသည်။

"သွားစမ်း"

ကျူးရှမ်းအော့က ဓားဌေယမ်းကာ ဆီးကြိုတိုက်ခိုက်လိုက်လေသည်။



ထိုအချိန်မှာပင်...

"လူကြီးတစ်ယောက်က မိန်းကလေးတစ်ယောက်ကို တိုက်ခိုက်နေတာ ရှက်စရာမကောင်းဘူးလားဗျာ"

စကားသံနှင့်အတူ လူရွယ်တစ်ဦး ရောက်ရှိလာသည်ကို တွေ့လိုက်ရလေတော့သည်။

♠ ♠ ♠

အပြာရောင်ဝတ်ထားသော လူရွယ်တစ်ဦး ရောက်ရှိလာ၏။

လူရွယ်မှာ ယောကျ်ားပီသစွာ ချောမောခန့်ညားပြီး စာပေသမားတစ်ယောက်အသွင် ရှိလေသည်။

ကျူးရှမ်းအော့သည် ထိုလူရွယ်ကို မြင်လျှင် ငေးမောသွားတော့သည်။

သူမက ထိုလူရွယ်ကို ကောင်းစွာ သိရှိထားလေသည်။

"အစ်ကိုလျှောက်ကြီးပါလား"

လျှောက်ကြီးသည် သိုင်းလောက သမာဓိမင်းကြီးဘွဲ့ထူးခံ သူရဲကောင်းတောင်ကုန်းပိုင်ရှင် ပိုင်ဖန်း၏ညာလက်ရုံး မဟုတ်ပါလား။

သူရဲကောင်းတောင်ကုန်းနှင့် သူမဖခင် ကျူးထင်းဖုန်းတို့ ဆက်ဆံရသည့် ကိစ္စများတွင် လျှောက်ကြီးက ဆရာ့ကိုယ်စား ရောက်လာတတ်သည်ဖြစ်ရာ ကျူးရှမ်းအော့က သိကျွမ်းနေခြင်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လွှေကြိုးက ကြင်ချွမ်းတို့လူစုအား တစ်ချက်ဝေ့ကြည့်လိုက်ပြီးမှ ကျူးရှမ်းအော့ဘက်သို့ လှည့်လိုက်သည်။

"ညီမဟာ ဂိုဏ်းချုပ်ကြီးကျူး၏ သမီး မဟုတ်လား"

ကျူးရှမ်းအော့ ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ရှင်"

"ညီမ မှုထိုင်ကိုယ်တော်ကို ဂရုစိုက်ပါ။ ကျုပ်က သူတို့နဲ့ ရင်ဆိုင်လိုက်မယ်"

"ကောင်းပါပြီရှင်"

ကျူးရှမ်းအော့က မှုထိုင်ကိုယ်တော်အား ကာကွယ်ထားလိုက်လေသည်။

မှုထိုင်ကိုယ်တော်က မြေပေါ် တင်ပျဉ်ခွေထိုင်ကာ အတွင်းအား ဖော်ထုတ်ရင်း ခန္ဓာကိုယ်ထဲ ရောက်နေသည့် အဆိပ်များကို မွှေးညှင်းပေါက်များမှတဆင့် ခန္ဓာကိုယ် အပြင်ဘက်ရောက်အောင် ညှစ်ထုတ်ဖို့ ကြိုးစားနေ၏။

လွှေကြိုးက ကြင်ချွမ်းအဘိုးအိုနှင့် ရင်ဆိုင်လိုက်၏။

"ခင်ဗျားတို့ ဆရာတပည့်တွေ ယိုင်းလောကထဲ လှည့်ပြီး လူတကာကို ဒုက္ခပေးနေတာတွေ ရပ်တန်းက ရပ်လိုက်ရင် ကောင်းမယ်၊ ဒါမှမဟုတ်ရင် ခင်ဗျားတို့ ဒုက္ခရောက်လိမ့်မယ်၊ ခင်ဗျားတို့ရဲ့ မကောင်းတဲ့ လုပ်ရပ်တွေကို ဘယ်သူကမှ လက်ပိုက်ကြည့်နေကြမှာ မဟုတ်ဘူး"

ကြင်ချွမ်းအဘိုးအို နှာခေါင်းရှုံ့လိုက်သည်။



"ငါ့ကို လာပြီး ဆုံးမစကားပြောနေရအောင် မင်းက ဘယ်သူမို့လဲ"

"ကျုပ်က သူရဲကောင်းတောင်ကုန်းက လွှေကြိုးပါဗျာ"

"ဘာကွ၊ သူရဲကောင်းတောင်ကုန်းက ဟုတ်လား"

"လက်စသပ်တော့ မင်းက ဗိုင်ဖန်း၏ တပည့်ကိုး။ ငါက မင်းရဲ့ဆရာကိုတောင် ဂရုမစိုက်ဘူးဆိုတာ မှတ်ထားစမ်းပါ"

လွှေကြိုးက...

"ခင်ဗျား ကိုယ့်ကိုကိုယ် အထင်ကြီးနေတာကိုး။ ကောင်းပြီလေ၊ ခင်ဗျား ဘာတတ်နိုင်မယ်ဆိုတာ ကြည့်ရသေးတာပေါ့"

ကြင်ချွမ်းအဘိုးအိုက...

"မင်းသေဖို့သာ ပြင်ထား"

ရုတ်တရက် ရှေ့တိုးပြီး လွှေကြိုးအား တိုက်ခိုက်လိုက်လေသည်။

လွှေကြိုးကလည်း ဓားဝှေ့ယမ်းကာ ပြန်လည်ရင်ဆိုင်လိုက်လျှင် တိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ကြင်ချွမ်းအဘိုးအိုမှာ အနက်ရောင်သိုင်းထိပ်သီးတစ်ယောက် ဖြစ်သည့်အတိုင်း သူ၏သိုင်းကွက်များ ထက်မြက်ပြင်းထန်လှပေသည်။

ကြင်ချွမ်းအဘိုးအို၏တိုက်ကွက်များက လှေကြီး၏တကိုယ်လုံး ဖုံးလွှမ်းထားလိုက်လေတော့သည်။

လှေကြီးသည် သမာဓိမင်းကြီးဘွဲ့ထူးခံ သူရဲကောင်းတောင်ကုန်းပိုင်ရှင်၏ ညာလက်ရုံး ဖြစ်သည့်အတိုင်း ဆရာ့အမွေခံကာ ထိပ်တန်းသိုင်းပညာများ ရရှိထားသူဖြစ်သည်။

သို့တိုင် ကြင်ချွမ်းအဘိုးအိုအား ရုတ်တရက် အနိုင်မယူနိုင်သည့်အပြင် ခုခံရသည့် အခြေအနေ ရောက်ရှိသွား၏။

သို့သော်...

လှေကြီးက သိုင်းတစ်ကွက်ချင်း ဖြည်းဖြည်းမှန်မှန် ထုတ်ဖော်လိုက်လျှင် သိုင်းကွက်နှစ်ဆယ်အတွင်း လက်ရည်ညီ ယှဉ်ပြိုင်လာနိုင်ပြီး သိုင်းကွက်နှစ်ဆယ်ကျော်သောအခါ တန်ပြန်လာနိုင်ခဲ့လေသည်။

သိုင်းကွက်ငါးဆယ်ခန့် ရောက်လျှင် လှေကြီးက အသာစီးရလာလေတော့သည်။

လှေကြီးက သူရဲကောင်းတောင်ကုန်းပိုင်ရှင် ပိုင်ဖန်း၏ သိုင်းကွက်များကို ဆက်လက်ထုတ်ဖော်ရင်း ကြင်ချွမ်းအဘိုးအိုအား အနိုင်ရဖို့ နီးစပ်လာလေတော့သည်။

ကြင်ချွမ်းအဘိုးအိုသည် လှေကြီးကို အနိုင်မရသည့်အပြင်



အရေးနိမ့်လာရကား ဒေါသထွက်လာတော့သည်။

"ဟေ့ကောင်တွေ ဘာလုပ်နေကြတာလဲ"

လင်းယုန်နက်ငါးဖော်ကို လှမ်းအော်ပြောလိုက်လေသည်။

တိုက်ပွဲကို ငေးကြည့်နေကြသည့် လင်းယုန်နက်ငါးဖော်လည်း ယခုမှ သတိဝင်လာကြလေသည်။

"တိုက်ကြဟေ့"

"ယား"

ညာသံများပေးကာ လှေကြီးအား တိုက်ခိုက်ဖို့ ကြိုးစားထားလိုက်ကြလေသည်။

အမှတ်တစ်မှာ ဓားရာတစ်ချက်ရထားသဖြင့် ကိုယ်တိုင်ဝင်ရောက်တိုက်ခိုက်ဖို့ မစွံရဲသေးဘဲ လက်နက်ပုန်းလေးများဖြင့်သာ ပစ်ခတ်လိုက်လေသည်။

လင်းယုန်နက်များက လှုပ်ရှားလာကြသော်လည်း လှေကြီးက အမှုမထားပါချေ။

လက်တစ်ဘက်က လက်ဝါး၊ ကျန်လက်တစ်ဘက်က ဓားကိုင်ကာ သိုင်းကွက်နှစ်မျိုးကို တပြိုင်နက်တည်း အသုံးပြုလိုက်လေသည်။

သူ၏လက်ဝါးရိုက်ချက်များမှ လေပွေလှိုင်းများ ထွက်ပေါ်လာပြီး အမှတ်တစ် ပစ်လွှတ်လိုက်သည့် လက်နက်ပုန်းလေးများအား ရိုက်ထုတ်ပြီးသား ဖြစ်သွား၏။

ထိုအချိန်တွင်...

www.burmeseclassic.com

www.burmeseclassic.com



"ယား"

အမှတ်တစ်ခု လွဲ၍ ကျန်လင်းယုန်နက်များက ခုန်ဝင်တိုက်ခိုက်လာကြသည် ဖြစ်ရကား အခြေအနေ ရှုပ်ထွေးသွားတော့သည်။

ကြင်ချွမ်းအဘိုးအိုကလည်း လင်းယုန်နက်များ ပါဝင်လာခြင်းကြောင့် အခွင့်အရေးရပြီဟု ယူဆကာ ခုန်ဝင်လာလေသည်။

အခြေအနေ ရှုပ်ထွေးသွားပြီး မမျှော်လင့်သော ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာတော့သည်။

လှေကြီး၏လက်ဝါးရိုက်ချက်ကြောင့် လွင့်စဉ်သွားသော အမှတ်တစ်၏ လက်နက်ပုန်းအရိုးသည် လမ်းကြောင်းလွဲကာ ခုန်ဝင်လာသည့် ကြင်ချွမ်းအဘိုးအိုထံသို့ တိုးဝင်သွားခြင်း ဖြစ်လေသည်။

အခြေအနေ ရှုပ်ထွေးသွားခြင်းကြောင့် ကြင်ချွမ်းအဘိုးအိုသည် ရုတ်တရက် သတိမပြုမိဘဲ ရှိနေရာမှ လှေကြီးနှင့် ထိပ်တိုက်တွေ့တော့မည့်အချိန် ရောက်တော့မှ သတိပြုမိသွားရာ နောက်ကျသွားပြီး ရှောင်တိမ်းနိုင်ခြင်း မရှိတော့ချေ။

လက်နက်ပုန်းနှစ်ခုက သူ၏ရင်ဝသို့ စိုက်ဝင်သွား၏။

"အင့်"

ကြင်ချွမ်းအဘိုးအို ဒယီးဒယိုင် ဖြစ်သွားချိန်မှာပင် အနီး၌ရှိနေပြီ ဖြစ်သော လှေကြီးက ဓားဝှေ့ယမ်းလိုက်လျှင်...

"အား"

ကြင်ချွမ်းအဘိုးအို အသံနက်ကြီးဖြင့် အော်ဟစ်ကာ မြေပေါ်လဲကျသွားလေတော့သည်။



"ဟင်"

"ဟာ"

လင်းယုန်နက်များ အထိတ်တလန့် ဖြစ်သွားကြလေသည်။

ကပျာကယာ နောက်ဆုတ်လိုက်ကြ၏။

ကြင်ချွမ်းအဘိုးအို လဲကျသေဆုံးသွားသည်ကို မြင်လျှင် မနေဝံ့ကြတော့ဘဲ နောက်လှည့်ထွက်ပြေးသွားကြလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## သတင်းယူလာသူ

တဖြည်းဖြည်း ညဥ့်နက်လာပြီ ဖြစ်လေသည်။

ကျူးရှမ်းအော့သည် ဘုံကျောင်းပျက်ထဲရှိ မီးပုံနံဘေး၌ ထိုင်ကာ လှေကြီးနှင့် ဆုံတွေ့ခဲ့ရပုံများကို ပြန်လည်တွေးတောစဉ်းစားနေမိလေသည်။

လှေကြီးက ကြင်ချွမ်းအဘိုးအိုကို ဆုံးမကာ 'မူထိုင်'ကိုယ်တော်အား ကူညီခဲ့သည်။

တိုက်ပွဲတွင် ကြင်ချွမ်းအဘိုးအို သေဆုံးသွားခြင်းကြောင့် လင်းယုန်နက်ငါးဖော်က ရန်ငြိုးထားကာ သူမအား ဒုက္ခပေးခဲ့ကြသည် မဟုတ်ပါလား။

လှေကြီး၏သတင်းကို စုံစမ်းပြီး အကူအညီပေးဖို့ ထွက်လာခဲ့သည့် ကျူးရှမ်းအော့၏ခရီးမှာ အနှောင့်အယှက် ဖြစ်ရတော့သည်။

ယခုဆိုလျှင်…

လှေကြီးသည် ဆရာကို လုပ်ကြံကာ သူ့ရဲကောင်းတောင်ကုန်းအား ဖျက်ဆီးသူ၊ ဆရာ၏သမာဓိမင်းကြီးဘွဲ့ထူး ဆက်ခံဖို့ သူ့



အား ထောက်ခံရန် ငြင်းဆိုသူများအား လုပ်ကြံနေသူ၊ မိစ္ဆာညည်းသလူသတ်ကောင်အဖြစ် သိုင်းလောကကို နှောင့်ယှက်နေသူ စသည်စသည်ဖြင့် သတင်းကြီးနေပြီး သိုင်းလောကတစ်ခုလုံး၏ အလိုရှိခံနေရသူ ဖြစ်နေရချေပြီ။

လှေကြီးမှာ ထိုသို့သော လူစားမျိုး မဟုတ်ကြောင်း ကျူးရှမ်းအော့ နားလည်ထားလေသည်။

"အစ်ကိုလှေကြီးဟာ အကြံသမားတစ်ယောက်ယောက်ရဲ့ ထောင်ချောက်ထဲ ရောက်ခဲ့တာပဲ ဖြစ်ရမယ်"

သူမသည် လှေကြီးကို ယုံကြည်ထားသဖြင့် ကူညီရန် ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

လှေကြီးအား သူမ၏ဖခင်ကြီးသည် လည်းကောင်း၊ ယွမ်လီနှင့် လင်ချန်းတို့က လည်းကောင်း သဲကြီးမဲကြီး ဖြစ်နေကြ၏။

သူ့ရဲကောင်းတောင်ကုန်းပိုင်ရှင်၏ ဘယ်လက်ရုံး ဖန်ဇွန်းကလည်း လှေကြီးအား ဆုံးမပေးပါရန် သိုင်းလောက၌ လှည့်လည်အကူအညီတောင်းနေသဖြင့် လှေကြီး ပြေးစရာမြေ မရှိတော့အောင် ဖြစ်နေပြီဟု ကျူးရှမ်းအော့ စိုးရိမ်နေမိတော့သည်။

စီးပွကန်တော်၌ တွေ့ဆုံခဲ့ရပြီးနောက် သူမနှင့် လှေကြီးကို ခင်မင်ရင်းနှီးသွားခဲ့ကြသည် မဟုတ်ပါလား။

နောက်ပိုင်း၌ နှစ်ဦးသား မကြာခဏ တွေ့ဆုံမိပြီး ချစ်သူများ ဖြစ်ခဲ့ကြလေသည်။

ဖခင်ကြီးနှင့် သူ့ရဲကောင်းတောင်ကုန်းပိုင်ရှင် ပိုင်ဖန်းတို့မှာ

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ဘက်များအလား ရှိနေခြင်းကြောင့် ကျူးရှမ်းအော့က သူမနှင့် လှေကြိုးတို့ မေတ္တာမျှနေသည့်ကိစ္စကို ဖခင်ကြီးအား ဖွင့်မပြောဝံ့ဘဲ သိုဝှက်ထားခဲ့ရသည်။

ပိုင်ဖန်း သိုင်းလောကမှ အနားယူသွားလျှင် သမာဓိမင်းကြီးဘွဲ့ထူးကို ကျူးထင်းဖုန်း ရလိုက်သည်ဟု ထင်ကြေးပေးသူများကြောင့် အလိုလိုနေရင်း ပြိုင်ဘက်များအလား ဖြစ်လာခဲ့ရခြင်းပင်။

'သမာဓိမင်းကြီး'ဘွဲ့ထူးကလည်း သိုင်းလောကသားတိုင်း လိုချင်မက်မောကြသည့် ဘွဲ့ထူး ဖြစ်သည်။

ပိုင်ဖန်း လုပ်ကြံခံလိုက်ရပြီ ဖြစ်ရကား သိုင်းလောက၌ ဩဇာတိက္ကမကြီးသူ တစ်ဦးဦးက သူရဲကောင်းတောင်ကုန်းကို သိမ်းပိုက်ကာ 'သမာဓိမင်းကြီး' ဘွဲ့ထူးကို ခံယူပြီး အစဉ်အလာအတိုင်း သိုင်းလောက ကိစ္စများကို ဆက်လက်ဆောင်ရွက်သွားမည်ဆိုလျှင်လည်း အများက လက်ခံသဘောတူကြမည့်သဘော ရှိနေ၏။

ထို့ကြောင့်...

သမာဓိမင်းကြီးဘွဲ့ထူး ဆက်ခံထိုက်သည်ဟု ထင်ကြေးပေးခံရကာ သတင်းကြီးနေသော တောင်ပိုင်းနတ်ဓား ချွေလက်ဝါးယွမ်လီ၊ မြစ်ဝါသိုင်းဆရာ လင်ချန်းတို့က ခြေလှမ်းသွက်သွက်နေကြခြင်းဟု ကျူးရှမ်းအော့ ယုံကြည်ထား၏။

အခြေအနေ ရှုပ်ထွေးနေချိန်၌ လှေကြိုး မည်သည့်နေရာ၌ ရောက်ရှိနေပါသနည်း။

လှေကြိုးသည် ဆရာ့ကိုယ်စား သိုင်းလောကသို့ ထွက်ကာ



အများအကျိုး၊ သိုင်းလောကအကျိုး သည်ပိုးဆောင်ရွက်ခဲ့သူ ဖြစ်သည်။

ထို့ကြောင့် သိုင်းလောက၌ လှေကြိုးအား ကြည်ညိုလေးစားသူများ၊ ခင်မင်ရင်းနှီးသူများ ရှိနေကြပါသေး၏။

ထိုလူများသည် လှေကြိုး၏အကြောင်းကို သိထားကြရာ လှေကြိုးမှာ သိုင်းလောကကို ဒုက္ခပေးမည့်သူ၊ ဆရာ့ကို သစ္စာဖောက်သူဟူ၍ လက်ခံယုံကြည်ကြမည် မဟုတ်ပေ။

လှေကြိုးအား အကူအညီပေးမည့်သူများ သိုင်းလောကထဲ၌ ရှိနေဦးမည် ဖြစ်လေသည်။

ကျူးရှမ်းအော့သည် တွေးတောစဉ်းစားရင်း လူတစ်ယောက်ကို သတိရလာလေသည်။

ထိုလူမှာ သိုင်းသမားကျွမ်းဟို ဖြစ်သည်။

ကျွမ်းဟိုသည် လှေကြိုးနှင့် ညီရင်းအစ်ကိုပမာ ချစ်ခင်ရင်းနှီးသူ ဖြစ်သည်။

ထို့အပြင်...

ကျွမ်းဟိုသည် သိုင်းလောက၌ အသိမိတ်ဆွေ ပေါများပြီးများသောအားဖြင့် သူ၏မိတ်ဆွေများသည် အမှန်တရားကို မြတ်နိုးကာ မဟုတ်မခံစိတ်ဓာတ် ရှိကြသူများ ဖြစ်ကြလေသည်။

"အစ်ကိုလှေကြိုးသာ အစ်ကိုကြီးကျွမ်းဟိုဆီကို ရောက်နေခဲ့ရင် လုံခြုံမှာအမှန်ပဲ"

ကျူးရှမ်းအော့ စိတ်သက်သာရာရသလို ရှိလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းဟိုသည် ယခုအချိန်၌ 'ချောင်းဆုံစခန်း'၌ ရှိနေသည်ဟု သူမကြားသိထားရ၏။

ချောင်းဆုံစခန်းသည် ယခင်က သိုင်းသမားကြီးယင်းလျှံနေထိုင်ခဲ့သည့်နေရာ ဖြစ်သည်။

ယင်းလျှံသည် သိုင်းလောက၌ နှစ်ပေါင်းသုံးဆယ်ကျော် ထင်ရှားခဲ့ပြီး သူကွယ်လွန်သွားသောအခါ အမွေဆက်ခံမည့်သူ မရှိသလို တပည့်တပန်းများကလည်း ရေကြည်ရာမြက်နုရာ ထွက်သွားကြသဖြင့် ချောင်းဆုံစခန်းသည် လူသူ စွန့်ခွာသွားသော စခန်းပျက်ကြီးတစ်ခု ဖြစ်သွားခဲ့လေသည်၊

သိုင်းသမားကျွမ်းဟိုသည် ပိုင်ရှင်မဲ့နေသော ချောင်းဆုံစခန်းကို ပြန်လည်ပြုပြင်ကာ နေထိုင်လိမ့်မည်ဟု သူမသိထားခဲ့ရပေသည်။

"ချောင်းဆုံစခန်းဟာ ခံတပ်ကြီးတစ်ခုလိုပဲ၊ အစ်ကိုကြီးကျွမ်းဟိုရဲ့ မိတ်ဆွေတွေလဲ အနီးပတ်ဝန်းကျင် အရပ်ဒေသတွေမှာ ရှိကြတော့ အစ်ကိုလွေကြူးသာ အဲသည်မှာ သွားနေမယ်ဆိုယင် လုံခြုံစိတ်ချရမှာ သေချာတယ်"

ကျူးရှမ်းအေ့သည် အမျိုးမျိုး တွေးတောစဉ်းစားပြီးနောက် ချောင်းဆုံစခန်းသို့ သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

ညဦးနက်နေပြီ ဖြစ်၍လည်း အိပ်စက်အနားယူရန် ဆုံးဖြတ်လိုက်လေသည်။

ထိုအချိန်မှာပင်...



"ဟူး...ဟူး...ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

♠ ♠ ♠

ကျူးရှမ်းအေ့ ရင်ထိတ်သွားလေသည်။

"သူတို့ လိုက်လာကြပြီ ထင်တယ်"

သူမ တွေးတောနေစဉ်မှာပင်...

"မင်း ဘယ်ပြေးမလဲ"

အော်ငေါက်သံနှင့်အတူ ဘုံကျောင်းပျက်ထဲ လှမ်းဝင်လာသူငါးယောက်ကို တွေ့လိုက်ရလေသည်။

လင်းယုန်နက်ငါးဖော် ရောက်လာကြပြီ ဖြစ်လေသည်။

လင်းယုန်နက်များသည် ကျူးရှမ်းအေ့အား ဝိုင်းရံထားလိုက်ကြသည်။

အမှတ်တစ်က...

"သည်တစ်ခါတော့ မင်းပြေးလို့ မရတော့ဘူး"

ဟု ငေါက်လိုက်သည်။

ကျူးရှမ်းအေ့ နှာခေါင်းရှုံ့လိုက်သည်။

"ရှင်တို့ သည်လောက်တောင် သဲကြီးမဲကြီး ဖြစ်နေကြတယ်ဆိုရင်လဲ ဆုံးမရသေးတာပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲနှင့် ရှောင်လွှဲမရတော့သဖြင့် ထိပ်တိုက်ရင်ဆိုင်ဖို့ ဟန်ပြင်လိုက်လေသည်။

"ခြွမ်း…ခြွမ်း…ခြွမ်း"

လင်းယုန်နက်များကလည်း လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ကြ၏။

ထိုစဉ်…

"မင်းတို့က ခုချိန်ထိအောင် မိုက်မဲနေကြသေးတာကိုး"

အေးတိအေးစက် စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

အားလုံး သတိပြုကြည့်လိုက်ရာ ဘုံကျောင်းပျက်ထဲသို့ ဘုန်းတော်ကြီးတပါး ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

"မှူထိုင်ကိုယ်တော်ပါလား"

အမှတ်တစ် မကျေမနပ် ရေရွတ်လိုက်လေသည်။

သူတို့က မှူထိုင်ကိုယ်တော်နှင့် ပြဿနာ ဖြစ်ခဲ့ရာမှ အစပြုကာ ကြင်ချွမ်းအဘိုးအို သေဆုံးသွားခဲ့ရသည် မဟုတ်ပါလား။

မှူထိုင်ကိုယ်တော် ရောက်လာသဖြင့် အခြေအနေ မဟန်တော့ကြောင်း လင်းယုန်နက်များ နားလည်သွားကြလေတော့သည်။

ကျူးရှမ်းအော့ ဝမ်းသာသွားပြီး မှူထိုင်ကိုယ်တော်အား လှမ်းပြီး နှုတ်ဆက်လိုက်လေသည်။

မှူထိုင်ကိုယ်တော်က…



"ကျုပ်က အစပြုခဲ့တာဆိုတော့ ကျုပ်ပဲ အဆုံးသတ်ပေးပါ့မယ်၊ မိန်းကလေး သက်တောင့်သက်သာနေပါကွယ်"

"ကျေးဇူးပါပဲရှင်"

ကျူးရှမ်းအော့ နောက်ဆုတ်လိုက်လေသည်။

မှူထိုင်ကိုယ်တော်က လင်းယုန်နက်ငါးဖော်ကို စေ့ကြည့်လိုက်လေသည်။

"မင်းတို့ဆရာလဲ မရှိတော့ဘူး၊ မင်းတို့ ဘာကြောင့် ဆက်ပြီး မိုက်မဲချင်နေတာလဲ ပြောပါဦး"

ဟု မေးလိုက်သည်။

အမှတ်တစ်က…

"ကျုပ်တို့ဆရာ သေဆုံးသွားရတာကြောင့် ခင်ဗျားတို့ကို လုံးဝမကျေနပ်ဘူးဆိုတာ မှတ်ထားပါ"

မှူထိုင်ကိုယ်တော်က…

"ကောင်းပြီလေ၊ မကျေနပ်ဘူးဆိုရင် ကျုပ်ကို တိုက်ခိုက်နိုင်ပါတယ်၊ မင်းတို့ငါးယောက်စလုံး တခါထဲသာ ဝင်လာခဲ့ကြပါ"

"ခင်ဗျားသတိထား"

အမှတ်တစ်ခေါင်းဆောင်သော လင်းယုန်နက်ငါးယောက်သည် လက်နက်ကိုယ်စီ ဆွဲကိုင်ကာ မှူထိုင်ကိုယ်တော်အား တိုက်ခိုက်လိုက်ကြလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



လင်းယုန်နက်ငါးဖော်က မှထိုင်ကိုယ်တော်အား တိုက်ခိုက်လိုက်ကြလေသည်။ မှထိုင်ကိုယ်တော်က မလှုပ်မယှက် ရပ်နေ၏။

လင်းယုန်နက်ငါးဖော် အနီးသို့ ရောက်လာတော့မှ လက်နှစ်ဘက် ဆန့်ထုတ်ကာ ဝှေ့ယမ်းလိုက်လေသည်။

"ဟူး"

လေတိုးသံနှင့်အတူ...

"ဝုန်း"

"အား"

"အမယ်လေး"

လင်းယုန်နက်ငါးဖော် အဝေးသို့ လွင့်စဉ်သွားကြလေတော့သည်။

မှထိုင်ကိုယ်တော်က ဆက်၍ တိုက်ခိုက်ခြင်း မပြုတော့ဘဲ လက်နှစ်ဘက် နောက်ပစ်ကာ ခပ်အေးအေး ရပ်နေလိုက်လေသည်။

လင်းယုန်နက်ငါးဖော် လူးလိမ့်ထလိုက်ကြ၏။

ငါးယောက်စလုံး မျက်စိမျက်နှာပျက်ကာ ကြောက်ရွံ့ထိတ်လန့်နေကြပြီ ဖြစ်လေသည်။ မှထိုင်ကိုယ်တော်က...

"မင်းတို့ သည်နေရာက အမြန်ဆုံးထွက်သွားကြတာ အကောင်းဆုံးပဲ"

ဟု ပြောလျှင် လင်းယုန်နက်ငါးဖော်သည် စကားတစ်လုံးမှ မပြောဘဲ ဒရောသောပါး ပြေးလွှားသွားကြလေတော့သည်။

♠ ♠ ♠



လင်းယုန်နက်များ ထွက်ပြေးသွားကြပြီ ဖြစ်သည်။

ကျူးရှမ်းအော့ စိတ်ပျက်သွားလေသည်။

"သူတို့ကို လွှတ်ပေးလိုက်ဖို့ မကောင်းဘူး"

ဟု ပြောလိုက်လေသည်။

မှထိုင်ကိုယ်တော် လက်ကာပြလိုက်လေသည်။

"မပူပါနဲ့ကွယ်၊ သူတို့ နောက်ထပ် ဆိုးသွမ်းမိုက်မဲဦးကြတော့မှာ မဟုတ်ပါဘူး"

"သူတို့က ဆိုးမလို့ရမယ့် လူစားမျိုးတွေ မဟုတ်ဘူး"

"မပူပါနဲ့လေ၊ သူတို့ရဲ့ သိုင်းပညာပျက်စီးသွားပါပြီ၊ ခုချိန်ကစပြီး သိုင်းလောကထဲမှာ သူတို့ကို တွေ့ရတော့မှာ မဟုတ်ပါဘူး"

"ဩော်"

မှထိုင်ကိုယ်တော်က လင်းယုန်နက်များ၏ သိုင်းပညာကို ဖျက်ဆီးကာ သိုင်းလောကထဲမှ အပြီးတိုင် မောင်းထုတ်လိုက်ပြီ ဖြစ်ကြောင်း သိရလျှင် ကျူးရှမ်းအော့ ကျေနပ်သွားတော့သည်။

မှထိုင်ကိုယ်တော်က...

"ခုတလော သိုင်းလောကမှာ အခြေအနေတွေ ရှုပ်ထွေးနေတယ်၊ ဒါကြောင့် မိန်းကလေး အိမ်ကထွက်လာတာ မဟုတ်လား"

ဟု မေးလာလေသည်။

ကျူးရှမ်းအော့ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင့်"

"လွှကြီးကို လိုက်ရှာဖို့ ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါ အမှန်ပါပဲ"

မှူထိုင်ကိုယ်တော်က...

"ကျုပ်တပည့်တိန့်ကိုရင်လေးကို စုံစမ်းခိုင်းထားတာ သူက လှေကြီးဟာ ချောင်းဆုံစခန်းဘက်သို့ ဦးတည်သွားနေတယ်လို့ သတင်းပို့ထားတယ်"

တိန့်ကိုရင်သည် မှူထိုင်ကိုယ်တော်၏တစ်ဦးတည်းသော တပည့် ဖြစ်သည်။

တပည့်ကိုရင် ဖြစ်သော်လည်း သိုင်းပညာထက်မြက်ပြီး မှူထိုင်ကိုယ်တော် ချို့ယွင်းချက် ရှိလျှင် ဝေဖန်ပြောဆိုရဲသူ ဖြစ်လေသည်။ ကျူးရှမ်းအော့က...

"ကျွန်မလဲ အစ်ကိုလှေကြီးဟာ ချောင်းဆုံစခန်းဘက်ကို သွားလိမ့်မယ်လို့ ယူဆထားပါတယ်၊ သူ့နောက်ကို လိုက်သွားမလို့ပါ"

မှူထိုင်ကိုယ်တော်က...

"မိန်းကလေး လိုက်မသွားဘဲ အိမ်ပြန်သွားတာ အကောင်းဆုံး ဖြစ်ပါလိမ့်မယ်ကွယ်"

"ကျွန်မ.."

"မိန်းကလေး အိမ်ကထွက်လာခဲ့တာ ဘယ်လောက်ကြာသွားပြီလဲ ပြောပါဦး"

ကျူးရှမ်းအော့က...

"ရှစ်ရက်လောက် ရှိသွားပါပြီ"



မှူထိုင်ကိုယ်တော် သက်ပြင်းချလိုက်သည်။

"သိုင်းလောကကြီးတစ်ခုလုံး မျက်စိတမှိတ် လျှပ်တပြက်အတွင်း ပြောင်းလဲသွားနိုင်တယ်ဆိုတဲ့ စကားကို မိန်းကလေး လက်ခံတယ် မဟုတ်လား"

ကျူးရှမ်းအော့က...

"သည်စကားကို သိုင်းလောကတစ်ခုလုံး လက်ခံထားကြတာပဲ ကိုယ်တော်"

မှူထိုင်က...

"ဒါဆိုရင် ရှစ်ရက်ဆိုတဲ့အချိန်ဟာ ကောင်းကောင်းကြီး လုံလောက်နေတာပေါ့ကွယ်"

ကျူးရှမ်းအော့ မျက်မှောင်ကုပ်သွားလေသည်။

"ကျွန်မ အိမ်က ထွက်လာခဲ့တဲ့ ရှစ်ရက်အတွင်းမှာ သိုင်းလောကကြီးတစ်ခုလုံး ပြောင်းလဲသွားခဲ့တယ်လို့ ကိုယ်တော် ပြောချင်တာလား"

မှူထိုင်ကိုယ်တော် ခေါင်းညိတ်လိုက်သည်။

"မှန်ပါတယ်ကွယ်"

ကျူးရှမ်းအော့က...

"ဘယ်လို ပြောင်းလဲသွားတယ်ဆိုတာ ကျွန်မကို ပြောပြနိုင်မလားဟင်"

မှူထိုင်ကိုယ်တော်၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမာဓိမင်းကြီးအဲ့ထူးကို မက်မောတဲ့ လူတစ်ယောက်က သူ့ကို လက်မခံတဲ့ သိုင်းသမားတွေကို လုပ်ကြံတယ်၊ သူရဲကောင်းတောင်ကုန်းကို ဖျက်ဆီးတယ်၊ ပြီးတော့ ရှိသမျှ အပြစ်တွေကို လှေကြိုးခေါင်းပေါ် ပုံချလိုက်တယ်ဆိုတာ ပေါ်ပေါက်လာပါပြီ"

ကျူးရှမ်းအော့ စိတ်ဝင်စားသွားလေသည်။

"သည်လိုပဲ ဖြစ်ရမယ်လို့ အစကတည်းက ကျွန်မတွေးမိခဲ့တာရှင့်"

မူထိုင်ကိုယ်တော်က...

"သိုင်းလောကမှာ နဂါးစိမ်းဂိုဏ်းဆိုတာ ပေါ်ပေါက်လာတယ်၊ ခေါင်းဆောင်က မိစ္ဆာညည်းသံလူသတ်ကောင်ပဲ၊ သူတို့က သိုင်းလောကသားတွေကို လိုက်ပြီး စည်းရုံးသိမ်းသွင်းတယ်၊ လက်မခံတဲ့ လူတွေကို သုတ်သင်ပစ်တယ်၊ လှေကြိုးက သည်အလုပ်မျိုး ဘယ်တော့မှ မလုပ်ဘူး။ နဂါးစိမ်းဂိုဏ်းကြောင့် ဒုက္ခရောက်ခဲ့ရသူတွေက လှေကြိုးရဲ့လက်ချက် မဟုတ်ဘဲ ကြေးမျက်နှာဖုံးနဲ့လူ တစ်ယောက်ရဲ့လက်ချက်လို့ ပြောကြတယ်၊ ခုဆိုရင် လှေကြိုးဟာ သတင်းတွေ ထွက်ပေါ်နေသလို မဟုတ်ဘဲ တမင်အစွပ်စွဲခံရပြီး အပြစ်ပုံချခံခဲ့ရတယ်ဆိုတာ သိုင်းလောကတစ်ခုလုံး သိနေကြပါပြီ"

ကျူးရှမ်းအော့ ဝမ်းသာသွားလေတော့သည်။

မူထိုင်ကိုယ်တော်က...

"လှေကြိုးကို သိုင်းရာဇာတောင်ကြားက လူတွေ အပါအဝင် သိုင်းလောကသား အများစုက ထောက်ခံကူညီနေကြပါပြီ၊



သူဟာ မကြာခင်မှာ နဂါးစိမ်းဂိုဏ်းနဲ့ ကြေးမျက်နှာဖုံးရှင်ရဲ့ မကောင်းတဲ့ လုပ်ရပ်တွေကို ဖော်ထုတ်နိုင်တော့မှာပါ"

သိုင်းရာဇာတောင်ကြားသည် သိုင်းလောက၏ လျှို့ဝှက်ဆန်းကြယ်သော နေရာတစ်ခု ဖြစ်လေသည်။

တောင်ကြားပိုင်ရှင်မှာ အလွန်အစွမ်းထက်သော ပညာရပ်များ တတ်မြောက်ထားပြီး သိုင်းလောကသို့ မထွက်ဘဲ တောင်ကြားထဲမှာပင် နေထိုင်သူဖြစ်သည်။

တောင်ကြားပိုင်ရှင်၏သမီး 'မြောင်ရှမ်း'မှာ သိုင်းပညာတော်သကဲ့သို့ နတ်မိမယ်လေးအလား ချောမောလှပသူဟု သတင်းကြီးလေသည်။

သိုင်းရာဇာတောင်ကြားမှ လူများက လှေကြိုးအား ထောက်ခံပြီး အားပေးကူညီနေကြသည်ဟု ကြားရလျှင် အလှမယ်လေးမြောင်ရှမ်းနှင့် ပတ်သက်ပြီး ကျူးရှမ်းအော့ ကျွမ်းတိုသွားလေသည်။

လှေကြိုးနှင့် မြောင်ရှမ်းတို့ ပတ်သက်သွားမည်ကို စိုးရိမ်သွားခြင်း ဖြစ်သည်။

မူထိုင်ကိုယ်တော်က...

"လှေကြိုးအတွက် စိုးရိမ်စရာ မရှိတော့တာ အမှန်ပဲကွဲ့၊ ဒါကြောင့် အိမ်ပြန်သွားဖို့ ကျုပ်တို့စီစဉ်နေတာပါ"

ကျူးရှမ်းအော့က...

"ကျွန်မတို့ အိမ်အတွက်တော့ စိုးရိမ်ရတယ်လို့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



သူမ အငေါ်တူးလိုက်ခြင်း ဖြစ်သည်။

မှူထိုင်ကိုယ်တော် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် မိန်းကလေး၊ နဂါးမိမ်းဂိုဏ်းဟာ ဆရာကျူး ထင်းဖုန်းကိုလဲ ချမ်းသာပေးမယ် မထင်ဘူး"

"ရှင်"

"မိန်းကလေး အိမ်ပြန်ရောက်တဲ့အခါ ထူးခြားတာတွေကို တွေ့ရလိမ့်မယ်လို့ ကျုပ်ပြောရဲတယ်"

ကျူးရှမ်းအော့မှာ ဖခင်ကြီးအတွက် စိုးရိမ်ပူပန်လာရပြန်လေတော့သည်။

"ဘယ်လိုများ ထူးခြားနေလို့လဲရှင်"

ဟု မေးလိုက်သည်။

မှူထိုင်ကိုယ်တော် သက်ပြင်းချလိုက်သည်။

"မိန်းကလေး အိမ်ပြန်ရောက်ရင် သိရပါလိမ့်မယ်ကွယ်"

ကျူးရှမ်းအော့ ငြိမ်ကျသွား၏။

သူမ အမျိုးမျိုး တွေးတောစဉ်းစားပြီးနောက် မှူထိုင်ကိုယ်တော် ပြောသည့်အတိုင်း အိမ်ပြန်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

♠ ♠ ♠



## အပြောင်းအလဲ

ကျူးဂေဟာ...။

ကျူးဂေဟာသည် ကျူးထင်းဖုန်း၏ 'ကျူးဂိုဏ်း'ဌာနချုပ် ဖြစ်ကြောင်း လူတိုင်း သိရှိထားပေသည်။

ကျူးရှမ်းအော့က ကျူးဂေဟာသို့ ပြန်လည်ရောက်ရှိလာခဲ့လေသည်။

ကျူးဂေဟာသို့ ရောက်သည်နှင့် မှူထိုင်ကိုယ်တော် ပြောသကဲ့သို့ အပြောင်းအလဲ များစွာ ဖြစ်ပေါ်နေသည်ကို တွေ့လိုက်ရလေသည်။

ကျူးဂေဟာ၌ လူစိမ်းအတော်များများ ရောက်ရှိနေ၏။

ကျူးဂိုဏ်း အင်အားတိုးချဲ့လိုက်သဖြင့် ဂိုဏ်းဝင်အသစ်များ ရောက်ရှိလာခြင်း ဖြစ်လေသည်။

ကျူးရှမ်းအော့ ရောက်လာလျှင် လူတစ်ယောက်က ဟန့်တားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရပ်လိုက်"

ဂေဟာထဲ လှမ်းဝင်ရန် ခြေလှမ်းပြင်နေသော ကျူးရှမ်းအော့ ခြေလှမ်းရပ်သွားလေသည်။

ဟန့်တားလာသူအား အကဲခတ်ကြည့်လိုက်ရာ သူမ မတွေ့ဖူးသော လူစိမ်းတစ်ယောက် ဖြစ်နေသည်ကို သတိပြုမိလိုက်လေသည်။

ထိုလူက...

"မိန်းကလေး ဘယ်သူလဲ၊ ဘာကိစ္စလဲ"

ဟု ခပ်ထန်ထန်မေးလာလေသည်။

ကျူးရှမ်းအော့က...

"ရှင်က သည်ဂေဟာကလား"

ထိုလူက...

"ဟုတ်တယ်၊ ကျုပ်က 'ဝမ်းတ'၊ ကျူးဂိုဏ်းချုပ်ရဲ့လက်ရုံးပဲ"

ကျူးရှမ်းအော့ ရယ်မောလိုက်သည်။

"ဒါဆို ကျွန်မကို သခင်မလေးလို့ ခေါ်ပေတော့"

"ဘာပြောတယ်"

"ကျွန်မဟာ သည်ဂေဟာပိုင်ရှင် ကျူးထင်းဖုန်းရဲ့သမီး ကျူးရှမ်းအော့ပဲရှင်"

"မင်း..မင်း"

ထိုစဉ်...



"သမီးပြန်ရောက်လာပြီကိုး"

စကားသံနှင့်အတူ ကျူးထင်းဖုန်းက အတွင်းဘက်မှ ထွက်လာလေသည်။

ကျူးရှမ်းအော့က...

"ဖေဖေ့ရဲ့လက်ရုံးကြီးက သမီးကို စစ်ဆေးမေးမြန်းနေပါတယ် ဖေဖေ"

ကျူးထင်းဖုန်းက ဝမ်းတကို တစ်ချက်ကြည့်ပြီး...

"ဆရာဝမ်းတ၊ ဒါ ကျုပ်သမီး ကျူးရှမ်းအော့ပါပဲ"

ဟု ပြောလိုက်၏။

ဝမ်းတက...

"ကျုပ်သိပါပြီ ဂိုဏ်းချုပ်ကြီး"

သူက ကျူးရှမ်းအော့ကို ဂါရဝပြုလိုက်သည်။

"သခင်မလေးကို ဂါရဝပြုပါတယ်၊ ကျုပ်ကို ခွင့်ပြုပါဦး"

ထို့နောက် ကျူးရှမ်းအော့ ရှေ့မှ ထွက်သွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ကျူးရှမ်းအော့ အိမ်ပြန်ရောက်လာပြီးနောက် အလွန်ပင် ဘဝင်မကျ ဖြစ်ရလေသည်။

"ဖေဖေ သမီးထွက်သွားတာ မကြာသေးဘူး။ ဘာတွေ ဖြစ်ကုန်ပြီလဲ သမီးကို ပြောပြပါဦး"

ကျူးထင်းဖုန်း သက်ပြင်းချလိုက်သည်။

"အင်း အချိန်တိုအတွင်းမှာ ပြောင်းလဲသွားတာတွေက အများကြီးပါပဲ သမီးရယ်"

"အင်းလေ ဘာဖြစ်လို့ သည်လောက်တောင် ပြောင်းလဲသွားရတာလဲဆိုတာ သမီးသိချင်တာပါ"

"ဒါဆိုရင်တော့ မိစ္ဆာညည်းသံလူသတ်ကောင်နဲ့ လွှကြိုးတို့ကစပြီး ပြောရမှာပဲ သမီး"

ကျူးရှမ်းအော့ ခေါင်းညိတ်လိုက်သည်။

"သမီး သိုင်းလောကထဲမှာ သည်သတင်းတွေ ကြားပြီးပါပြီ ဖေဖေ"

"ကြေးမျက်နှာဖုံးရှင်က ပြဿနာတွေ ဖန်တီးခဲ့တဲ့ တကယ့်ဘာရေးခံအစစ်ဆိုတာ သမီးသိပြီးပြီပေါ့"

"ဟုတ်ပါတယ် ဖေဖေ"

ကျူးထင်းဖုန်းက...

"ဖေဖေလဲ သည်သတင်းတွေ ကြားရပြီးတဲ့ နောက်ပိုင်း သူရဲကောင်းတောင်ကုန်းနဲ့ သမာဓိမင်းကြီးဘွဲ့ထူးကို သိမ်းပိုက်ဖို့ ဆုံးဖြတ်လိုက်တယ် သမီး။ ဒါကြောင့်လဲ ဂိုဏ်းအင်အားကို အမြန်ဆုံး



တိုးချဲ့လိုက်ရတာ"

ကျူးရှမ်းအော့က...

"သိုင်းလောကမှာ ပြဿနာ ပေါ်လာတာနဲ့ ဖေဖေက သမာဓိမင်းကြီးဘွဲ့ကို သိမ်းပိုက်မှာ ဘာဆိုင်လို့လဲ ဖေဖေ"

ကျူးထင်းဖုန်းက...

"ဆိုင်တာပေါ့ သမီးရယ်၊ သမာဓိမင်းကြီးဘွဲ့ထူး ခံယူလိုက်ပြီဆိုရင် သိုင်းလောကသားတွေအပေါ် ဩဇာညောင်းလာမယ်၊ ဖေဖေ့စကားနားထောင်ဖို့ သိုင်းလောက အေးချမ်းသာယာအောင် ဆောင်ရွက်ဖို့ အမိန့်တွေ ထုတ်နိုင်မယ်၊ ဒါဆိုရင် ကြေးမျက်နှာဖုံးရှင်နဲ့ နဂါးစိမ်းဂိုဏ်းကို ရင်ဆိုင်နိုင်တော့မှာပေါ့"

ကျူးရှမ်းအော့က...

"ဖေဖေ သည်လိုလုပ်တော့ သူများတွေက ဘယ်လိုသဘောထားကြမလဲ"

"ကိစ္စမရှိဘူး၊ လူတိုင်းက သမာဓိမင်းကြီးဘွဲ့ထူးကို မက်မောနေကြတာ၊ ဖေဖေ လက်မဦးရင် သူများလက်ထဲ ပါသွားမှာပေါ့"

ကျူးရှမ်းအော့ စိတ်ပျက်သွားလေတော့သည်။

"ဖေဖေ ဆုံးဖြတ်ပြီးပြီလားဟင်"

ကျူးထင်းဖုန်း ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ဆုံးဖြတ်ပြီးပြီ သမီး။ မကြာခင်မှာပဲ သည်ကိစ္စကို လက်တွေ့ဆောင်ရွက်တော့မှာ"

www.burmeseclassic.com

www.burmeseclassic.com



ကျူးရှမ်းအော့က ဖခင်ကြီးအား အကဲခတ်လိုက်၏။

ယခု...

ဖခင်ကြီးကိုယ်တိုင် ပြောင်းလဲနေပြီ ဖြစ်ကြောင်း သူမသတိထားမိလိုက်လေတော့သည်။

နောက်ဆုံး လွှကြီးနှင့် ပတ်သက်ပြီး မည်သို့ သဘောထားရှိသည်ကိုသာ မေးလိုက်လေသည်။

"အစ်ကိုလွှကြီးဟာ သစ္စာဖောက်လူသတ်ကောင် ဖြစ်တယ်ဆိုတဲ့ ကိစ္စကိုကော ဖေဖေ ဘာများပြောချင်သေးသလဲဟင်"

ကျူးထင်ရှမ်းက...

"လွှကြီးကို ဖေဖေကိုယ်တိုင် အထင်မှားပြီး ဆုံးမမယ်လို့ စိတ်ကူးခဲ့သေးတယ်၊ ဒါပေမယ့် ခုတော့ သူဟာ တရားခံအစစ် မဟုတ်ဘူးဆိုတာ ဖေဖေသိလိုက်ပါပြီ၊ သူ့အတွက် စိတ်မကောင်းပါဘူး သမီးရယ်"

ကျူးရှမ်းအော့က...

"အစ်ကိုလွှကြီးကလဲ သူဟာ မတရားစွပ်စွဲခံရပြီး ဒုက္ခရောက်ခဲ့ရတာလို့ ဘဝင်မကျဖြစ်နေမှာပဲ၊ သည်ကိစ္စ သမီးဖြေရှင်းပါ့မယ်"

ကျူးထင်ဖုန်းက...

"သမီးက သိုင်းလောကထဲ သွားဦးမယ်ပေါ့"

ကျူးရှမ်းအော့က...

"ဟုတ်ပါတယ် ဖေဖေ"



ကျူးထင်ဖုန်းသည် သမီးဖြစ်သူအား တားဆီး၍ရမည်မဟုတ်ကြောင်း နားလည်သဖြင့် ဘာမှ မပြောဘဲ နေလိုက်လေတော့သည်။

ကျူးထင်ဖုန်းက...

သူ ဂိုဏ်းအင်အား တိုးချဲ့ခြင်း၊ သမာဓိမင်း ကြီးဘွဲ့ထူးကို သိမ်းပိုက်ရန် ကြိုးစားနေခြင်းများ၏ နောက်ကွယ်၌ လျှို့ဝှက်ချက်တစ်ခုရှိနေကြောင်းကို သမီးဖြစ်သူ မရိပ်မိအောင် ဂရု စိုက်ရမည်ဟုလည်း ကိုယ့်ကိုကိုယ် သတိပေးလိုက်လေတော့သည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



## ပစ်မှတ်

သိုင်းလောကၥ် အခြေအနေ အရပ်ရပ်မှာ မယုံနိုင်စရာ ကောင်းအောင် အချိန်တိုအတွင်း ပြောင်းလဲသွားခဲ့လေသည်။

မိစ္ဆာညည်းသံလူသတ်ကောင်၊ သူရဲကောင်းတောင်ကုန်းကို ဖျက်ဆီးသူ စသည်စသည်ဖြင့် စွပ်စွဲခံခဲ့ရသော လွှေကြိုးမှာ တကယ့် တရားခံအစစ် မဟုတ်ဘဲ ကြေးမျက်နှာဖုံးရှင် ဦးဆောင်သော လျှို့ ဝှက်နဂါးစိမ်းဂိုဏ်း၏ လက်ချက်ဖြစ်ကြောင်း ပေါ်ပေါက်လာသည်။

နဂါးစိမ်းဂိုဏ်းသည် စည်းရုံးသိမ်းသွင်း၍ မရသူများကို သုတ်သင်ပစ်ခြင်းကြောင့် နဂါးစိမ်းဂိုဏ်း၏အန္တရာယ်ကို စိုးရွံ့သူများ သည် လွှေကြိုးနှင့် မဟာမိတ်ဖွဲ့လာကြသည်။

ထိုအချိန်ကာလမှာပင် ကျူးထင်းဖုန်းက တစခန်း ထလာ ပြန်လေသည်။

ကျူးထင်းဖုန်းက သူရဲကောင်းတောင်ကုန်းကို သိမ်းပိုက် ကာ သမာဓိမင်းကြီးဘွဲ့ထူး ခံယူလိုက်ခြင်း ဖြစ်သည်။



ထို့နောက်…

သမာဓိမင်းကြီးဟူသော အရှိန်အဝါဖြင့် ဩဇာလွှမ်းမိုးဖို့ ကြိုးစားတော့သည်။

သူ၏အမိန့် မနာခံသူများအား တိုက်ခိုက်တော့သည်။

နဂါးစိမ်းဂိုဏ်းသည်လည်းကောင်း၊ ကျူးထင်းဖုန်းသည် လည်းကောင်း သိုင်းလောကၥ် ပြောစမှတ်ပြုစရာများ ဖြစ်လာတော့ သည်။

ထိုအချိန်တွင်…

လွှေကြိုးသည် မိုးမခတောင်၌ ရောက်ရှိနေလေတော့ သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



မိုးမခတောင်...။

မိုးမခတောင်သည် အလွန်မြင့်မားသော တောင်ကြီးတစ်လုံး ဖြစ်ပြီး သွယ်တန်းနေသော အနောက်ဘက် တောင်တန်း၌ ပါဝင်လေသည်။

စိမ်းလန်းသော သစ်တောများ ဖုံးလွှမ်းထားသည်။

သားရဲတိရိစ္ဆာန်များနှင့် ရှားပါးသော ဘယဆေးပင်များလည်း တွေ့ရလေသည်။

မိုးမခတောင်၏ အခြားထင်ရှားသော အကြောင်းကိစ္စတစ်ခုမှာ တောမှိုရသေ့'ဆားကျောင်း'၏ 'သဘာဝသိုင်းကျမ်း' ဖြစ်သည်။

ဆားကျောင်းသည် မဇ္ဈိမဒေသမှ ယောဂကျမ်းစဉ်များကို မိုးမခတောင်ကြီးအတွင်း၌ နေထိုင်ကျင့်ကြံရင်း တစ်ဘက်တစ်လမ်းမှ သဘာဝရေမြေတောတောင်၊ တိရိစ္ဆာန်များ၏ ပြယုဂ်ကို အခြေကာ သိုင်းပညာတစ်ရပ် တီထွင်ခဲ့သည်။

တောမှိုရသေ့ဆားကျောင်း၏ သဘာဝသိုင်းပညာသည် အခြားသိုင်းပညာများနှင့် မတူဘဲ ထူးခြားပြီး ကွဲပြားခြားနားသော ပညာရပ်ဖြစ်ရကား သိုင်းလောကသားများ စိတ်ဝင်စားခဲ့ကြလေသည်။

တောမှိုရသေ့ဆားကျောင်းသည် မိုးမခတောအတွင်းရှိ လိုဏ်ဂူကြီးတစ်ခု၌ ကွယ်လွန်သည်အထိ တစ်ဦးတည်း နေထိုင်သွားခဲ့သည်။

တောမှိုရသေ့ဆားကျောင်း နေထိုင်ခဲ့သော လိုဏ်ဂူကို ရှာ



တွေ့လျှင် သဘာဝသိုင်းပညာကို ရရှိနိုင်မည်ဖြစ်၍ သိုင်းလောကသားများက မိုးမခတောသို့ ရောက်ရှိလာကာ လိုက်လံရှာဖွေခဲ့ကြလေသည်။

သို့သော်...

တောမှိုရသေ့ဆားကျောင်း၏ လိုဏ်ဂူကို ရှာမတွေ့ဘဲ ရာသီဥတုဒဏ်၊ သားရဲတိရိစ္ဆာန်များ၏ အန္တရာယ်စသည့် အခက်အခဲဒုက္ခများနှင့် ရင်ဆိုင်ရပြီး လက်လျှော့ပြန်သွားခဲ့ကြရလေသည်။

တောမှိုရသေ့ဆားကျောင်း နေထိုင်ခဲ့သော လိုဏ်ဂူကို ယနေ့ထက်တိုင် မည်သူတစ်ဦးတစ်ယောက်မျှ ရှာဖွေတွေ့ရှိခဲ့ခြင်း မရှိသေးချေ။

လွှေကြိုးက ဆရာဖြစ်သူထံမှ တောမှိုရသေ့ဆားကျောင်း၏ အကြောင်းကို ကြားသိခဲ့ရလေသည်။

သူ့ရဲကောင်းတောင်ကုန်းပိုင်ရှင် ပိုင်ဖန်းနှင့် တောမှိုရသေ့ဆားကျောင်းတို့မှာ တစ်ချိန်က ရင်းနှီးသော မိတ်ဆွေများ ဖြစ်ခဲ့ကြသည်။

ပိုင်ဖန်းက ဆားကျောင်းနေထိုင်သည့် လိုဏ်ဂူကြီးသို့ တစ်ကြိမ်ရောက်ခဲ့ဖူးပြီး မည်သို့မည်ပုံ သွားရမည်ကို လွှေကြိုးအား ပြောပြထားလေသည်။

လွှေကြိုးသည် သူ့ရဲကောင်းတောင်ကုန်း ဖျက်ဆီးခံလိုက်ရပြီး နောက်ပိုင်း ရန်သူမှာ ပရိယာယ် အလွန်များပြီး သိုင်းပညာထက်မြက်သူ ဖြစ်ကြောင်း နားလည်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်သူနှင့် ထိပ်တိုက်ရင်ဆိုင်ရလျှင် သူ၏ပညာနှင့် မလုံလောက်သေးကြောင်း နားလည်သဖြင့် ချောင်းဆုံစခန်း၌ အခြေချနေသော ကျွမ်းဟိုနှင့်တိုင်ပင်ပြီး သဘာဝကျမ်းအား ရှာဖွေရန် မိုးမခတောင်သို့ ထွက်လာခဲ့ခြင်း ဖြစ်သည်။

ကျူးထင်းဖုန်းက သူ့ရဲကောင်းတောင်ကုန်းနှင့် သမာဓိမင်းကြီးဘွဲ့ထူးကို သိမ်းပိုက်လိုက်ခြင်း၊ ကြေးမျက်နှာဖုံးရှင်နှင့် နဂါးစိမ်းဂိုဏ်းတို့ ပေါ်ပေါက်လာခြင်းကြောင့် အခြေအနေကို နားလည်သဘောပေါက်မိကြသည့် သိုင်းလောကသားများသည် ချောင်းဆုံစခန်းနှင့် ဖူးပေါင်းလာကြလေသည်။

ထို့ကြောင့်...

ချောင်းဆုံစခန်း၌ သိုင်းလောက အန္တရာယ်ကို ရင်ဆိုင်ကြမည့် အဖြူရောင်သိုင်းသမားများ စုဝေးမိကာ စည်ကားလာလေသည်။

မြောင်ရှမ်းဦးဆောင်သော သိုင်းရာစာတောင်ကြားမှ သိုင်းသမားတစ်စုသည်လည်း ရောက်ရှိနေကြပြီ ဖြစ်သည်။

မိန်းမချောလေးမြောင်ရှမ်းသည် လွေကြီးနှင့် တိုင်ပင်ကာ လွေကြီးက မိုးမခတောသို့ ထွက်သွားချိန်၌ သူမက သိုင်းလောကထဲသွားကာ မိတ်ဆွေများနှင့် ဆက်သွယ်မည် ဖြစ်လေသည်။

လွေကြီးလည်း ဆရာပိုင်ဖန်း ပြောပြထားသည့် လမ်းခရီးအတိုင်း မိုးမခတောထဲသို့ ဝင်ရောက်ခဲ့ရာမှ နောက်ဆုံး တောမှီရသေ့ဆားကျောင်း နေထိုင်ခဲ့သည့် လိုဏ်ဂူကြီးဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက်



ရောက်ရှိသွားခဲ့လေတော့သည်။

♠ ♠ ♠

လိုဏ်ဂူကြီးမှာ ဗိုခနောက်ဆိုင် ပေါက်နေသော သစ်ပင်ကြီးသုံးပင်၏ အနောက်ဘက်၌ တည်ရှိခြင်း ဖြစ်သည်။

လိုဏ်ဂူဝ၌ ချုံနွယ်များ ဖုံးလွှမ်းပိတ်ဆီးထားခြင်းကြောင့် လိုဏ်ဂူကြီး ရှိနေသည်ကို ရုတ်တရက် တွေ့မြင်ရမည် မဟုတ်ချေ။

လိုဏ်ဂူ တည်ရှိသည့်နေရာကို လွေကြီးက တိတိကျကျသိထားခြင်းကြောင့်သာ အရောက်လာနိုင်ခဲ့ခြင်း ဖြစ်လေသည်။

လွေကြီးက ချုံနွယ်များကို ရှင်းလင်းကာ လိုဏ်ဂူထဲ ဝင်လိုက်သည်။

ကျောက်စိမ်းလိုဏ်ဂူကြီး ဖြစ်ရကား အတွင်းဘက်၌ အေးမြကာ လင်းလင်းချင်းချင်း ရှိနေပါတော့သည်။

လိုဏ်ဂူကြီး အတွင်းသို့ ရောက်သွားသည်နှင့် လူ့အသုံးအဆောင် ပစ္စည်းများနှင့် အရိုးစုတစ်ခုကို တွေ့လိုက်ရလေသည်။

တောမှီရသေ့ဆားကျောင်း၏ အရိုးစု ဖြစ်သည်။

လွေကြီးက ဆားကျောင်း၏အရိုးစုကို ဦးဆုံး ကောင်းမွန်စွာ မြေမြှုပ်သင်္ဂြိုလ်ပေးလိုက်သည်။

ပြီးမှ သဘာဝသိုင်းကျမ်းကို လိုက်လံရှာဖွေလိုက်လေသည်။

ဆားကျောင်းက သဘာဝသိုင်းပညာကို ခက်ခက်ခဲခဲ ဂုဏ်

www.burmeseclassic.com

www.burmeseclassic.com



ထားခြင်း မဟုတ်ပါ။

လိုဏ်ဂူနံရံ၌ သံစူးဖြင့် ရေးခြစ်ကာ ဖော်ပြထားခြင်း ဖြစ်လေသည်။

လွှကြိုးလည်း အခွင့်အရေးကို လက်လွှတ်မခံဘဲ လိုဏ်ဂူနံရံမှ ရုပ်ပုံများ စာဖြင့် ရေးသားရှင်းလင်းချက်များကို လေ့လာလိုက်လေတော့သည်။

သို့ဖြင့် အချိန်များ တဖြည်းဖြည်း ကုန်ဆုံးသွားခဲ့လေတော့သည်။

♠ ♠ ♠



## နတ်မိမယ်

လမ်းပေါ်၌ သွားလာလှုပ်ရှားနေကြသူများဖြင့် စည်ကားသိုက်မြိုက်နေ၏။

မိန်းမချောလေးတစ်ဦးသည် လမ်းဘေးရှိ သစ်ပင်တစ်ပင် အရိပ်အောက်မှနေပြီး လမ်းသွားလမ်းလာများကို အကဲခတ်ကြည့်နေ၏။

လမ်းသွားလမ်းလာများသည်လည်း ချောမောလှပလွန်းသော ထိုမိန်းကလေးအား သတိပြုမိကြပြီး လှည့်ကြည့်လှည့်ကြည့်ဖြင့် ဖြတ်သန်းသွားကြလေသည်။

ထိုမိန်းမချောလေးကား သိုင်းရာဇာတောင်ကြားမှ သခင်မလေး မြောင်ရှမ်း ဖြစ်လေသည်။

မြောင်ရှမ်းသည် သိုင်းလောကဌ် ဖြစ်ပေါ်နေသော သတင်းများကြောင့် လွှကြိုး မတရားစွပ်စွဲခံရကာ ဒုက္ခရောက်နေကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သတင်းကြားပြီး ကူညီရန် တောင်ကြားထဲမှ ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

သူမသည် ချောင်းဆုံစခန်းသို့ ရောက်ခဲ့ပြီးနောက် လှေကြုံးနှင့် တိုင်ပင်ကာ ပြန်ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

သူမသည် သိုင်းလောကတခွင် လှည့်လည်သွားလာနေသော မူထိုင်ကိုယ်တော်အား ရှာဖွေကာ ချောင်းဆုံစခန်းသို့ ခေါ်ဆောင်သွားရန် တာဝန်ယူထားလေသည်။

မြောင်ရှမ်းက အကဲခတ်ကြည့်နေစဉ် လူရွှယ်နှစ်ဦးက အချင်းချင်း တိုင်ပင်ပြောဆိုပြီး သူမထံသို့ ဦးတည်လှမ်းလာနေသည်ကို တွေ့လိုက်ရလေသည်။

မြောင်ရှမ်း စိတ်ပျက်သွား၏။

"ဘယ်နေရာမှာမဆို အနှောင့်အယှက်က ရှိနေတာပါပဲလား"

ဟုလည်း စိတ်ထဲညည်းတွားလိုက်လေသည်။

တဆက်တည်းပင် သူမ ကြုံခဲ့ဖူးသည့် အဖြစ်အပျက်တစ်ခုကို အမှတ်ရလာကာ ပြုံးလိုက်မိလေသည်။

အနီးသို့ ရောက်လာသော လူရွှယ်နှစ်ဦးသည် သူတို့အား ပြုံးပြသည်ဟု ယူဆကာ ကျေနပ်သွားကြလေသည်။

"ညီမလေးက တစ်ယောက်ထဲလား၊ အဖော်မရှိရင် ကျုပ်တို့နဲ့ လိုက်ခဲ့ပါလား"

"ညီမလေး ပျော်ရွှင်သွားအောင် ကျုပ်တို့ ဆောင်ရွက်ပေး



မှာပေါ့၊ ဟဲ..ဟဲ၊ ငွေလိုရင်ငွေ၊ ရွှေလိုရင်ရွှေ ရမှာပေါ့ကွယ်"

လူရွှယ်နှစ်ဦးက အာဝဇ္ဇန်းရွှင်ရွှင် ပြောလာကြလေသည်။

မြောင်ရှမ်း၏မျက်နှာ ခက်ထန်တင်းမာသွားတော့သည်။

"ရှင်တို့ မသေချင်ရင် ကျွန်မရှေ့က မြန်မြန်ထွက်သွားကြ

စမ်း"

လက်ငွေ့ယမ်းလိုက်သောအခါ အင်္ကျီလက်အိုးထဲမှ ဓား

မြောင်တစ်လက် ထွက်ကျကာ သူမ၏လက်ထဲ ရောက်ရှိလာလေ

သည်။

လူရွှယ်နှစ်ဦး မျက်လုံးပြူးသွားလေသည်။

ကပျာကယာ နောက်ဆုတ်လိုက်ကြ၏။

မြောင်ရှမ်းက...

"ဘာကြောင့် ကြည့်နေတာလဲ မသွားကြသေးဘူးလား"

အော်ငေါက်ရင်း ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်လေသည်။

"အမယ်လေး"

လူရွှယ်နှစ်ဦးလည်း အထိတ်တလန့် ထွက်ပြေးသွားကြလေ

တော့သည်။

မြောင်ရှမ်းသည် လူရွှယ်နှစ်ဦးအား မောင်းထုတ်ပစ်လိုက်

ပြီးနောက် လမ်းဘေးမှ စောင့်ဆိုင်းနေရသည်ကို သဘောမကျ ဖြစ်

သွားလေသည်။

သူမ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

မလှမ်းမကမ်း၌ လွှက်ရည်ဆိုင်လေးတစ်ဆိုင် ရှိနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မြောင်ရှမ်းလည်း ထိုလွှက်ရည်ဆိုင်လေးသို့ လှမ်းသွားလိုက်လေတော့သည်။

♠ ♠ ♠

လွှက်ရည်ဆိုင်လေး၌ လူရှင်းနေ၏။

မြောင်ရှမ်း သဘောကျသွားသည်။

လွှက်ရည်နှင့်မုန့်များ မှာယူကာ စားသောက်ရင်း လမ်းပေါ်သို့ အကဲခတ်ကြည့်နေလိုက်၏။

မူထိုင်ကိုယ်တော်နှင့် တပည့်တိန့်ကိုရင်တို့သည် ဤမြို့ကလေးသို့ ရောက်လာခြင်ဟု တိတိကျကျ သတင်းရထားသည် မဟုတ်ပါလား။

လမ်းပေါ်၌ သွားလာလှုပ်ရှားနေကြသူများဖြင့် စည်ကားသိုက်မြိုက်နေဆဲ။

မူထိုင်ကိုယ်တော်တို့ ဆရာတပည့်၏ အရိပ်အရောင်ပင် မတွေ့ရသေးပါချေ။

မြောင်ရှမ်းလည်း စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေလိုက်လေသည်။

ထိုသို့ စောင့်ဆိုင်းရင်း ဟိုဟိုသည်သည် တွေးမိရာမှ လွှကြိုးနှင့် ဆုံတွေ့ခဲ့ရပုံများကို ပြန်လည်သတိရလာလေသည်။

မြောင်ရှမ်းသည် လွှကြိုး၏မျက်နှာကို မြင်ယောင်ကာ



တွေးတောစဉ်းစားနေမိလိုက်လေတော့သည်။

♠ ♠ ♠

သိုင်းရာဇာတောင်ကြား...။

သိုင်းရာဇာတောင်ကြား၏ သိုင်းပညာမှာ အလွန်ထူးခြားပြီး ထက်မြက်လေသည်။

သိုင်းလောကမှ ထိပ်သီးဂိုဏ်းကြီးများနှင့် ပခုံးချင်းယှဉ်နိုင်စွမ်းရှိသဖြင့် သိုင်းလောကတစ်ခုလုံးက ကြည်ညိုလေးစားကြလေသည်။

တစ်ချိန်က သိုင်းလောကအား နှောင့်ယှက်ဖျက်ဆီးခဲ့သည့် လူဆိုးကြီးတစ်ယောက်အား သိုင်းရာဇာတောင်ကြားပိုင်ရှင်က ဆုံးမနှိမ်နင်းပေးခဲ့ဖူးလေသည်။

သိုင်းရာဇာတောင်ကြားမှ လူများသည် အကြောင်းကိစ္စမရှိဘဲ သိုင်းလောကသို့ ထွက်လေ့မရှိချေ။

သိုင်းလောကသားများကလည်း အေးအေးလူလူ နေချင်သော သိုင်းရာဇာတောင်ကြားကို သွားရောက်နှောင့်ယှက်ခြင်း မပြုကြချေ။

ဤသို့ဖြင့်...

သိုင်းရာဇာတောင်ကြားသည် သိုင်းလောက၏ ထူးခြားနေရာတစ်ခုပမာ ဖြစ်လာခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းရာဇာတောင်ကြားပိုင်ရှင်သည် သမီးချောလေး'မြောင်ရှမ်း' အရွယ်ရောက် ကြီးပြင်းလာသောအခါ သိုင်းရာဇာတောင်ကြားကို လွှဲပြောင်းပေးပြီး အနားယူသွားခဲ့သည်။

သိုင်းရာဇာတောင်ကြားနှင့် ပတ်သက်သောကိစ္စများ၊ သိုင်းလောကနှင့် ပတ်သက်သောကိစ္စများကို 'မြောင်ရှမ်း'က တာဝန်ယူဆောင်ရွက်ခဲ့ရလေသည်။

တစ်နေ့...

အေးချမ်းစွာ နေထိုင်လျက် ရှိသည့် သိုင်းရာဇာတောင်ကြားသို့ လူတစ်ယောက် ရောက်ရှိလာခဲ့လေတော့သည်။

♠ ♠ ♠

သိုင်းရာဇာတောင်ကြားပိုင်ရှင်တို့ စနီးမောင်နှံမှာ သိုင်းလောကကိုလည်းကောင်း၊ လူ့ဝတ်ကြောင်ကိုလည်းကောင်း စွန့်လွှတ်လိုက်ကြပြီ ဖြစ်သည်။

သိုင်းရာဇာတောင်ကြားနှင့် ပတ်သက်သော ကိစ္စအဝဝကို မြောင်ရှမ်းက ဆက်လက်တာဝန်ယူဆောင်ရွက်ရတော့မည် ဖြစ်လေသည်။

မြောင်ရှမ်းက သိုင်းရာဇာတောင်ကြားကို တာဝန်ယူလိုက်ပြီး မကြာမီ ထူးခြားသော ကိစ္စတစ်ခု ဖြစ်ပေါ်လာလေသည်။

တစ်နေ့...



ရာသီဥတု သာသာယာယာရှိသော နေ့တစ်နေ့ ဖြစ်ပါသည်။

မြောင်ရှမ်းက သိုင်းလေ့ကျင့်နေစဉ် အစောင့်တစ်ယောက်က အပြေးအလွှား ရောက်လာလေသည်။

"သခင်မလေး တောင်ကြားထဲကို လူတစ်ယောက် ကျူးကျော်ဝင်ရောက်လာပါတယ်"

ဟု သတင်းပို့လာလေသည်။

မြောင်ရှမ်း မကျေမနပ် ဖြစ်သွားလေသည်။

"တော်တော်အတင့်ရဲပါလား၊ သိကြသေးတာပေါ့"

မြောင်ရှမ်းလည်း တောင်ကြားအဝင်လမ်းသို့ ချက်ချင်းထွက်လာခဲ့လေသည်။

သိုင်းရာဇာတောင်ကြားမှာ ပန်းပေါင်းစုံ ဝေဝေဆာဆာ ဖူးပွင့်နေကာ သာယာလှပနေသော တောင်ကြားတစ်ခု ဖြစ်လေသည်။

မြောင်ရှမ်းက တောင်ကြားထိပ်သို့ ရောက်ရှိလာသောအခါ တိုက်ပွဲတစ်ခု ဖြစ်ပွားနေသည်ကို တွေ့ရလေသည်။

အပြာရောင်ဝတ်ထားသော လူရွယ်တစ်ဦးအား သိုင်းရာဇာတောင်ကြားမှ လူများက ဝိုင်းရံတိုက်ခိုက်နေကြခြင်း ဖြစ်လေသည်။

အပြာရောင်လူရွယ်၏ တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်များ ရရှိကာ သွေးချင်းချင်း နီရဲနေ၏။

လူရွယ်သည် ဒဏ်ရာများကြောင့် မဟန်နိုင်တော့ဘဲ ဒယီးဒယိုင် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရုပ်လိုက်စမ်း"

မြောင်ရှမ်း ရောက်လာလျှင် သိုင်းရာဇာတောင်ကြားမှ လူများ ချက်ချင်းနောက်ဆုတ်လိုက်ကြလေသည်။

မြောင်ရှမ်းက လူရွယ်အား အကဲခတ်ပြီး သူ့မက လူတစ်ယောက်ကို မေးလိုက်လေသည်။

"ဘယ်လို ဖြစ်တာလဲ ပြောပါဦး"

ထိုလူက...

"သူက တောင်ကြားထဲကို ကျူးကျော်ဝင်ရောက်လာလို့ တားဆီးနေတာပါ သခင်မလေး"

"သူ ဘယ်သူလဲ၊ ဘာကြောင့် ကျူးကျော်ဝင်ရောက်လာတာလဲဆိုတာကော မေးမကြည့်ဘူးလား"

"သူ့ကို ရပ်ခိုင်းလိုက်တာနဲ့ သူက တိုက်ခိုက်တော့တာပါပဲ၊ ကျုပ်တို့က သူ့ကို ပြန်မတိုက်ဘဲ တားရုံသာ တားနေတာပါ"

မြောင်ရှမ်း မျက်မှောင်ကုပ်သွား၏။

"ဒါဖြင့် သူ့ရဲ့ ဒဏ်ရာတွေကကော"

"တောင်ကြားထဲကို ဝင်လာကတည်းက အခုလို ပုံစံမျိုးပါပဲ သခင်မလေး"

"ဪ"

မြောင်ရှမ်း ဦးခေါင်း တဆတ်ဆတ်ညိတ်လိုက်သည်။

"သူက တိုက်ပွဲတစ်ခုနဲ့ ရင်ဆိုင်ပြီး သည်ဘက်ကို ရောက်လာတာပဲ ဖြစ်မယ်"



ထိုစဉ် အပြာရောင်ဝတ်ထားသူ၏ စကားသံ ထွက်ပေါ်လာလေသည်။

"ကျုပ်က သခင်ကြီးမြောင်ထိန်နဲ့ တွေ့ဖို့ လာခဲ့တာ၊ လမ်းဖယ်လိုက်ကြပါ"

မြောင်ရှမ်းက...

"ရှင် ဘယ်သူလဲ၊ ကျွန်မအဖေကို သိလို့လား"

"ကျုပ်ဟာ သူရဲကောင်းတောင်ကုန်းက လှေကြီးပါ၊ သခင်ကြီးမြောင်ထိန်ဆီကို.."

လူရွယ်မှာ လှေကြီး ဖြစ်သည်။

လှေကြီးသည် စကားဆုံးအောင် မပြောနိုင်ဘဲ ရရှိထားသော ဒဏ်ရာများဖြင့် မဟန်နိုင်တော့ဘဲ မြေပေါ်လဲကျကာ သတိလစ်သွားလေတော့သည်။

♠ ♠ ♠

သုံးရက်...။

လှေကြီး သိုင်းရာဇာတောင်ကြားသို့ ရောက်ရှိလာခဲ့သည်မှာ သုံးရက်ရှိပြီ ဖြစ်လေသည်။

မြောင်ရှမ်းက ဂရုစိုက်ကာ ကုသပေးခဲ့ခြင်းကြောင့် လှေကြီး၏ဝေဒနာများ သက်သာကာ ထူထူထောင်ထောင် ဖြစ်လာတော့သည်။

www.burmeseclassic.com



သိုင်းရာဇာတောင်ကြား၌ အစွမ်းထက်သော ဆေးစွမ်းကောင်းများ ရှိသည် မဟုတ်ပါလား။

သူရဲကောင်းတောင်ကုန်းပိုင်ရှင် ပိုင်ဖန်းနှင့် သိုင်းရာဇာတောင်ကြားပိုင်ရှင် မြောင်ထိန်တို့မှာ ခင်မင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်လေသည်။

လွှေကြိုးသည် မတရားစွပ်စွဲခံရပြီး ရှောင်တိမ်းခဲ့သော်လည်း သဲကြီးမဲကြီး လိုက်နေသော သိုင်းလောကသားများနှင့် ကြုံတွေ့ခဲ့ရပြီး တိုက်ပွဲများ ဆင်နွှဲခဲ့ရလေသည်။

နေ့စဉ် ရက်ဆက် တိုက်ခိုက်ခဲ့ရသောအခါ လွှေကြိုးလည်း ထိခိုက်ဒဏ်ရာရခဲ့တော့သည်။

လွှေကြိုးသည် ရှောင်တိမ်းရင်း သိုင်းရာဇာတောင်ကြားအနီးသို့ ရောက်လာသောအခါ သိုင်းရာဇာတောင်ကြားပိုင်ရှင် မြောင်ထိန်ထံ၌ အကူအညီတောင်းကာ ခေတ္တခိုအောင်းနေထိုင်မည်ဟု ဆုံးဖြတ်ပြီး တောင်ကြားထဲသို့ ဝင်ရောက်လာခဲ့ခြင်း ဖြစ်လေသည်။

လွှေကြိုး သက်သာလာသဖြင့် မြောင်ရှမ်း ဝမ်းသာမိသည်။

သူမသည် လွှေကြိုးကို ပြုစုရင်း ဂရုဏာသက်မိသည်။

လွှေကြိုးက မသမာသူများကြောင့် ဒုက္ခရောက်ခဲ့ရကြောင်း သိရသောအခါ ပို၍ ဂရုဏာသက်ကာ ကူညီရန် ဆုံးဖြတ်လိုက်လေသည်။

သို့ဖြင့်…

မြောင်ရှမ်းက ဂရုစိုက်ကုသပေးခဲ့လေသည်။



သိုင်းရာဇာတောင်ကြားမှ ဆေးဝါးများမှာ အစွမ်းထက်သည် ဖြစ်ရာ လွှေကြိုး၏ဝေဒနာများလည်း တဖြည်းဖြည်း သက်သာပျောက်ကင်းသွားပြီ ဖြစ်လေသည်။

♠ ♠ ♠

မြောင်ရှမ်း ဝမ်းသာနေ၏။

လွှေကြိုးက အချိန်တိုတိုနှင့် ထူထူထောင်ထောင် ဖြစ်လာသည် မဟုတ်ပါလား။ လွှေကြိုးက…

"ညီမရဲ့ကျေးဇူးကို ဘယ်လိုပြန်ဆပ်ရမှန်း မသိတော့ပါဘူး"

မြောင်ရှမ်းက…

"ကိစ္စ မရှိပါဘူးရှင်၊ အစ်ကို အခုလို နေကောင်းသွားတာကိုပဲ ဝမ်းသာလို့ မဆုံးပါဘူး"

လွှေကြိုးက…

"ကျုပ်ဆရာက အခက်အခဲရှိရင် ညီမရဲ့အဖေဆီကို သွားဖို့ မှာကြားထားပါတယ်၊ ဒါကြောင့်…"

မြောင်ရှမ်းက…

"ဖေဖေဟာ သိုင်းလောကက အနားယူသွားပါပြီ၊ လူ့ဝတ်ကြောင်ကို စွန့်ပြီး တရားအားထုတ်နေပါပြီ"

လွှေကြိုး သက်ပြင်းချလိုက်လေသည်။

မြောင်ရှမ်းက…

www.burmeseclassic.com



"ဖေဖေဟာ အစ်ကိုဆရာ အကြောင်းကို အမြဲပြောလေ့ ရှိပါတယ်"

လွှကြိုးက...

"သူတို့နှစ်ယောက်ဟာ ညီရင်းအစ်ကိုလို ရင်းနှီးတဲ့ မိတ်ဆွေတွေပါပဲ"

မြောင်ရှမ်းက...

"ဖေဖေက ဆရာကြီးပိုင်ဖန်းဟာ ကျူးကျူးဆိုတဲ့ မိန်းကလေးတစ်ယောက် အတွက်နဲ့ အားလုံးကို နာကျည်းပြီး သိုင်းလောကက အနားယူသွားလိမ့်မယ်လို့ ပြောဖူးပါတယ်"

လွှကြိုး ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ကျူးကျူး ဟုတ်လား"

"ဟုတ်တယ် အစ်ကို၊ အစ်ကို့ဆရာနဲ့ ကျူးထင်းဖုန်းတို့ဟာ ကျူးကျူးဆိုတဲ့ မိန်းကလေးတစ်ယောက်ကို ပြိုင်တူ မေတ္တာသက်ဝင်မိခဲ့ကြတယ်၊ ကျူးကျူးက ကျူးထင်းဖုန်းကို လက်ထပ်လိုက်တယ်၊ အစ်ကို့ဆရာက အတော့်ကို နာကျည်းသွားခဲ့တယ်၊ သူက သိုင်းပညာကိုဖိပြီး ကြိုးစားခဲ့လို့ သမာဓိမင်းကြီးဘွဲ့ ထူးရခဲ့တာ"

လွှကြိုး မချိပြုံးပြုံးလိုက်သည်။

"ညီမကတောင် ကျုပ်ထက် ကျုပ်ဆရာ အကြောင်းကို ပိုပြီး သိနေပါလား"

မြောင်ရှမ်း ပြုံးလိုက်သည်။

"ဖေဖေက ကျွန်မကို ပြောပြခဲ့တာပါ"



လွှကြိုးက...

"ညီမဖေဖေနဲ့ တွေ့ရရင် သိပ်ကောင်းမှာပဲ"

မြောင်ရှမ်း လက်ကာပြလိုက်သည်။

"ဖေဖေက သာသနာ့ဘောင် ဝင်သွားပါပြီ၊ သိုင်းလောက အကြောင်းကို သူစိတ်ဝင်စားတော့မှာ မဟုတ်ပါဘူး"

လွှကြိုးက...

"ကျုပ်က ညီမကို မေတ္တာရပ်ခံချင်ပါတယ်"

မြောင်ရှမ်းက...

"ပြောပါ အစ်ကို"

လွှကြိုးက...

"အစ်ကို့ဆရာနဲ့ ပတ်သက်ပြီး ညီမဆရာဆီက ညီမသိထားတာ ရှိမှာပေါ့နော်"

မြောင်ရှမ်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် အစ်ကို၊ ညီမသိထားသင့်တဲ့ သိုင်းလောက အကြောင်းတွေကိုသာမက ဖေဖေဟာ သူ့ရဲ့အရင်းနှီးဆုံး မိတ်ဆွေတွေ အကြောင်း သူလဲ ပြောပြခဲ့ပါတယ်"

လွှကြိုးက...

"ဒါဖြင့် ကျုပ်ဆရာနဲ့ ပတ်သက်ပြီး ညီမသိထားသလောက် ပြောပြနိုင်မလား"

မြောင်ရှမ်းက...

"သူ့ရဲကောင်းတောင်ကုန်းမှာ ပြဿနာတွေ ပေါ်ပေါက်

www.burmeseclassic.com

www.burmeseclassic.com



လာပြီးနောက် အစ်ကိုဟာ အစ်ကို့ဆရာအကြောင်းကို ဖေဖေ့ လောက် မသိနိုင်ဘူးလို့ ကျွန်မနားလည်ခဲ့ပါတယ်"

လွှကြိုးက...

"ပြောပါဦး"

မြောင်ရှမ်းက...

"အစ်ကို့ဆရာကို ရန်သူက လုပ်ကြံဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား"

"ဟင်"

လွှကြိုး ကြောင်အမ်းအမ်း ဖြစ်သွားသည်။ မြောင်ရှမ်းက

"သမာဓိမင်းကြီးဘွဲ့ထူး ရထားတဲ့သူကို အလွယ်တကူ လုပ်ကြံဖို့ဆိုတာ ဖြစ်နိုင်ပါ့မလားရှင်"

လွှကြိုးက...

"ညီမ ဆိုလိုတဲ့ သဘောက"

မြောင်ရှမ်းက...

"ဒီကိစ္စဟာ အမှားအယွင်းတစ်ခု ရှိနေပြီလို့ ဖေဖေ ပြောခဲ့ပါတယ်"

လွှကြိုးက...

"သူက ဘာကြောင့် ဒီလို ပြောရတယ်လို့ ညီမထင်သလဲ"

မြောင်ရှမ်းက...

"ဖေဖေကတော့ ဒါဟာ သိုင်းလောကရဲ့ လျှို့ဝှက်ချက်တစ်ခုလို့ ပြောထားခဲ့ပါတယ်"



"လျှို့ဝှက်ချက်"

"ဟုတ်တယ်"

"ညီမအဖေ ဆိုလိုချင်တာက"

"နောင်တစ်ချိန် သိုင်းလောကတစ်ခုလုံး ထိတ်လန့်တုန်လှုပ်ရမယ့် အဖြစ်တွေ ဖြစ်ပေါ်လာမယ့် အခြေခံ အကြောင်းတရားတစ်ခုလို့ ပြောပါတယ်၊ ကျွန်မလဲ သိပ်ပြီးတော့ သဘောမပေါက်ဘူးရှင့်"

လွှကြိုး ခေါင်းကုတ်လိုက်လေသည်။

မြောင်ရှမ်းက...

"ဒါပေမယ့် အခုတော့ ကျွန်မသဘောပေါက်သလို ရှိလာပါပြီ"

"ပြောပါဦး ညီမ"

မြောင်ရှမ်းက...

"သူ့ရဲ့ကောင်းတောင်ကုန်း ဖျက်ဆီးခံလိုက်ရတဲ့အခါကျူးထင်းဖုန်းက သမာဓိမင်းကြီးဘွဲ့ထူးကို သိမ်းပိုက်လိုက်တယ်၊ ဒါဟာ အစ်ကို့ ဆရာနဲ့ ကျူးထင်းဖုန်းတို့ရဲ့ အတိတ်က ကိစ္စတွေကို ရုပ်လုံးပေါ်လာတဲ့သဘော မဟုတ်လားရှင့်"

လွှကြိုးသည် ကောင်းစွာနားလည်သော်လည်း ဘာမှ မပြောဘဲ နေလိုက်လေသည်။

မြောင်ရှမ်းက...

"အစ်ကိုက သည်ကိစ္စတွေကို အသေးစိတ်သိချင်တယ်ဆိုရင် လိုတဲယန်းရှုကို သွားတွေ့တာ အကောင်းဆုံးပဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူက..."

"အစ်ကို့ဆရာနဲ့ ကျူးထင်းဖုန်း အကြောင်းကို ပြောပြနိုင်ပါတယ်"

လွှေကြိုးက...

"ကောင်းပါပြီ ညီမ"

မြောင်ရှမ်းက...

"အစ်ကို ဘာဆက်လုပ်မယ် စိတ်ကူးထားသလဲ"

လွှေကြိုးက...

"ကျုပ်မှာ ကျွမ်းဟိုဆိုတဲ့ မိတ်ဆွေတစ်ယောက် ရှိတယ်၊ သူက ချောင်းဆုံစခန်းမှာ ရှိနေတယ်၊ ကြေးမျက်နှာဖုံးရှင်နဲ့ ကျူးထင်းဖုန်းတို့ကြောင့် ဒုက္ခရောက်ရတဲ့ လူတွေဟာ ချောင်းဆုံစခန်းမှာ သွားပြီး စုရုံးနေကြတယ်၊ ဒါကြောင့် ကျုပ်က ချောင်းဆုံစခန်းကို သွားမယ်လို့ စိတ်ကူးထားတယ်"

မြောင်ရှမ်းက...

"ကျွန်မလဲ မကြာခင် ချောင်းဆုံစခန်းကို လိုက်လာခဲ့ပါမယ်"

သူမသည် လွှေကြိုးအား ပိုမိုကျန်းမာလာသည်ထက် လိုလေသေးမရှိ ပြုစုစောင့်ရှောက်ခဲ့ပါသည်။

စိတ်ချရတော့မှ လွှေကြိုးအား သိုင်းရာဇာတောင်ကြားမှ ထွက်ခွာသွားခွင့် ပြုလိုက်လေသည်။

♠ ♠ ♠



## နောက်ကွယ်မှာ

လွှေကြိုးသည် သိုင်းရာဇာတောင်ကြားမှ ထွက်ကာ ချောင်းဆုံစခန်းသို့ ဦးတည်လာခဲ့တော့သည်။

မိန္ဓာညည်းသံဟူသော လူသတ်ကောင်မှာ ကြေးမျက်နှာဖုံးရှင် ဖြစ်ကြောင်း၊ ကျူးထင်းဖုန်းက သမာဓိမင်းကြီးဘွဲ့ ထူး ခံယူကာ ထင်ရာစိုင်းနေကြောင်း စသည့်ကိစ္စများနှင့် ပတ်သက်ပြီး သိုင်းလောကခွဲ အမျိုးမျိုး ပြောဆိုလျက် ရှိကြပေသည်။

ယခင်က...

လွှေကြိုးမှာ ဆရာအား သစ္စာဖောက်သူမှာ လူသတ်ကောင်ဟု အမျိုးမျိုး စွပ်စွဲပြောဆိုခဲ့ကြသည်။

ယခုတော့...

လွှေကြိုးသည် တရားခံအစစ် မဟုတ်ဘဲ အပြစ်ပုံချခံရသူ ဖြစ်ကြောင်း အလိုလို ပေါ်ပေါက်သွားပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လွှကြိုးသည် ကြားသိရသော သတင်းစကားများကြောင့် ဝမ်းသာသွားလေသည်။

အဖြစ်မှန်ကို သူကိုယ်တိုင် ဖော်ထုတ်စရာ မလိုဘဲ တဖြည်းဖြည်း ပေါ်ပေါက်လာပြီ ဖြစ်သည်။

တရားခံအစစ်မှာ မိစ္ဆာညည်းသံ လူသတ်ကောင်(ဝါ)ကြေးမျက်နှာဖုံးရှင် ဖြစ်သည်။

ကျူးထင်းဖုန်းက ထိုလူသတ်ကောင်နှင့် ပတ်သက်နေကြောင်းလည်း ထင်ရှားနေပေသည်။

ကျူးထင်းဖုန်းသည် ကျူးကျူးဆိုသော မိန်းကလေး၊ သူ၏ဆရာတို့နှင့် ပတ်သက်ဆက်နွယ်နေကြောင်းလည်း သိခဲ့ရပြီ ဖြစ်သည်။

"အဖြစ်မှန်ကို ငါဖော်ထုတ်မယ်"

လွှကြိုး ဆုံးဖြတ်ချက်ချလိုက်သည်။

ချောင်းဆုံစခန်းကို ဦးတည်လာရင်း မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာသောအခါ လူအများက ဈေးကြီးသုတ်ပျာ သွားလာနေကြသည်ကို သတိပြုမိလိုက်လေသည်။

"သည်မြို့မှာ ထူးခြားမှုတစ်ခုခုတော့ ရှိနေပြီ"

လွှကြိုးသည် ထိုလူများ နောက်သို့ မသိမသာ နောက်ယောင်ခံလိုက်သွားတော့သည်။

မြို့ပြင်တစ်နေရာသို့ ရောက်ရှိလာသောအခါ...

♠ ♠ ♠



မြို့ပြင်တွင် မြေကွက်လပ်တစ်ခု ရှိလေသည်။

ထိုမြေကွက်လပ်၌ လူအများ စုရုံးရောက်ရှိနေလေတော့သည်။

လူတိုင်းကိုယ်စီ ကိုယ်ကြပ်အင်္ကျီဝတ်ဆင်ထားပြီး ဓားလှံလက်နက်များ ကိုင်ဆောင်ထားကြသဖြင့် သိုင်းလောကသားများဖြစ်ကြောင်း ထင်ရှားလေ၏။

သိုင်းလောကသားများ စုရုံးရောက်ရှိလာသော နေရာများတွင် ပြဿနာတစ်ခု မဟုတ် တစ်ခု ဖြစ်ပေါ်လေ့ ရှိသည် မဟုတ်ပါလား။

လွှကြိုးက မလှမ်းမကမ်း တစ်နေရာမှ အကဲခတ်နေလိုက်လေသည်။

စုရုံးနေသော သိုင်းသမားများသည် တစ်စုံတစ်ယောက်အား စောင့်မျှော်နေကြောင်း ထင်ရှားနေလေသည်။

ထိုလူများသည် အချင်းချင်းလည်း ငြင်းခုံပြောဆိုနေကြလေသည်။

"ကြေးမျက်နှာဖုံးရှင်က မကြာခင် သိုင်းလောကကို သိမ်းပိုက်တော့မှာ"

"ကြေးမျက်နှာဖုံးရှင်ဆိုတာ ကျူးထင်းဖုန်းပဲ မဟုတ်လား"

"သေချာတာပေါ့၊ သူက သမာဓိမင်းကြီးဘွဲ့ထူးကိုအောင်အမြင့်သိမ်းပိုက်ခဲ့တာပဲ"

"သူ့ရဲ့အမိန့်ကို မနာခံရင် ချေမှုန်းခံရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမားတစ်ယောက်က…

"ကျူးထင်းဖုန်းက ကြေးမျက်နှာဖုံးရှင် မဖြစ်နိုင်ပါဘူး"

"ဘာကြောင့်လဲ"

"ကြေးမျက်နှာဖုံးရှင်ဟာ မိစ္ဆာညည်းသံဆိုတဲ့လူသတ်ကောင်ပါ၊ ကျူးထင်းဖုန်းကတော့ ဂိုဏ်းချုပ်ကြီးတစ်ဦးပါ"

"ခင်ဗျားဆိုလိုတာက ကျူးထင်းဖုန်းဟာ ကြေးမျက်နှာဖုံးရှင် နိုင်းသမျှ လုပ်နေရတဲ့ သဘောလား"

"ဟုတ်တယ်၊ သည်သဘောပဲ သိုင်းလောကကို ဖျက်ဆီးမဲ့လူဟာ ကြေးမျက်နှာဖုံးရှင်ပဲ"

"ဒါဖြင့် လွှကြိုးဟာ မိစ္ဆာညည်းသံလူသတ်ကောင် မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူးဗျ၊ သူက မတရားစွပ်စွဲခံနေရတာပါ"

လွှကြိုးသည် ကြားလိုက်ရသော စကားများကြောင့် သက်ပြင်းချလိုက်သည်။

အဖြစ်မှန်ကို သူကိုယ်တိုင် ဖော်ထုတ်ခြင်း မပြုရဘဲ အလိုလို ပေါ်ပေါက်လာသည် မဟုတ်ပါလား။

ယခု…

သိုင်းလောကအား ဒုက္ခပေးနေသူမှာ ကြေးမျက်နှာဖုံးရှင် ဖြစ်နေ၏။

လွှကြိုးက…

"ကြေးမျက်နှာဖုံးရှင်က ဘယ်သူလဲ"



ထိုစဉ်…

"ဟုတ်ပါတယ် အစ်ကို၊ သူ ဘယ်သူလဲဆိုတာ ကျွန်မတို့လဲ သိချင်နေကြပါတယ်"

ချိုဝင်သော စကားသံ ထွက်ပေါ်လာလေသည်။

လွှကြိုး နောက်လှည့်ကြည့်လိုက်သည်။

ထိုအခါ မလှမ်းမကမ်း၌ မိန်းမချောလေးတစ်ယောက် ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရသည်။

ထိုမိန်းကလေးမှာ ကျူးထင်းပိုး၏သမီး ကျူးရှမ်းအော့ ဖြစ်လေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ကျူးရှမ်းအော့…။

ကျူးရှမ်းအော့ကို တွေ့လိုက်ရခြင်းကြောင့် လွှေကြိုး ဝမ်းသာသွားလေသည်။

"ညီမပါလား"

ကျူးရှမ်းအော့က…

"ဟုတ်ပါတယ်ရှင်၊ ကျွန်မက အစ်ကို့ကို လိုက်ရှာနေတာပါ"

လွှေကြိုးက…

"ကျူပ်က.."

ကျူးရှမ်းအော့က…

"အစ်ကိုက ချောင်းဆုံစခန်းကိုသွားရင်း သိုင်းလောကသားတွေနဲ့ တိုက်ပွဲ ဖြစ်ပြီး ထိခိုက်ဒဏ်ရာရသွားတယ်ဆိုတဲ့ သတင်း ကျွန်မကြားပြီးပါပြီ"

"ဟုတ်တယ် ညီမ"

လွှေကြိုးက ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြောပြလိုက်လေသည်။

ကျူးရှမ်းအော့က…

"အစ်ကို သတင်းတွေ ကြားပြီးပြီလား"

"ညီမပြောတာ"

"ကြေးမျက်နှာဖုံးရှင်ဟာ မိစ္ဆာညည်းသံလူသတ်ကောင် အစစ်ပဲရှင်"

လွှေကြိုး ပြုံးလိုက်သည်။



"သူက လူသတ်မှုတွေ ကျူးလွန်ပြီး အပြစ်တွေကို အစ်ကို့ ခေါင်းပေါ် ပုံချခဲ့တာ"

"ဟုတ်တယ်၊ ဒါကို သိုင်းလောကသားတွေ သိနေကြပါပြီရှင်"

လွှေကြိုးက…

"ကြေးမျက်နှာဖုံးရှင်က ခြေလှမ်းကျဲတော့ သိုင်းလောကသားတွေ ရိပ်မိသွားတာ ကျူပ်ကံကောင်းသွားတာပဲ"

ကျူးရှမ်းအော့က…

"ဟုတ်ပါတယ်ရှင်၊ ဒါထက် အစ်ကို့ကို တစ်ခုမေးချင်ပါသေးတယ်"

"ဘာများလဲ ညီမ မေးပါ"

"အစ်ကိုက ကျွန်မအဖေ အပေါ်မှာ ဘယ်လိုသဘောထားသလဲဟင်"

သူမသည် ဖခင်ကျူးထင်းဖုန်းအတွက် စိုးရိမ်ပူပန်နေကြောင်း ထင်ရှားနေပါသည်။ လွှေကြိုး သက်ပြင်းချလိုက်သည်။

"ဦးလေးကျူးထင်းဖုန်းဟာ ကြေးမျက်နှာဖုံးရှင် စေခိုင်းသမျှ လုပ်ကိုင်ဆောင်ရွက်ပေးနေရတယ်လို့ ကျူပ်ယူဆမိတယ်"

ကျူးရှမ်းအော့ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင်၊ ဖေဖေဟာ ကြေးမျက်နှာဖုံးရှင် ခိုင်းတာကို လုပ်ကိုင်ဆောင်ရွက်ပေးနေရတာပါ"

လွှေကြိုးက…

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးကျူးထင်းဖုန်းက ဘာကြောင့် သည်လိုလုပ်ရတာလဲ"

ကျူးရှမ်းအော့က...

"ကျွန်မကတော့ ကြေးမျက်နှာဖုံးရှင်ဟာ အဆိပ်နဲ့ ဖေဖေ့ကို ချုပ်ကိုင်နိုင်းစေနေတယ်လို့ ထင်မိတာပါပဲ အစ်ကို"

လွှေကြိုး စိတ်မကောင်း ဖြစ်သွားလေသည်။

ကျူးရှမ်းအော့က...

"ဖေဖေဟာ ကြေးမျက်နှာဖုံးရှင်နဲ့ ပတ်သက်ခဲ့ပေမယ့် နောက်ပိုင်းမှာ ကြေးမျက်နှာဖုံးရှင်ရဲ့ မကောင်းမှုတွေကို ရိပ်မိပြီး လက်တွဲဖြုတ်ဖို့ ကြိုးစားခဲ့မှာပါ။ ဒါပေမယ့် ချုပ်ကိုင်ခံထားရတော့.."

သူမ စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

လွှေကြိုးက...

"ဦးလေးကျူးထင်းဖုန်းက သူရဲကောင်းတောင်ကုန်းနဲ့ သမာဓိမင်းကြီးဘွဲ့ထူးကို သိမ်းပိုက်လိုက်တာ ကြေးမျက်နှာဖုံးရှင်ရဲ့ အမိန့်ကြောင့်ပဲ ဖြစ်ရမယ်ဆိုတာ ကျုပ်သဘောပေါက်လာပါပြီ"

ကျူးရှမ်းအော့က...

"ဟုတ်ပါတယ် အစ်ကို၊ ဖေဖေဟာ တခြားထိပ်သီးသိုင်းသမားကြီးတွေလိုပဲ သမာဓိမင်းကြီးဘွဲ့ထူးကို မက်မောခဲ့ပါတယ်၊ ဒါကြောင့် ကြေးမျက်နှာဖုံးရှင်ရဲ့ ထောင်ချောက်ထဲ လက်ဆင်းခဲ့ရတာပါ။ ဒါပေမယ့် ခုချိန်မှာတော့ အခွင့်အရေးရတာနဲ့ ကြေးမျက်နှာဖုံးရှင်ကို ဖော်ထုတ်ချေမှုန်းဖို့ ဖေဖေကိုယ်တိုင် ကြိုးစားနေပါပြီရှင်"



လွှေကြိုးက...

"ညီမက ကျုပ်ကို လိုက်ရှာနေတာ ဦးလေးကျူးထင်းဖုန်းအကြောင်း ရှင်းပြချင်လို့လား"

ကျူးရှမ်းအော့ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် အစ်ကို"

လွှေကြိုးက...

"ဒါဆို ညီမ ဘာမှမပူပါနဲ့တော့၊ ကျုပ်က အဖြစ်မှန်ကို ရိပ်မိနေပါပြီ၊ ကျုပ်နဲ့ သူရဲကောင်းတောင်ကုန်းကို ဒုက္ခပေးခဲ့တာ ဦးလေးကျူးထင်းဖုန်း မဟုတ်ဘူးဆိုတာ သိထားပြီးပါပြီ"

ကျူးရှမ်းအော့ ဝမ်းသာသွားလေသည်။

"ဝမ်းသာလိုက်တာရှင်"

လွှေကြိုးက...

"ညီမဖေဖေက ကြေးမျက်နှာဖုံးရှင်ကို ဖော်ထုတ်တဲ့နေရာမှာ တတပ်တအား ပါဝင်လိမ့်မယ် ထင်တာပဲ"

ကျူးရှမ်းအော့က...

"ဖေဖေက ကြေးမျက်နှာဖုံးရှင်ကို ကိုယ်တိုင်ဖော်ထုတ်သွားမှာပါ။ ဒါထက် အစ်ကိုက ချောင်းဆုံစခန်းကို သွားမှာ မဟုတ်လား"

"ဟုတ်တယ်လေ"

"ကျွန်မလဲ လိုက်ခဲ့မယ်"

"ညီမက.."

ကျူးရှမ်းအော့က...

www.burmeseclassic.com

www.burmeseclassic.com



"ချောင်းဆုံစခန်းကို စုရုံးရောက်ရှိလာမယ့် သိုင်းလောကသားတွေကို ကျွန်မပေဖေနဲ့ ကြေးမျက်နှာဖုံးရှင် အကြောင်း ပြောပြချင်လို့ပါ"

လွှကြိုးက အပြန်ပြန်အလှန်လှန် တွေးတောစဉ်းစားလိုက်လေသည်။

ကျူးထင်းဖုန်း၏လှုပ်ရှပ်များကို သိုင်းလောကသားများ လက်မခံနိုင်အောင် ဖြစ်နေကြ၏။

ကြေးမျက်နှာဖုံးရှင် ခိုင်းသမျှ ဆောင်ရွက်ပေးနေရသည်ကို ရှင်းပြနိုင်မှ ကျူးထင်းဖုန်း သက်သာမည်ဖြစ်ရာ ကျူးရှမ်းအော့လိုက်မည်ကို သဘောတူလိုက်၏။

သူတို့နှစ်ဦး ရေ့ခရီးဆက်ပြီး မိတ်ဆွေတစ်ဦးထံ၌ ဝင်ရောက်တည်းခိုပြီးမှ ချောင်းဆုံစခန်းသို့ ဆက်သွားလိုက်ကြလေသည်။

♠ ♠ ♠



## နဂါးစိမ်းဂိုဏ်း

နဂါးစိမ်းဂိုဏ်းသည် လွန်ခဲ့သော နှစ်ပေါင်းသုံးလေးနှစ်ခန့်တုန်းက လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့ဖူးသည်။

သို့သော်...

နဂါးစိမ်းဂိုဏ်းသည် လျှမ်းလျှမ်းတောက် ကျော်ကြားသော အချိန်ကာလမှာပဲ သိုင်းလောကမှ ရုတ်တရက် ပျောက်ကွယ်သွားသည်။

နဂါးစိမ်းဂိုဏ်း၏သတင်း...

နဂါးစိမ်းဂိုဏ်း၏ လှုပ်ရှားမှုများ လုံးဝမကြားခဲ့ရတော့ပါချေ။

နဂါးစိမ်းဂိုဏ်းသည် သိုင်းလောကပေါ်၌ ရုတ်တရက် ပျောက်ကွယ်သွားခြင်းသာ ဖြစ်သည်။

နဂါးစိမ်းဂိုဏ်းသည် သိုင်းလောကမှ အဘယ်ကြောင့် ပျောက်ကွယ်သွားပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



ဤမေးခွန်းသည် သိုင်းလောကသားတိုင်းက မေးလာသော မေးခွန်းတစ်ခု ဖြစ်လေသည်။

သို့သော်...

အဖြေမရကြပါ။

နဂါးစိမ်းဂိုဏ်းသည် သိုင်းလောကမှ ပျောက်ကွယ်သွားပြီးနောက် လုံးဝသတင်း မကြားရတော့ပါ။

ပထမတွင် သိုင်းလောကမှ ပျောက်ကွယ်သွားပြီး မကြာမီ တစ်နေ့မှာ ပေါ်လာလိမ့်ဦးမည်ဟု ယုံကြည်ထားသေး၏။

သို့သော်...

အချိန်ကာလ တရွေ့ရွေ့ ကုန်ဆုံးသွားပြီး ရာသီဥတုက တစ်ခုပြီးတစ်ခု ပြောင်းလဲသွားရာတွင် နဂါးစိမ်းဂိုဏ်းသည် လုံးဝထွက်ပေါ်လာခြင်း မရှိပါတော့ချေ။

ထို့နောက် သိုင်းလောကသားများက နဂါးစိမ်းဂိုဏ်းဟူသော အမည်ကို တဖြည်းဖြည်း မေ့ပျောက်ကုန်ကြသည်။

နဂါးစိမ်းဂိုဏ်းသည် သိုင်းလောကမှ နှစ်ပေါင်းသုံးဆယ်နီးပါးခန့် ပျောက်ဆုံးသွားပြီးနောက်...

ယခု တစ်နှစ်၊ နှစ်နှစ် အတွင်းမှ နဂါးစိမ်းဂိုဏ်း၏ လှုပ်ရှားမှုသတင်းများသည် တစ်ခုစ နှစ်ခုစ ပြန်လည်ထွက်ပေါ်လာပြန်လေသည်။

သိုင်းလောကသားများက ပြန်လည်သတိပြုလာသောအခါ ဂိုဏ်း၏လှုပ်ရှားမှုသည် ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်လှုပ်ရှားလာသည်ကို တွေ့မြင်လိုက်ရလေသည်။



ထို့ကြောင့်...

သိုင်းလောကသားတို့သည် နေမထိ ထိုင်မသာဖြစ်ကာ တစ်နေ့နေ့ တစ်ချိန်ချိန် မိမိတို့ကို ရန်မူလာမည်ကို ကြိတ်၍ စိုးရိမ်မိသည်။

သိုင်းလောကသားများတို့ နဂါးစိမ်းဂိုဏ်းကို အဘယ်ကြောင့် ဤမျှ ကြောက်ရွံ့တုန်လှုပ်ကြပါသနည်း။

♠ ♠ ♠

တစ်နှစ်လျှင် ရက်ပေါင်းသုံးရာခြောက်ဆယ့်ငါးရက် ရှိ၏။

နဂါးစိမ်းဂိုဏ်း၏ ဂိုဏ်းခွဲများသည် သုံးရာခြောက်ဆယ့်ငါးခုပင် ရှိနေသည်။

သူတို့၏ဂိုဏ်းခွဲများကိုလည်း နေ့စွဲပမာ မှည့်ခေါ်ထားကြသည်။

ဥပမာ... တစ်လ... တစ်ရက်...

တစ်လ... တစ်ရက် ဟူသည် နဂါးစိမ်းဂိုဏ်း၏ ဂိုဏ်းခွဲတစ်ခု၏ သင်္ကေတပင် ဖြစ်သည်။

စုစုပေါင်း သုံးရာခြောက်ဆယ့်ငါးရက်မှာ ဂိုဏ်းခွဲသုံးရာခြောက်ဆယ့်ငါးခု၏ သင်္ကေတပင် ဖြစ်လေသည်။

ဤသို့ဆိုလျှင် နဂါးစိမ်းဂိုဏ်း၏ ဂိုဏ်းခွဲ တည်နေရာကို အား

www.burmeseclassic.com



လုံးက သိနိုင်ကြမည် မဟုတ်ပါလော။

မသိကြပါချေ။

သိုင်းလောကသားများက နဂါးစိမ်းဂိုဏ်းတို့၏ ဌာနချုပ်ကို လုံးဝမသိကြပါ။

သူတို့သည် သူတို့နေထိုင်သော ပတ်ဝန်းကျင်တွင် နဂါးစိမ်းဂိုဏ်း ရှိသည်ကို ကောင်းစွာသိလေသည်။

သို့သော်…

ဌာနချုပ် တည်နေရာမှာ မည်သည့်နေရာ၌ ရှိသည်ကိုမူ မသိကြပါ။

ဤသို့ဆိုလျှင် နဂါးစိမ်းဂိုဏ်း တည်နေရာမှာ မည်သည့်နေရာ၌ ရှိသည်ကို သိုင်းလောကသားများ သိထားကြပါသလား။

အဖြေကား…မသိပါချေ။

ဂိုဏ်းချုပ်ကြီးကို မည်သူကမျှ မသိ။

မည်သူကမျှ မမြင်တွေ့ဖူးပါ။

ဤသည် နဂါးစိမ်းဂိုဏ်း၏ ကြောက်မက်ဖွယ်ရာကောင်းသော အချက်တစ်ချက်ပင် ဖြစ်၏။

နဂါးစိမ်းဂိုဏ်းသားများတို့သည် အချိန်မရွေး သူများကို သွားရောက်ရန်မူနိုင်သည်။

ထိုလူများမှာမူ နဂါးစိမ်းဂိုဏ်းကို မည်သို့မျှလိုက်ရှာ၍ မရနိုင်ပါ။

ထို့ကြောင့်…



သိုင်းလောကသားများတို့သည် နဂါးစိမ်းဂိုဏ်းကို အတတ်နိုင်ဆုံး ရှောင်ကြ၏။

အထူးသဖြင့် ကျူးထင်းဖုန်းကိုယ်တိုင် နဂါးစိမ်းဂိုဏ်း၏ ဂိုဏ်းချုပ်နှင့် လုံးဝ မတွေ့မြင်ခဲ့ဖူးပေ။

နဂါးစိမ်းဂိုဏ်းက အဘယ်ကြောင့် မိမိအား အစစအရာရာ အကူအညီပေးနေသည်ကို လုံးဝမသိဘဲ ဖြစ်နေ၏။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## သူရဲကောင်းတောင်ကုန်း

ယခု...

သိုင်းလောကတွင် သူရဲကောင်းတောင်ကုန်းမှာ လျှမ်းလျှမ်းတောက်ကျော်ကြားနေသော နေရာတစ်ခု ဖြစ်လာ၏။

သူရဲကောင်းတောင်ကုန်းသည် သမာဓိမင်းကြီး ဘွဲ့ရထားသော မိသားစု၏နေရာ ဖြစ်၏။

မူလပိုင်ရှင် သေဆုံးသွားပြီး တပည့်များ ဖြစ်ကြသော လွှကြိုးနှင့် ဖန်ရွှန်းတို့မှာ ထွက်ပြေးတိမ်းရှောင်သွားသည့်နောက်...

ကျူးထင်းဖုန်းသည် သမာဓိမင်းကြီးဟူသော ဘွဲ့ကို ဆက်လက်ခံယူလိုက်ပြီး...

သူရဲကောင်းတောင်ကုန်းတွင် ကြီးမားသော အဆောက်အအုံတစ်ခု တည်ဆောက်ကာ သူရဲကောင်းတောင်ကုန်းဟု အမည်ပေးထားလေသည်။

ယခု...

သူရဲကောင်းတောင်ကုန်း၏အာဏာစက်သည် သိုင်းလောကတစ်ခုလုံးကို ဖြန့်ခွဲသွားပြီ ဖြစ်လေတော့သည်။



မည်သည့်ဂိုဏ်းအဖွဲ့မဆို သူရဲကောင်းတောင်ကုန်း၏ စေခိုင်းချက်ဖြင့် လုပ်ဆောင်ကြရလေတော့သည်။

တစ်နည်းဆိုရလျှင် သိုင်းလောကမှ ဂိုဏ်းအဖွဲ့အစည်းများတို့က သူရဲကောင်းတောင်ကုန်း၏အမိန့်ကို နာခံကြရမည် ဖြစ်သည်။

အကယ်၍ ဂိုဏ်းတစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခုတို့သည် သူရဲကောင်းတောင်ကုန်း၏အမိန့်ကို နာခံရန် ငြင်းပယ်ခဲ့လျှင် ရက်မကြာမီအတွင်း နဂါးစိမ်းဂိုဏ်းသားတို့က ရက်စက်စွာ တိုက်ခိုက်ခြင်းကိုခံရမည် ဖြစ်သည်။

ထို့ကြောင့်...

နောင်တွင် မည်သည့်အဖွဲ့အစည်းကမှ သူရဲကောင်းတောင်ကုန်း၏အမိန့်ကို အန်တုဝံ့ခြင်း မရှိတော့ပါချေ။

ထို့ကြောင့် သူရဲကောင်းတောင်ကုန်း၏အမည်သည် မှန်းတည့်ချိန် နေဝန်းပမာ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သည်။

သူရဲကောင်းတောင်ကုန်း၏ အရှင်သခင် ဖြစ်သူ ကျူးထင်းဖုန်းမှာလည်း မသိသူ မရှိသလောက်ပင် ကျော်ကြားခဲ့ပေ၏။

သို့သော်...

ကျူးထင်းဖုံးမှာ တကယ်ပင် အာဏာရှိခဲ့သည်လော။

ဤအကြောင်းကို သူကိုယ်တိုင်မှလွဲ၍ မည်သူကမျှ မသိပါချေ။ ဟုတ်ပါသည်။

အမှန်တော့ ကျူးထင်းဖုန်းသည် သူရဲကောင်းတောင်ကုန်း၏အရှင်သခင် ဖြစ်သည်ကို လူတိုင်းက အသိအမှတ်ပြုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လှပ်ရှားမှု အမိန့်များ ချမှတ်သောအခါ ကျူးထင်းဖုန်းကိုယ်တိုင်က ဆောင်ရွက်နေခြင်း ဖြစ်သည်။

သူချပေးလိုက်သော အမိန့်များ အားလုံးတို့သည် သူကလုံးဝ ဘဝင်မကျသည်မှာ သေချာသည်။

အကြောင်းမှာ သူသည် အမိန့်တစ်ခု ချမှတ်တိုင်းမှာ သူ၏မျက်နှာမှာ ဝမ်းနည်းသည့် အရိပ်အယောင်များ ပေါ်လွင်နေသည်ကို သတိပြုကြည့်မိပါက တွေ့မြင်ပေသည်။

ဤသို့ဆိုလျှင် သူချမှတ်ပေးလိုက်သော အမိန့်များမှာ သူ၏သဘောအတိုင်း မဟုတ်သည်မှာ သေချာလှပေလေသည်။

ယနေ့ သူသည် အမိန့်တစ်ခု ထပ်မံချမှတ်လိုက်သည်။

ယင်းအမိန့်မှာ ထိုက်စန်းနယ် ရွှေခေါင်းလောင်းဂိုဏ်းက မိမိတို့ ဆင့်ခေါ်လိုက်သော ရွှေ၊ ငွေနှင့် ရိက္ခာများ ပို့ပေးရန် ငြင်းဆိုလိုက်သဖြင့် ရွှေခေါင်းလောင်းဂိုဏ်းအား ဖြိုဖျက်ပစ်ရန် ချမှတ်သော အမိန့်ပင် ဖြစ်လေတော့သည်။ သူသည် အမိန့်ကို ချပြီးနောက်...

မိမိ၏သီးသန့်အခန်းသို့ ပြန်လည်ရောက်ရှိသွားလေသည်။

မိမိ ဘဝကို တွေးမိရင်း တစ်ယောက်တည်း ထိုင်၍ ငေးငိုင်နေလေသည်။

♠ ♠ ♠

ကျူးထင်းဖုန်းသည် အတန်ကြာ ငေးမောနေပြီးမှ သမီးဖြစ်သူ ကျူးရှမ်းအောကို သတိရလာလေသည်။



ကျူးရှမ်းအော အိမ်က ထွက်သွားသည်မှာ အတော်ကြာနေပြီ ဖြစ်သည်။

သူမသည် လွေကြိုး ပြဿနာ ဖြစ်ခဲ့ပြီးနောက် အိမ်မှ ထွက်သွားခဲ့ခြင်း ဖြစ်သည်။

သူမနှင့် လွေကြိုး ပတ်သက်နေကြောင်း ကျူးထင်းဖုန်း ရိပ်မိထားပြီး ဖြစ်သည်။

သမာဓိမင်းကြီးဘွဲ့ထူးကို မက်မောသူများက သူ့ရဲကောင်းတောင်ကုန်းကို တိုက်ခိုက်တာ ပိုင်ဖန်းကို လုပ်ကြံခဲ့ကြသည်။

ထို့နောက် လွေကြိုး၏ခေါင်းပေါ် အပြစ်ပုံချခဲ့ကြသည်။

ထိုလူများတွင် ကျူးထင်းဖုန်းလည်း ပါဝင်သကဲ့သို့ ရှိနေသည် မဟုတ်ပါလား။

လွေကြိုးက မိမိအား သဘောကျမည် မဟုတ်ကြောင်း ကျူးထင်းဖုန်း နားလည်ထား၏။

သမီးဖြစ်သူ ကျူးရှမ်းအောက လွေကြိုးနှင့်တွေ့လျှင် ထိုကိစ္စကို ဖြေရှင်းပေးလိမ့်မည်ဟု ပုံကြည်ထား၏။

ကျူးရှမ်းအောသည် ဝမ်းတာတို့ ရောက်လာပြီး အရေးပါသော နေရာများ ရယူထားကတည်းက အမှားအယွင်း တစ်ခုခု ရှိနေပြီဟု နားလည်သွားလိမ့်မည် မဟုတ်ပါလား။

ကျူးရှမ်းအောသည် လွေကြိုးနှင့် တွေ့ဆုံနိုင်ပါစေဟု ဆုတောင်းလိုက်သည်။

ကျူးရှမ်းအော အကြောင်း တွေးကာ စိတ်ပူပန်ရှားပြီး ထိုင်

www.burmeseclassic.com

www.burmeseclassic.com



ရာမှ ထလိုက်သည်။

သို့သော်...

ကျူးထင်းဖုန်သည် စိတ်ပျက်စွာဖြင့် ထိုင်ချလိုက်လေတော့သည်။

သူသည် မိမိမှာ အာဏာကို မက်မောသောကြောင့် ယခုကဲ့သို့ သူများ၏ချုပ်ချယ်မှုအောက်တွင် ပြားပြားဝပ်နေရသည်ကို နောင်တကြီးစွာ ရလာလေသည်။

လွန်ခဲ့သော တစ်နှစ်လောက်က ဖြစ်သည်။

မိမိသည် ညွှန်ခန်းထဲ၌ တစ်ယောက်တည်း ရှိနေစဉ် ကြေးမျက်နှာဖုံးပိုင်ရှင်နှင့်လူက ရောက်ရှိလာလေသည်။

အံ့သြဖွယ်ရာကောင်းသည်မှာ ထိုလူသည် အစောင့်အကြပ်အထပ်ထပ် ချထားသည့်ကြားမှ ညွှန်ခန်းထဲသို့ အေးဆေးစွာ ရောက်လာနိုင်ခြင်း ဖြစ်သည်။

"ခင်ဗျား ဘယ်သူလဲ"

ကျူးထင်းဖုန်းက အံ့သြစွာ မေးလိုက်သည်။

ထိုလူက ပြုံး၍...

"ပိုက်ဆံချုပ်ကြီးနဲ့ ဆွေးနွေးစရာရှိလို့ လာတာပါ"

"ခင်ဗျားက ကျုပ်တို့ တံခါးမှူးကို အကြောင်းမကြားဘဲ ဘာဖြစ်လို့ ကျူးကျော်ဝင်ရောက်လာတာလဲ"

"အို မလိုအပ်ပါဘူးဗျာ၊ ကျုပ်ဆွေးနွေးရမယ့် ကိစ္စက လူသိနည်းလေ ပိုကောင်းလေပဲ"



ထိုလူက ပြောပြောဆိုဆို ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။ ကျူးထင်းဖုန်းက မခံမရပ်နိုင် ဖြစ်လာလေသည်။

"ခင်ဗျား အခု ထွက်သွားပါ။ နို့မဟုတ်ရင် ကျုပ်က မောင်းထုတ်ရပါလိမ့်မယ်"

ထိုလူက ရယ်မောလိုက်သည်။

"ကျုပ်က ခင်ဗျားအတွက် အကျိုးရှိမယ့်ကိစ္စ လာပြီး ဆွေးနွေးတာ ဘာဖြစ်လို့ မောင်းထုတ်ချင်ရတာလဲ"

သူကပင် စကားဆက်လာသည်။

"ကျုပ်ပြောမယ့် စကားကို နားထောင်ပါဦးလေ၊ သဘောမကျဘူးဆိုရင် ကျုပ်သွားပါ့မယ်၊ မောင်းထုတ်စရာ မလိုပါဘူး"

ကျူးထင်းဖုန်းက အနည်းငယ် စိတ်ဝင်စားလာသည်။

"ဒါဖြင့် ပြောစမ်းပါဦးလေ"

ထိုလူက ရယ်မောလိုက်သည်။

"ဒီလိုမှပေါ့ဗျာ"

သူသည် သူ၏အကြံကို တင်ပြပြောဆိုလိုက်လေသည်။

"သူ့ရဲ့ကောင်းတောင်ကုန်းကို သိလား"

"သိပါတယ်ဗျာ၊ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့တဲ့ အဖွဲ့အစည်းတစ်ခုပါပဲ"

"ဟုတ်ပါတယ်၊ ဒါပေမယ့် အခုတော့ သူ့ရဲ့ကောင်းတောင်ကုန်းဟာ လုံးဝပြိုကွဲသွားပြီဆိုတာ ခင်ဗျားသိမှာပေါ့"

ကျူးထင်းဖုန်းက သက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ သိပ်စိတ်မကောင်းစရာပါပဲဗျာ"

ထိုလူက...

"အမွေဆက်ခံမယ့် လှေကြီးလဲ ထွက်ပြေးတိမ်းရှောင်နေရတယ်"

"ဟုတ်ကဲ့"

"ဒါဟာ ခင်ဗျားအတွက် အခွင့်အရေးတစ်ခုပဲ"

ကျူးထင်းဖုံးက မျက်မှောင်ကြုတ်သွား၏။

"ဘာဖြစ်လို့လဲ"

ထိုလူက...

"ကျုပ် အခုလာခဲ့တာ ခင်ဗျားအတွက် အကြံလာပေးတာပါ"

ကျူးထင်းဖုန်း စိတ်ဝင်စားလာသည်။

"ကျုပ်နဲ့ ဘာဆိုင်လို့လဲ"

ထိုလူက...

"ဆိုင်တာပေါ့။ အခုလို သူရဲကောင်းတောင်ကုန်းမှာ ပိုင်ရှင်မရှိခင်၊ ကိုယ်က ဦးအောင်ဝင်ပြီး ထိန်းသိမ်းလိုက်ရမယ်"

ကျူးထင်းဖုန်းက...

"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်၊ ခင်ဗျားက လက်ဦးအောင်မဝင်ရင် တခြားအဖွဲ့ကဝင်မှာ သေချာတယ်"

ကျူးထင်းဖုန်းက...



"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်၊ အင်း ပထမတော့ ဝင်ပြီးထိန်းသိမ်းတဲ့သဘောပေါ့။ ဘယ်သူကမှ ကန့်ကွက်စရာအကြောင်း မရှိဘူး။ နောင်တဖြည်းဖြည်း စည်းရုံးပြီး သိုင်းလောကကို သိမ်းပိုက်နိုင်မယ် မဟုတ်လား"

ကျူးထင်းဖုန်းသည် အလွန်စိတ်ပါလာပြီ ဖြစ်သည်။

"ကျုပ်မှာ ဒါလောက် အင်အားမရှိဘူး ထင်တယ်"

ထိုလူက သူ၏ရင်ဘတ်ကို ပုတ်ပြလိုက်သည်။

"ဒါတွေ မပူနဲ့၊ ခင်ဗျားအတွက် ကျုပ်အစွမ်းကုန် ကြိုးစားပါ့မယ်"

ကျူးထင်းဖုန်းက...

"ခင်ဗျားက ဘယ်သူလဲ၊ ကျုပ်ကို ဘယ်လိုထောက်ခံမှာလဲ"

ထိုလူက ပြောသည်။

"ကျုပ် ဘယ်သူလဲဆိုတာ အရေးမကြီးဘူး။ ခင်ဗျားသဘောတူမယ်ဆိုရင် ကျုပ်ရဲ့လှုပ်ရှားမှုက သက်သေပြလိမ့်မယ်"

ကျူးထင်းဖုန်းက...

"ခင်ဗျားက ကျုပ်ကို ထောက်ခံပေးတာ၊ ခင်ဗျားအတွက် ဘယ်လိုအကျိုးအမြတ်ရလဲ"

ထိုလူက...

"လောလောဆယ် ခင်ဗျားဆီက ဘာအကျိုးအမြတ်မှ မယူ

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး တစ်နေ့ ခင်ဗျားအောင်မြင်ကြီးပွားလာမှ ကျုပ်က တောင်းခံမှာပါ"

ကျူးထင်းဖုံး အနည်းငယ် စဉ်းစားလိုက်သည်။

"နေပါဦး။ ဒီလို အကျိုးရှိမယ့်အလုပ်ကို ခင်ဗျားက ဘာဖြစ်လို့ ကိုယ်တိုင်မလုပ်ဘဲ ကျုပ်ကို လာပြီးနိုင်းရတာလဲ"

ထိုလူက ပြုံးလိုက်သည်။

"ရှင်းရှင်းပြောရမယ်ဆိုရင် ကျုပ်က သိုင်းလောကမှာ နာမည်မှမရှိဘဲ"

ကျူးထင်းဖုန်းက...

"တခြားလူတွေကို သွားပြောရင် အားလုံးက လက်ခံမှာ သေချာတယ်၊ ခင်ဗျား ဘာကြောင့် ကျုပ်ကိုမှ လာဆွေးနွေးရတာလဲ"

ထိုလူက...

"ကျူးထင်းဖုန်း အမည်ဟာ သိုင်းလောကသား အားလုံး လေးစားတယ်၊ ဘာဖြစ်လို့လဲဆိုရင် ကျူးထင်းဖုန်း နာမည်ပျက် မရှိဘူး။ တရားမျှတမှု ရှိတယ်လို့ အားလုံးက အသိအမှတ်ပြုတယ်၊ ယုံကြည်တယ်၊ ဒါကြောင့် ဒီနေရာမှာ ခင်ဗျားထက် သင့်တော်မယ့်လူ မရှိဘူးလို့ ကျုပ်ယူဆမိလို့ ခင်ဗျားဆီ အခုလို လာရတာပါ"

ကျူးထင်းဖုံး မငြင်းတော့ပါ။

ထိုအချိန်မှ စ၍...

သူ့ရဲကောင်းတောင်ကုန်း မီးလောင်ခြင်း...



သူရဲကောင်းတောင်ကုန်း မိသားစုမှ တစ်ဦးတည်း အမွေဆက်ခံသင့်သူ လွှေကြိုးသည် ခြေဦးတည့်ရာသို့ ရှောင်ပုန်းနေရသည်။

ကျူးထင်းဖုန်းက သူရဲကောင်းတောင်ကုန်း ထိန်းသိမ်းရန် အကြောင်းပြ၍ သူရဲကောင်းတောင်ကုန်းအား အပိုင်စီးလိုက်သည်။

ထို့နောက် အမိန့်စာ အမျိုးမျိုး ထုတ်သည်။

အမိန့်မနာခံလျှင် သုတ်သင်ရှင်းလင်းခဲ့သည်။

ဤလုပ်ဆောင်ချက်မှာ ကြေးမျက်နှာဖုံးရှင်က အကုန်စီစဉ်သွားလေသည်။

ကျူးထင်းဖုန်းသည် မဟန်မှန်း နားလည်သောကြောင့် သောကများကို ဖိုက်လျက် အတိဒုက္ခရောက်နေရလေ၏။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## မြွေမြွေချင်းခြေမြင်

အမှန်တော့...

ကျူးထင်းဖုန်းသည် ဂိုဏ်းချုပ်တစ်ယောက် ဖြစ်သည်။

သိုင်းလောကတစ်ခုလုံး၏ ကြည်ညိုလေးစားခံရသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။

သူ၏တေးသုံးကွက်မှာလည်း သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သည်။

တစ်နည်းဆိုရလျှင် သူသည် ဂိုဏ်းချုပ်တစ်ဦး၏ အရည်အချင်း အပြည့်အဝရှိသူ ဖြစ်သည်။

အရည်အချင်း ပြည့်ဝသော လူတစ်ယောက်သည် အခြားတစ်ဦးတစ်ယောက်၏ ဖိနှိပ်ချုပ်ကိုင်ခြင်းကို လုံးဝလက်ခံနိုင်မည် မဟုတ်ပါ။

ကျူးထင်းဖုံးသည် ကြေးမျက်နှာဖုံးရှင်၏ ချုပ်ချယ်မှုကို လုံးဝလက်မခံနိုင်သော အခြေအနေသို့ ရောက်လာသည်။

သူသည် ရှင်ဆိုင်ရန် ဆုံးဖြတ်လိုက်လေသည်။



သူ၏အကြံကို ကြေးမျက်နှာဖုံးရှင်က ကြိုတင်သိထားသည့် အလား။

သာတောင့်သာယာသော နံနက်ခင်း တစ်ခုတွင်...

ကျူးထင်းဖုန်းသည် တစ်နှစ်ခန့် လေ့ကျင့်မှုနှင့် ကင်းကွာနေရာမှ လွန်ခဲ့သော ဆယ်ရက်ခန့်က စတင်၍ တေးပညာ နေ့စဉ်မပြတ် လေ့ကျင့်လာလေသည်။

ယနေ့နံနက် သူသည် ထုံးစံအတိုင်း အဆောက်အဦး အနောက်ဘက်ရှိ မြေကွက်လပ်ပေါ်တွင် လေ့ကျင့်နေရာ...

"ဖြောင်း...ဖြောင်း...ဖြောင်း"

လက်ခုပ်သံ ခပ်အုပ်အုပ် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဂိုဏ်းချုပ်ရဲ့ တေးပညာသုံးကွက်က ဘယ်ဆိုးလို့တုန်း"

ထိုစကားနှင့်အတူ ကြေးမျက်နှာဖုံးရှင်က တောအုပ်ကြားမှ လှမ်းထွက်လာလေသည်။

ကျူးထင်းဖုန်းက မျက်မှောင်ကြုတ်သွားသည်။

"ခေါင်းဆောင်ကြီး ဘယ်က စောစောစီးစီး ရောက်လာတာလဲ"

ကြေးမျက်နှာဖုံးရှင်က ရယ်မောလိုက်သည်။

"အခုတလော ဂိုဏ်းချုပ်ကြီးက တေးပညာ ပြန်ပြီး လေ့ကျင့်တာ တွေ့ရလို့ နေ့တိုင်းလိုလို လာရောက်နေပါတယ်ဗျာ"

ကျူးထင်းဖုန်းက စိတ်တိုသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားလဲ သိုင်းသမားတစ်ယောက်ပါ။ သူများ ဓားပညာ လေ့ကျင့်နေတာကို ခွင့်မတောင်းဘဲ လာကြည့်တာဟာ စည်းကမ်း ဖောက်ဖျက်ရာ ရောက်တယ်ဆိုတာ နားလည်ရမှာပေါ့"

သူ၏ရယ်သံ ရုတ်တရက် တင်းမာသွားသည်။

"ခင်ဗျား အခုလိုဓားပညာ ပြန်ပြီးလေ့ကျင့်နေတာက ဘာ သဘောလဲ"

"ခင်ဗျားက ဘယ်လိုမြင်လို့လဲ"

"ကျုပ်မြင်တာက ခင်ဗျား ကျုပ်အပေါ် မကျေမနပ် ဖြစ်လို့ ကျုပ်ကို အနိုင်ယူဖို့ ကြိုးစားနေတယ်လို့ ထင်တယ်ဗျ"

ကျူးထင်းဖုန်းက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားထင်တဲ့အတိုင်း မှန်တယ်ဆိုရင်ရော"

ကြေးမျက်နှာဖုံးရှင်က ခေါင်းခါယမ်းပြလိုက်သည်။

"ခင်ဗျားက ကျုပ်ကို အနိုင်ယူမယ်ဆိုရင် သိပ်မှားသွားမှာ ပေါ့"

"ရှမ်း"

ကျူးထင်းဖုံးက ဓားကို တစ်ချက်လွှပ်ရှားလိုက်လေတော့ သည်။

ကြေးမျက်နှာဖုံးရှင်နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

"လက်တွေ့ဟာ အမှန်ဆုံး အဖြေ ဖြစ်ပါလိမ့်မယ်"

ကြေးမျက်နှာဖုံးရှင် ရယ်မောလိုက်သည်။

"ကျူးထင်းဖုန်း၊ ခင်ဗျားရဲ့ ဓားပညာကတော့ ထက်မြက်ပါ



တယ်ဗျား ဒါပေမယ့် ကျုပ်နဲ့ ဘယ်လိုမှ ယှဉ်လို့ရမှာ မဟုတ်ဘူး"

ကျူးထင်းဖုံး စကားမပြောတော့ပါ။

သူ၏ဓားပညာကို စတင်လှုပ်ရှားပြီး တိုက်ခိုက်လိုက်လေ သည်။ သူ၏ဓားပညာသည် တကယ်ပင် အားမာန်ကောင်းသည်။

တိကျသည် လျှင်မြန်သည်။

အဝေးက ကြည့်နေသော လူတစ်ယောက်အဖို့ လူကို မတွေ့တော့ဘဲ ဓားရောင်သာ မွှေးလက်ပြီး အနီးပတ်ဝန်းကျင်ရှိ သစ် ကိုင်းငယ်နှင့် သစ်ရွက်များသည် တဖြုတ်ဖြုတ် ကျိုးပဲ့ကြွေကျသွား ကုန်လေသည်။

ဓား၏ဝှေ့ယမ်းလှုပ်ရှားမှုကြောင့် ဖြစ်ပေါ်လာသော လေ ထုသည် မြေပြင်မှာ ဖုန်များ၊ သဲများ၊ အမှိုက်သရိုက်များ ပလူပျံသွား သည်။ အလွန်အံ့ဖွယ်ရာကောင်းသော ဓားပညာပါပေ။

သို့သော်...

ကြေးမျက်နှာဖုံးရှင်သည် မားမားမတ်မတ် ရပ်လျက်နေ၏။

အားမာန်ကောင်းလှသော ဓားချက်များကြားမှ သေးမသိ ရှန်မခံဘဲ ရပ်နေ၏။ ဤသို့ဖြင့် တခဏအကြာတွင်...

ကြေးမျက်နှာဖုံးရှင်၏ အသံထွက်လာသည်။

"ခင်ဗျားပညာ ဒါပဲလား၊ ဒါဖြင့် ကျုပ်ရဲ့ ဓားပညာကို လေ့ လာပါဦး"

သူ၏စကားဆုံးသွားသည်နှင့် လက်တစ်ချက် ဝှေ့ယမ်းလိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



"ချွမ်း"

သူ၏လက်ထဲတွင် ဖြူဖွေးတောက်ပသော မားတစ်လက် ပါရှိလာလေသည်။

သူသည် မားကို တစ်ချက်ဝှေ့ယမ်းလိုက်သည်။

"ယား"

"ချွမ်း"

လှုပ်ရှားမှု အားလုံးတို့သည် တစ်မုဟုတ်ချင်း ငြိမ်သက်သွားကြလေသည်။

ကြေးမျက်နှာဖုံးရှင်သည် မားကို မားအိမ်ထဲသို့ ထိုးသွင်းပြီးသား ဖြစ်သည်။

ကျူးထင်းဖုန်း မျက်နှာတစ်ခုလုံးတွင် သွေးရောင်ပင် မရှိတော့ချေ။ ဖြူဖပ်ဖြူရော်ပင် ဖြစ်နေသည်။

ကျူးထင်းဖုံး လက်ထဲတွင် မားကိုးတစ်ပိုင်းသာ ကျန်တော့သည်။ သူသည် စကားတစ်ခွန်းမျှ မပြောနိုင်တော့ဘဲ ကျောက်ရုပ်ပမာ ရပ်လျက်နေ၏။

"ဟား..ဟား..ဟား"

ကြေးမျက်နှာဖုံးရှင်သည် အားရပါးရ ရယ်မောရင်း ထွက်ခွာသွားလေသည်။

♠ ♠ ♠



ကျူးထင်းဖုန်းက လုံးလုံးလက်လျှော့လိုက်ပြီ ဖြစ်လေသည်။

သူသည် ထိုကြေးမျက်နှာဖုံးရှင်ထံမှ ထွက်ပြေးဖို့ အခွင့်အလမ်းစောင့်နေ၏။

သို့သော်...

ကြေးမျက်နှာဖုံးရှင်သည် သူ၏လူယုံတော်ဖြင့် သူ့အား အလစ်မပေးသဖြင့် သူသည် မည်သို့မျှ မကြံသာဘဲ ဖြစ်နေ၏။

ယခု ကြေးမျက်နှာဖုံးရှင်သည် ရွှေခေါင်းလောင်းဂိုဏ်းအား ရှင်းလင်းသုတ်သင်ပစ်ရန် အမိန့်ပေးလိုက်ပြီး ဖြစ်သည်။

ယင်းအမိန့်ကို သူက လက်တွေ့အကောင်အထည်ဖော်ရပေမည်။

သို့သော်...

ဤတစ်ကြိမ်သည် ရွှေခေါင်းလောင်းဂိုဏ်းသို့ မိမိတို့၏ နဂါးစိမ်းဂိုဏ်း မရောက်မီ ထွက်ပြေးတိမ်းရှောင်နိုင်ရန် သူကြိုးစားသင့်သည်ဟု ယူဆမိလေသည်။

ထို့ကြောင့်...

သူက လက်ခုပ်တစ်ချက်တီးလိုက်သည်။

"ဖြောင်း"

သူ၏လက်ခုပ်သံ ဆုံးသွားသည်နှင့် လူတစ်ယောက်သည် ရေနွေးကြမ်းကရားကို ဗန်းဖြင့် သယ်ဆောင်၍ အခန်းထဲသို့ ရိုရိုသေသေ လှမ်းဝင်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဂိုဏ်းချုပ်ကြီး ရေနွေးကြမ်း"

ကျူးထင်းဖုန်းက လှည့်ပင်မကြည့်ပါ။

"စားပွဲပေါ် ထားခဲ့"

"ဟုတ်ကဲ့"

ထိုသူသည် အရိုအသေပြုပြီး ရေနွေးကြမ်းဗန်းကို စားပွဲပေါ်သို့တင်လျက် အခန်းထဲမှ နောက်ဆုတ် ထွက်ခွာသွားလေသည်။

ကျူးထင်းဖုန်းသည် ရေနွေးကြမ်းအား အေးအေးဆေးဆေး ဆေးငှဲ့၍ အရသာခံ၍ သောက်နေလေတော့သည်။

သီးသန့်အခန်း၏ အပြင်ဘက် တစ်နေရာတွင် အခန်းထဲသို့ ချောင်း၍ ကြည့်နေသော လူတစ်ယောက် ရှိလေသည်။

သူသည် ကျူးထင်းဖုန်း၏လှုပ်ရှားမှုအား ကြည့်၍ ထူးခြားချက် ရှိလျှင် ထူးခြားသည့်အတိုင်း သူ၏ဆရာ ကြေးမျက်နှာဖုံးရှင်ထံသို့ သတင်းပို့ရမည် ဖြစ်သည်။

ထိုလူသည် အတန်ကြာ ကြည့်နေသော်လည်း ကျူးထင်းဖုန်းမှာ ရေနွေးကြမ်းကို အရသာခံ၍ သောက်နေသည်မှအပ မည်သည့် ထူးခြားသည့် အရိပ်အရောင်မျှ မတွေ့ရပါ။

တခဏအကြာတွင် ကျူးထင်းဖုန်းက လက်ခုပ်တစ်ချက် တီးလိုက်ပြန်သည်။

"ဖြောင်း"

ပထမ ရေနွေးကြမ်း လာရောက်ပို့သော လူသည် အခန်းထဲသို့ ပြန်ဝင်လာလေသည်။



ကျူးထင်းဖုန်းက လှည့်ပင် မကြည့်ပါ။

လက်တစ်ချက် ဝှေယမ်းလိုက်သည်။

ထိုလူက အရိုအသေပြုပြီး ရေနွေးကြမ်းဗန်းကို သယ်၍ အခန်းထဲမှ ထွက်သွားလေသည်။

♠ ♠ ♠

ဤနေရာသည် ရှည်လျားသော စင်္ကြံလမ်း ဖြစ်လေတော့သည်။

စင်္ကြံလမ်းတစ်လျှောက်လုံး လူသူတစ်စုံတစ်ယောက်မျှ မရှိပါ။

ရေနွေးကြမ်း ဗန်းကိုင်ဆောင်သော လူသည် အေးဆေးစွာ လျှောက်သွားသည်။

"ရပ်လိုက်"

လူတစ်ယောက်က ဟန့်တားလိုက်သဖြင့် ထိုလူက ခြေလှမ်း ရပ်တန့်သွား၏။ သူ့ရှေ့၌ လူတစ်ယောက် ဘွားခနဲ ပေါ်လာသည်။

အနက်ရောင်အင်္ကျီ၊ အနက်ရောင်ခေါင်းပေါင်း ဖြစ်သည်။

အလင်းရောင် အားကုန်နေသဖြင့် ထိုလူ၏မျက်နှာအား ပီပီ ပြင်ပြင် မတွေ့မြင်ရပါ။

"မင်း ဘယ်က လာတာလဲ"

"ဂိုဏ်းချုပ်ကြီး အခန်းထဲက"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စနဲ့ သွားတာလဲ"

"ရေနွေးကြမ်း သွားပို့တာ၊ ဒီအခန်းမှာ အမြဲတမ်း ပို့နေကျပဲ"

"ပြစမ်း"

ထိုလူက သူ၏ရေနွေးကြမ်းဇန်းကို လှမ်းယူလိုက်လေတော့သည်။

သူ၏မျက်လုံးအစုံသည် ရေနွေးကြမ်း ဇန်းကိုင်ဆောင်ထားသောလူအား စူးရှစွာ အကဲခတ်ကြည့်နေ၏။

ရေနွေးကြမ်း ဇန်းကိုင်ဆောင်ထားသော လူက အေးအေးဆေးဆေးပင် ရှိနေ၏။

ယင်းကဲ့သို့ စစ်ဆေးသည်ကို သူနှင့် လုံးဝမသက်ဆိုင်သည့်အလား မလှုပ်မယှက် ရပ်နေသည်။

အနက်ရောင်ဝတ်ဆင်ထားသော လူက ရေနွေးကြမ်းအိုး၏ အဖုံးကို ဖွင့်၍ စစ်ဆေးသည်။

ရေနွေးကြမ်း ဇန်းကိုင်ဆောင်လာသော လူက စကားပြောလာလေသည်။

"ခင်ဗျားတို့ သံသယ ဖြစ်မယ်ဆိုရင် ယူသွားပြီး သေသေချာချာ စစ်ဆေးပါ"

သူက ပြောပြီး ခြေလှမ်းလိုက်သည်။

"ခဏ.."

အနက်ရောင်ဝတ်ဆင်ထားသူက ဟန့်တားလိုက်၏။



"ကျုပ်က သက်သက်ကျိုးစယ်တာပါပဲဗျာ၊ ဒေါသမကြီးပါနဲ့"

သူက ပြောပြီး ရေနွေးကြမ်းအိုးနှင့် ဇန်းကို ပြန်ပေးလိုက်…၏။ ထိုလူက ယူပြီး စကားမပြောတော့ဘဲ ထွက်ခွာသွားလေသည်…

♠ ♠ ♠

ရေနွေးကြမ်း ပို့ဆောင်ပေးရသည့် ငေါ်ကျိုမှာ ထိပ်တန်း… သိုင်းသမားတစ်ဦး ဖြစ်သလို ကျူးထင်းဖုန်း၏လူယုံတော်တစ်ဦး… လည်း ဖြစ်လေသည်။

ကြေးမျက်နှာဖုံးရှင်နှင့် ဝမ်းတတို့လူစုက ကျူးထင်းဖုန်း… အား ချုပ်ကိုင်ထားပြီးနောက် ကျူးထင်းဖုန်းမှာ ပြင်ပလောကနှင့် အဆက်အသွယ်ပြတ်ကာ ကြေးမျက်နှာဖုံးရှင် ကြိုးဆွဲရာကရသော… ရုပ်သေးရုပ်လေးတစ်ခုပမာ ဖြစ်ခဲ့ရလေတော့သည်။

သို့သော်...

ကျူးထင်းဖုန်းက အခြေအနေမှန်ကို နားလည်သဘော… ပေါက်လာသောအခါ လူယုံတော်အိမ်ဖော် ငေါ်ကျိုကို အသုံးပြုကာ… တိတ်တဆိတ် လှုပ်ရှားခဲ့လေသည်။

ငေါ်ကျိုက ကျူးထင်းဖုန်း ဖြစ်လိုသည့် ဆန္ဒများကို သူ၏… တပည့်တပန်းများ အသုံးချကာ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ငေါ်ကျိုနှင့် သူ၏လူများကြောင့် ကျူးထင်းဖုန်းသည် ကြေး… မျက်နှာဖုံးရှင်တို့လူစု မသိအောင် လျှို့ဝှက်စွာ လှုပ်ရှားဆောင်ရွက်…

www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့တော့သည်။

ယခုလည်း ငေါ်ကျိုသည် ကျူးထင်းဖုန်းအတွက် လျှို့ဝှက်တာဝန်တစ်ခု ထမ်းဆောင်ပေးရမည် ဖြစ်သည်။

ငေါ်ကျိုက တိတ်တဆိတ် ထွက်လာခဲ့သည်။

သူ၏ကိုယ်ဖော့ပညာမှာ ထိပ်တန်းအဆင့်ပင် ရှိနေသည်မှာ ယုံမှားဖွယ်ရာ မရှိပါ။

တခဏ အကြာတွင် သူသည် စခန်းနှင့် မိုင်ပေါင်းသုံးဆယ်ခန့်သို့ ဝေးကွာလာသည်။

သူသည် တောင်ပူစာတစ်ခုသို့ ရောက်သွားသည်နှင့် ရပ်တန့်လိုက်သည်။

"ချွပ်...ချွပ်...ချွပ်"

လက်ချပ်သုံးချက် ခပ်အုပ်အုပ် တီးလိုက်လေတော့သည်။

"ဖြောင်း...ဖြောင်း...ဖြောင်း"

လက်ချပ်သံနှင့်အတူ လူသုံးယောက်သည် ဘွားခနဲ ပေါ်လာလေသည်။

သူတို့သည် ငေါ်ကျိုအား အရိုအသေ ပြုကြသည်။

ငေါ်ကျိုက သူတို့အား ထမ်းဆောင်ရမည့် တာဝန်ကို အသေးစိတ် ပြောပြလိုက်ပြီး ထိုနေရာမှ ချက်ချင်းပြန်လှည့်လာလေသည်။

"ခေါင်...ခေါင်...ခေါင်"

တုန်းမောင်းခေါက်သံ သုံးချက်တိတိ ထွက်ပေါ်လာသည်။



သူသည် နမူးပေါ်မှ ချွေးများသုတ်ရင်း အဝတ်အစားလဲကာ ကွပ်ပျစ်ပေါ်သို့ စိတ်အေးလက်အေး လဲလျောင်းလိုက်လေသည်။

♠ ♠ ♠

ရွှေခေါင်းလောင်းဂိုဏ်းသည် ထိုက်စန်းနယ်တွင် ကျော်ကြားသော ဂိုဏ်းတစ်ဂိုဏ်း ဖြစ်သည်။

မတရားမှု လုံးဝမလုပ်တဲ့ အမှန်တရားကိုသာ ကျင့်သုံးသောအဖွဲ့တစ်ဖွဲ့ ဖြစ်သည်။

ယခုအခါမှာ ကျူးထင်းဖုန်းက သူ့အား သစ္စာတော်ခံရန် လက်မှတ်ထိုးခိုင်းသည်ကို သူက ဘဝင်မကျဘဲ ငြင်းပယ်၍ ထိုက်စန်းနယ်သို့ ပြန်လည်ရောက်ရှိလာလေသည်။

ရွှေခေါင်းလောင်းဂိုဏ်းချုပ် ကျင်းလုံသည် မိမိ၏ဌာနသို့ ပြန်ရောက်လာသည် ဖြစ်သော်လည်း သူတို့ နောက်သို့ ကြီးမားသော အန္တရာယ်က ထပ်ကြပ်မကွာ လိုက်လာနေသည်ကို လုံးဝမသိရှိပါ။

သူသည် ငေါ်ကျို၏လျှို့ဝှက်ဗိုလ်သော သတင်းကို ကြားတော့မှ အလွန်အံ့သြသွားလေသည်။

ကျင်းလုံ သိရှိထားသည်မှာ ငေါ်ကျိုသည် ကျူးထင်းဖုန်း၏ ညာလက်ရုံးတစ်ဆူ ဖြစ်သည်။

ယခု ကျူးထင်းဖုန်းက မတရားမှုများ ပြုလုပ်နေသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မခံမရပ်နိုင်၍ ယခုကဲ့သို့ တိတ်တဆိတ် သတင်းပို့လိုက်ခြင်း ဖြစ်မည်လော။

အချိန်က မရလိုက်သဖြင့် သူသည် ဤပြဿနာကို ကြာရှည်စွာ အချိန်ယူ၍ မစဉ်းစားနိုင်ပါ။

လောလောဆယ် သူသည် ရောက်လာမည့် ရန်သူကို ခုခံမည်လော။

သို့မဟုတ်...

လျင်မြန်စွာ ရှောင်တိမ်းရမည်လော။

သူသည် အားထားရသော သွေးသောက်များနှင့် တိုင်ပင်ဆွေးနွေးသည်။

ဆွေးနွေးသည့်ရလဒ်မှာ အလွန်ကြောက်မက်ဖွယ်ရာကောင်းသော လက်မရွံ့လူသတ်သမား ဖြစ်သော နဂါးစိမ်းဂိုဏ်းနှင့် ရင်ဆိုင်ရမည်မှာ မလွယ်မှန်း မှတ်ချက်ချလိုက်သည်။

ထို့ကြောင့်...

ရှောင်တိမ်းရန် လမ်းကိုပဲ ရွေးသည်။

သို့သော်...

မည်သည့်နေရာကို သွားရောက်ရှောင်တိမ်းရမည်ကို အခက်ကြုံနေသည်။

နောက်ဆုံး သူတို့သည် ချောင်းဆုံစခန်းတွင် လူစုလူဝေး ပြုလုပ်နေသော လွှကြိုးတို့လူစုအား သတိရလာသည်။

သူတို့သည် ညတွင်းချင်းပင် အဖွဲ့သားငယ်များကို လုံလောက်စွာ လုပ်ကိုင်စားသောက်နိုင်သော ငွေကြေးများ ပေးပြီး လူစုခွဲလိုက်သည်။

နောက်ဆုံး ထိပ်တန်းအဆင့် အဖွဲ့သား သုံးဆယ့်တစ်ယောက်ကို စုစည်း၍ ချောင်းဆုံစခန်းသို့ ဦးတည်ထွက်ခွာသွားလေတော့သည်။

♠ ♠ ♠

မှောင်စပြုနေပြီ ဖြစ်သည်။

ရွှေခေါင်းလောင်းဂိုဏ်းဌာနချုပ်၏ အဆောက်အအုံသည် ရွှေခေါင်းလောင်းတောင်ပေါ်မှာ မားမားမတ်မတ်ရပ်လျက် ရှိသည်။

မီးအိမ်များ အစီအရီ ထွန်းထား၍ အဝေးမှ ကြည့်လျှင် အလွန်လှပ၍ နေလေသည်။

ရွှေခေါင်းလောင်းဂိုဏ်း အဆောက်အအုံနှင့် ကိုက်သုံးရာအကွာတွင် တောအုပ်တစ်ခုရှိသည်။

ထိုတောအုပ်ထဲတွင် လူတစ်စုသည် အနားယူနေကြသည်ကို တွေ့ရှိရမည် ဖြစ်သည်။

ရွှေခေါင်းလောင်းဂိုဏ်းအား အလစ်ဝင်ရောက် တိုက်ခိုက်ရန် စောင့်ဆိုင်းနေသော နဂါးစိမ်းဂိုဏ်း၏ လက်မရွံ့လူသတ်သမားများ ဖြစ်သည်။

သူတို့သည် ရွှေခေါင်းလောင်းဂိုဏ်းသားများ အိပ်ပျော်နေ



www.burmeseclassic.com

www.burmeseclassic.com



သောအချိန်တွင် အလစ်ဝင်ရောက်တိုက်ခိုက်ရန် တောအုပ်ထဲ၌ ခိုးထောက်နားနေခြင်းပင် ဖြစ်သည်။

သို့သော်...

အချိန် တရွေ့ရွေ့ ကုန်ဆုံးလာရာ ညဥ့်နက်သန်းခေါင် အချိန် ရောက်ရှိလာသည့်တိုင် ရွှေခေါင်းလောင်းဂိုဏ်း အဆောက်အအုံ တစ်ခုလုံး မီးများ ငြိမ်းသတ်သွားခြင်းမရှိဘဲ ထိန်ထိန်သာနေသည်ကို တွေ့ရလေတော့သည်။

နဂါးစိမ်းဂိုဏ်း၏ လက်မရွံ့လူသတ်သမား သုံးဆယ် ဦးဆောင်လာသော အဖွဲ့ခေါင်းဆောင် ဝမ်းတာမှာ အစဥ်းစားရ ခက်လာလေတော့သည်။

သူသည် သူ၏ခေါင်းဆောင်ငယ်နှစ်ဦးအား...

"ဝမ်းအော့နဲ့ ဝမ်းစန်း။ ရွှေခေါင်းလောင်းဂိုဏ်းထဲမှာ ဘာတွေ ဖြစ်နေလို့ မီးမငြိမ်းတာလဲ"

"မဟုတ်မှလွဲရော၊ သူတို့က အရေးပေါ်ကိစ္စ တိုင်ပင်နေကြတယ်လို့ ထင်တယ်"

ဝမ်းအော့က...

"ဟုတ်တယ်၊ ကျုပ်တို့ လာလိမ့်မယ်လို့များ သတင်းရထားလား မသိဘူး"

ဝမ်းတာက ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး။ ငါတို့ရဲ့ လှုပ်ရှားမှုက မြန်တယ်၊ နောက်ပြီး သတင်းပေါက်ကြားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး"



ဝမ်းအော့က ခေါင်းညိတ်၍ ထောက်ခံသည်။

"ဟုတ်ပါတယ်"

ဝမ်းတာက...

"ဒါဖြင့် သူတို့က ဘာတွေ လုပ်နေကြတာလဲ"

ဝမ်းစန်းက...

"ဒါတွေ စဥ်းစားမနေပါနဲ့ အချိန်တန်ရင် ကျုပ်တို့ စီစဥ်ထားတဲ့အတိုင်း ဝင်တိုက်ရင် သိလာမှာပါ"

ဝမ်းတာက...

"ဒါလဲ ဟုတ်တယ်"

သူက စကားဆက်လိုက်သည်။

"ကဲ အနားယူကြ၊ သတ်မှတ်တဲ့အချိန် ရောက်ရင် ရွှေခေါင်းလောင်းဂိုဏ်းချုပ်ကို အမြန်ဆုံး သွားရောက်တိုက်ခိုက်ကြဖို့ ကြိုးစားရမယ်"

ဝမ်းအော့နှင့် ဝမ်းစန်းတို့က ပြိုင်တူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ခေါင်းဆောင်ကြီး"

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## လှည့်ကွက်

မိုးလင်းခါနီး အချိန်သည် အမှောင်ဆုံး အချိန် ဖြစ်ပေတော့သည်။

တစ်နည်းဆိုရလျှင် လူများ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသောအချိန် ဖြစ်သည်။

ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်၍နေ၏။

"ရှီး...ရှီး...ရှီး"

စူးရှသော ပလွေသံသည် တိတ်ဆိတ်ခြင်းအား ဖြိုခွဲလိုက်သည်။

တောအုပ်ထဲ၌ အနားယူနေကြသော နဂါးစိမ်းဂိုဏ်းသားများသည် ရွှေခေါင်းလောင်းဂိုဏ်း အဆောက်အအုံ ရှိရာသို့ လျင်မြန်စွာ ပြေးသွားကြလေတော့သည်။

သူတို့သည် အဆောက်အအုံ အနီး ရောက်ရှိလာသောအခါ

"ယား"

ဖြိုင်တူ ညာသံပေး၍ အဆောက်အအုံထဲသို့ ဖြိုင်တူ ထိုးဖောက်ဝင်ရောက်သွားကြလေသည်။

သူတို့က ထိုးဖောက်ဝင်ရောက်သည်ကိုလည်း ဟန့်တား



မည့်သူ တစ်စုံတစ်ယောက်မျှ မရှိပါချေ။

ထိုထူးခြားသော အခြေအနေကြောင့် ခေါင်းဆောင်ဖြစ်သူ ဝမ်းတာက သူ၏လူများကို ဆက်လက်မဝင်ရန် ဟန့်တားလိုက်လေသည်။

"အားလုံးရပ်လိုက်"

နဂါးစိမ်းဂိုဏ်းသားအားလုံး ရပ်တန့်သွားကြလေသည်။

ဝမ်းတာက ချောင်းတစ်ချက်ဟန့်လိုက်သည်။

"အဟမ်း"

သူက အသံကို မြှင့်၍ စကားပြောလိုက်သည်။

"ရွှေခေါင်းလောင်းဂိုဏ်းကလူတွေ နားထောင်၊ ငါတို့က ကျူးထင်းဖုန်းရဲ့ အမိန့်အရ မင်းတို့ကို ဒဏ်ခတ်ဖို့ လာခဲ့တာ၊ အခု မင်းတို့ ခုခံခွင့်ပေးလိုက်မယ်၊ ထွက်လာကြပါ"

သူက ပြောပြီး တခဏအကြာ စောင့်နေသည့်တိုင် မည်သူကမျှ တုံ့ပြန်ခြင်းမပြုပါ။

သူက ဒေါသထွက်လာလေသည်။

"ကျုပ်က သဘောထားကြီးကြီးနဲ့ ခုခံခွင့်ပေးလိုက်တာကို အရေးမလုပ်ဘူးဆိုရင် ကျုပ်တို့အဆိုး မဆိုနဲ့"

သူက ပြောပြီး ဝမ်းအော့ဘက်သို့ လှည့်လိုက်သည်။

"ဝမ်းအော့၊ ခင်ဗျားက အဖွဲ့သားဆယ်ယောက် ခေါ်ပြီး အဆောက်အအုံ ပတ်ပတ်လည်ကို မီးရှို့လိုက်၊ သူတို့က ပြေးထွက်လာရင် တစ်ယောက်မှ မလွတ်စေနဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းအေဉက ရယ်မောလိုက်သည်။

"ဒီအကြံ သိပ်ကို ကောင်းတယ်"

သူတို့ ဂိုဏ်းသား ဆယ့်တစ်ယောက် ခေါ်ဆောင်၍ အသင့်ပါလာသော မီးယမ်းများဖြင့် သစ်ကိုင်းခြောက်များ ကောက်ယူပြီး အဆောက်အအုံ နံဘေးတွင် စုပုံပြီး မီးတင်ရှို့လိုက်လေသည်။

တခဏ အကြာတွင် မီးတောက်မီးလျှံများသည် တဖြည်းဖြည်း ကြီးထွားလာပြီးလျှင် အဆောက်အအုံတစ်ခုလုံး ဝါးမျိုလာလေသည်။

နဂါးစိမ်းဂိုဏ်းသားများတို့သည် ပြေးထွက်လာသည့် ရွှေခေါင်းလောင်းဂိုဏ်းသားများကို သိုး၍ ခုတ်သတ်ရန် ဟန်ပြင်ထားကြသည်။ သို့သော် သူတို့ စိတ်ဓာတ်ကျသွားကြလေသည်။

အကြောင်းမှာ ရွှေခေါင်းလောင်းဂိုဏ်း အဆောက်အအုံ တစ်ခုလုံး ပြာကျသွားသည့်တိုင်အောင် ရွှေခေါင်းလောင်းဂိုဏ်း အဖွဲ့သားများ တစ်ယောက်မျှ ပြေးထွက်လာခြင်းကို မတွေ့ရပါလော။

မိုးလင်းလာပြီ ဖြစ်သည်။

ဝမ်းတတို့လူစုသည် ဤနေရာတွင် ကြာကြာမနေဝံ့ကြတော့ပါချေ။

သူတို့သည် ဘုမသိ ဘမသိဖြင့် တပ်ခေါက်၍ ပြန်သွားကြလေသည်။

♠ ♠ ♠



"တော ာ်"

ကျူး ငေ်းဖုန်း၏ ာက်ခေါက်သံသည် အခန်းတစ်ခုလုံး ဟိန်းထွက်သွား ာည်။

သူသည လက် ၊စ်ဖက်နောက်ပစ်ကာ တန်းစီ၍ ရပ်နေကြသော ဝမ်းတဝ သိုးေ ာက်ရှေ့တွင် မကျေမနပ်ဖြင့် ခေါက်တုံ့ခေါက်ပြန် လျှေ ာ်ေ ၏။

ထိုနော ာ် ၊မ်းတ၏ရှေ့တွင် ခြေလှမ်းရပ်တန့်လိုက်လေသည်။

"မင်း ၊ အတွေ့အကြုံလဲရှိတယ်၊ ဉာဏ်လဲကောင်း တယ်၊ အခုတစ်ေ ာ် ( း ဘာမှအသုံးမကျဘူး"

ႈပွက ၎ ာ်းဆက်လိုက်သည်။

"မင်း အခု ဘယ်လို ဖြစ်လာတယ်ဆိုတာ မသိဘူး ဟုတ်လား"

"ဟုတ်ကဲ့"

"ဘာ ဟုတ်ကဲ့လဲ"

"ဒီလိုပါ ဂိုဏ်းချုပ်ကြီး"

ဝမ်းတက အနည်းငယ် စဉ်းစားပြီးမှ...

"ကျွန်တော်တို့လူစု ကြံတင်စီမံထားတဲ့ အချိန်မှာ ရွှေခေါင်းလောင်းဂိုဏ်းဌာနချုပ် အနီးမှာရှိတဲ့ တောအုပ်မှာ အသင့်စောင့်နေခဲ့ပါတယ်"

သူက စကားဆက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ညအချိန် ရောက်လာတဲ့အခါမှာ ရွှေခေါင်းလောင်းဂိုဏ်းရဲ့ အဆောက်အအုံမှာ မီးထိန်ထိန် ထွန်းညှိထားတာ တွေ့ရတော့ အရေးပေါ် အစည်းအဝေး လုပ်နေတယ်လို့ ယူဆမိပါတယ်"

ကျူးထင်းဖုန်းက မျက်မှောင်ကြုတ်သွားသည်။

"ရွှေခေါင်းလောင်းဂိုဏ်းရဲ့ အဆောက်အအုံထဲမှာ လူထွက်လူဝင် ရှုပ်နေလို့လား"

ဝမ်းတာက...

"လူဝင်လူထွက် မရှုပ်တဲ့အပြင် လူတစ်ယောက်ကိုမှလဲ မတွေ့ရပါဘူး"

ကျူးထင်းဖုန်း စဉ်းစားရကျပ်သွားသည်။

"မီးထွန်းထားတယ်၊ လူတစ်ယောက်မှ မတွေ့ဘူး ဟုတ်လား"

ဝမ်းတာက...

"ဟုတ်ပါတယ်"

ကျူးထင်းဖုန်းက...

"ဆက်ပြော"

ဝမ်းတာက...

"ကျုပ်တို့လူတွေကို အနားယူခိုင်းပြီး မိုးလင်းခါနီး အချိန်မှ ဝင်ပြီး တိုက်ပါတယ်၊ ခုခံမယ့်လူ တစ်ယောက်မှမရှိလို့ အထဲကို အရှမ်းမဝင်ရဲဘဲ အပြင်မှာပဲ အော်ခေါ်ပြီး သတိပေးလိုက်ပါတယ်"

ကျူးထင်းဖုန်းက...



"မင်းရဲ့ဆုံးဖြတ်ချက် မမှားဘူး"

ဝမ်းတာက...

"ရန်သူက ထောင်ချောက်များ ဆင်ထားတာလားလို့ ကျုပ် သံသယ ဖြစ်မိလို့ပါ"

ကျူးထင်းဖုန်း ခေါင်းညိတ်လိုက်သည်။

"ဆက်ပြော"

ဝမ်းတာက...

"နောက်ဆုံး သတိပေးတော့လဲ အကြောင်းမထူးတာနဲ့ ရွှေခေါင်းလောင်းအဆောက်အအုံကို မီးတင်ရှို့လိုက်တယ်"

ကျူးထင်းဖုန်းက...

"ဒီဆောင်ရွက်ချက်လဲ မှန်တယ်"

ဝမ်းတာက...

"ကျုပ်တို့လူစုဟာ အဆောက်အအုံ ပတ်ဝန်းကျင်မှာ အသင့်စောင့်နေပါတယ်၊ ပြေးထွက်လာတဲ့လူကို တစ်ယောက်မကျ ရှင်းပစ်ဖို့ပဲ"

ကျူးထင်းဖုန်း မျက်မှောင်ကြုတ်၍ စဉ်းစားနေသည်။

ဝမ်းတာက စကားဆက်လိုက်သည်။

"အဆောက်အအုံတစ်ခုလုံး ပြာကျသွားတာတောင် လူတစ်ယောက်မှ မထွက်လာပါဘူး"

ကျူးထင်းဖုန်းက...

"ဒါဖြင့် သူတို့ အဆောက်အအုံထဲမှာ လူတစ်ယောက်မှ မ

www.burmeseclassic.com

www.burmeseclassic.com



ဘူး ဟုတ်လား"

ဝမ်းတာက...

"ဟုတ်ပါတယ် ဗိုလ်မှူးချုပ်ကြီး"

ကျူးထင်းဖုန်း မျက်နှာတစ်ခုလုံး လေးနက်လာလေသည်။

"သူတို့ဟာ ကြိုတင်သတင်းရထားလို့ ကြိုတင်ထွက်ပြေးသွားသလားဆိုတာ စဉ်းစားစရာပဲ"

ဝမ်းတာက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ ကျုပ် အဲဒီအချက်ကိုပဲ စဉ်းစားနေပါတယ်"

ကျူးထင်းဖုန်းက စကားမပြောတော့ချေ။

သူသည် လက်နှစ်ဖက် နောက်ပစ်၍ ခေါက်တုံ့ခေါက်ပြန် လျှောက်နေပြန်လေသည်။

အတန်ကြာတော့မှ...

သူသည် ဝမ်းအော့နှင့် ဝမ်းစန်းဘက်လှည့်ကာ...

"မင်းတို့နှစ်ယောက် ဘယ်လိုယူဆထားသလဲ"

ဝမ်းအော့က...

"သူတို့ ထွက်ပြေးကြတာဟာ ကြိုတင်သတင်းရလို့ ဖြစ်နိုင်ပါတယ်"

ဝမ်းစန်းက...

"ကျုပ်တို့ဘက်မှ သူလျှိုရှိလောက်တယ်"

ကျူးထင်းဖုန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဖြစ်နိုင်တယ်"



သူသည် ပြောပြီး ဝမ်းတာအား ကြည့်လိုက်သည်။

"သူလျှိုက ဘယ်သူလဲဆိုတာ မင်းရော သံသယ ဖြစ်တဲ့လူ ရှိလား"

ဝမ်းတာက...

"မရှိပါဘူး"

ကျူးထင်းဖုန်းသည် ဝမ်းအော့နှင့် ဝမ်းစန်းဘက် လှည့်လိုက် လေသည်။

"မင်းတို့ရော"

ဝမ်းအော့နှင့် ဝမ်းစန်းတို့က ပြိုင်တူ ခေါင်းခါယမ်းလိုက်လေ သည်။

ကျူးထင်းဖုန်း လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက် လေသည်။

"ဒီသူလျှို ဘယ်သူလဲဆိုတာ ငါတို့ကြိုးစားပြီး ဖော်ထုတ် ဖြစ်မယ်"

သူသည် လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်။

"မင်းတို့သွားနိုင်ပြီ"

ဝမ်းတာတို့သုံးယောက်သည် အရိုအသေပြုပြီး အခန်းထဲ ထွက်ခွာသွားသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## အဆက်အသွယ်

ကျူးထင်းဖုန်းသည် အခန်းတံခါးကို ဆွဲပိတ်လိုက်လေတော့သည်။

ထို့နောက်...

စားပွဲအနီးရှိ ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်လေတော့သည်။

ဝမ်းသာအားရသည့် အရိပ်အယောင်များသည် သူ၏မျက်နှာပေါ်တွင် ထိန်းမနိုင် သိမ်းမရဘဲ ပေါ်လွင်လာလေတော့သည်။

မိမိ၏လုပ်ဆောင်ချက်မှာ ထိရောက်မှု ရှိသည်ကို ဝမ်းသာနေမိ၏။

တစ်နေ့ ရွှေခေါင်းလောင်းဂိုဏ်းတစ်ခုလုံးမှာ မိမိ၏ဘက်တော်သားဖြစ်လာမည်မှာ မလွဲပေ။

သို့သော်...

ထိုဝမ်းသာပီတိ ဖြစ်နေသော အရိပ်အယောင်သည် တခဏအကြာတွင် ပျောက်ကွယ်သွားသည်။

စိုးပြင်းခြင်း၊ ဒေါသထွက်ခြင်း စသည့် အရိပ်အယောင်များ အစားထိုး ဝင်ရောက်လာသည်။



သူသည် ဘဝင်မကျသည့် ပုံဟန်မျိုးဖြင့် ဂနာမငြိမ် ဖြစ်နေလေသည်။

ထိုအချိန်မှာပင် လူတစ်ယောက်သည် သူ၏အခန်းထဲသို့ ဘွားခနဲပေါ်လာပြန်သည်။

ကျူးထင်းဖုန်း မော့မကြည့်ချေ။

ကြေးမျက်နှာဖုံးရှင်မှန်း သိထားပြီး ဖြစ်သည်။

"ဂိုဏ်းချုပ်ကြီးက ဘာတွေများ ဘဝင်မကျနေတာလဲ"

ကျူးထင်းဖုန်းက ခေါင်းမော့ကြည့်လိုက်သည်။

ထို့နောက်...

ထိုင်ရာမှထကာ အရိုအသေပြုလိုက်လေသည်။

"ထိုင်ပါဦး ခေါင်းဆောင်ကြီး"

ကြေးမျက်နှာဖုံးရှင်ကလည်း...

"ဂိုဏ်းချုပ်ကြီးလဲ ထိုင်ပါ"

ဟု ပြောကာ မျက်နှာချင်းဆိုင် ထိုင်ကြလိုက်သည်။

ကျူးထင်းဖုန်းက...

"ဒီတစ်ခါ ကျုပ်တို့ရဲ့ စီမံချက် လွဲချော်သွားတယ်"

ကြေးမျက်နှာဖုံးရှင်က...

"ကျုပ်အားလုံး သိပြီးပါပြီ"

ကျူးထင်းဖုန်း ရင်ထိတ်သွားသည်။

"ခေါင်းဆောင်ကြီးက အားလုံးသိပြီးပြီ ဟုတ်လား"

ကြေးမျက်နှာဖုံးရှင်က ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျူးထင်းဖုန်းက...

"ဂိုဏ်းချုပ်ဖြစ်တဲ့ ကျုပ်တာဝန်မကျေတာပါ။ ဒါနဲ့ ဒီကိစ္စမှာ ခေါင်းဆောင်ကြီး ဘယ်လိုယူဆလဲ"

ကြေးမျက်နှာဖုံးရှင်က...

"ဂိုဏ်းချုပ်ကြီး ထင်တဲ့အတိုင်း ငါတို့လူတွေထဲမှာ သူလျှို ရှိနေပြီ"

ကျူးထင်းဖုန်းက...

"ခေါင်းဆောင်ကြီးက ဘယ်သူ့ကို သံသယ ဖြစ်မိသလဲ"

ကြေးမျက်နှာဖုံးရှင်က...

"ဒီကိစ္စမျိုး ငါတို့ထဲမှာ တစ်ခါမှ မပေါ်သေးလို့ ငါလဲ ဘာမှ မလေ့လာမိသေးဘူး"

သူက ရယ်မောလိုက်သည်။

"ဒါပေမယ့် အချိန်သိပ်မကြာစေရပါဘူး။ ဒီသူလျှိုကိုတော့ ကျုပ်ကိုယ်တိုင် ဖော်ထုတ်ပေးပါ့မယ်"

ကျူးထင်းဖုန်း၏ရင်ထဲတွင် တဒိတ်ဒိတ် ခုန်လာလေတော့သည်။

"ကျုပ်တို့ အခု ဘာဆက်လုပ်ရမှာလဲ"

ကြေးမျက်နှာဖုံးရှင်က...

"အခု ကျုပ်က ခင်ဖျားဆီကို လာတွေ့တာ၊ ရှေ့ ဘာလုပ်ရမယ်ဆိုတဲ့ ကိစ္စတစ်ခု အရေးပေါ်လာတယ်များ"

ကျူးထင်းဖုန်းက...



"ဟုတ်ကဲ့ အမိန့်ရှိပါ"

ကြေးမျက်နှာဖုံးရှင်က...

"အခုတလော လွေကြိုးဆိုတဲ့လူဟာ ချောင်းဆုံစခန်းမှာ လူစုလူဝေး စုဆောင်းနေတယ်၊ ကျုပ်နဲ့ ယှဉ်ပြိုင်ဖို့ သိုင်းပညာမျိုးစုံကို လေ့ကျင့်နေတယ်လို့ သေသေချာချာ သတင်းကြားထားတယ်"

သူက စကားဆက်လိုက်သည်။

"သိုင်းလောကမှာ ကျုပ်တို့အဖွဲ့ကို မကျေနပ်တဲ့လူတွေ တဖြည်းဖြည်း သူ့ဆီကို စုဝေးရောက်ရှိသွားတယ်၊ ဒါကြောင့် သူတို့ရဲ့အင်အားဟာ တစ်နေ့တစ်ခြား ကြီးထွားလာနေတယ်"

သူက စကားဆက်လိုက်သည်။

"အခု ရွှေခေါင်းလောင်းဂိုဏ်းအဖွဲ့တွေလဲ သူ့ဆီရောက်နေမယ်ဆိုတာ ယုံကြည်တယ်"

ကျူးထင်းဖုန်း ထိုင်ရာမှထကာ...

"ဒီအတိုင်းဆိုရင် လွေကြိုးတို့လူစုကို အလျင်အမြန် ဖြိုခွဲရလိမ့်မယ် ထင်တယ်"

ကြေးမျက်နှာဖုံးရှင်က ခေါင်းညိတ်လိုက်သည်။

"သိပ်ဟုတ်တာပေါ့"

ကျူးထင်းဖုန်းက...

"ဒီလိုဆိုရင် ခေါင်းဆောင်ကြီးက ဘယ်လိုများ အကြံအစည် ရှိထားသလဲ"

ကြေးမျက်နှာဖုံးရှင်က...

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ရှင်းပါတယ်၊ လွှကြိုးနဲ့ ထိပ်တန်းခေါင်းဆောင်ကို အပြတ်ရှင်းလိုက်ရင် ကျန်တဲ့လူကို မှုစရာလိုသေးသလား"

ကျူးထင်းဖုန်းက ခေါင်းညိတ်လိုက်သည်။

"ဒီအကြံ သိပ်ကောင်းပါတယ်"

သူသည် မျက်မှောင်ကြုတ်၍ စကားဆက်လိုက်သည်။

"ဒီအကြံတော့ ကောင်းပါတယ်၊ ဒါပေမယ် လွှကြိုးနဲ့ ကျွမ်းဟိုတို့လူစုကို သိပ်ပြီး အထင်သေးလို့မရဘူး ထင်တယ်"

ကြေးမျက်နှာဖုံးရှင်က သူ၏နားထင်ကို လက်ညှိုးဖြင့် ထောက်ပြလိုက်သည်။

"ဘယ်အရာမဆို ခေါင်းသုံးတတ်ဖို့ အရေးကြီးပါတယ်လေ"

ကျူးထင်းဖုန်းက...

"ခေါင်းဆောင်ကြီးမှာ အကြံရှိနေပြီ ဟုတ်လား"

ကြေးမျက်နှာဖုံးရှင်က...

"သုံးလအတွင်း လွှကြိုး အပါအဝင် သူတို့ ထိပ်တန်းခေါင်းဆောင်တွေရဲ့ အသက်ကို ချွေပြပါ့မယ်"

ကျူးထင်းဖုန်း၏မျက်နှာ ကွက်ခနဲ ပျက်သွားပြီးမှ ခေါင်းငုံ့၍ အရိုအသေပြုလိုက်သည်။

"ခေါင်းဆောင်ကြီးကိုတော့ ချီးကျူးပါတယ်"

ကြေးမျက်နှာဖုံးရှင်က ကျူးထင်းဖုန်း၏ပခုံးကို ရင်းနှီးစွာ ဖြင့်ပုတ်လိုက်သည်။

"ခင်ဗျားကသာ သစ္စာမဖောက်နဲ့၊ ကျုပ် ဘယ်သူ့ကိုမှ



မကြောက်ဘူး"

ကျူးထင်းဖုန်းက အရိုအသေပြုလိုက်သည်။

"စိတ်ချပါ ခေါင်းဆောင်ကြီး"

ကြေးမျက်နှာဖုံးရှင်သည် ခေါင်းမော့၍ အားရပါးရ ရယ်မောလိုက်သည်။

"ဟား..ဟား..ဟား"

ရယ်မောသံသည် အခန်းတစ်ခုလုံးကို ဟိန်းထွက်သွားသည်။

ရယ်မောသံ ကွယ်ပျောက်သွားမှ ကျူးထင်းဖုန်းက ခေါင်းမော့ကြည့်လိုက်သည်။

သူထင်ထားသည့်အတိုင်း ကြေးမျက်နှာဖုံးရှင် ပျောက်ကွယ်ခြင်းမက ပျောက်ကွယ်သွားသည်ကို တွေ့ရ၏။

သူသည် ကြက်သေသေစွာဖြင့် ရပ်ကြည့်နေ၏။

သူက ခေါင်းငုံ့ထားနေသော်လည်း ကြေးမျက်နှာဖုံးရှင်သည် မည်သည့်နေရာက ထွက်ခွာသွားမည်ကို သတိပြုနားစွင့်ခဲ့သည်။

သို့သော်...

ကြေးမျက်နှာဖုံးရှင်က အခန်းထဲမှ ထွက်ခွာသွားခြင်း မဟုတ်ဘဲ တစ်နေရာရာမှ ထွက်ခွာသွားခြင်း ဖြစ်သည်ကို သူ အကဲခတ်မိသည်။

မည်သည့်နေရာကို ထွက်သွားသည်ကို သူ မသိလိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



ချေ။ သူသည် ဘဝင်မကျဘဲ အခန်းတစ်ခုလုံးအား လိုက်လံစစ်ဆေး ရှာဖွေလေလသည်။

အခန်းတစ်ခုလုံးမှာ တံခါး ရှိသော ထွက်ပေါက်တစ်ခုတည်းကိုသာ တွေ့ရှိသည်။

အခြား မည်သည့် ထွက်ပေါက်ကိုမှ ရှာမတွေ့ပါ။

သူသည် စိတ်ပျက်စွာဖြင့် ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။

"ခွပ်"

ကျူးထင်းဖုန်းက လက်ခုပ်တစ်ချက် တီးလိုက်သည်။

အခန်းထဲသို့ အိမ်စေတစ်ယောက် ဝင်ရောက်လာလေသည်။

သူ၏လက်နှစ်ဖက်တွင် ဗန်းကလေးတစ်ခု ပါရှိလေသည်။

ဗန်းပေါ်၌ ခါတိုင်းကဲ့သို့ ရေနွေးကြမ်းအိုးအပြင် အချိုအချဉ် တစ်ပန်းကန် ပါရှိလာသည်ကို တွေ့ရလေသည်။

အိမ်စေသည် စကားတစ်ခွန်းမျှ မပြောဘဲ ရိုရိုသေသေဖြင့် ဗန်းကလေးကို စားပွဲပေါ်သို့ ချကာ နောက်သို့ ခါးကိုင်း၍ ဆုတ်ကာ ထွက်သွားလေသည်။

ကျူးထင်းဖုန်းက ရေနွေးကြမ်းကို ငုံ့မသောက်သေးပါ။

သူသည် တွေဝေစွာဖြင့် တစ်စုံတစ်ခုကို စဉ်းစားနေဟန်ရှိသည်။

အတန်ကြာမှ...



ရေနွေးကြမ်းကို ငုံ့သောက်ကာ ချိုချဉ်ကို နှိုက်စားလေသည်။

ရေနွေးကြမ်း တစ်ဝက်ခန့် ကုန်ဆုံးသွားတော့မှ သူသည် ချိုချဉ်တစ်လုံးကို နောက်ဆုံး ပါးစပ်ထဲထည့်၍...

"ဖြောင်း"

လက်ခုပ်တစ်ချက် တီးလိုက်ရာ...

အိမ်စေသည် ရိုရိုသေသေဖြင့် အိပ်ခန်းထဲသို့ ဝင်လာလေသည်။

ကျူးထင်းဖုန်းက လှည့်ပင်မကြည့်ဘဲ လက်တစ်ချက် ဇွေယမ်းလိုက်သည်။

အိမ်စေသည် ရေနွေးကြမ်းကို ဗန်းကလေးနှင့် သယ်ဆောင်ကာ အခန်းထဲမှ ထွက်ခွာသွားသည်။

♠ ♠ ♠

အိမ်စေသည် ထုံးစံအတိုင်း ဗန်းကလေးကို ကိုင်လျှက် ကြေလမ်းအတိုင်း မီးဖိုဆောင် ရှိရာသို့ လျှောက်သွားသည်။

"ရပ်"

လူတစ်ယောက်က အသံအုပ်အုပ်ဖြင့် ဟန့်တားသောကြောင့် သူက အလိုက်သင့် ရပ်တန့်သွားသည်။

အနက်ရောင်ဝတ်ဆင်ထားသော လူတစ်ယောက်က သူ့

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှ ဇန်းကို ယူလိုက်သည်။

"မင်းသွားလိုရာ သွားနိုင်ပြီ"

အိမ်စေဖြစ်သူက စကားတစ်ခွန်းမျှ မပြော၊ ဟန်မူရာ ကင်းမဲ့စွာဖြင့် နောက်သို့လှည့်ကာ သူ၏အိပ်ခန်းရှိရာသို့ ပြန်သွားလေသည်။

အနက်ရောင်ဝတ်ဆင်ထားသောလူက ဇန်းကလေးကို ယူ၍ ရှေ့သို့ ဆက်လက်၍ ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်သွားလေသည်။

သူသည် စင်္ကြံလမ်း၏ ဘယ်ဘက် အစွန်းဆုံး အခန်းသို့ ရောက်ရှိလာသောအခါ ခြေလှမ်းရပ်တန့်သွားသည်။

"ဒေါက်...ဒေါက်...ဒေါက်"

သူသည် အခန်းတံခါးကို ခေါက်လိုက်သည်။

"ဝင်ခဲ့"

အခန်းထဲမှ လူတစ်ယောက်၏အသံ ထွက်ပေါ်လာသည်နှင့် သူသည် အခန်းတံခါးကို တွန်းဖွင့်၍ ဝင်သွားလေသည်။

အခန်းထဲတွင် လူလေးယောက်ခန့် ရှိသည်။

ထိုလူများမှာ ဝမ်းတတို့လူစုနှင့် အသက်ငါးဆယ်ခန့်ရှိသော အဘိုးအိုတစ်ယောက် ရှိသည်။

အနက်ရောင်ဝတ်ဆင်ထားသောသူသည် ရေနွေးကြမ်း ဇန်းကို စားပွဲပေါ်သို့ ချထားလိုက်သည်။

ဝမ်းတက ခေါင်းညိတ်လိုက်သည်။



"မင်းသွားနိုင်ပြီ"

အနက်ရောင်ဝတ်ဆင်ထားသောလူက အရိုအသေပေးပြီး အခန်းထဲမှ ထွက်သွားလေသည်။

သူသည် အခန်းတံခါးကို ပြန်ဆွဲပိတ်လိုက်သည်။

ဝမ်းတက အဘိုးအိုအား အရိုအသေပြုလိုက်သည်။

"ဆရာခွမ်း စစ်ဆေးပေးပါဦး"

အဘိုးအိုက ထိုင်ရာမှ အေးဆေးစွာ ထရပ်လိုက်လေတော့သည်။

ထို့နောက် စားပွဲရှိရာသို့ လျှောက်သွားသည်။

သူသည် ရေနွေးကြမ်းအိုးကို အဖုံးဖွင့်၍ သေသေချာချာ စစ်ဆေးကြည့်သည်။

အနံ့ခံကြည့်၏။

ရေနွေးကြမ်းအိုးအား ရှေးဟောင်းပစ္စည်းတစ်ခုပမာ နေရာအလွတ်မပေးဘဲ စစ်ဆေးနေသည်။

သူ၏ဖြူဖွေးသော လက်ကလေးဆယ်ချောင်းသည် ရေနွေးကြမ်းကရားကို အမျိုးမျိုး တီးခေါက်ကြည့်၏။

အတန်ကြာတော့မှ...

သူက စိတ်ပျက်စွာဖြင့် ရေနွေးကြမ်းအိုးကို ပြန်လည်ချထားလိုက်သည်။

ဝမ်းတက သူ့အား ဖြည်းညင်းစွာ ကြည့်လိုက်သည်။

"ဆရာကြီး ဘာများ ထူးခြားသေးသလဲ"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက ခေါင်းကို အသာအယာခါပြလိုက်သည်။

သူသည် ရေနွေးကြမ်းအိုးကို ပြန်လည်ချထားလိုက်လေသည်။ ဝမ်းတက ကြည့်နေလေသည်။

အဘိုးအိုသည် ရေနွေးကြမ်းအိုးကို ချထားပြီးနောက် ဇန်းကလေးကို ကိုင်ကြည့်ပြန်သည်။

ဇန်းကလေးကိုလည်း ရှေးဟောင်းပစ္စည်းသဖွယ် သေချာစွာ အကဲခတ်လေသည်။

သူသည် သုံးကြိမ်တိုင်တိုင် စစ်ဆေးပြီးမှ ပြန်လည်ချထားလိုက်လေသည်။ ဝမ်းတ မမေးခင် ခေါင်းခါပြလေသည်။

ဝမ်းတက ဘဝင်မကျဘဲ ဖြစ်သွားသည်။

"ဆရာခွမ်း သေသေချာချာ ကြည့်ရဲ့လား"

အဘိုးအို၏မျက်နှာ ဒေါသရောင်သန်းလာ၏။

"မင်းက ငါ့ကို ဘယ်လိုပြောလိုက်တာလဲ"

သူသည် စားပွဲကို လက်ဖြင့်ပုတ်ချလိုက်သည်။

"မင်းတို့က ငါထက်တတ်ရင် ဘာဖြစ်လို့ ငါ့ကို ခေါ်ရတာလဲ"

ဝမ်းတ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ကျွန်တော်စကားပြောတာ လွန်သွားပါတယ် ခွင့်လွှတ်ပါဗျာ"

ဝမ်းအော့နှင့် ဝမ်းစန်းတို့ကပါ ဝိုင်းတောင်းပန်လိုက်တော့မှအဘိုးအိုက ဆက်လက်စစ်ဆေးလိုက်သည်။



ဤတစ်ကြိမ် သူသည် ရှိုချဉ်အသီးများကို ဇန်းပေါ်သို့ သွန်ချလိုက်သည်။

ပန်းကန်ပြားလေးကို မြှောက်၍ ဟိုဘက်သည်ဘက် အပြန်အလှန် စစ်ဆေးပြန်သည်။

နောက်ဆုံး သူသည် လက်မှိုင်ချ၍ ကုလားထိုင်ပေါ်သို့ ပြန်လည်ထိုင်ချလိုက်သည်။ ဝမ်းတက အရှိအသေပြုပြီး...

"ဆရာခွမ်း ဘာကို တွေ့မိသေးလဲ"

ဆရာခွမ်းက ပခုံးတစ်ချက် တွန့်၍ လက်ဝါးနှစ်ဘက် ဖြန့်ပြလိုက်သည်။

"ငါစစ်ဆေးပြီးတဲ့ ပစ္စည်းမှန်သမျှ ဘာမှ သံသယ ဖြစ်စရာမလိုဘူးလို့ ကျုပ်ရဲ့ အာမခံပါတယ်"

ဝမ်းတက အရှိအသေပြုလိုက်သည်။

"ဟုတ်ကဲ့ ဆရာခွမ်းက သံသယ မရှိဘူးဆိုရင် ကျုပ်တို့ စိတ်ချသွားပါပြီ"

အဘိုးအိုက ထိုင်ရာမှ ထလိုက်သည်။

"ကဲ ကျုပ်သွားမယ်"

ဝမ်းအော့နှင့် ဝမ်းစန်းက အခန်းတံခါးကို ကမန်းကတန်း ဖွင့်ပေးလိုက်သည်။

ဆရာခွမ်းသည် လက်နှစ်ဖက် နောက်ပစ်၍ စင်္ကြံလမ်းအတိုင်း ဧည့်ခန်းရှိရာဘက်သို့ လျှောက်သွားသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ကျူးထင်းဖုန်းသည် အချိုသီးတစ်လုံးကို ပါးစပ်၌ အရသာခံ၍ ငုံထားသည်။

အတန်ကြာတော့မှ...

သူသည် ပါးစပ်ထဲမှ လက်ဖြင့် နှိုက်ထုတ်လိုက်ပြီး အသီးကို အလယ်မှ ခွဲလိုက်သည်။

အသီးထဲတွင် သေးငယ်သော ဖယောင်းလုံးတစ်လုံး ပါရှိလာသည်။

ဖယောင်းကို ဖွဲ့၍ အတွင်းမှ စက္ကူလုံးတစ်လုံးကို နှိုက်ယူပြီး ဖြန့်ကြည့်လိုက်သည်။

"ရွှေခေါင်းလောင်းဂိုဏ်း လွတ်မြောက်သွားပြီ"

ဟူသော စာတစ်ကြောင်း ပါရှိသည်ကို တွေ့ရသည်။

သူ့ မျက်နှာပေါ်တွင် ဝမ်းသာအားရသည့် အရိပ်အယောင်များ ပေါ်လာလေသည်။

မီးခြစ်ကို ထုတ်ယူလိုက်ပြီး စက္ကူနှင့် ဖယောင်းလုံးကို မီးရှို့လိုက်သည်။

ထို့နောက် လက်ရာခြေရာ မပျက် သေချာစီစစ်ပြီးမှ အခန်းထဲမှထွက် လာလေသည်။

♠ ♠ ♠



## မဟာမိတ်

ရွှေခေါင်းလောင်းဂိုဏ်းမှ ဂိုဏ်းချုပ်ဖြစ်သူ ကျင်းလုံသည် သူ၏လူများကို ဦးဆောင်၍ ရွှေခေါင်းလောင်းရွာနချုပ်ကို စွန့်ပယ်ကာ ထွက်ခွာသွားကြလေသည်။

သူတို့သည် မြစ်ကမ်းပါးတစ်ခုသို့ ရောက်သောအခါ မိုးလင်းနေပြီ ဖြစ်သည်။

သို့သော်...

အချိန်က စောသေးသဖြင့် တစ်ဖက်ကမ်းသို့ ကူးရန် ကူးတို့လှေတစ်စင်းကိုမျှ မတွေ့ရပါ။

ကျင်းလုံက အနည်းငယ် စိုးရိမ်လာသည်။

နဂါးစိမ်းဂိုဏ်းသားတို့၏ ရက်စက်ကြမ်းကြုတ်မှုကိုလည်း သိရှိထားသောကြောင့်...

မိမိတို့နောက် လိုက်လာလျှင် မလွယ်မှန်း သိထားလည်ထားသောကြောင့် စိုးရိမ်နေခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရေနွေးအိုးတစ်ချက်ခန့်အထိ စောင့်မျှော်နေသော်လည်း ကူးတို့လှေ၏ အရိပ်အယောင်ကိုပင် မတွေ့ရပါ။

သူသည် စိုးရိမ်နေစဉ်မှာပင် လှေတစ်စီးသည် ရေစုန်အတိုင်း လှော်ခတ်လာနေသည်ကို တွေ့ရလေသည်။

သူက ဝမ်းသာစွာဖြင့် လှမ်းခေါ်လိုက်သည်။

"ဟေ့ လှေပေါ်က လူတွေ ကမ်းကို ကပ်စမ်းပါ၊ ငါတို့ တစ်ဖက်ကမ်းကို အရေးတကြီး ကူးချင်လို့ပါ"

သို့သော်...

လှေပေါ်မှလူက သူ၏စကားကို မကြားလိုက်သည့်အလား တုံ့ပြန်ခြင်းမရှိဘဲ ဆက်လက်လှော်ခတ်သွားသည်။

ကျင်းလုံ ဒေါသကို မထိန်းနိုင်တော့ပါ။

လှေပေါ်က ပဲ့ကိုင်နေသူမှာ မိန်းကလေး ပုံသဏ္ဌာန် ရှိနေသည်ကို တွေ့ရသဖြင့်...

"ဟေ့ ခွေးကောင်မလေး၊ ငါခေါ်နေတာ မကြားဘူးလား"

ထိုအခါတွင်...

မိန်းကလေးက လှေကို ဦးလှည့်၍ ကျင်းလုံဘက်သို့ လှော်ခတ်လာလေသည်။

ကျင်းလုံ ဝမ်းသာသွား၏။

"ကြည့်စမ်း၊ တချို့ လူတွေက ကောင်းကောင်းပြောလို့ မရဘူး၊ အခုလို ကြမ်းကြမ်းတမ်းတမ်း ပြောမှပဲ နားထောင်တော့တယ်"

သို့သော်...



လှေငယ်သည် ကမ်းစပ်နှင့် သုံးလံခန့် အကွာတွင် ရပ်တန့်၍ ကျောက်ချထားလိုက်သည်။

လှေပေါ်၌ မုတ်ဆိတ်ကိုယ်တော်တပါး၊ ကိုရင်တပါးနှင့် မိန်းကလေးတစ်ယောက်သာ ပါရှိသည်ကို တွေ့ရသည်။

မိန်းကလေးက လှေဦး၌ ခါးထောက်ရပ်လိုက်သည်။

"ရှင်တို့က ဘာကောင်တွေလဲ၊ စောစောစီးစီး ကျွန်မတို့ ဘာဖြစ်လို့ ဆော်ကားရတာလဲ"

ကျင်းလုံက...

"ကျုပ်တို့ တစ်ဖက်ကမ်းကို သွားဖို့ အရေးကြီးနေတယ်၊ စကားမများနဲ့ ငါတို့ကို ပို့ပေး၊ မင်းတို့ကို ငွေများများပေးမယ်"

မိန်းကလေးက နှုတ်ခမ်းစူလိုက်သည်။

"စကားကြည့်ပြောပါ၊ ကျွန်မတို့က ငွေမက်တဲ့ လူတွေလဲ မဟုတ်ဘူး၊ ကူးတို့လှေလဲ မဟုတ်ဘူး"

သူမက စကားဆက်လိုက်သည်။

"ရှင်တို့က ဒီလောက်တောင် ချမ်းသာရင် လှေဝယ်စီးပေါ့"

ကျင်းလုံ ဒေါသကို မထိန်းချုပ်နိုင်တော့ပါ။

"ကျုပ်က အရေးတကြီး ဖြစ်နေလို့ အခုလို တောင်းတောင်းပန်ပန် ပြောနေတာ၊ ခင်ဗျားက တော်တော်ကြီးကျယ်ပါလား"

မြောင်ရှမ်းက ခါးထောက်လိုက်သည်။

"ဒီလို လုပ်ပါလား၊ ရှင့်ကြည့်ရတာ သိုင်းသမားတစ်ယောက်ပါပဲ၊ အဲဒီတော့ ရှင်နဲ့ ကျွန်မနဲ့ သိုင်းကွက်သုံးကွက် ယှဉ်ပြိုင်

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ကျွန်မရှုံးရင် တစ်ပြားမှ မယူဘဲ ပို့ပေးမယ်၊ ရှင်ရှုံးရင် ကျွန်မကို ဦးချတောင်းပန်ရလိမ့်မယ်"

ကျင်းလုံက ရယ်မောလိုက်သည်။

"မိန်းကလေး၊ မင်းဟာ ငယ်ငယ်ရွယ်ရွယ်ပဲ ရှိသေးတယ်၊ သိုင်းပညာယှဉ်ပြိုင်မယ်ဆိုတာ မတော်တဆ ခြေလွန်လက်လွန် ဖြစ်သွားရင်ရော"

သူသည် သက်ပြင်းချလိုက်သည်။

ထို့နောက်...

"ဒီလောက်လှတဲ့ မိန်းကလေး ခြေကျိုးလက်ကျိုး ဖြစ်တာကို မကြည့်ရက်ပါဘူး"

မိန်းကလေးက စကားမပြောတော့ပါ။

လှေကို ကမ်းစပ်၌ ထိုးရပ်လိုက်သည်။

ထို့နောက် သဲသောင်ပြင်ပေါ်သို့ ထိုးချလိုက်လေသည်။

ကျင်းလုံ၏လူများသည် နောက်သို့ ဆုတ်၍ နေရာဖယ်ပေးကြသည်။

မိန်းကလေးက ကိုယ်တော်အား ကြည့်ကာ...

"မူထိုင်ကိုယ်တော်၊ ကျွန်မတို့ ယှဉ်ပြိုင်တာကို အနိုင်အရှုံး ဆုံးဖြတ်ပေးပါ"

မူထိုင်ကိုယ်တော်ကြီးက သက်ပြင်းချလိုက်သည်။

"ခက်တာပဲ၊ ဒကာမလေးအမေက လမ်းမှာရန်မဖြစ်ဖို့ သေချာမှာလိုက်ရဲ့နဲ့ ဒကာမလေးက စကားမှနားမထောင်ဘဲ"



မိန်းကလေးက...

"မူထိုင်ကိုယ်တော် သက်သေရှိပါတယ်၊ တပည့်တော်မက ရန်စတာလား၊ သူက ကျွန်မကို စော်ကားတာလား"

ဘုန်းတော်ကြီးက...

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ရန်ရန်ချင်း မတုံ့ပြန်သင့်ပါဘူး"

မိန်းကလေးက လက်ကာပြလိုက်သည်။

"တပည့်တော်မကို လာပြီး တရားမချနဲ့"

သူမသည် ကျင်းလုံနှင့် မျက်နှာချင်းဆိုင်တွင် ရပ်လိုက်လေသည်။

"ကျွန်မပြောတဲ့အတိုင်း လက်ခံမယ် မဟုတ်လားရှင်"

ကျင်းလုံက...

"မိန်းကလေးက ဒီလောက်တောင် စိတ်အားထက်သန်နေရင် ကျုပ်လက်မခံလို့ မဖြစ်တော့ဘူးလေ"

မိန်းကလေးက ပြုံးလိုက်သည်။

"ယောကျ်ားဆို ဒီလိုမှပေါ့"

သူမသည် ပြောပြီးသည်နှင့် လက်ဝါးနှစ်ဖက်ဖြင့် တွန်းထုတ်လိုက်သည်။

"သတိထား၊ ပထမကွက် လာပြီ"

ကျင်းလုံသည် မိန်းကလေးမှာ အသက်နုနုနယ်နယ် ဖြစ်ပြီး ထိုယ်လုံးကိုယ်ထည်မှာလည်း သေးသေးသွယ်သွယ် ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အထင်မကြီးခဲ့ချေ။

မိန်းကလေးက လက်ဝါးနှစ်ဖက်ဖြင့် တွန်းထုတ်လာသော အခါ သူသည် မျက်လုံးပြူးကျယ်သွားလေသည်။

မိန်းကလေး သိုင်းကွက်မှာ မိုးမြေရှိခိုးသိုင်းကွက် ဖြစ်လေသည်။

ယင်းသိုင်းကွက်သည် သိုင်းလောကမှ ပျောက်ကွယ်လုလု ဖြစ်နေ၏။

ယခု ထိုမိန်းကလေးသည် ယင်းကဲ့သို့ ဆန်းကြယ်လှို့ဝှက်သော မိုးမြေရှိခိုးသိုင်းကွက်ကို အသုံးပြုပြီး တိုက်ခိုက်သောအခါ သူက အနည်းငယ် ငေးငိုင်သွားလေသည်။

မိန်းကလေး တွန်းထုတ်လိုက်သော လေဖိအားမှာ သူ့ဆီသို့ ဆောင့်ဝင်လာမှ သတိရကာ ကမန်းကတန်း ရှောင်လိုက်ရလေသည်။

မိန်းကလေးက ရှေ့သို့ ခြေလှမ်းလှမ်းလိုက်သည်။

"သတိထား။ ဒုတိယသိုင်းကွက် လာပြီ"

ဤတစ်ကြိမ်တွင် ကျင်းလုံသည် ပေါ့ပေါ့တန်တန် မထားတော့ဘဲ အတွင်းအားကို လက်ဝါးနှစ်ဖက်ဖြင့် စုစည်းကာ ဒုတိယသိုင်းကွက်ကို ခုခံရန် အသင့်ပြင်လိုက်သည်။

မိန်းကလေး၏တိုက်ခိုက်လာမည့် ဒုတိယသိုင်းကွက်သည် ပထမသိုင်းကွက်ထက် များစွာ အားမာန်ကောင်းလိမ့်မည်ကိုလည်း ကြိုတင်၍ ခန့်မှန်းထားသည်။



ရုတ်တရက် ကိုရင်လေး၏အသံသည် စူးရှစွာ ထွက်ပေါ်လာလေတော့သည်။

"မြောင်ရှမ်း ရပ်လိုက်"

မိန်းကလေးက သိုင်းကွက်ကို ထုတ်မည့်ဆဲဆဲမှာ ကိုရင်လေး၏ စကားကြောင့် အလိုလို ရပ်တန့်သွားလေသည်။

သူမက ကိုရင်လေးအား မကျေမနပ်ဖြင့် မော့ကြည့်လိုက်သည်။

"ကိုရင်လေး ဘာလို့ ဝင်ရှုပ်တာလဲ"

ကိုရင်လေးက ကျင်းလုံတို့လူစုအား ညွှန်ပြလိုက်လေသည်။

"ဒကာမလေးက သူများနဲ့ ရန်ဖြစ်ဖို့ပဲ စိတ်လောနေတာကိုး။ သူတို့က ဘယ်သူဘယ်ဝါ ဖြစ်သလဲ၊ မိတ်ဆွေလား၊ ငါတို့ရန်သူလား ဆိုတာ ကြိုတင်မေးဖို့ မသင့်ဘူးလား"

ထိုမိန်းကလေးမှာ မြောင်ရှမ်းပင် ဖြစ်သည်။

မြောင်ရှမ်းသည် မိမိ၏လုပ်ရပ်မှာ စိတ်လိုက်မာန်ပါ ဖြစ်သွားသည်ကို သတိရမိလေသည်။ ထိုအခါ ခေါင်းခါယမ်းလိုက်သည်။

"ဟုတ်တယ်၊ တပည့်တော်မက ဒီအကျင့်ကို ဖျောက်လို့မရဘူး"

ကျင်းလုံမှာ ထိုမိန်းကလေးမှာ မြောင်ရှမ်း ဖြစ်သည်ကို သိရှိလိုက်သဖြင့် ဝမ်းသာသွားသည်။

"ခင်ဗျားက မြောင်ရှမ်းလား"

မြောင်ရှမ်းက ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ရှင်"

ကျင်းလုံက လက်နှစ်ဖက်ဆုပ်၍ အရိုအသေ ပြုလိုက်လေတော့သည်။

"ခင်ဗျားနာမည်ကို မကြာခဏ ကြားဖူးခဲ့ပါတယ်၊ အခုမှပဲ လူချင်း တွေ့ရတော့တယ်၊ လေးစားပါတယ် ခင်ဗျာ"

မြောင်ရှမ်းက အနည်းငယ် ခါးကိုင်းလိုက်ပြီး အရိုအသေပြုလိုက်သည်။

"ကျွန်မနာမည်ကို ကြားဖူးတယ် ဟုတ်လား"

ကျင်းလုံက...

"ဟုတ်ကဲ့"

မြောင်ရှမ်းက...

"ဘယ်သူ့ဆီက ကြားခဲ့လို့လဲ"

ကျင်းလုံက...

"လှေကြုံးဆီကပါ"

"ရှင်က အစ်ကိုကြီးနဲ့သိတယ် ဟုတ်လား"

ကျင်းလုံက ပြုံးလိုက်သည်။

"သိပ်ပြီး သိကျွမ်းတယ်လို့တော့ မဟုတ်ဘူး။ သူက ခရီးကြုံလို့ ကျုပ်တို့ဂိုဏ်းမှာ တစ်ညလောက် တည်းခိုသွားပါတယ်"

သူသည် စကားဆက်လိုက်သည်။

"ကျုပ်နာမည်က ကျင်းလုံ၊ ရွှေခေါင်းလောင်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်ပါ"



သူသည် ကျန်ရှိသော သွေးသောက်များကို ညွှန်ပြလိုက်လေသည်။

"သူတို့က ကျုပ်ရဲ့ အားကိုးရတဲ့ လက်ရုံးတွေပါ"

မြောင်ရှမ်းက မျက်မှောင်ကြုတ်သွားသည်။

"ရှင်တို့က ထိုက်စန်းနယ်မှာ နေကြတယ် မဟုတ်လား။ ဘာကိစ္စနဲ့ ဒီကို ရောက်လာတာလား"

ကျင်းလုံက...

"ကျုပ်တို့က ကျူးထင်းဖုန်းရဲ့ လက်အောက်ကို သစ္စာမခံလို့ နဂါးစိမ်းဂိုဏ်းက ကျုပ်တို့ကို လိုက်သတ်ဖို့ ကြိုးစားနေတုန်း၊ အခုလို ထွက်ပြေးတိမ်းရှောင်လာတာပါ"

မြောင်ရှမ်း၏မျက်နှာတစ်ခုလုံး ဒေါသရောင်သန်းသွားလေသည်။

"ကျူးထင်းဖုန်းတို့လူစု တစ်နေ့တစ်ခြား သောင်းကျန်းလာပါလား"

သူမက ကျင်းလုံအား မော့ကြည့်လိုက်သည်။

"ဒါနဲ့ ရှင်တို့က ဘယ်ကို သွားကြမလို့လဲ"

ကျင်းလုံက...

"ချောင်းဆုံစခန်းကို သွားမလို့"

"ရှင်တို့က အစ်ကိုကြီးလှေကြုံးဆီ သွားကြမလို့ ဟုတ်လား"

ကျင်းလုံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒါကြောင့် ကူးတို့လှေကို အငှားတကြီး လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရှာနေတာ”

မြောင်ရှမ်းက ရယ်မောလိုက်သည်။

“ဒါဖြင့် ကျွန်မတို့နဲ့အတူ လိုက်ခဲ့”

ကျင်းလုံက...

“ညီမတို့က ဘယ်သွားမလို့လဲ”

“ချောင်းဆုံစခန်းပေါ့”

ကျင်းလုံက ဝမ်းသာသွားသည်။

“ဟာ ဝမ်းသာလိုက်တာ”

“ကဲ အချိန် မရှိတော့ဘူး။ ရေစုန်လှေဆုံတုန်း သွားကြရအောင်၊ လှေပေါ်သို့ တက်ကြပါ”

ကျင်းလုံက လက်နှစ်ဖက်ဆုပ်၍...

“ကျေးဇူးတင်လိုက်တာဗျာ”

သူသည် သူ၏လူများကို အချက်ပြလိုက်ရာ သူ၏သွေးသောက်များသည် လှေပေါ်သို့ အစီအရီ တက်သွားကုန်ကြလေသည်။ မြောင်ရှမ်းက နောက်ဆုံးမှ လှေပေါ်သို့ တက်သွားလေသည်။ သူမသည် ပွဲကိုင်ကိုကိုင်၍ ကိုရင်လေးအား...

“ကိုရင်လေး၊ ရွက်ကို လွှင့်လိုက်ပါ”

ကိုရင်လေးသည် ရွက်ကို အပေါ်သို့ လွှင့်တင်လိုက်ရာ လေစုန်ရေစုန်မို့ လှေငယ်လေးသည် အရှိန်ပြင်းစွာဖြင့် ရွက်လွှင့်သွားလေတော့သည်။

♠ ♠ ♠



## လျှို့ဝှက်စခန်း

ချောင်းဆုံစခန်းသည် ယခင်မှာ တိတ်ဆိတ်ပြီး လူသူ
ရောက်ခဲသောနေရာ ဖြစ်သည်။

သိုင်းသမားများ အသက်ထင်ရှားရှိစဉ်တုန်းက နေထိုင်
သော စခန်းတစ်ခုလည်း ဖြစ်သည်။

သို့သော်...

ချောင်းဆုံစခန်းသည် အလွန်ကျယ်ဝန်းသော ချောင်းဆုံ
ကျွန်း တစ်ခုလည်း ဖြစ်သည်။

ကျွန်းတစ်ခုလုံး၏ ပတ်ဝန်းကျင်မှာ ကျယ်ဝန်းပြီး စားပင်
များ၊ပန်းမာလ်များ လှပစွာရှိနေ၏။

ယခုအခါမှာ လွှေကြီးက ထိုနေရာသို့ လာရောက်ပြီး စခန်း
တစ်ခုအဖြစ် ဆောက်တည်ခဲ့ရာ အားလုံး၏ကြိုးပမ်းမှုကြောင့်
ချောင်းဆုံစခန်းသည် ရိုးရိုးစခန်းတစ်ခု မဟုတ်တော့ဘဲ ခံတပ်ကဲ့သို့
တောင့်တင်းခိုင်မာသော စခန်းတစ်ခု အနေအထားဖြင့် ပြောင်းလဲ
သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမတွင် ကျွမ်းဟိုတို့လူစုကသာ ရောက်ရှိလာကြလေသည်။

ထို့နောက်...

နဂါးစိမ်းဝိုဟ်း၏ရန်များကို ကြောက်ရွံ့ကြသဖြင့် ပြေးလွှားလာရောက်နေထိုင်သောလူများ တစ်သုတ်ပြီးတစ်သုတ် ရောက်ရှိလာရာ ယခုအခါမှာ ချောင်းဆုံစခန်းသည် လူအင်အားပေါင်း သုံးရာကျော်ခန့် စုမိသွားပြီ ဖြစ်သည်။

ကျွမ်းဟိုသည် သိုင်းပညာကျွမ်းကျင်သော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်။

ယောကျ်ားမှန်သမျှကို တိုက်ခိုက်ရေးရာ ပညာများ သင်ကြားပေးသည်။

အမျိုးသမီးများကို ကြီးစဉ်ငယ်လိုက် စိုက်ပျိုးရေးနှင့် အိမ်မှုကိစ္စ အဝဝတို့ကို လုပ်ကိုင်စေလေတော့သည်။

ထို့ကြောင့် ခြောက်လအတွင်းမှာ ချောင်းဆုံစခန်းသည် အပြင်မှ ထောက်ပံ့မှုကို လုံးဝမယူရဘဲ ကိုယ့်ကိုကိုယ် ရပ်တည်နိုင်သော အခြေအနေသို့ ရောက်ရှိနေ၏။

လှေကြီးသည် သူလိုအပ်သော သိုင်းပညာရပ်များကို နေ့စဉ်နှင့်အမျှ လေ့ကျင့်နေ၏။

တစ်နေ့ သူသည် မိစ္ဆာညည်းသံနှင့် ရင်ဆိုင်ရလိမ့်မည်ကို ကြိုတင်ခန့်မှန်းထားသည်။

ထို့ကြောင့် မိစ္ဆာညည်းသံကို တစ်ကြိမ်တည်းနှင့် အနိုင်ရယူ



နိုင်ရန် သိုင်းပညာရပ်များကို ရှာဖွေစုဆောင်းလေ့ကျင့်နေ၏။

ထို့အပြင် မိစ္ဆာညည်းသံ၏ လှုပ်ရှားမှုများကို မျက်ခြည်မပြတ် စုံစမ်းလေ့လာနေ၏။

သို့သော်...

မိစ္ဆာညည်းသံသည် အလွန်ဉာဏ်ကောင်းပြီး လှုပ်ရှားမှုပြည့်စုံသော ပုဂ္ဂိုလ်မျိုးဖြစ်သည်။

လှေကြီးသည် ယနေ့တိုင် မိစ္ဆာညည်းသံ၏သတင်းကို လုံးဝမရရှိသောကြောင့် အခက်ကြုံနေလေသည်။

ယနေ့...

သူသည် ခါတိုင်းကဲ့သို့ ခန်းမ ရှိရာသို့ ရောက်ရှိလာပြီး လုပ်သင့်လုပ်ထိုက်သော ကိစ္စရပ်များကို စီမံခန့်ခွဲနေရာ အစောင့်တစ်ယောက် ပြေးဝင်လာလေသည်။

"ခေါင်းဆောင်ကြီး လှေတစ်စီး ကျွန်တော်တို့ ကျွန်းကို ဦးတည်လာနေပါတယ်"

လှေကြီးက...

"လှေက ဘာအမျိုးအစားလဲ"

"ရွက်လှေအငယ်စားပါ"

"ရွက်လှေပေါ်မှာ လူပါလာသလား"

"ဟုတ်ကဲ့"

"လူ ဘယ်လောက်များများ ပါလာသလဲ"

"အခုအထိ သိပ်မသဲကွဲသေးပါဘူး။ ဒါပေမယ့် အနည်းဆုံး

www.burmeseclassic.com

www.burmeseclassic.com



လှသုံးဆယ် လေးဆယ်လောက် ရှိလိမ့်မယ်လို့ ထင်ပါတယ်”

လွှကြိုးက ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။

“ကောင်းပြီ၊ မင်းသွားနိုင်ပြီ”

ထိုလူက ဦးညွှတ်ပြီး ထွက်ခွာသွားသည်။

လွှကြိုးသည် စားပွဲပေါ်ရှိ မောင်းကလေးကို တစ်ချက်ထု လိုက်သည်။

“ခေါင်”

မောင်းသံသည် ကြည်လင်စွာ ပေါ်ထွက်လာလေသည်။

တခဏ အကြာတွင်…

ကျွမ်းဟိုနှင့်အတူ လူဆယ်ယောက်ခန့် ခန်းမထဲသို့ ပြေးဝင် လာသည်။

လွှကြိုးက ကျွမ်းဟိုအား…

“အခုပဲ သတင်းလာပို့သွားတယ်၊ ရွက်လှေတစ်စီး လှသုံး ဆယ် လေးဆယ် ပါလာတယ်၊ ငါတို့ ကျွန်းကို ဦးတည်လာနေတယ်”

ဟု ပြောလေသည်။

ထိုအခါ…

ကျွမ်းဟိုက မျက်မှောင်ကြုတ်သွားသည်။

“ရန်သူလား၊ မိတ်ဆွေလား”

ဟု ပြန်မေးလေသည်။

လွှကြိုးက…

“ရန်သူလား၊ မိတ်ဆွေလားဆိုတာ ခွဲခြားလို့ မရတဲ့အတွက်



အစ်ကိုကြီးတို့ အသင့်ပြင်ထားပါ၊ ကျုပ်အပေါ် ခေါ်လိုက်တာပါ”

ကျွမ်းဟို ခေါင်းညိတ်လိုက်သည်။

“ကောင်းပြီလေ၊ ကျုပ်က ညီအစ်ကိုများကို သွားပြီး အသင့် ပြင်ထားခိုင်းမယ်၊ မိတ်ဆွေဆိုရင် အကြောင်း မဟုတ်ဘူး၊ ရန်သူဆို ရင် တစ်ခါတည်း ရေမြှုပ်ပစ်မယ်”

ဟု ပြောလိုက်သည်။

လွှကြိုးက ခေါင်းညိတ်လိုက်သည်။

“ဒါ ဟုတ်တယ်၊ ဒါပေမယ့် ရန်သူနဲ့ မိတ်ဆွေကိုတော့ သေ သေချာချာ ခွဲခြားဖို့ လိုအပ်လိမ့်မယ်”

ကျွမ်းဟိုက…

“စိတ်ချပါ၊ ကျုပ် ဒါတွေကို နားလည်ပါတယ်”

ဟု ပြောလေသည်။

လွှကြိုးက…

“ဒါဖြင့် အစ်ကိုကြီးတို့ သွားကြ၊ ကျုပ် ဒီကိစ္စပြီးရင် ချက် ချင်းလိုက်လာခဲ့မယ်”

ဟု ပြောလေသည်။

ထိုအခါ…

ကျွမ်းဟိုက…

“ကောင်းပါပြီ၊ ကဲ ကျုပ်တို့ သွားတော့မယ်”

ဟု ပြောကာ ထွက်သွားလေသည်။

လွှကြိုးက ကျွမ်းဟို၏နောက်ကျောကို ကြည့်ကာ သက်

www.burmeseclassic.com

www.burmeseclassic.com



ပြင်းချလိုက်သည်။

♠ ♠ ♠

ကျွမ်းဟိုတို့လှေစုသည် တိုက်ခိုက်ရန် နေရာအသင့်ယူထားကြပြီဖြစ်သည်။

သူတို့သည် ရွက်လှေငယ်ကို မျက်တောင်မခတ် ကြည့်နေကြသည်။

ရွက်လှေငယ်မှာမူ လုံးဝကြောက်ရွံ့ခြင်း မရှိဘဲ ကျွန်းရှိရာသို့ တဖြည်းဖြည်း ချဉ်းကပ်လာနေလေတော့သည်။

ဤသို့ဖြင့် ရွက်လှေသည် ကျွန်းနှင့် တစ်စထက်တစ်စ နီးကပ်လာလေသည်။

ကျွမ်းဟိုက မျှော်စင်ပေါ်၌ ရပ်၍ အသံကျယ်လောင်စွာဖြင့်

"ဘယ်က ရွက်လှေလဲ၊ ရှေ့မတိုးနဲ့ ရပ်လိုက်စမ်းဟေ့"

ဟု အော်ပြောလိုက်လေသည်။

ထိုအခါ...

သူ၏စကားဆုံးသွားသည်နှင့် ရွက်လှေငယ်၏ ရွက်တိုင်တွင် အလံဖြူတစ်လက် ရုတ်တရက် လွှင့်ထူလိုက်လေသည်။

ကျွမ်းဟိုက မျက်မှောင်ကြုတ် သွားလေတော့သည်။

"ရွက်လှေကတော့ မိတ်ဆွေသဘောလို့ အချက်ပြထားတယ်၊ ဒါပေမယ့် ရွက်လှေပေါ်မှာ ပါလာတဲ့ လူတွေအားလုံး တိုက်



ခိုက်ရေးသမားတွေနဲ့ တူတယ်၊ ပရိယာယ်များ ဆင်နေသလား မသိဘူး"

သူသည် ယင်းသို့ တွေးမိသည်နှင့် အလံနီကို ထုတ်ပြလိုက်သည်။

အရှေ့မတိုးရန် အမိန့်ပေးခြင်း ဖြစ်သည်။

မြောင်ရှမ်း ဒေါသထွက်သွားကာ...

"အစ်ကိုကြီးလွှကြိုးကို ပြောလိုက်ပါ၊ မြောင်ရှမ်း ရောက်နေပါတယ်လို့"

ယခုမှ ကျွမ်းဟိုသည် မြောင်ရှမ်းအား မြင်သွားလေတော့သည်။ ကျွမ်းဟို ကျယ်လောင်စွာဖြင့်...

"ညီမလေး၊ မင်းရောက်ပြီလား"

မြောင်ရှမ်းက ကျွမ်းဟိုအား...

"ဟုတ်တယ် အစ်ကိုကြီး"

ထိုအခါတွင် လှေငယ်သည် ကျွန်းပေါ် ဆိုက်ကပ်သွားသည်။

မြောင်ရှမ်းသည် ကျွန်းပေါ်သို့ ခုန်တက်ကာ ကျွမ်းဟို၏ လက်ကို ရင်းနှီးစွာ ဆုပ်ကိုင်ထားသည်။

"အစ်ကိုကြီးလွှကြိုးရော"

ကျွမ်းဟိုက...

"ရှိပါတယ်၊ အခန်းထဲမှာ ကိစ္စရှိလို့ နေခဲ့ရတယ်"

မြောင်ရှမ်းက...

www.burmeseclassic.com

www.burmeseclassic.com



"အဲဒြင့် ကျွန်မ သူ့ဆီကို သွားမယ်"

သူမသည် ပြေးသွားရန် ခြေလှမ်းပြင်စဉ် ကျွမ်းဟိုက...

"နေဦးလေ၊ မင်းလှေပေါ်က လူတွေကို ဘယ်က ခေါ်လာတာလဲ"

သူမသည် ကျင်းလုံတို့လူစုအား လက်ယပ်ခေါ်လိုက်လေသည်။

"အားလုံး ကျွန်းပေါ်ကို ကြွကြပါရှင်"

ကျင်းလုံက သူ၏လူစုကို ခေါ်ဆောင်ကာ လှေပေါ်မှ ဆင်းလိုက်သည်။

မြောင်ရှမ်းသည် ကျင်းလုံနှင့် ပတ်သက်သော အကြောင်းများကို အတိုချုံး၍ ပြောလိုက်သည်။

ထို့နောက် ကျင်းလုံအား ပြုံးပြကာ...

"ဟောဒါက ကျွန်မတို့အစ်ကိုကြီး ကျွမ်းဟိုပါ။ ရှင်တို့ နေထိုင်ဖို့ သူက စီစဉ်ပေးပါ့မယ်"

သူမသည် ပြောပြီးသည်နှင့် ပြေးလွှားသွားသည်။

ကျွမ်းဟိုက ခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး ကျင်းလုံအား အရိုအသေ ပြုလိုက်သည်။ ထို့နောက်...

"မိတ်ဆွေက ရွှေခေါင်းလောင်းဂိုဏ်းက ဂိုဏ်းချုပ်ကိုးနာမည်ကိုတော့ မကြာခဏ ကြားဖူးပါတယ်၊ အခုလို တွေ့ရတာ ဝမ်းသာပါတယ်"

ကျင်းလုံက မချိပြုံးပြုံးလိုက်သည်။



"ကျုပ်တို့က နဂါးစိမ်းဂိုဏ်းရဲ့ ရန်ကို ရှောင်တိမ်းရင်း ဒီကိုလာပြီး အနှောင့်အယှက်များ ပေးမိမလား မပြောတတ်ပါဘူး"

ကျွမ်းဟိုက လက်ကာပြလိုက်သည်။

"ဟာ ဒီလို မပြောပါနဲ့ဗျာ"

သူက စကားဆက်လိုက်သည်။

"ကဲ မိတ်ဆွေလို ပုဂ္ဂိုလ်က ကျုပ်တို့ဆီ ရောက်လာတာက ကျုပ်တို့အဖို့ ပိုပြီး အင်အားတောင့်တင်းသွားတာပဲ၊ ဒါဝမ်းသာစရာကိစ္စပါ"

သူက စကားဆက်လိုက်သည်။

"ကဲ အားလုံး ကျုပ်ညီနဲ့ တွေ့ပြီးမှ စီစဉ်တိုင်ပင်ကြတာပေါ့လေ"

သူသည် ပြောပြီး ကျင်းလုံတို့လူစုအား ခန်းမရှိရာဘက်သို့ ခေါ်ဆောင်သွားလေသည်။

ခန်းမရှေ့တွင် လှေကြီး၊ မြောင်ရှမ်းနှင့် ထိပ်တန်းပုဂ္ဂိုလ်တစ်ချို့တို့သည် ရပ်၍ကြိုဆိုနေသည်ကို တွေ့၏။

ကျင်းလုံသည် လှေကြီးက ယခုကဲ့သို့ မိမိတို့အား ကြိုဆိုနေသည်ကို တွေ့ရသောအခါ အားတက်သွားသည်။

သူက လက်နှစ်ဖက်ဆုပ်၍ အရိုအသေ ပြုလိုက်သည်။

"အခုလို မမျှော်လင့်ဘဲ ပြန်တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

သူသည် ကျင်းလုံ၏လက်ကိုဆွဲကာ ခန်းမထဲသို့ ခေါ်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်သွားလေသည်။

ခန်းမထဲတွင် ကျင်းလုံတို့လူစုအား ထမင်းပွဲဖြင့် ကြိုဆိုရန် အသင့်ပြင်ထားပြီး ဖြစ်ရာ သူတို့သည် ပိုင်းဖွဲ့ထိုင်၍ စားသောက်ကြလေသည်။ လှေကြီးက ကျင်းလုံနှင့် မိမိတို့လူစုကို တစ်ဦးချင်း မိတ်ဆက်ပေးလိုက်သည်။

ကျင်းလုံက အလွန်အံ့သြမိသည်။

အကြောင်းမှာ…

ယခု ချောင်းဆုံစခန်းသို့ ရောက်နေသော ပုဂ္ဂိုလ်များတွင် သိုင်းလောကမှာ တစ်ချိန်တုန်းက လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော ပုဂ္ဂိုလ်များ ဖြစ်နေသည်ကို တွေ့ရှိရသောကြောင့် ဖြစ်သည်။

သူ့အဖို့ စိတ်အားထက်သန်လာသည်။

ကျူးထင်းဖုန်းတို့လူစုကို ဖြိုခွဲသုတ်သင်နိုင်ရန် ဤလူစုမှလွဲ၍ မည်သူကမျှ မရှိတော့ဟု မှတ်ချက်ချမိလေသည်။

ချောင်းဆုံစခန်းတွင် လူစုလူဝေးများ တဖြည်းဖြည်း များပြားလာလေသည်။

ထိုလူစုများထဲတွင် အားလုံးက စိတ်ချယုံကြည်ရမည့်သူများ ဖြစ်သည်ဟု လှေကြီးက ယုံကြည်လေသည်။

ကျွမ်းဟိုကလည်း ယုံကြည်သည်။

အခြားထိပ်တန်းပုဂ္ဂိုလ်များကလည်း ယုံကြည်လေသည်။

သို့သော်…

အများ၏သဘောနှင့် ဆန့်ကျင်သော လူနှစ်ယောက် ရှိ



သည်။ တစ်ယောက်တည်း မဟုတ် နှစ်ယောက်ပင်။

ထိုလူနှစ်ယောက်ကား မူထိုင်ကိုယ်တော်နှင့် သူ၏တပည့်ပင် ဖြစ်သည်။

မူထိုင်ကိုယ်တော်နှင့် သူ၏တပည့်သည် လှေကြီးအား အမြဲတမ်း သတိပေးရလေသည်။

"ဒီမှာ လှေကြီး။ ငါတို့ဘက်မှာ လူစု တစ်နေ့တစ်ခြား များများလာတာဟာ ဝမ်းသာစရာတော့ ကောင်းတယ်၊ ဒါပေမယ့်…"

လှေကြီးက…

"ဒါပေမယ့် ဘာဖြစ်လဲ"

မူထိုင်ကိုယ်တော်က…

"ဒါပေမယ့် လူများလာရင် လူရှုပ်လာတယ်၊ အဲကြားတော့ မသမာသူလဲ ပါမလာနိုင်ဘူးလားကွယ်"

လှေကြီးက ရယ်မောလိုက်သည်။

"မူထိုင်ကိုယ်တော်က အစိုးရိမ်လွန်နေပြီ"

မူထိုင်ကိုယ်တော်က…

"ကျုပ်က အစိုးရိမ်လွန်တယ် ဟုတ်လား"

လှေကြီး ခေါင်းညိတ်လိုက်သည်။

"မူထိုင်ကိုယ်တော်ပဲ စဉ်းစားပေါ့၊ တပည့်တော်တို့က အခု လုပ်တဲ့ အလုပ်ဟာ ရာထူးလဲရမယ့် အလုပ်မဟုတ်၊ မြို့ိသာဖို့ လုပ်တဲ့ အလုပ်လဲမဟုတ်"

သူက စကားဆက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကံဆိုးရင် အသက်တောင် ပါသွားနိုင်တယ်၊ ဒါကြောင့် ကျုပ်တို့အဖွဲ့ထဲကို ဘယ်သူက လာချင်ကြမှာလဲ"

မှုထိုင်ကိုယ်တော်၏တပည့်က...

"ဒါလဲ ဟုတ်ပါတယ်"

လှေကြီးက...

"မသမာသူဆိုတာ သူတို့ ငွေနဲ့ ရာထူးကို ရမလားလို့ အားထုတ်ကြိုးစားနေကြတာ၊ ဘာမှရဖို့ လမ်းမမြင်တော့ ဘယ်သူက အပင်ပန်းခံပြီး သူလျှိုလုပ်မှာလဲ"

မှုထိုင်ကိုယ်တော်က...

"မင်းပြောတာကတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ငါ့ရင်ထဲမှာ အလိုလို လေးလံနေတယ်ဟ"

လှေကြီးက ရယ်မောသည်။

"ဒါကတော့ မှုထိုင်ကိုယ်တော်ကြီးက သိပ်စိုးရိမ်နေတာပါ"

သူက စကားဆက်လိုက်သည်။

"ဒီကိစ္စ ဘာမှမစိုးရိမ်ပါနဲ့ ကျုပ်တို့လူတွေလဲ အများကြီးရှိတယ်၊ မသမာသူရှိလဲ ကြာကြာဖုံးကွယ်လို့ မရနိုင်ပါဘူး"

မှုထိုင်ကိုယ်တော်ကြီးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ငါလဲ ဘာမှ မပြောတတ်တော့ပါဘူးလေ၊ မင်းသတိထားဖို့က အရေးကြီးတယ်၊ ငါ့ရဲ့စိတ်ထဲမှာတော့ ဒီရက်ထဲမှာ တစ်ခုခု ဖြစ်လာလိမ့်မယ်လို့ နိမိတ်ခံစားရတယ်"

လှေကြီးက ပြုံးပြလိုက်သည်။



"အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်၊ ရန်သူကို မျက်နှာချင်းဆိုင်တိုက်ဖို့ ကြောက်စရာမလိုပါဘူး၊ ဒါပေမယ့်.."

သူက စကားဆက်လိုက်သည်။

"တကယ်လို့ ရန်သူဟာ မင်းကို အယုံသွင်းပြီး အနီးကပ်တိုက်ခိုက်လာရင် မင်း ဘယ်လိုကာကွယ်မလဲ"

လှေကြီးက အနည်းငယ် တွေဝေသွားသည်။

မှုထိုင်ကိုယ်တော်က...

"ဒါကြောင့် ဘယ်နေရာရောက်ရောက် သတိအမြဲရှိဖို့ လိုတယ်၊ လူတိုင်းကိုလဲ အပြည့်အဝ ယုံကြည်လို့မဖြစ်ဘူး"

လှေကြီးက ခေါင်းညိတ်လိုက်သည်။

"မှုထိုင်ကိုယ်တော် ပြောတာ မှန်ပါတယ်၊ ဒါပေမယ့် အခုလက်ရှိ ပုဂ္ဂိုလ်များထဲမှာ တော်တော်များများဟာ စိတ်ချယုံကြည်ရသူတွေပါ"

မှုထိုင်ကိုယ်တော်က...

"အင်း ဒါကို ကျုပ်လဲ နားလည်ပါတယ်၊ ကျုပ်ပြောနေတာက အဲဒီ လူထဲက တစ်ယောက်ယောက်က ရန်သူရဲ့သူလျှို မရှိဘူးလို့ မဆိုနိုင်ဘူး၊ အထူးသဖြင့် မိစ္ဆာညည်းသံဟာ အလွန်ဉာဏ်များပြီး တောက်ကျစ်စဉ်းလဲတဲ့ လူတစ်ယောက် ဖြစ်တယ်"

ဟု ပြောလိုက်သည်။

သူက စကားဆက်လိုက်သည်။

"မိစ္ဆာညည်းသံကို လူတိုင်းသိတယ်၊ ဒါပေမယ့် သူ့ကို ဘယ်

www.burmeseclassic.com

www.burmeseclassic.com



သူက မြင်ဖူးသလဲ၊ ငါလဲ မိစ္ဆာညည်းသံ ဖြစ်နိုင်တယ်၊ ကျွမ်းဟိုလဲ မိစ္ဆာညည်းသံ ဖြစ်နိုင်တယ်၊ အခြားပုဂ္ဂိုလ်ထဲကလဲ မိစ္ဆာညည်းသံ ဖြစ်နိုင်တယ် မဟုတ်လား"

ရွှေကြိုးက ရယ်မောလိုက်သည်။

"မူထိုင်ကိုယ်တော် ပြောတာမှန်ပါတယ်၊ ဒါပေမယ့် ဒီလို သံသယစိတ်တွေ ဝင်လာမယ်ဆိုရင် အချင်းချင်း သံသယ ဖြစ်တာနဲ့ ဘာမှလုပ်လို့ မရတော့ဘူး"

မူထိုင်ကိုယ်တော် ပါးစပ်ပိတ်ထားလိုက်သည်။

ပထမပိုင်း ပြီး၏။

ဒုတိယစာတ်သိမ်းပိုင်း ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# သီဟအောင်

# သမာဓိမင်းကြီးဘွဲ့ရှင်

(ဒုတိယပိုင်း-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com



## သံသယများ

မိစ္ဆာညည်းသံ၏သတင်းသည် သိုင်းလောကတွင် ကွယ်ပျောက်သွားပြန်လေသည်။

မိစ္ဆာညည်းသံ မည်သည့်နေရာသို့ ရောက်သွားပါသနည်း။

သူက ပျောက်ကွယ်သွားခြင်းမှာ အခြားသော လှုပ်ရှားမှုအတွက် ကြိုတင်ပြင်ဆင်နေခြင်းလော။

ဤသို့ဖြင့် တစ်လကျော်ကျော်ခန့် ကြာလာသောအခါ မိစ္ဆာညည်းသံ စတင်အသက်ဝင် လှုပ်ရှားလာပြန်လေတော့၏။

မိစ္ဆာညည်းသံ ပြန်လည်လှုပ်ရှားလာသည့် နေရာမှာ သိုင်းလောကတွင် မဟုတ်တော့ပါ။

ချောင်းဆုံစခန်းမှာ ဖြစ်သည်။

လေ့ကြိုးတို့လူစုသည် ညဝိုင်း ဝိုင်းဖွဲ့ စားသောက်နေသောအချိန်ဖြစ်သည်။

သူတို့သည် စားသောက်နေရာမှ ညည်းညူသံတစ်ခုကို ကြားလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းညည်းညူသံသည် အဝေးမှ လွင့်မျောလာသည်ဟု ထင်ရသည်။

သို့သော် အနီးကပ် ထွက်ပေါ်လာသည်ဟုလည်း ထင်ရလေသည်။

လွှကြိုးတို့လူစုသည် ထိုညည်းညူသံကို ကြားလိုက်ရသည်နှင့် မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

သူတို့သည် အသံလာရာသို့ လိုက်လံရှာဖွေကြသည်။

သို့သော် ညည်းညူသံသာ ကုန်ဆုံးသွားလေသည်။

ညည်းညူသံရှင်အား ရှာမတွေ့ပါ။

သူတို့သည် အခန်းထဲသို့ ပြန်ဝင်လာစဉ် ရွှေစားကျင်းတောင် သေဆုံးနေသည်ကို တွေ့ရသည်။

ထိုစဉ် လွှကြိုးသည် စာရွက်တစ်ရွက်အား တွေ့ရလေသည်။

ယင်းစာရွက်ပေါ်တွင်...

"ဒီအမည် စာရင်းထဲ ပါရှိသောလူများ အားလုံးကို ကျုပ်က အသက်ခြွေပြီမှာဖြစ်ကြောင်း ကြိုတင်အကြောင်းကြားအပ်ပါတယ်"

"ထိုက်ပွေတောင်က လုံတံယန်းရှု"

"ကျင်းလုံ"

"ကွမ်းစီးနယ်က လိခန်းရဲ"



"ချူးလျန်းမြောက်ဘက်မှ သံမဏိစားဝေ့ဆင်း"

"ဝူတန်ဂိုဏ်းမှ ရှမ်းကျင်းလျူ"

"ရှောင်လင်မှုထိုင်ကိုယ်တော်နှင့် သူ၏တပည့်"

"လွှကြိုး"

"မြောင်ရှမ်း"

"ကျွမ်းဟို"

"ရှမ်းအော့"

ပုံ မိစ္ဆာညည်းသံ

လွှကြိုးသည် စာရွက်ကို ဆွဲခွာလိုက်သည်။

သူသည် လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထား၏။

ထို့နောက် အတန်ကြာမှ...

လွှကြိုးက...

"ကဲ မိတ်ဆွေတို့ခင်ဗျား။ အခုလို မျက်မြင်ကိုယ်တွေ့ မိစ္ဆာညည်းသံဟာ ကျုပ်တို့စခန်းအထိ တိုက်ခိုက်ဝင်ရောက်လာပြီ၊ ကျုပ်တို့ ဘယ်လိုခုခံ တိုက်ခိုက်မယ်ဆိုတာ အားလုံး ဝိုင်းဝန်းအကြံဉာဏ်ပေးကြပါလို့ မေတ္တာရပ်ခံပါတယ်"

ကျွမ်းဟိုက...

"ခက်တာက မိစ္ဆာညည်းသံဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာမသိရတော့ ဘယ်ကစပြီး ဘာကိုလုပ်ရမှန်း စဉ်းစားလို့မရအောင် ဖြစ်နေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းလုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဒါက အရေးကြီးပါတယ်"

ထို့နောက် သူက စကားဆက်လိုက်သည်။

"ကျုပ်အကြံတစ်ခုတော့ ပေးချင်တယ်"

လွှကြိုးက...

"ပြောပါ"

ကျင်းလုံက...

"လောလောဆယ်တော့ ဘာမှလုပ်လို့ မရနိုင်ပါဘူး၊ သူ့အတွက်နဲ့ လုပ်ငန်းတွေအားလုံး နှောင့်နှေးနိုင်တယ်၊ ဒါကြောင့် တစ်ဖက်ကလဲ သူ့ကိုစုံစမ်း၊ တစ်ဘက်ကလဲ လုပ်သင့်တာလုပ်ဖို့ အရေးကြီးပါတယ်"

လွှကြိုးက...

"ဟုတ်ကဲ့၊ ဒီအကြံကောင်းပါတယ်"

မှုထိုင်ကိုယ်တော်က...

"ကျုပ်တစ်ခု စိုးရိမ်တာက မိစ္ဆာညည်းသံဟာ သူသတ်မယ့်လူရဲ့ အမည်စာရင်းကို သေချာဖော်ပြထားတယ်နော်"

လွှကြိုးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒါဟာ အရေးကြီးတယ်၊ ကဲ ဒီနာမည် စာရင်းထဲက လူတွေ သတိဝီရိယနဲ့ နေကြပါ၊ ကဲ အကုန်လုံး ပြန်နိုင်ပါပြီ"

♠ ♠ ♠



## လူယုံ

ကျူးထင်းဖုန်းသည် ကြေးမျက်နှာရှင် ယခုတလော ပျောက်ကွယ်နေသည်ကို သတိပြုမိသည်။

သူက မှတ်မှတ်ရရ ရှိနေသည်မှာ ကြေးမျက်နှာဖုံးရှင်က မိမိထံသို့ ရောက်မလာသည်မှာ လေးရက်ခန့်ပင် ရှိနေပြီ ဖြစ်သည်။

ဤသို့ဆိုလျှင် ကြေးမျက်နှာဖုံးရှင်က အခြားတစ်နေရာသို့ ထွက်ခွာသွားခြင်း ဖြစ်ရမည်ဟု ယုံကြည်လေသည်။

ကြေးမျက်နှာဖုံးရှင် မရှိလျှင် မိမိလုပ်ချင်ရာ လုပ်နိုင်မည်။

"ဖြောင်း"

သူက လက်ခုပ်တစ်ချက် တီးလိုက်သည်။

သူ၏အိမ်စေက ဗန်းကလေးဖြင့် ရေနွေးကြမ်းအိုး သယ်ဆောင်လာလေသည်။

ကျူးထင်းဖုန်းက အသံပို့ဆောင်သော ပညာဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



"ငေါ်ကျိ၊ ငါက မင်းကို အရေးကြီးတဲ့ကိစ္စ တိုင်ပင်ချင်တယ်"

အိမ်စေကလည်း အသံပို့ဆောင်သော ပညာဖြင့်...

"ညတုန်းမောင်းခေါက်သံ နှစ်ချက်တီတီမှာ ကျွန်တော် တောင်ကုန်းပေါ်မှာ စောင့်နေမယ်"

ဟု ပြော၍ အရိုအသေပြု၍ ထွက်သွားလေသည်။

ထို့ကြောင့် သူတို့ အချင်းချင်း ဆက်သွယ်သည်ကို မည်သူကမှ မသိလိုက်ပါချေ။

♠ ♠ ♠

"ခေါင်...ခေါင်"

တုန်းမောင်းခေါက်သံ နှစ်ချက်တီတီ ထွက်ပေါ်လာသည်။

လူအများ အိပ်ပျော်နေချိန်တွင် လူတစ်ယောက်သည် ပြတင်းပေါက်ထဲမှ ပျံသန်းထွက်လာကာ မြေပေါ်သို့ကျကာ အရှေ့ဘက်သို့ ပြေးလွှားသွား၏။

ထိုလူသည် ပြေးလာရာမှ တောင်ပေါ်တစ်ခုသို့ ရောက်လာလေသည်။

သူသည် ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကြည့်လိုက်သည်။



ထိုအချိန် အမှောင်ထုထဲမှ အသံတစ်ခု ထွက်ပေါ်လာလေသည်။

"ဆရာ ကျွန်တော် ဒီမှာ"

ကျူးထင်းဖုန်းသည် အသံလာရာသို့ လှည့်ကြည့်လိုက်ရာ ငေါ်ကျိအား တွေ့မြင်လိုက်ရသည်။

ငေါ်ကျိက အသံတိုးတိုးဖြင့်...

"ဒီကို ကြွပါ ခင်ဗျာ"

သူသည် ကျူးထင်းဖုန်းအား လိုဏ်ဂူတစ်ခုထဲသို့ ဦးဆောင်ခေါ်သွားလေသည်။

လိုဏ်ဂူထဲသို့ စမ်းတဝါးဝါးဖြင့် ဝင်သွားရာ တစ်ဆင့်ချိုးကွေ့လိုက်သောအခါ အလင်းရောင်များ မြင်တွေ့လိုက်ရသည်။

ထိုနေရာမှာ ကျယ်ဝန်းသော နေရာတစ်ခုဖြစ်သည်။

အခန်း၏နံရံမှာ မီးတုတ်များ ထွန်းညှိထားသည်။

အခန်းထဲ၌ အစိမ်းရောင်ဝတ်ဆင်ထားသော လူနှစ်ဆယ်ခန့်က တန်းစီ၍ အလေးပြုကြ၏။

"ခေါင်းဆောင်ကြီးကို ကြိုဆိုပါတယ်"

ထိုလူများသည် ငေါ်ကျိ၏လက်ရွေးစင် ဘက်တော်သားများ ဖြစ်သည်ကို သူက နားလည်ထားသည်။

သို့သော် အခြေအနေမပေး၍ တစ်ကြိမ်တစ်ခါမျှ မတွေ့ဆုံဖူးသေးပါ။

www.burmeseclassic.com

www.burmeseclassic.com



သူက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"မင်းတို့နဲ့ အခုလို လာတွေ့ရတာ ကျုပ်ဖြင့် တော်တော် အားတက်သွားတယ်"

အစိမ်းရောင်ဝတ်ဆင်ထားသူများသည် အခန်းအလယ်ရှိ သားရေဖုံးထားသော ကုလားထိုင်ဆီသို့ ကျူးထင်းဖုန်းအား ထိုင်စေသည်။

ကျူးထင်းဖုန်း အားတက်နေမိသည်။

ကြေးမျက်နှာဖုံးရှင်နှင့် ပတ်သက်ခဲ့ပြီးနောက် အခက်အခဲ ဒုက္ခအမျိုးမျိုး ကြုံတွေ့ခဲ့ရလေပြီ။

သူ့အား ကူညီမိသူဟူ၍ ငေါ်ကျိုတစ်ယောက်သာ ကျန်ခဲ့သည်။

ငေါ်ကျိုက ခံစားချက်ရှိသူ ဖြစ်သည်။

သူ၏အရင်းနှီးဆုံး မိတ်ဆွေများသည် ကြေးမျက်နှာရှင်၏ ဝယောဂဖြစ် ဒုက္ခရောက်ခဲ့ကြသည် မဟုတ်ပါလား။

ငေါ်ကျို၏လူများသည် ငေါ်ကျိုကဲ့သို့ ခံစားခဲ့ရသူများပင် ဖြစ်သည်။

ထို့ကြောင့်...

အားလုံးက ကြေးမျက်နှာဖုံးရှင်အား ဖော်ထုတ်ချေမှုန်းလိုကြသည်။

သို့ဖြင့် စုရုံးမိကြပြီး ကျူးထင်းဖုန်းအတွက် ဆောင်ရွက်ပေး



ခဲ့ကြခြင်း ဖြစ်သည်။

ကျူးထင်းဖုန်းက ဦးဆောင်မှုပေးနိုင်လိမ့်မည်ဟုလည်း ယုံကြည်ထားကြသည်။

ငေါ်ကျိုတို့လူစုအား ရှာထားကြခြင်းကြောင့် ကျူးထင်းဖုန်း ကံကောင်းသွားသည်ဟု ဆိုနိုင်၏။

ကျူးထင်းဖုန်းသည် ကြေးမျက်နှာဖုံး မသိအောင် နောက်ကွယ်မှနေ၍ လျှို့ဝှက်စွာ ဆောင်ရွက်နိုင်ခဲ့သည် မဟုတ်ပါလား။

ကျူးထင်းဖုန်းက အားလုံးကို ဝေ့ကြည့်လိုက်သည်။

"ငေါ်ကျို"

"အမိန့်ရှိပါ သခင်ကြီး"

"မင်းတို့လူစုဟာ ငါ့အတွက် အင်မတန် အားထားရတဲ့ လူစုပါပဲ"

"ကျေးဇူးတင်ပါတယ် သခင်ကြီး"

"အခြေအနေ ပြောပါဦး"

"သူ့ရဲ့ကောင်းတောင်ကုန်း အနီးတဝိုက်မှာ ချထားတဲ့ ကျုပ်လူ အနည်းဆုံး ဆယ်ယောက်လောက် ရှိတယ်၊ သူတို့ဆီက ဘာသတင်းမှ မကြားခဲ့ဘူး"

ကျူးထင်းဖုန်းက...

"ကြေးမျက်နှာဖုံးရှင်ဟာ ရှုပ်ဖျက်တော်တယ်၊ မင်းရဲ့လူ ရှောက်တော့ သူက ရယ်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ငေါ်ကျိုက ခေါင်းညိတ်လိုက်သည်။

"ဪ ဟုတ်တယ်"

ကျူးထင်းဖုန်းက...

"အခု အရေးကြီးဆုံးက ဒီလူ ဘယ်ကို ရောက်နေသလဲဆိုတာ သိချင်တယ်"

ငေါ်ကျိုက အနည်းငယ် စဉ်းစားလိုက်သည်။

"သူက သွားစရာနေရာတစ်ခုပဲ ရှိတယ်လို့ ကျုပ်ယူဆမိပါတယ်"

ကျူးထင်းဖုန်းက...

"ဘယ်နေရာလဲ"

ငေါ်ကျိုက...

"ချောင်းဆုံစခန်း"

ကျူးထင်းဖုန်းက မျက်မှောင်ကြုတ်သွားသည်။

"လှေကြီးတို့လူစု စခန်းချနေတဲ့နေရာ ဟုတ်လား"

ငေါ်ကျိုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ကျူးထင်းဖုန်းသည် တစ်ချိန်တုန်းက ကြေးမျက်နှာဖုံးရှင် ပြောသွားသော စကားကို ပြန်လည်သတိရလာ၏။

"ချောင်းဆုံစခန်းက လူတွေ တစ်ယောက်ပြီးတစ်ယောက်ကို ကျုပ်က အသက်ခြွေပြမယ်"



သူသည် ယင်းသို့ ပြန်လည်သတိရလာသည်နှင့် မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်လာသည်။

"မင်းပြောတာ သေချာနေပြီ"

ငေါ်ကျိုက မျက်မှောင်ကြုတ်သွားသည်။

"ဘာကို သေချာတာလဲ ဆရာ"

ကျူးထင်းဖုန်းက...

"ကြေးမျက်နှာဖုံးရှင်ဟာ ချောင်းဆုံစခန်း ရောက်နေတာလေ"

ငေါ်ကျိုက...

"ဆရာလဲ ဒီအတိုင်းပဲ ယူဆတယ် ဟုတ်လား"

ကျူးထင်းဖုန်းက...

"ယူဆနေတာ မဟုတ်ဘူး။ သူက ချောင်းဆုံစခန်းကို သွားပြီး ထိပ်တန်းသိုင်းသမားများကို တစ်ယောက်ချင်း သတ်မယ်လို့ ပြောသွားတယ်"

ငေါ်ကျိုက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီအတိုင်းဆိုရင် ချောင်းဆုံစခန်းက လူတွေ အန္တရာယ်နဲ့ ရင်ဆိုင်ရတော့မယ် ထင်တယ်"

ကျူးထင်းဖုန်းက...

"သူထွက်သွားတာ လေးရက်တောင် ရှိသွားပြီ။ ဟိုမှာ သွေးထွက်သံယိုမှုတွေ ဖြစ်နေပြီနဲ့ တူတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက စကားဆက်လိုက်၏။

"သမီးရှမ်းအော့လဲ ဟိုရောက်နေတယ်၊ အဲဒါမှ ဒုက္ခ"

ငေါ်ကျိုသည် စဉ်းစားပြီး…

"ဒါနဲ့ ဆရာ့ကို တစ်ခု မေးချင်တယ်"

ကျူးထင်းဖုန်းက…

"မေးပါ"

ငေါ်ကျိုက…

"ကြေးမျက်နှာဖုံးရှင်ဟာ မိန်းမညည်းသံ ဖြစ်နိုင်တယ်"

ကျူးထင်းဖုန်းက…

"ငါလဲ မစဉ်းစားတတ်ဘူး"

ငေါ်ကျိုက…

"ဆရာက သူနဲ့တွေ့တာ အချိန်အတော်ကြာပြီပဲ၊ သူက ဘယ်သူလဲဆိုတာ မခန့်မှန်းနိုင်သေးဘူးလား"

ကျူးထင်းဖုန်း တွေဝေသွားသည်။

"မင်းမေးလာမှ ငါ့ရင်ထဲမှာ သံသယ ဖြစ်စရာတွေတော့ သတိပြန်ရလာတယ်"

ငေါ်ကျိုက…

"ဘာတွေ သံသယ ရှိလာတာလဲ ဆရာ"

ကျူးထင်းဖုန်းက…

"ကျုပ် သူနဲ့ နီးနီးကပ်ကပ် နေတဲ့အခါမှာ ဒီလူဟာ ကျုပ်နဲ့



ရင်းရင်းနှီးနှီး နေခဲ့ဖူးတဲ့ လူတစ်ယောက် ဖြစ်တယ်လို့ ခံစားမိတယ်"

ငေါ်ကျို၏မျက်လုံးအစုံသည် စူးရှတောက်ပလာလေသည်။

"သူက ဘယ်သူနဲ့ တူလို့လဲ"

ကျူးထင်းဖုန်းက…

"ခက်တာက ကျုပ်က ကျုပ်ရင်းနှီးတဲ့လူထဲကို တစ်ယောက်ပြီးတစ်ယောက် တွေးကြည့်တဲ့အခါ ဘယ်သူနဲ့တူမှန်း မသိအောင် ရောထွေးသွားပြန်တယ်"

ငေါ်ကျိုက…

"ဒါဟာ သဲလွန်စပါပဲ ဆရာ၊ ကဲ ဒီသဲလွန်စကို မြဲမြဲဆုပ်ကိုင်ပြီး လေ့လာမယ်ဆိုရင် သူဟာ ဘယ်သူလဲ သိသာလိမ့်မယ်"

ကျူးထင်းဖုန်းက…

"ငါလဲ ကြိုးစားနေပါတယ်၊ ကဲ ဒီမှာ ကြာကြာနေလို့ မရဘူး၊ လှေကြီးတို့ဆီ စာတစ်စောင်ပို့လိုက် သေသေချာချာလုပ် ကဲ ငါပြန်ပြီ"

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



လဝန်းသည် အရောင်မှိန်မှိန်လေး ဖြစ်သည်။

ကျူးထင်းဖုန်းသည် တောင်ကုန်းပေါ်မှ ဆင်းလာပြီး သူ့ရဲ တောင်းကုန်း ရှိရာသို့ ပြေးလွှားသွားသည်။

တောအုပ်တစ်ခုသို့ ရောက်ရှိသောအခါ ငေါ်ကျိ ပြောခဲ့သည့် စကားကို ရုတ်တရက် သတိရလာသည်။

သူသည် အလိုလို ခြေလှမ်းရပ်ပြီးလျှင် ပတ်ဝန်းကျင်အား အတဲစေ့ကြည့်လိုက်သည်။

ထိုအခါ လူအယောက်နှစ်ဆယ်ခန့် ထွက်လာလေသည်။

ကျူးထင်းဖုန်းက...

"အေး မင်းတို့ ဝင်ပန်းတာကို ကျေးဇူးတင်ပါတယ်"

သူတ လက်ဝှေ့ယမ်းကာ...

"ငါ့နေရာလဲ ရောက်တော့မှာ မင်းတို့ ပြန်တော့"

ဟု ပြောကာ ပြေးလွှားသွားလေသည်။

♠ ♠ ♠



## တာဝန်

လမင်းသည် ကောင်းကင်၏ အလယ်ဗဟိုတွင် ရှိသည်။

တောင်ကုန်းရှိ မြေကွက်လပ်ပေါ်တွင် အစိမ်းရောင်ဝတ်ဆင်ထားသော လူတစ်ယောက်သည် မြေကွက်လပ်ပေါ်၌ တင်ပျဉ်ခွေထိုင်နေသည်။

ထိုလူသည် ငေါ်ကျိုပင်ဖြစ်သည်။

ငေါ်ကျိုက သူ၏တပည့်များဘက်လှည့်ကာ...

"သွေးသောက်တို့"

သူသည် စကားကို ရပ်တန့်ပြီးမှ တစ်လုံးချင်း ပြောချလိုက်လေသည်။

"ကနေ့ ကျုပ်ပြောမယ့် စကားဟာ အလွန်အရေးကြီးတဲ့အတွက် ကျေးဇူးပြုပြီး သေသေချာချာ သဘောပေါက်အောင် နားထောင်ကြပါ"

www.burmeseclassic.com

www.burmeseclassic.com



သူက စကားဆက်လိုက်သည်။

"အခု သွေးသောက်တို့က ကျုပ်ဆီကို ဘာအကြောင်းနဲ့ ရောက်ရှိလာကြတယ်ဆိုတာ ပြောမပြဘဲ နားလည်တယ်"

သူသည် အရှေ့ဆုံးမှ သွေးသောက်အား...

"စုတ၊ မင်းက ဘာကြောင့် ငါတို့အဖွဲ့ထဲကို ရောက်လာကြတာလဲ"

စုတက မတ်တတ်ရပ်၍ အရိုအသေပြုလိုက်သည်။

"နဂါးစိမ်းဂိုဏ်းသားတွေဟာ ကျွန်တော်တို့ရဲ့ မိသားစုတွေကို သတ်ဖြတ်တယ်၊ မီးရှို့သွားတယ်၊ တစ်နေ့ လက်စားချေမယ်ဆိုပြီး ဆရာ့ဆီမှာ လာစုရုံးတာပါ"

ငေါ်ကျိုက...

"ဟုတ်ပြီ၊ မင်း ဒီကို လာခဲ့တာဟာ နဂါးစိမ်းဂိုဏ်းကို တိုက်ခိုက်ဖို့ တာဝန်ပေးတာ ခံချင်လို့ မဟုတ်လား"

စုတက...

"ဟုတ်ပါတယ် ဆရာ"

ငေါ်ကျိုက...

"တကယ်လို့ အခုနေအခါမှာ နဂါးစိမ်းဂိုဏ်းကို တိုက်ဖို့ တာဝန်ပေးမယ်ဆိုရင် မင်းတို့ သွားနိုင်ပြီလား"

စုတက ရင်ကော့လိုက်သည်။

"ကျုပ် အချိန်မရွေး သွားနိုင်ပါတယ် ဆရာ"



ငေါ်ကျိုက...

"ဒီတာဝန်ဟာ အသက် သေဆုံးနိုင်တာကိုရော သိထားသလား"

စုတက...

"သိပါတယ် ဆရာ"

ငေါ်ကျိုက...

"ဒါဖြင့် မင်းရဲ့အသက်ပဲ သေသေ တာဝန်ပေးရင် သွားမယ်ဆိုပါတော့"

စုတက...

"ဟုတ်ကဲ့ပါ ဆရာ"

သူသည် စုတအား နေရာတွင် သွားထိုင်စေကာ အမှတ်ခုနစ်အား...

"အမှတ်ခုနစ် မင်းဟာလဲ နဂါးစိမ်းဂိုဏ်းရဲ့ ယုတ်မာမှုကြောင့် ငါတို့ဆီ ရောက်လာတာ မဟုတ်လား"

အမှတ်ခုနစ်က...

"ဟုတ်ပါတယ် ဆရာ"

ငေါ်ကျိုက...

"အခု နဂါးစိမ်းဂိုဏ်းကို ရင်ဆိုင်တိုက်ခိုက်မယ့် အခွင့်အရေးတစ်ခု ကြုံတွေ့နေရပါတယ်၊ သွေးသောက်တို့ထဲက ဘယ်သူသွားမယ်ဆိုတာ လက်မြှောက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



သွေးသောက်တို့သည် လက်တစ်ဖက်စီ မြှောက်ထား၏။

ငေါ်ကျို ဝမ်းသာပီတိ ဖြစ်သွားသည်။

"မင်းတို့ တစ်ခု သိထားဖို့က အခု လွှတ်မယ့် တာဝန်ဟာ အန္တရာယ်များတယ်၊ ဒီပြန်ရောက်လာချင်မှ လာနိုင်မှာ"

"ကျွန်တော်တို့ သွားပါ့မယ်"

အားလုံး ပြိုင်တူ စိတ်အားထက်သန်စွာ ပြန်ပြောလိုက်၏။

ငေါ်ကျိုက အားတက်လာသည်။

"အားလုံး ထိုင်ကြပါ"

ထို့နောက် သူက...

"အခုလောလောဆယ်တော့ လူအများကြီး မလိုသေးဘူး၊ သုံးယောက်ပဲ လိုတယ်"

ငေါ်ကျို စကားကြောင့် ကျန်ရှိသော သွေးသောက်များတို့သည် အားလုံး စိတ်ပျက်ကုန်ကြသည်။

"ဟာ"

ထိုအချိန် သွေးသောက်သုံးယောက် သူ့ထက်ငါ ဦးအောင် ထပြီး...

"ကျွန်တော်တို့သွားမယ်"

ကျန်ရှိသော သွေးသောက်တို့ကလည်း...

"ကျွန်တော်တို့ သွားပါ့မယ်"

ငေါ်ကျိုက...



"ကဲ အားလုံး ပြန်ထိုင်ကြပါ၊ သွေးသောက်တို့ရဲ့ စိတ်ဓာတ်ကို လေးစားပါတယ်၊ ဒါကြောင့် ဘယ်သူသွားရမယ်ဆိုတာ မဲနှိုက်ပြီး အဆုံးအဖြတ် ခံယူကြပါ"

ငေါ်ကျိုသည် အသင့်ပါလာသော စက္ကူဘူးတစ်လုံးကို သူ့ရှေ့တွင် ချထားလိုက်သည်။

"ကဲ ဒီစက္ကူဘူးထဲမှာ မဲလိပ်ရှိပါတယ်၊ ဒါကြောင့် ဒီစက္ကူဘူးထဲက မဲလိပ်ကို သုံးလိပ်နှိုက်ယူလိုက်မယ်ဆိုရင် မဲပေါ်မှာ ရှိတဲ့ ဂဏန်းအရ တာဝန်ကို ပေးမယ်"

သူသည် ပြောပြီး စုတဘက်လှည့်ကာ...

"ကဲ စုတ မဲလိပ်တွေကို တစ်ခုနဲ့တစ်ခု ရှုပ်ထွေးသွားအောင် စက္ကူဘူးကို လှုပ်လိုက်ပါ"

စုတသည် စက္ကူဘူးကို လှုပ်ပြီး ချထားလိုက်သည်။

ငေါ်ကျိုက...

"မင်း မဲလိပ်သုံးလိပ် နှိုက်လိုက်ပါ"

စုတသည် မဲလိပ်သုံးလိပ်ကို နှိုက်လိုက်သည်။

ငေါ်ကျိုက မဲလိပ်ကို ဖြန့်၍...

"အမှတ်ခုနစ်၊ အမှတ်ဆယ့်တစ်၊ အမှတ်ခြောက်၊ မင်းတို့ ထွက်ခဲ့ပါ"

ငေါ်ကျိုက...

"မင်းတို့ သေသေချာချာ နားထောင်ပါ"

www.burmeseclassic.com

www.burmeseclassic.com



သွေးသောက်များက...

"ဟုတ်ကဲ့ပါ"

ငေါ်ကျိုက...

"ဒီကိစ္စက အရေးကြီးတဲ့အတွက် မင်းတို့ မပေါ့ဆရဘူး နော်"

သွေးသောက်များက...

"ဟုတ်ကဲ့ပါ"

ငေါ်ကျိုက...

"ကဲ မပေါက်တဲ့သူ သုံးယောက်ကလွဲပြီး အားလုံးသွားနိုင်ပြီ"

ဟု ပြောလျှင် အားလုံးထွက်ခွာသွားကြလေသည်။

♠ ♠ ♠



## စာတစ်စောင်

မြေကွက်လပ်ပေါ်တွင် ငေါ်ကျို၊ စုတနှင့် တာဝန်ပေးရမယ့် သွေးသောက်သုံးယောက်သာ ရှိသည်။

ငေါ်ကျိုက စုတအား ကြည့်ကာ...

"ကဲ သူတို့သွားမယ့် အစီအစဉ်ကို တစ်ခါတည်း ပြောလိုက်မယ်၊ ခင်ဗျားက သူတို့ လိုအပ်တဲ့အစားအသောက်၊ နောက်ပြီး သောက်ရေနဲ့ လိုအပ်တဲ့ပစ္စည်း အဆင်သင့်ထားပါ၊ တစ်ခါတည်း လိုက်ခဲ့ပါ"

ငေါ်ကျိုသည် သွေးသောက်သုံးယောက်အား သူ[illegible] ရှေ့တွင် ထိုင်စေသည်။

သူသည် အသင့်ရေးသားထားသော စာတစ်စောင်ကို ထုတ်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျူပ်ပေးမယ့် တာဝန်ကို သေသေချာချာ နားထောင်ပါ"

သူက စကားဆက်လိုက်သည်။

"မင်းတို့ရဲ့ တာဝန်ကတော့ ဒီစာကို ချောင်းဆုံစခန်းကို ဖြစ်တဲ့နည်းနဲ့ ရောက်အောင် ပို့ပေးဖို့ပါပဲ"

သွေးသောက်သုံးယောက်က ပြိုင်တူ ခေါင်းညိတ်သည်။

"ဟုတ်ကဲ့ပါ ဆရာ"

ငေါ်ကျိုက...

"ဒီတာဝန်ဟာ လွယ်လွယ်ပေါ့ပေါ့ သဘောမထားသင့်ဘူး။ တစ်ချက်မှားတာနဲ့ အသက်ပျောက်သွားမယ်"

စုတနှင့် ရဲဘော်သုံးယောက်တို့သည် ပြိုင်တူ အရိုအသေပြုကာ စုတ နောက်သို့ လိုက်သွားကြလေသည်။

♠ ♠ ♠



ရှက်လှေတစ်စီးသည် ချောင်းဆုံစခန်းသို့ ဦးတည်၍ ထွက်ခွာလာလေသည်။

ထိုအချိန်တွင် ကျွန်းပေါ်မှ မြင့်မားသော ကျွန်းဆောင်နေရာတွင် လူတစ်ယောက်သည် တဖြည်းဖြည်း နီးကပ်နေသော ရှက်လှေအား စိုက်ကြည့်နေလေသည်။

ထိုလူက...

"ဒီရှက်လှေပေါ်မှာ လူနှစ်ယောက် ပါလာပါလား။ သူတို့က ဘယ်သူများပါလိမ့်"

"သူတို့က ဘယ်သူတွေပဲ ဖြစ်ဖြစ် ဒီကျွန်းပေါ် အရောက်မခံနိုင်ဘူး"

ကင်းစောင့်များက...

"ဟေ့ ရှက်လှေ ရှေ့မတိုးနဲ့ ဘာကိစ္စရှိလဲ ပြောပါ"

အမှတ်ခုနစ်က...

"ကျုပ်တို့အားလုံး ရန်သူမဟုတ်ဘူး။ ခေါင်းဆောင်ကြီးလှကြိုးဆီကို လာတာပါ"

ထိုအခါ လူနှစ်ယောက်သည် လှကြိုးအား သွားပြော၏။

ကျန်လူများကလည်း သူတို့အား...

"ခင်ဗျားတို့ ကျွန်းကို တဖြည်းဖြည်း ကပ်နိုင်ပါတယ်"

အမှတ်ခြောက်နှင့် အမှတ်ခုနစ်တို့က ဆိပ်ကမ်းကိုကပ်လာစဉ် အလင်းရောင်နှစ်ခု လင်းလက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အား"

အမှတ်ခြောက်နှင့် အမှတ်ခုနစ်တို့ လဲကျသွားစဉ် လှေကြီးတို့လှေစုက ရောက်ရှိလာကြပြီ ဖြစ်သည်။

လှေကြီးက...

"ဘာတွေ ဖြစ်ကုန်တာလဲ"

သွေးသောက်တစ်ယောက်က...

"ဟိုရွက်လှေတစ်စီး ကျုပ်တို့ ကျွန်းနားကို ချဉ်းကပ်လာလို့"

ထုံးစံအတိုင်း မေးလိုက်သည်။

လှေကြီးက နားထောင်နေ၏။

ထိုလူက စကားဆက်လိုက်သည်။

"သူတို့ဟာ ခေါင်းဆောင်ကြီးကို သတင်းပို့ဖို့ ရောက်လာတယ်လို့ ပြောတယ်၊ လှေပေါ်မှာလဲ လူနှစ်ယောက်တည်းသာ ရှိလို့ ကျွန်တော်တို့လဲ ခွင့်ပြုလိုက်တယ်၊ နောက်ပြီး ခေါင်းဆောင်ကြီးဆီကို အမြန်ဆုံး သတင်းပို့လိုက်ပါတယ်"

သူက စကားဆက်လိုက်သည်။

"ခေါင်းဆောင်ကြီး ရောက်ခါနီးမှာပဲ ဘယ်သူ့လက်ချက်မှန်းမသိဘဲ သူတို့နှစ်ယောက်စလုံး သေဆုံးသွားတာကို တွေ့ရပါတယ်"

လှေကြီးက လှေငယ် ရှိရာသို့ တစ်ချက်ကြည့်လိုက်သည်။

လှေပေါ်၌ အစိမ်းရောင်အကျီဝတ်ဆင်ထားသော လူနှစ်



ယောက် သေဆုံးသွားသည်ကို တွေ့လိုက်ရသည်။

သူသည် နောက်သို့ လှည့်၍ မေးလိုက်သည်။

"ဒါ တို့တာဝန်ကျတဲ့ သွေးသောက်ထဲက ဘယ်သူ ပစ်လိုက်တာလဲ"

တာဝန်ကျ သွေးသောက် ဆယ့်နှစ်ယောက်စလုံး ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော်တို့ အမိန့်မရမချင်း မတိုက်ခိုက်ရပါဘူး"

လှေကြီးသည် ခြေဖျားလေးထောက်၍ ခုန်လိုက်လျှင် ခန္ဓာကိုယ်သည် လှေပေါ်သို့ ရောက်ရှိသွားလေသည်။

ထို့နောက် သေဆုံးသူ၏ဒဏ်ရာကို သေချာစွာ ကြည့်လိုက်သည်။

ရွှေရောင်စိမ်ထားသော မြှားကလေး ဖြစ်သည်။

မြှားကလေးပေါ်၌ စိမ်းဖန့်ဖန့် အရောင်သန်းနေသည်။

လှေကြီးက အလွန်အံ့ဩသွားသည်။

ယင်းကဲ့သို့ အဆိပ်လူးသော လက်နက်မျိုးသည် မိမိတို့ ချောင်းဆုံစခန်းတွင် မရှိသည်မှာ သေချာသွားသည်။

သူ၏မျက်နှာတစ်ခုလုံး ကွက်ခနဲ ပျက်သွားသည်။

မှုထိုင်ကိုယ်တော်၏စကားသည် အလွန်မှန်ကန်နေပြီ ဖြစ်သည်။

ချောင်းဆုံစခန်းတွင် ရန်သူ သူလျှို ရောက်နေသည်မှာ ယုံ

www.burmeseclassic.com

www.burmeseclassic.com



များဖွယ်ရာမရှိပါ။

သူသည် တွေဝေငေးငိုင်နေစဉ်မှာပင် လှေ၏ဝမ်းဗိုက်ထဲမှ လူတစ်ယောက် ရုတ်တရက် ခေါင်းပြူထွက်လာလေသည်။

လှေကြီးက ထိတ်ခနဲ ဖြစ်သွားပြီး နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။

ထိုလူက ရင်ဘတ်ထဲမှ စာတစ်စောင်ယူ၍ လှေကြီးအား လှမ်းပေးလိုက်လေသည်။

လှေကြီးက စာကိုမယူသေးဘဲ ထိုလူအား အကဲခတ် ကြည့်လိုက်လေသည်။

"မင်းက ဘယ်သူလဲ"

အမှတ်သုံးက...

"ကျွန်တော်က အမှတ်သုံးပါ၊ ခေါင်းဆောင်ကြီးဆီကို အလွန်အရေးကြီးတဲ့စာကို အသက်နဲ့ရင်းပြီး လာပို့တာပါ"

လှေကြီးက စာကို လှမ်းယူလိုက်ပြီးနောက် ဖောက်ဖတ် လိုက်လေသည်။

သူသည် ထိုစာကို ဖတ်ရင်းဖတ်ရင်း မျက်နှာတစ်ခုလုံး ဖြူ ဖပ်ဖြူရော် ဖြစ်သွားလေသည်။

သူသည် ထိုစာကို ချက်ချင်းဖင် ချေမွလိုက်ပြီးနောက် ရေထဲ သို့ လွှင့်ပစ်လိုက်သည်။

အမှတ်သုံးသည် သူ၏သွေးသောက် နှစ်ယောက်အား



ကြည့်ကာ ဝမ်းနည်းပက်လက်ဖြင့် ငိုကြွေးလိုက်သည်။

လှေကြီးက သူ၏ပခုံးအား အသာပုတ်လိုက်သည်။

"ကိုယ့်ကိုယ်ကို ထိန်းပါ၊ မင်းအဖော်ကို ရက်ရက်စက်စက် လုပ်ကြံတဲ့လူကို ငါ ကလဲ့စားချေပေးပါ့မယ်"

သူသည် ကျွန်းပေါ်သို့လှည့်၍ လက်တစ်ချက် ဝှေ့ယမ်း လိုက်ရာ သွေးသောက်များက ဆင်းလာပြီး အလောင်းများကို သယ် သူကသယ်ပြီး အမှတ်သုံးကို ခြံရံ၍ ခေါ်ဆောင်သွားကြလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## ထမင်းချက်အတု

မြွားနှစ်စင်းဖြင့် အမှတ်ခြောက်နှင့် အမှတ်ခုနစ်ကို ပစ်သွားသောသူသည် လှေကြီးတို့လူစု ရောက်ရှိလာသဖြင့် ကမန်းကတန်း ရှောင်တိမ်းသွားသည်။

ထို့ကြောင့် လှေငယ်၏ဝမ်းဗိုက်ထဲ၌ လူတစ်ယောက် ကျန်ရှိနေသည်ကို သူလုံးဝ မသိလိုက်ပါ။

ယခု သူသည် အေးအေးဆေးဆေးဖြင့် မီးဖိုဆောင်ထဲသို့ ရောက်ရှိနေပြီ ဖြစ်သည်။

ထိုလူမှာ ထမင်းချက်ဝမ်းဟုတ်ပင် ဖြစ်ပါသည်။

သူသည် ခြေတစ်ဖက် မသန်စွမ်းသည်မှလွဲ၍ ရေခပ်၊ ထမင်းချက်၊ ထင်းခွဲစသော အလုပ်များကို အလွန်နိုင်နင်းလှ၏။

သူသည် ဤရှောင်းဆုံစခန်းသို့ ရောက်လာသည်မှာ ခြောက်လခန့်ပင် ရှိနေပြီ ဖြစ်သည်။



သူသည် သဘောလည်း ကောင်းသည်။

ထမင်း၊ ဟင်းချက်လည်း ကောင်းသည်။

ထို့ကြောင့် အဖွဲ့သားများတို့သည် သူ့အား ခင်မင်ကြလေသည်။ သို့သော် အကယ်၍သာ လှေပေါ်မှ လူနှစ်ယောက်ကို ပစ်သတ်သွားသောလူမှာ ထိုအလွန်သဘောကောင်းသော ဝမ်းဟုတ်ဖြစ်သည်ကို တွေ့မြင်လိုက်မိပါက အားလုံးက ယုံကြည်ကြမည် မဟုတ်ပါ။

ဤသို့ဆိုလျှင် ထမင်းချက်ဝမ်းဟုတ်ဆိုသူသည် မည်သူများ ဖြစ်ပါသနည်း။

အမှန်မှာ လွန်ခဲ့သော ခြောက်လခန့်က ရှောင်းဆုံ စခန်းကို ရောက်ရှိလာသူမှာ ထမင်းချက်ဝမ်းဟုတ်အစစ်ပင် ဖြစ်ပါသည်။

လွန်ခဲ့သော ခြောက်ရက်ခန့်က ညတစ်ညတွင်...

ထမင်းချက်ဝမ်းဟုတ်သည် သူ၏တာဝန်ပြီးဆုံးသွားသဖြင့် ကောက်ရိုးသိုလှောင်ထားသည့် နေရာအခန်းတွင် အရက် သောက်ပြီးနောက် အိပ်ပျော်သွားလေသည်။

ထိုအချိန် လူတစ်ယောက် ရုတ်တရက် ရောက်ရှိလာပြီး သူ၏ရင်ဝသို့ လက်ဝါးဖြင့် ရိုက်ချလိုက်ရာ ထမင်းချက်ဝမ်းဟုတ် အသံပင် မထွက်နိုင်ဘဲ ချက်ချင်းသေဆုံးသွားရသည်။ ထိုလူက ဝမ်းဟုတ်၏အလောင်းကို အပြင်ဆွဲထုတ်သွားလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



အုံ့ဩဖွယ်ကောင်းသည်မှာ နောက်တစ်နေ့ ဝေလီဝေလင်း အချိန်မှာ ထမင်းချက်ဝမ်းဟုတ်သည် အရက်ဘူးလေးကိုင်၍ ခြေထောနဲ့ထောနဲ့ဖြင့် အိပ်ရာမှ နိုးလာပြီး ကောက်ရိုးသိုလှောင်သော အခန်းမှ ထွက်လာသည်။

ထို့နောက် ထင်းခွဲ၊ ရေခပ်၊ ထမင်း၊ ဟင်းချက်သည့် အလုပ်များကို လုပ်ကိုင်နေသည်။

သို့သော် တစ်မူထူးခြားသည်မှာ နောက်ပိုင်း ထမင်းချက်ဝမ်းဟုတ် ချက်ပြုတ်သော ထမင်း၊ ဟင်းများသည် ယခင်ကကဲ့သို့ လက်ရာမမြောက်တော့။

ဝမ်းဟုတ်က ထမင်း၊ ဟင်းချက်သည် အဘယ်ကြောင့် ညံ့ဖျင်းသွားသည့် အကြောင်းကို ရှာဖွေကြ၏။

နောက်ဆုံး ထမင်းချက်ဝမ်းဟုတ်မှာ အရက်ကို နေ့မလင်း ညမလင်းသောက်၍ တစ်နေကုန်တစ်နေခန်း မူးနေသောကြောင့် ထမင်း၊ ဟင်းချက်ရာ၌ ယခင်ကဲ့သို့ ပုံမမှန်မှန်း ကောက်ချက်ချမိလိုက်ကြသည်။

ထို့နောက် ထမင်းချက်ဝမ်းဟုတ်၏အကြောင်းကို မည်သူကမျှ ဂရုမစိုက်တော့။

ရက်ပေါင်းခြောက်ဆယ်အတွင်းမှာ မိစ္ဆာညည်းသံ သုံးကြိမ်တိတိ ထွက်ပေါ်လာသည်။

ထို့ကြောင့် ချောင်းဆုံစခန်းတွင် ရန်သူ ရောက်နေသည်ကို



အားလုံးက ယုံကြည်နားလည်လိုက်သည်။

သို့သော် ရန်သူမှာ ရှိုပေါက်မလာပါ။

ထို့ကြောင့် မည်သူက ရန်သူဖြစ်သည်ကို မည်သူကမျှ မပြောနိုင်ပါ။

ပို၍ အခြေအနေဆိုးရွားသည်မှာ ချောင်းဆုံစခန်းတွင် နေထိုင်ကြသော ပုဂ္ဂိုလ်များတို့သည် တဖြည်းဖြည်းနှင့် တစ်ယောက်ပေါ်တစ်ယောက် အယုံအကြည် ကင်းမဲ့လာကြသည်။

တစ်ယောက်ပေါ်တစ်ယောက် သံသယ ဖြစ်လာကြ၏။

ဤအချက်သည် လွှကြိုးက အလွန်ဦးနှောက်ခြောက်သောအချက်ပင် ဖြစ်သည်။

ယခု သူသည် အမှတ်သုံးထံမှ စာကို ရရှိထားသဖြင့် ကျူးထင်းဖုန်း၏အခက်ကြုံနေရပုံကို ပို၍ ယုံကြည်လာလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ည…

လဝန်း ထိန်ထိန်သာသာသော ညတစ်ည ဖြစ်သည်။

လွှကြိုးသည် မိမိ၏အဖွဲ့ထဲသို့ စိမ့်ဝင်နေသော ရန်သူကို မည်ကဲ့သို့ ထုတ်ဖော်ရမည်ကို တစ်ယောက်တည်း စဉ်းစားနေစဉ်…

"ဒေါက်…ဒေါက်"

ပြတင်းပေါက် တံခါးခေါက်သံ ကြားလိုက်သည်။

လွှကြိုးက အတွေးများကို ရပ်တန့်လိုက်ပြီး…

"ဘယ်သူလဲ"

"ကျွန်မပါ"

ကျူးရှမ်းအော့၏အသံ ဖြစ်သည်ကို သူက မှတ်မိလိုက်သည်။

ထို့ ပြတင်းပေါက် ဖွင့်ပေးလိုက်သည်။

"အထဲဝင်ဦးမလား ညီမ"

ကျူးရှမ်းအော့က ခေါင်းခါယမ်းလိုက်သည်။

"မဝင်တော့ပါဘူး"

လွှကြိုးက…

"ကိစ္စ ရှိလို့လား ညီမ"

ကျူးရှမ်းအော့က…

"ဟုတ်ကဲ့၊ ကျွန်မ မေးစရာစကားတစ်ခွန်း ရှိလို့ပါ"

လွှကြိုးက…



"မေးပါ"

ကျူးရှမ်းအော့က…

"ဒီမနက် လှေပေါ်မှာ ပါလာတဲ့လူဟာ ကျွန်မအဖေက လွှတ်လိုက်တဲ့လူလို့ ကျွန်မယူဆမိတယ်"

လွှကြိုးက…

"ဟုတ်တယ်"

ကျူးရှမ်းအော့က ဝမ်းသာသွားသည်။

"ဒါနဲ့ ကျွန်မရဲ့အဖေ အကြောင်းရော ပါသေးသလား"

လွှကြိုး ခေါင်းညိတ်လိုက်သည်။

"ပါတာပေါ့"

သူက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ညီမလေး ငါ့ကို ပြောပြစဉ်တုန်းက ငါ မယုံကြည်နိုင်သေးဘူး၊ အခုမှပဲ မင်းအဖေဟာ လူဆိုးရဲ့ ချုပ်ချယ်မှုအောက်မှာ နေထိုင်ရမယ်ဆိုတာ ယုံကြည်တော့တယ်"

ကျူးရှမ်းအော့၏မျက်လုံးအစုံသည် မျက်ရည်များ ဝဲလာလေသည်။

"ဖေဖေတစ်ယောက်တည်း နေရတာ ကျွန်မ စိတ်မချဘူး၊ ဒါကြောင့် ကျွန်မပြန်သွားရင် ကောင်းမယ်"

လွှကြိုးက…

"သူ့အတွက် ဘာမှစိတ်မပူနဲ့၊ သူ့ရဲ့ညာလက်ရုံးတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်က ခုမှဖို့ အင်အားစု တစ်စု လျှို့ဝှက်ဖွဲ့စည်းထားပါတယ်”

သူသည် စာထဲ၌ ပါရှိသော အကြောင်းများကို အတိုချုံး၍ ပြောလိုက်လေသည်။

ကျူးရှမ်းအော့က မျက်မှောင်ကြုတ်သွားသည်။

“ဒီအတိုင်းဆိုရင် ရန်သူက ကျွန်မတို့ဆီ ရောက်နေပြီပေါ့”

လွှကြိုးသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

“ရောက်နေလို့လဲ လူသုံးယောက် အသတ်ခံလိုက်ရပြီ”

ကျူးရှမ်းအော့က အံကို တင်းတင်းကြိတ်လိုက်သည်။

“ကျွန်မတို့လူစုတွေ မနည်းပါဘူး။ ဘာဖြစ်လို့ ရန်သူတစ်ယောက်ကိုမှ မဖော်ထုတ်နိုင်ကြတာလဲ”

လွှကြိုးက အနည်းငယ် စဉ်းစားလိုက်သည်။

ထို့နောက် အံကို ကြိတ်ရင်း…

“ဒီ ရန်သူ ပေါ်ထွက်လာအောင် ကျွန်မကြိုးစားမယ်”

သူမသည် ပြောပြီးသည်နှင့် ချာခနဲ ထွက်သွားလေသည်။

လွှကြိုးက လှမ်းခေါ်လိုက်သည်။

“ညီမလေး”

သို့သော် ကျူးရှမ်းအော့သည် အဝေးသို့ ရောက်ရှိသွားပြီ ဖြစ်ပါသည်။

♠ ♠ ♠



ကျူးရှမ်းအော့သည် အခန်းထဲ၌ တစ်ယောက်တည်း ထိုင်နေသည်။

မိုးလင်းသွားသည့်တိုင်အောင် သူမ အိပ်မပျော်နိုင်ပါ။

သူမသည် ရန်သူအား ထွက်ပေါ်လာစေရန် နည်းလမ်းတစ်ခုကို စဉ်းစားမိလိုက်သည်။

ထို့ကြောင့် နောက်တစ်နေ့ ညမှာပင် သူမသည် လွှကြိုးရှိရာသို့ ရောက်ရှိသွားပြန်လေသည်။

လရောင်က ထိန်ထိန်သာလျက်…

ဤတစ်ကြိမ် ကျူးရှမ်းအော့က လွှကြိုး၏အခန်းထဲသို့ ရောက်ရှိနေခြင်း ဖြစ်သည်။

သူမသည် အရက်တစ်ကရားနှင့် သူမကိုယ်တိုင် ချက်ပြုတ်သော ဟင်းလေးပွဲကိုပါ ဗန်းကလေးတစ်ခုနှင့် သယ်ဆောင်ခဲ့သည်။

ကျူးရှမ်းအော့၏ တစ်မူထူးခြားသောပုံကို လွှကြိုးက ချက်ချင်း အကဲခတ်မိလိုက်သည်။

“ညီမလေး၊ မင်း ဘာတွေ ဖြစ်လာတာလဲ”

ကျူးရှမ်းအော့က သူ့အား စိုက်ကြည့်လိုက်သည်။

“အစ်ကိုကို စကားတစ်ခွန်း မေးချင်လို့”

လွှကြိုးက…

“မေးပါ”

ကျူးရှမ်းအော့က…

www.burmeseclassic.com

www.burmeseclassic.com



"မေးပါမယ်၊ ဘာလဲဆိုတော့ ကျွန်မကို ချစ်လားဟင်"

လွှကြိုးက…

"မေးစရာ လိုသေးလို့လား ညီမရယ်"

ကျူးရှမ်းအော့က…

"အစ်ကိုကြီး ပါးစပ်က ဖြေပါ၊ ဒါမဟုတ် အဖြေ မပေးနိုင်လို့လား။ မပေးချင်လို့လား"

လွှကြိုးက…

"ညီမလေးကို အစ်ကို ချစ်ပါတယ်"

ကျူးရှမ်းအော့သည် ဝမ်းသာလွန်း၍ မျက်ရည်များပင် စီးဆင်းကျလာသည်။

"အစ်ကို တကယ် ပြောတာလား"

လွှကြိုးက…

"အစ်ကို ဘယ်တုန်းက လိမ်ပြောဖူးလို့လဲ"

ကျူးရှမ်းအော့က ကျေနပ်စွာ ပြုံးလိုက်လေသည်။

"အစ်ကိုကြီးက ယောကျ်ားပီသတဲ့ လူတစ်ယောက်ပါ၊ အစ်ကိုပြောတဲ့ စကားကို အမြဲတမ်း ကတိတည်မယ်ဆိုတာလဲ ယုံကြည်ပါတယ်"

လွှကြိုးက သူမအား အကဲခတ်ကြည့်လိုက်သည်။

"ညီမလေး၊ ဒီကနေ့ တစ်မျိုးကြီးပဲ၊ ဘာဖြစ်သလဲဆိုတာ အစ်ကို့ကို ပြောပြပါလား"



ကျူးရှမ်းအော့က ခေါင်းခါယမ်းလိုက်သည်။

"ဘာမှ မဖြစ်ပါဘူး။ အစ်ကိုစိတ်ထင်လို့ပါ"

သူမသည် ထိုင်ရာမှ ထလိုက်သည်။

"ကျွန်မသွားမယ်"

လွှကြိုးက ခေါင်းညိတ်လိုက်သည်။

ကျူးရှမ်းအော့သည် အခန်းတံခါးဖွင့်၍ ထွက်ခွာသွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



လှေကြီးသည် အတန်ကြာ ထိုင်၍ စဉ်းစားနေ၏။

ကျူးရှမ်းအော့တစ်ယောက် တစ်မူထူးခြားနေသည်မှာ သေချာသည်။

သူမသည် မည်သည့် လျှို့ဝှက်ချက်များ ရှိနေပါသနည်း။

သူမက ဖခင်ထံသို့ ပြန်လို၍လော။

သူက ခေါင်းခါယမ်းလိုက်သည်။

မဖြစ်နိုင်ပါ။

အကယ်၍ ကျူးရှမ်းအော့က သူမ၏ဖခင်ထံသို့ ပြန်သွားချင်ဆိုလျှင် မိမိအား ပြောမည်သာ ဖြစ်သည်။

ယခုမှာမူ ကျူးရှမ်းအော့မှာ တစ်စုံတစ်ခု လျှပ်ရှားမည်ကို သူက ကောင်းစွာယုံကြည်လေသည်။

သူသည် အမျိုးမျိုး စဉ်းစားနေစဉ်မှာပင် ညည်းညူသံတစ်ခုသည် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လှေကြီး၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

ထိုင်ရာမှ ဆတ်ခနဲထလိုက်လေသည်။

"ဟင် မိန်းမသံညည်းသံ"

သူသည် မဆိုင်းမတွဘဲ ပြတင်းပေါက်မှ ထိုးဖောက်ခုန်ထွက်လိုက်လေသည်။

သူသည် အပြင်ဘက်သို့ ရောက်ရှိလာသည်နှင့် ညည်းညူသံ လာရာသို့ နားစွင့်လိုက်သည်။



ညည်းညူသံသည် အရှေ့တောင်ဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်ဟု ခန့်မှန်းမိလေသည်။

သူသည် ကိုယ်ဖော့ပညာကို အသုံးပြု၍ အရှေ့တောင်ဘက်သို့ ပြေးလွှားသွားလေသည်။

သူသည် အသံထွက်ပေါ်လာရာသို့ ရောက်ရှိသွားသောအခါ ညည်းညူသံသည် တဖြည်းဖြည်း ကွယ်ပျောက်သွား၏။

"ဒုက္ခပါပဲ"

လှေကြီး၏အသည်းနှလုံးသည် ယူပစ်လိုက်သည့်အလားခံစားလိုက်ရသည်။

"ရှမ်းအော့..ရှမ်းအော့..ရှမ်းအော့"

သူသည် အသံကျယ်လောင်စွာဖြင့် အော်ခေါ်လိုက်လေသည်။

ထိုအချိန်မှာပင် ချောင်းဆုံစခန်းတစ်ခုလုံး မီးတုတ်များ ထိန်ထိန်လင်းလာကြသည်။

ကျွမ်းဟိုတို့ဦးဆောင်သော လူတစ်စုသည် ဓားကိုယ်စီ၊ မီးတုတ်ကိုယ်စီနှင့် ရန်သူအား လိုက်လံရှာဖွေနေ၏။

မြောင်ရှမ်းဦးဆောင်သော လူစုများသည်လည်း လက်နက်ကိုယ်စီ၊ မီးတုတ်ကိုယ်စီနှင့် ရန်သူအား လိုက်ရှာနေ၏။

အခြားသိုင်းသမားများ ဦးဆောင်၍ အဖွဲ့သားအားလုံး ရန်သူအား လိုက်လံရှာဖွေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချောင်းဆုံစခန်းတစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ဆူဆူညံ ညံ ဖြစ်သွားလေသည်။

မြောင်ရှမ်းက လွှကြိုးတစ်ယောက်တည်း ငေးငိုင်နေသည်ကို တွေ့ရလေသည်။

"အစ်ကိုကြီး ဘာဖြစ်သွားသေးလဲ"

ဟု မေးလိုက်သည်။

လွှကြိုးက မြောင်ရှမ်း၏ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်သည်။

"ညီမလေး ရှမ်းအော့ကို တွေ့လား"

"မတွေ့ပါလား၊ ရှမ်းအော့ ဘာဖြစ်လို့လဲ"

လွှကြိုးက...

"ရှမ်းအော့တစ်ယောက် ရှာလို့ မတွေ့တော့ဘူး"

မြောင်ရှမ်း၏မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

"သူ...သူ"

သူမသည် စကားဆက်မပြောတော့ဘဲ သူမ၏လူစုကို ခေါ်ဆောင်၍ ပြေးလွှားထွက်ခွာသွားလေသည်။

တစ်ဆင့်စကားတစ်ဆင့်ဖြင့် ရှမ်းအော့တစ်ယောက် ပျောက်ဆုံးနေသည်ကို အားလုံးက သိရှိသွားကြ၏။

ကျွမ်းဟိုတို့လူစု ချောင်းဆုံစခန်းတစ်ခုလုံး နေရာမလပ်လိုက်လံရှာဖွေရာ နောက်ဆုံး မူထိုင်ကိုယ်တော်၏တပည့် အသံ



ထွက်ပေါ်လာလေသည်။

"ဒီမှာ တွေ့ပြီဟေ့"

မူထိုင်ကိုယ်တော်၏တပည့် အသံကြောင့် အားလုံးသောလူများသည် ထိုနေရာသို့ ပြေးလွှားသွားကြသည်။

ကျွမ်းဟိုက...

"ဘယ်မှာလဲ ရှမ်းအော့"

မူထိုင်ကိုယ်တော်၏တပည့်က သိုလှောင်သော အခန်းကိုလှမ်းပြလိုက်သည်။

"အခန်းထဲမှာ"

ကျွမ်းဟို ကောက်ရိုးအခန်းထဲသို့ လှမ်းဝင်လိုက်သည်။

မြောင်ရှမ်းတို့လည်း ရောက်ရှိလာကြသည်။

ကျူးချမ်းအော့တစ်ယောက် ကောက်ရိုးပုံထဲ၌ သတိမေ့နေသည်ကို တွေ့လိုက်သည်။

ကျွမ်းဟိုက ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ညီမလေး၊ သွားကြည့်လိုက်စမ်းပါဦး၊ အသက်မှ ရှိသေးရဲ့လား"

မြောင်ရှမ်းက ရှမ်းအော့အား သေသေချာချာ စမ်းသပ်ကြည့်ရာ အသက်မသေဘဲ သတိမေ့နေသည်။

"ဘာမှ မဖြစ်ပါဘူး အစ်ကိုကြီး၊ သတိမေ့သွားတာပါ"

သူမသည် ရှမ်းအော့၏သွေးကြောများကို ဖွင့်ပေးလိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းအော့က ပြန်လည်သတိရလာသည်။

ထိုအချိန် လွှေကြီး ရောက်ရှိလာသည်။

ကျူးရှမ်းအော့က လှုပ်အလယ်မှာ မရှက်နိုင်တော့ဘဲ လွှေကြီး၏ ရင်ခွင်ထဲသို့ တိုးဝင်ကာ အားရပါးရ ငိုချလိုက်၏။

လွှေကြီးက သူမ၏ပခုံးနှစ်ဖက်ကို အလိုက်သင့် ဆုပ်ကိုင်ထားလိုက်သည်။

"မငိုပါနဲ့တော့ ညီမလေး။ ဘာမှလဲ မဖြစ်တော့ပါဘူး"

သို့သော် ကျူးရှမ်းအော့မှာမူ လွှေကြီး၏ရင်ခွင်ထဲ၌ ငိုမြဲငိုနေလေ၏။

မြောင်ရှမ်းက ပခုံးတစ်ချက်တွန့်ပြီး သူ၏လူများကို အသာခေါ်ယမ်းပြလိုက်သည်။

သူမ၏လူများသည် အလျှိုလျှို ထွက်ခွာသွားကြသည်။

ကျွမ်းဟိုတို့လူစုမှာလည်း တိတ်ဆိတ်စွာ ထွက်ခွာသွားကြလေသည်။

မီးတုပ်၏အလင်းရောင် ပျောက်ကွယ်သွားသည်နှင့် အေးမြကြည်လင်သော လရောင်သည် အစားထိုး ဝင်ရောက်လာသည်။

အတန်ကြာတော့မှ...

လွှေကြီးက ကျူးရှမ်းအော့အား အသာအယာ တွန်းဖယ်လိုက်သည်။

"ညီမလေး ပြန်ကြစို့"



သူသည် ကျူးရှမ်းအော့၏ပခုံးကို လှမ်းဖက်ကာ ခန်းမရှိရာသို့ ပြန်လည်လျှောက်လာလေသည်။

သူသည် ခြေလှမ်းငါးဆယ်ခန့် လှမ်းမိလိုက်တော့မှ တစ်စုံတစ်ခုကို သတိရလာသည်။

"ဒါနဲ့ ညီမလေး။ ညီမလေးက ကောက်ရိုးခန်းထဲကို ဘယ်လိုလုပ် ရောက်လာတာလဲ"

ရှမ်းအော့က...

"ကျွန်မ အစ်ကို့ဆီက ထွက်လာပြီး မကြာမီမှာဘဲ မီးလျှံညည်းသံကို ကြားလိုက်ရတယ်၊ ကျွန်မက ရုတ်တရက် တွေဝေသွားတယ်"

လွှေကြီးက...

"အသံက ဘယ်က ထွက်လာသလဲဆိုတာ ညီမလေး ခန့်မှန်းမိသလား"

ရှမ်းအော့က...

"မီးဖိုဆောင်က ထွက်လာတယ်လို့ ထင်တယ်"

သူမက စကားဆက်လိုက်သည်။

"ဒါကြောင့် ကျွန်မက အရဲစွန့်ပြီး မီးဖိုဆောင်ဘက်ကို ပြေးသွားပါတယ်"

လွှေကြီးက...

"ဘာကို တွေ့ခဲ့သလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျူးရှမ်းအော့က...

"ဘာကိုမှ မတွေ့ခဲ့ရပါဘူး။ ကျွန်မရဲ့ခါးမှာ တစ်စုံတစ်ယောက်က သွေးကြောထောက်လိုက်တာကိုပဲ သိလိုက်ပါတယ်၊ နောက် ဘာကိုမှ မသိတော့ပါဘူး"

လှေကြီးက ကျူးရှမ်းအော့၏လက်ကို ဆွဲလာပြီး မီးဖိုဆောင်ဘက်သို့ ပြန်လည်သွားလေသည်။

ကျူးရှမ်းအော့က...

"ဘယ်ကို သွားမလို့လဲ အစ်ကို"

လှေကြီးက...

"မီးဖိုဆောင်ကို"

ကျူးရှမ်းအော့က...

"ဘာသွားလုပ်မလို့လဲ"

လှေကြီးက...

"ရန်သူရဲ့ သဲလွန်စ ရမလားလို့ သွားကြည့်မလို့"

သူသည် ပြောရင်း ကျူးရှမ်းအော့၏လက်တစ်ဖက်ကို ဆွဲကာ မီးဖိုဆောင်ထဲသို့ လှမ်းဝင်လိုက်သည်။

သူသည် အခန်းတစ်ခုလုံးကို မျက်မှောင်ကြုတ်၍ ကြည့်၏။

"ထမင်းချက်ဝမ်းဟုတ်တစ်ယောက် မတွေ့ပါလား"

ကျူးရှမ်းအော့က...

"ဟုတ်တယ်၊ ရန်သူနဲ့ တွေ့ပြီလား မသိဘူး"



လှေကြီးက ခေါင်းခါယမ်းလိုက်သည်။

"သူ့လိုလူမျိုးကို ဘယ်သူကမှ မသတ်ပါဘူး။ ညီမလေး ဒီရောက်နေတဲ့အချိန် သူ ဒီမှာရှိမရှိဆိုတာ သိချင်လို့ပါ"

ထိုအချိန်မှာပင် မီးဖို၏နောက်ဘက်တွင် ဝမ်းဟုတ်၏ အိပ်မောကျသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

လှေကြီးက မီးဖိုနောက်သို့ လှမ်းကြည့်လိုက်သည်။

အရက်နံ့များ ထောင်းခနဲ ထနေ၏။

ထမင်းချက်ဝမ်းဟုတ်မှာမူ လူမှန်းမသိ၊ အလွန်အကျွံ မူးနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျူးရှမ်းအော့က သက်ပြင်းချလိုက်သည်။

"ဒီလိုလူမျိုးကို ရန်သူက သတ်သွားတာတောင် သူသိရှာမှာ မဟုတ်ဘူး"

လှေကြီးသည် သက်ပြင်းတစ်ချက်ချကာ ကျူးရှမ်းအော့နှင့်အတူ ခန်းမသို့ ထွက်ခွာသွားလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## အကြံအစည်

ချောင်းဆုံစခန်း၌ မိစ္ဆာညည်းသံ လေးကြိမ်တိတိ ထွက်ပေါ်လာခဲ့သည်။

သုံးကြိမ်မှာ လူသုံးယောက်၏အသက်ကို ခြွေသွားနိုင်ခဲ့သည်။

သို့သော်...

စတုတ္ထ အကြိမ်မှာမူ အားလုံး၏ဝီရိယကောင်းမှုကြောင့် လူသူတစ်စုံတစ်ယောက်မျှ အသက် မဆုံးရှုံးခဲ့ပါ။

ဤသည်မှာ ဝမ်းသာစရာ ကိစ္စတစ်ရပ် ဖြစ်သည်။

အားတက်ဖွယ်လည်း ကောင်းလှပေသည်။

ထို့ကြောင့်...

နောက်တစ်နေ့ နေ့လည်ချိန်တွင် 'လွှကြိုး'က အရေးပါအရာရောက်သော ပုဂ္ဂိုလ်များကို ဖိတ်ခေါ်၍ ဆွေးနွေးတိုင်ပင်ကြလေသည်။



လူစုံတက်စုံ ရောက်ရှိလာပြီးနောက်...

လွှကြိုးက စတင်ဆွေးနွေးလိုက်သည်။

"ကြွရောက်လာတဲ့ ဧည့်သည်မှူး ခင်ဗျား"

သူသည် အားလုံး နားထောင်နေသည်ကို တွေ့မှ စကားဆက်လိုက်သည်။

"ဒီကနေ့ ဧည့်သည်တွေကို ခေါ်ယူတိုင်ပင် ဆွေးနွေးလိုတဲ့ ကိစ္စကတော့ အလွန်အရေးကြီးတဲ့ ကိစ္စတစ်ရပ် ဖြစ်ပါတယ်"

သူ၏မျက်နှာတစ်ခုလုံး လေးနက်တည်ကြည်လာ၏။

"လက်ရှိ အခြေအနေမှာ မိစ္ဆာညည်းသံဟာ ငါတို့ ချောင်းဆုံစခန်းကို ရောက်နေပြီဆိုတာ သေချာသလောက် ဖြစ်နေပါပြီ"

"ဟုတ်ပါတယ် ခေါင်းဆောင်ကြီး"

လွှကြိုးက...

"အခု တစ်နေ့နဲ့တစ်နေ့ အခြေအနေဟာ တဖြည်းဖြည်း ဆိုးဝါးလာနေတယ်ဆိုတာ အားလုံးက သိပြီး ဖြစ်ပါလိမ့်မယ်"

ကျင်းလုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

လွှကြိုးက...

"ဒါကြောင့် မိစ္ဆာညည်းသံကို တစ်နေ့ မဖော်ထုတ်နိုင်ခဲ့ရင် ငါတို့လူတွေဟာ တစ်ယောက်ပြီးတစ်ယောက် သူ့ရဲ့လက်ချက်နဲ့ အသက် ဆုံးရှုံးသွားနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းဟိုး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒီကိစ္စ အမြန်ဆုံး အကောင်အထည်ဖော်ဖို့ အရေးကြီးတယ်"

လှေကြိုးက...

"ဟုတ်ကဲ့၊ ဒါကြောင့် အားလုံး စုစည်းပြီး ဒီလူသတ်ကောင်ကို ဘယ်လို ဖော်ထုတ်ရမလဲဆိုတာ ဆွေးနွေးကြပါ"

မြောင်ရှမ်းက...

"ကျွန်မရဲ့သဘောက ချောင်းဆိုစခန်းပေါ်က လူတွေအားလုံးကို တစ်ဦးချင်း ပြန်လည်စစ်ဆေးဖို့ ကောင်းပြီ ထင်တယ်"

ကျွမ်းဟိုက...

"ဒီအကြံကိုတော့ ကျုပ်လက်မခံနိုင်ဘူး"

ကျူးရှမ်းအော့က သူ့အား လှည့်ကြည့်လိုက်၏။

"ဘာဖြစ်လို့လဲ"

ကျွမ်းဟိုက...

"မင်းတို့အားလုံး စဉ်းစားကြည့်လေ၊ ငါတို့လူတွေကို တစ်ဦးချင်း စစ်ဆေးမယ်ဆိုယင် ရန်သူကို စစ်ဆေးလို့ တွေ့နိုင်မှာ မဟုတ်ဘူး"

လှေကြိုးက ခေါင်းညိတ်လိုက်သည်။

"ဒါလဲ ဟုတ်တယ်"

သူသည် ကျွမ်းဟိုအား ကြည့်လိုက်သည်။



"အစ်ကိုကြီးမှာ ကောင်းတဲ့ အကြံများ ရှိတယ်ဆိုရင် ပြောပါ"

ကျွမ်းဟိုက...

"ကျုပ်မှာတော့ အကြံတစ်ခုရှိတယ်၊ အဲဒါ ဘာလဲဆိုရင် ငါတို့သာ ဒီမှာ ဆက်နေသွားရင် ရန်သူကို မဖမ်းမိဘဲ ငါတို့လူတွေ တစ်ယောက်ပြီးတစ်ယောက် အသက်သာ သေသွားလိမ့်မယ်"

သူက စကားဆက်လိုက်သည်။

"ငါတို့လူတွေ တစ်ယောက်ပြီးတစ်ယောက် အသက်ဆုံးရှုံးသွားသည့်တိုင်အောင် ရန်သူကို ဖော်ထုတ်နိုင်ချင်မှ ဖော်ထုတ်နိုင်လိမ့်မယ်"

သူသည် စကားဆက်လိုက်သည်။

"ကျုပ်တို့က အချိန်မီ မဖော်ထုတ်နိုင်ခင် ငါတို့အင်အား တစ်နေ့တစ်ခြား လျော့နည်းသွားပြီး နောက်ဆုံး ရန်သူကပဲ အောင်ပွဲခံသွားမှာ သေချာပါတယ်"

သူ၏တိကျပြတ်သားသော ဝေဖန်မှုကြောင့် အားလုံးက ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံကြလေသည်။

လှေကြိုးက...

"ဒါဖြင့် အစ်ကိုကြီးက ဘာလုပ်ချင်သလဲ"

ကျွမ်းဟိုက...

"ကျုပ်သဘောကို ပြောရမယ်ဆိုရင်တော့ ချောင်းဆိုစခန်း

www.burmeseclassic.com

www.burmeseclassic.com



ကို ရှုန်ခွာသွားဖို့ပဲ"

မြောင်ရှမ်းက...

"ဒီလိုဆိုရင်လဲ ရန်သူက ကျွန်မတို့ နောက်ကို တစ်ပါတည်း ကပ်ပါလာမှာပဲ"

ကျွမ်းဟိုက...

"ရန်သူ ပါလာရင်လဲ အကြောင်းမဟုတ်ဘူး"

လှေကြီးက...

"ရန်သူ ကပ်ပါလာရင် အစ်ကိုကြီးက ဖော်ထုတ်နိုင်မယ့် နည်းလမ်း ရှိလို့လား"

ကျွမ်းဟို ခေါင်းညိတ်လိုက်သည်။

"ဒါကြောင့် ကျုပ်ရဲ့အကြံကို တင်ပြနေတာပေါ့"

ကျူးရှမ်းအော့က...

"အစ်ကိုကြီးရဲ့အကြံက ဘာလဲ"

ကျွမ်းဟို ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ကို အပြစ်တင်ချင်တင်ပါ။ ကျုပ်ရဲ့ အကြံကို လှေကြီးကလွဲလို့ ဘယ်သူ့ကိုမှ မပြောပြနိုင်ဘူး"

မြောင်ရှမ်းက...

"အစ်ကိုကြီးက ကျွန်မတို့ကိုတောင် မယုံတော့ဘူးလား"

ကျွမ်းဟိုက...

"အခု ဒီအစည်းအဝေးမှာ တက်ရောက်တဲ့လူ မှန်သမျှကို ကျုပ်က ယုံကြည်မှု အပြည့်ရှိပါတယ်၊ အကြံအစည်ဆိုတာ လူသိနည်းလေ ပိုပြီး ထိရောက်တာမို့ ကျုပ် မပြောနိုင်တာ ခွင့်လွှတ်ပါ"



မြောင်ရှမ်းက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ရပါတယ် အစ်ကိုကြီး"

ကျွမ်းဟိုက စကားဆက်လိုက်သည်။

"အခုလောလောဆယ်တော့ ချောင်းဆုံစခန်းကနေ ထွက်ခွာသွားဖို့ အားလုံး အဆင်သင့်ပြင်ဖို့ ခေါင်းဆောင်ကြီးက စီစဉ်ရပါလိမ့်မယ်"

လှေကြီးက...

"အစ်ကိုကြီးက ဘယ်တော့ ထွက်ခွာဖို့ စိတ်ကူးထားသလဲ"

ကျွမ်းဟိုက...

"ဒီကိစ္စက မြန်လေကောင်းလေပဲ"

လှေကြီးက ကျင်းလုံဘက် လှည့်လိုက်သည်။

"ဒီလိုဆို ဘယ်လောက် အချိန်ယူမလဲ"

ကျင်းလုံက အနည်းငယ် စဉ်းစားလိုက်ပြီး လက်ညှိုးသုံးချောင်း ထောင်ပြလိုက်သည်။

"သုံးရက်လောက် အချိန်ရရင် အဆင်ပြေပါလိမ့်မယ်"

လှေကြီးက...

"ကောင်းပြီလေ၊ သုံးရက်အတွင်းမှာ ချောင်းဆုံစခန်းက ထွက်ခွာသွားနိုင်အောင် ခင်ဗျားပဲ ဦးစီးဦးဆောင် လုပ်လိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု တာဝန် လွှဲပေးလိုက်တော့သည်။

♠ ♠ ♠

ကျင်းလုံနှင့် သူ၏အဖွဲ့သားတို့သည် ချောင်းဆုံစခန်းမှ ထွက်ခွာနိုင်ရန် လှေများကို ပြင်ဆင်နေသည်။

လိုအပ်သော သောက်ရေနှင့် အစာရိက္ခာများကိုလည်း အပြည့်အစုံ တင်ဆောင်ထားသည်။

ထို့နောက်...

သူတို့သည် ချောင်းဆုံစခန်းအား မီးတင်ရှို့ရန် ပြင်ဆင်နေကြလေသည်။

ဤသည်ကို တွေ့ရသောအခါ လှေကြီး အံ့ဩသွား၏။

"ကျင်းလုံ...ချောင်းဆုံစခန်းကို မီးရှို့မလို့ ဟုတ်လား"

ကျင်းလုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

လှေကြီးက...

"ချောင်းဆုံစခန်းဟာ ငါတို့စခန်းမှ မဟုတ်ဘဲ၊ ငါတို့က ယာယီအသုံးချတာ မီးတင်ရှို့ရင် ကောင်းမယ်မထင်ဘူး"

ကျင်းလုံက...

"ဒါကို ကျုပ်နားလည်ပါတယ်၊ ဒီလိုမှ မလုပ်ရင်လဲ ချောင်းဆုံစခန်းမှာ ရန်သူ ပုန်းအောင်းနေနိုင်မှာမို့ပါ"



လှေကြီး အနည်းငယ် စဉ်းစားလိုက်သည်။

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် မီးတင်ရှို့လိုက်တာကို ငါက အားနာနေလို့ပါ"

ကျင်းလုံ ပြုံးလိုက်သည်။

"ဒါကတော့ နောက်ပိုင်း ကျုပ်တို့လုပ်ငန်း အောင်မြင်သွားရင် ငွေကြေးအကုန်အကျခံပြီး ပြန်ပြင်ပေးလိုက်တာပေါ့"

လှေကြီးက...

"ထားပါတော့လေ၊ ငါတို့ ဘယ်တော့ ထွက်ခွာသွားနိုင်မှာလဲ"

ကျင်းလုံက...

"အချိန်တန်ရင် ကျုပ်ပြောပြပါ့မယ်၊ အခုတော့ စောသည်းခံပါဦး"

လှေကြီးက ကျင်းလုံ၏လုပ်ဆောင်ချက်များသည် တစ်မျိုးတစ်ဖုံ ထူးခြားနေသည်ဟု ရင်ထဲ၌ ခံစားနေရသော်လည်း ဆက်၍ မမေးတော့ပါ။

"ကောင်းပြီလေ၊ ခင်ဗျား အဆင်သင့် ဖြစ်တဲ့အခါကျရင်သာ ပြောပါ"

ဟု ပြောကာ ထွက်ခွာသွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## လှုပ်ရှားမှုများ

နောက်တစ်နေ့...

မိုးမလင်းသေးပါ။

"ဒေါက်..ဒေါက်"

အခန်းတံခါး ခေါက်သံ ထွက်ပေါ်လာသည်။

လှေကြီး အိပ်ရာမှ ထလိုက်သည်။

"ဘယ်သူလဲဟေ့"

"ကျွန်မပါ"

မြောင်ရှမ်း၏အသံ ဖြစ်သည်။

လှေကြီးက အိပ်ရာမှထလိုက်ပြီး အခန်းတံခါး ဖွင့်ပေးလိုက်သည်။

အခန်းဝ၌ မြောင်ရှမ်းနှင့်အတူ ကျူးရှမ်းအော့တို့ ရပ်နေသည်ကို တွေ့ရလေသည်။



လှေကြီးက...

"ဘာများ အရေးကြီးကိစ္စ ရှိလို့လဲ"

မြောင်ရှမ်းက ကျူးရှမ်းအော့အား ကြည့်လိုက်၏။

"မမက လှေတစ်စီး ပျောက်သွားတယ်လို့ လာပြောလို့ အခုလို အစ်ကိုကြီးဆီလာပြီး သတင်းပို့တာပါ"

လှေကြီး မျက်မှောင်ကြုတ်သွားသည်။

"ဟုတ်လား၊ ဒီကိစ္စ ကျင်းလုံ မသိဘူးလား"

မြောင်ရှမ်းက...

"ကျွန်မတို့ လှေတစ်စီး မရှိတာကို တွေ့လိုက်တဲ့ အခါမှာ သူ့ဆီကို အရင်ဆုံးသွားပြီး အကြောင်းကြားပါတယ်၊ သူ့ကိုလဲ လုံးဝ ရှာမတွေ့လို့ပါ"

လှေကြီးသည် ဆံပင်ကိုပင် မဖြီးနိုင်တော့ဘဲ အပေါ်အင်္ကျီကို ကောက်စွပ်ကာ အပြင်သို့ ထွက်လာလေသည်။

သူတို့သည် ကမ်းစပ်သို့ ရောက်ရှိလာသောအခါ တန်းစီ၍ ဆိုက်ကပ်ထားသော ရွက်လှေသုံးစင်းအနက် နှစ်စင်းသာ ကျန်တော့သည်ကို တွေ့ရလေသည်။

လှေကြီးက မြောင်ရှမ်းဘက် လှည့်ကြည့်လိုက်လေသည်။

"ကျင်းလုံကို ရှာမတွေ့ဘူး ဟုတ်လား"

မြောင်ရှမ်းက...

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် ကျွမ်းဟိုတို့လူစု ရောက်ရှိလာကြသည်။

အားလုံးသော လူများသည် လှေတစ်စင်း ပျောက်ဆုံးသွားသည်ကို ရုတ်ရုတ်သဲသဲ ဝေဖန်ပြောဆိုကြမလသည်။

လှေကြီးက အစောင့်တာဝန်ကျသော သွေးသောက်များကို မေးမြန်းလိုက်၏။

"မင်းတို့က ကင်းစောင့်တာဝန်ကျနေတာ လှေတစ်စင်းလုံး ပျောက်သွားတာတောင် မသိကြဘူးလား"

"ကျုပ်တို့ အပြစ်ရှိပါတယ်၊ ခေါင်းဆောင်ကြီး ကြိုက်တဲ့ အပြစ်ပေးပါ"

လှေကြီးက...

"မင်းတို့ကို အပြစ်ပေးချင်လို့ ပြောနေတာ မဟုတ်ဘူး၊ မင်းတို့က လှေတစ်စင်းလုံး ပျောက်သွားတာကို မသိလိုက်တာ တော်တော်အုံဩဖို့ ကောင်းလို့ ပြောနေတာ"

တာဝန်ကျခေါင်းဆောင်က...

"ဟုတ်ပါတယ်၊ ကျုပ်တို့ကိုယ် ကျုပ်တို့ အံ့ဩနေမိပါတယ်"

သူက စကားဆက်လိုက်သည်။

"ကျုပ်တို့ တာဝန်ကျ ကင်းစောင့်တွေဟာ ဘယ်သူမှ မအိပ်ဘဲ လှည့်ပတ်စောင့်ကြည့်နေကြပါတယ်၊ အုန်းမောင်းနှစ်ချက်ခေါက်မှာ ကျွန်တော်တို့ အလွန်မွှေးကြိုင်တဲ့ အနံ့တစ်ခု ရှူရှိုက်မိတယ်"

ကျွမ်းဟိုက ကြားဖြတ်လိုက်လေသည်။



"မွှေးကြိုင်တဲ့အနံ့ ဟုတ်လား"

တာဝန်ကျခေါင်းဆောင်က...

"ဟုတ်ပါတယ်၊ အဲဒီ မွှေးကြိုင်တဲ့အနံ့ ဘယ်က လာသလဲဆိုတာ စူးစမ်းနေတုန်းမှာ ကျွန်တော်တို့ မျက်ခွံတွေ လေးလံလာပြီး နောက်ဆုံး ဘယ်လိုမှ ထိန်းမရတော့ဘဲ အိပ်ပျော်သွားကြတာပါပဲ"

ကျွမ်းဟို ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါပြီ၊ မင်းတို့ကို မေ့ဆေးနဲ့ လုပ်လိုက်တာ ဖြစ်ရမယ်"

တာဝန်ကျခေါင်းဆောင်က...

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ သတိရလာတဲ့အခါမှာ ရွက်လှေတစ်စင်း ပျောက်နေတာကို တွေ့ရတော့တာပါပဲ"

လှေကြီးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကဲ မင်းတို့အဖွဲ့ အနားသွားယူပေတော့"

သူသည် ကျွမ်းဟိုဘက် လှည့်လိုက်သည်။

"အခု လှေတစ်စင်း ပျောက်နေသလို ကျင်းလုံ့ပါ ပျောက်နေတယ်"

ကျွမ်းဟိုက...

"ကျင်းလုံ့တစ်ယောက်တည်း ပျောက်နေတာ မဟုတ်ဘူး၊ သူ့အဖွဲ့သားတွေ အားလုံးနဲ့ လှေငယ်တစ်စင်းလဲ ပျောက်နေတယ်"

လှေကြီး မျက်မှောင်ကြုတ်သွားသည်။

"ခက်တာပဲဗျာ၊ သူတို့က လှေပျောက်သွားတဲ့ နောက်ကို

www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားကြတာနဲ့ တူတယ်"

ကျွမ်းဟို ခေါင်းညိတ်လိုက်သည်။

"အခြေအနေကတော့ ဒီအတိုင်း ဖြစ်နေတယ်"

လှေကြီးက…

"ငါကတော့ သူတို့အတွက် စိုးရိမ်နေရပြီ၊ သူတို့ ဘယ်နည်းနဲ့မှ ရန်သူကို ယှဉ်လို့ရမှာ မဟုတ်ဘူး။ ဘာဖြစ်လို့ မဆင်မခြင် လိုက်သွားရတာပါလိမ့်"

ကျွမ်းဟိုက…

"ကျုပ်တို့ ဘာဆက်လုပ်မလဲ"

လှေကြီးက…

"ဒီကနေ စောင့်နေတာက လွဲလို့ ဘာမှဆက်လုပ်လို့ မရနိုင်သေးပါဘူး"

သူတို့သည် ပြောပြောဆိုဆိုဖြင့် ခန်းမရှိရာသို့ ပြန်သွားရန် လှည့်လိုက်ကြလေသည်။

ထိုအချိန်…

မျှော်စင်ပေါ်မှ အစောင့်က အသံကျယ်လောင်စွာဖြင့် အော်လိုက်လေသည်။

"ရွက်လှေတစ်စင်း ကျွန်တော်တို့ဘက်ကို ဦးတည်လာတာ တွေ့ရတယ်"

ကျွမ်းဟိုနှင့် လှေကြီးတို့သည် ရှေ့ဆင့်နောက်ဆင့် မျှော်



စင်ပေါ်သို့ ပြေးတက်သွားကြလေသည်။

သူတို့သည် ပင်လယ်ပြင်သို့ လှမ်းကြည့်လိုက်သောအခါ ရွက်လှေတစ်စင်းသည် ကျွန်းဘက်သို့ ဦးတည်လာနေသည်ကို တွေ့ရလေသည်။

လှေငယ် မဟုတ်ဘဲ ရွက်လှေကြီးတစ်စင်း ဖြစ်နေ၏။

ကျွမ်းဟိုနှင့် လှေကြီးတို့ တစ်ယောက်မျက်နှာတစ်ယောက် အပြန်အလှန် ကြည့်လိုက်ကြလေသည်။

လှေကြီးသည် တဖြည်းဖြည်း နီးကပ်လာသည်။

လှေကြီးပေါ်၌ ကျင်းလုံနှင့် သူ၏အဖွဲ့သားများ ပါရှိလာသည်ကို တွေ့လိုက်ရသည်။

ကျွမ်းဟို မျက်မှောင်ကုပ်သွားသည်။

"ဘယ်လို ဖြစ်ကုန်ကြတာလဲ"

လှေကြီး ပြုံးလိုက်သည်။

"ဒါရှင်းပါတယ်၊ ရန်သူဟာ လှေငယ်ကို ခိုးယူပြီး ထွက်ပြေးသွားတာကို ကျင်းလုံက တွေ့ရှိလို့ သူ့အဖွဲ့သားနဲ့ လှေတစ်စင်းနဲ့ လိုက်သွားတာ ဖြစ်ရမယ်"

ကျွမ်းဟိုက…

"တော်တော်မိုက်တဲ့လူ၊ ငါတို့ကို ဘာဖြစ်လို့ အကြောင်းကြားတာလဲ"

လှေကြီးက…

www.burmeseclassic.com

www.burmeseclassic.com



"သူ့ အချိန်မရလို့ ဖြစ်မှာပေါ့"

သူတို့သည် စကားပြောဆိုနေစဉ်မှာပင် ရွက်လှေကြီးသည် ဆိုက်ကပ်လာပြီး ဖြစ်သည်။

လှေကြီးနှင့် ကျွမ်းဟိုတို့က မျှော်စင်ပေါ်မှ ပြေးဆင်းလာကြလေသည်။

ကျင်းလုံက လှေပေါ်မှ ဆင်းလာပြီး လှေကြီးထံသို့ ပြေးလာသည်။

"ခေါင်းဆောင်ကြီး ရန်သူကတော့ ထွက်ပြေးလွတ်မြောက်သွားပြီ၊ ကျုပ်တို့က ကြိုးစားလိုက်တာလဲ မမီတော့ဘူး"

လှေကြီး ရယ်မောလိုက်သည်။

"မမီတာပဲ ကောင်းတယ်၊ မီမှာ ခင်ဗျားတို့ တစ်ယောက်မှ အသက်ရှင်ပြီး ပြန်လာနိုင်ကြမှာ မဟုတ်တော့ဘူး"

သူတို့သည် ရယ်ရယ်မောမောဖြင့် ခန်းမရှိရာသို့ ရောက်ရှိလာကြလေသည်။

အားလုံး နေရာယူပြီး ထိုင်ကြပြီးနောက် လှေကြီးက ကျင်းလုံအား စိုက်ကြည့်လိုက်သည်။

"ခင်ဗျားက ကျုပ်တို့အဖွဲ့ အားလုံး ကျွန်းပေါ်ကနေ ထွက်ခွာသွားဖို့ အကြံပေးတာ တစ်ခုခုတော့ အကြံရှိလို့နဲ့ တူတယ်"

ကျင်းလုံက ပြုံးလိုက်သည်။

"ဟုတ်ပါတယ် ခေါင်းဆောင်ကြီး၊ ကျုပ်ဖုံးကွယ်ထားတာ



ခွင့်လွှတ်ပါ"

ကျွမ်းဟို ရယ်မောလိုက်သည်။

"ပြောစမ်းပါဦး၊ ခင်ဗျားက ဘာတွေ ကြံစည်နေတာလဲ"

ကျင်းလုံက...

"ကျုပ် ချောင်းဆိုစခန်းမှာ ပြောင်းရွှေ့ဖို့ သတင်းကို အားလုံးသိအောင် ကြေညာလိုက်တယ်၊ ရန်သူလဲ ကြားသိသွားမှာပါ"

ကျွမ်းဟိုက ပြုံးလိုက်သည်။

"မင်းက ရန်သူသိသွားအောင် တမင်တကာ ပုံကြီးချဲ့နေတယ်ဆိုတာ ငါအကဲခတ်မိတယ်"

ကျင်းလုံက စကားဆက်လိုက်သည်။

"ကျုပ်တို့က ထွက်ခွာသွားဖို့ ပြင်ဆင်နေရင်း အမှန်တော့ ရန်သူရဲ့ လှုပ်ရှားမှုကို အကဲခတ်နေတာပါ"

လှေကြီးက...

"ဆက်ပြောပါ"

ကျင်းလုံက...

"ကျုပ်တို့က အပြင်းအထန် ပြင်ဆင်နေချိန်တဲ့ ညတစ်ညမှာပဲ ကျုပ်တို့ လှေပေါ်က သောက်ရေတစ်အိုးနဲ့ အစာရိက္ခာအချို့ ပျောက်ဆုံးနေတာ တွေ့ရတယ်"

သူက စကားဆက်လိုက်သည်။

"အဖွဲ့သားက လာပြီး သတင်းပို့တဲ့အခါမှာ သူ့ကို ဘယ်သူ

www.burmeseclassic.com

www.burmeseclassic.com



မှ ပြန်မပြောနဲ့လို့ နှုတ်ပိတ်ထားလိုက်ရတယ်"

ကျွမ်းဟိုက...

"ရန်သူက ဒီမှာ နေဖို့ မဖြစ်လို့ ထွက်ပြေးဖို့ ကြိုးစားနေတာ ဖြစ်မယ်"

ကျင်းလုံက...

"ဟုတ်တယ်၊ ကျုပ်လဲ ကျုပ်အဖွဲ့သားနဲ့ ဒီလေ့ငယ်ကို မျက်ခြည်မပြတ် စောင့်ကြည့်ဖို့ အားလုံးကို သတိပေးခဲ့သည်။

သူက သက်ပြင်းတစ်ချက်ချလိုက်သည်။

"တျုပ်တို့ အခုလို မျက်တောင်မခတ် စောင့်ကြည့်နေတဲ့ကြားက သူက ရုတ်တရက် ထွက်ခွာသွားတယ်လေ"

ကျွမ်းဟိုက...

"ခင်ဗျားက ဘာဖြစ်လို့ ကျုပ်တို့ကို အကြောင်းမကြားတာလဲ"

ကျင်းလုံက...

"ဒါက ဒီလိုရှိပါတယ်၊ အကြောင်းကြားရမယ့် အချိန်လဲ မရပါဘူး၊ အကြောင်းကြားလိုက်ရင် ရုတ်ရုတ်သဲသဲ ဖြစ်လာလိမ့်မယ်၊ ရန်သူက သိသွားနိုင်ပါတယ်"

ကျွမ်းဟို ခေါင်းညိတ်လိုက်သည်။

"ဒါလဲ ဟုတ်တယ်"

ကျင်းလုံက စကားဆက်လိုက်သည်။



"ကျုပ်တို့က အတင်းအကြပ် စောင့်ကြပ်တဲ့ကြားက သူ့ရဲ့လှေက ဘယ်လိုဘယ်လို ထွက်သွားမှန်း မသိဘဲ ပျောက်ဆုံးသွားတယ်၊ ကျုပ်တို့က သိလိုက်လို့ ကမန်းကတန်း လိုက်သွားတော့ သူ့တို့ကို ဘယ်လိုမှလိုက်လို့ မမီနိုင်တော့ဘူးလေ"

လှေကြီး ရယ်မောလိုက်သည်။

"ကဲ ထားပါတော့လေ၊ ငါတို့က ချောင်းဆုံစခန်းကနေ ဘယ်တော့ ထွက်ခွာသွားရမှာလဲ"

ကျင်းလုံက မြုံးလိုက်သည်။

"ခေါင်းဆောင်ကြီး သိပါတယ်ဗျာ၊ ကျုပ်ရဲ့အကြံဟာ ရန်သူကို မောင်းထုတ်ဖို့ပါ၊ ကျုပ်တို့ ပြောင်းရွှေ့ဖို့မှ မဟုတ်ဘဲ"

လှေကြီး ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားအကြံပေးကတည်းက ထူးခြားချက် ရှိရမယ်လို့ ကျုပ်စိတ်ထဲ ထင်မိပါတယ်၊ ဒါပေမယ့် ကျုပ်က ယုံကြည်ပြီး ခင်ဗျားရဲ့ အကြံကို လက်ခံလိုက်တာ"

ကျင်းလုံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ခေါင်းဆောင်ကြီးက ချောင်းဆုံစခန်းကနေ စွန့်ခွာသွားဖို့ မသင့်ဘူးဆိုတာ သိပြီးသားပါ"

ကျွမ်းဟိုက...

"ဘာပဲဖြစ်ဖြစ် အခုလို ရန်သူကို မောင်းထုတ်နိုင်တဲ့အတွက် ကျုပ်တို့အဖို့ အောင်ပွဲတစ်ရပ်ခံသင့်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



လွှကြိုး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်တို့စခန်းက သွေးသောက်တွေဟာ ရန်သူ အချိန်မရွေး အန္တရာယ်ပြုလာမှာကို ပင်ပန်းကြီးစွာ စောင့်ကြပ်နေရတဲ့အတွက် ပင်ပန်းလှပါပြီ၊ ကနေ့ညတော့ ပထမအဆင့် အောင်ပွဲခံတဲ့ အနေနဲ့ ညစာ စားပွဲတစ်ခု ကျင်းပပြီး အားလုံးပျော်ပျော်ရွှင်ရွှင် စိတ်လွတ်ကိုယ်လွတ် စားသောက်ကြပါစို့"

♠ ♠ ♠



ချောင်းဆုံစခန်းတစ်ခုလုံး မီးရောင်များဖြင့် ထိန်ထိန်လင်းနေ၏။

နေ့စဉ်နှင့်အမျှ ရန်သူ၏ အန္တရာယ်ပြုမှု လောင်းရိပ်အောက်ဝယ် နေထိုင်နေကြသော သွေးသောက်များတို့သည် ရန်သူအား မောင်းထုတ်နိုင်ခဲ့သဖြင့် စိတ်လွတ်ကိုယ်လွတ် ပျော်ပျော်ပါးပါး စားသောက်ကုန်ကြလေသည်။

လွှကြိုးက ထိုင်ရာမှ ထလိုက်သည်။

"အဟမ်း"

သူက ချောင်းတစ်ချက်ဟန့်လိုက်ရာ အသံဗလံ အားလုံးတို့သည် ငြိမ်သက်ကုန်ကြလေသည်။

လွှကြိုးက အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်၏။

"သွေးသောက်တို့ ဒီနေ့ဟာ ရန်သူကို မောင်းထုတ်နိုင်တဲ့အတွက် အလွန်ဂုဏ်ယူဝမ်းသာတဲ့ အောင်ပွဲတစ်ရပ် အခုလို ခံယူနိုင်ခဲ့ပါတယ်"

သူက စကားဆက်လိုက်သည်။

"ဒါပေမယ့် ရန်သူကို အထင်သေးလို့ မရဘူး။ ဘာဖြစ်လို့လဲဆိုရင် အခု ကျုပ်တို့ရင်ဆိုင်တဲ့ ရန်သူဟာ သိုင်းပညာကော၊ ဓာတ်ပညာကော၊ ရုပ်ဖျက်ပညာကော ပြည့်စုံရှားတဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်"

သွေးသောက်အားလုံးတို့သည် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေကြလေသည်။

www.burmeseclassic.com



"ဒီကနေ့ပဲ ကျုပ်တို့သွေးသောက်ကြီး ရွှေဓားကျင်းတောင်းက အလွန်အရေးကြီးတဲ့ သဲလွန်စတစ်ခု ရရှိခဲ့ပါတယ်"

အားလုံးက စိတ်ဝင်စားစွာ နားစေတင်နေ၏။

လွှကြိုးက...

"ရွှေဓားကျင်းတောင်းက ရန်သူကို သဲသဲမဲမဲ ခြေရာခံပြီး လိုက်ရှာတဲ့အခါမှာ ဒီကနေ့မှပဲ ရန်သူဟာ ထမင်းချက်ဝမ်းဟုတ်ကို သတ်ပြီး သူ့ကိုယ်စား ဝင်ရောက်လှုပ်ရှားနေတယ်ဆိုတာ သိရတော့တယ်"

သူသည် ရွှေဓားကျင်းတောင်းဘက်သို့ လှည့်ကြည့်လိုက်လေသည်။

"ဦးရဲ့ လုပ်ဆောင်ချက်တွေကို အားလုံး နားလည်အောင် ပြောပြပါဗျာ"

ရွှေဓားကျင်းတောင်းက ခေါင်းညိတ်လိုက်သည်။

"ဒီလိုပါ ကျုပ်က ချောင်းဆိုစခန်းထဲ သူလျှိုရောက်နေတဲ့ သတင်း သိရှိပြီးတဲ့နောက် ရန်သူဟာ ဘယ်သူ ဖြစ်နိုင်တယ်ဆိုတာ တိတ်တဆိတ် လေ့လာခဲ့ပါတယ်"

အားလုံးက နားစွင့်နေကြလေသည်။

ရွှေဓားကျင်းတောင်းက စကားဆက်လိုက်သည်။

"ဒီလို လေ့လာတဲ့အခါ ထမင်းချက်ဝမ်းဟုတ်ကို ပထမဆုံး သံသယ ဖြစ်လာတာပဲ"



လွှကြိုး မျက်မှောင်ကြုတ်သွားသည်။

"ထမင်းချက်ဝမ်းဟုတ်ဟာ ချောင်းဆိုစခန်း ရောက်နေတာ အတော်ကြာပြီပဲ၊ ခင်ဗျားက ဘာကြောင့် သူ့ကို သံသယ ဖြစ်နေတာလဲ"

ရွှေဓားကျင်းတောင်းက...

"ဒါဟာ ရန်သူရဲ့ အလွန်ပိရိတဲ့ အကြံပေါ့ဗျာ"

သူက ရှင်းပြလိုက်သည်။

"ဝမ်းဟုတ်ဟာ ဒီမှာနေထိုင်တာ အတော်ကြာသွားတဲ့အတွက် သူ့ကို ဘယ်သူကမှသံသယ မဖြစ်တော့ဘူးပေါ့"

မြောင်ရှမ်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ သူဟာ ကျွန်မတို့ မရောက်ခင်ကတည်းက ရှိပြီးသားဆိုတော့ လူဟောင်း ဖြစ်တဲ့အတွက် သံသယ ဖြစ်နိုင်စရာ အကြောင်းမှမရှိဘဲ"

ကျင်းတောင်းက...

"အဲဒါဟာ ရန်သူရဲ့ အလွန်ဉာဏ်ကောင်းတဲ့ အချက်ပေါ့ဗျာ"

သူက စကားဆက်လိုက်သည်။

"ရန်သူဟာ ရောက်လာပြီး ဝမ်းဟုတ်ကို ရှင်းပစ်လိုက်တယ်၊ ဝမ်းဟုတ်အဖြစ် ဟန်ဆောင်တယ်၊ အဲဒီတော့ သူဟာ လွတ်လွတ်လပ်လပ် လှုပ်ရှားနိုင်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကျူးရှမ်းအော့က...

"ဦးက ဘယ်လိုလုပ် သဲလွန်စ ရလိုက်တာလဲ"

ကျင်းတောင်းက...

"သူ့ကို ပထမတုန်းကတော့ ကျုပ်လဲ သံသယ မဖြစ်ပါဘူး၊ ဒါပေမယ့် သူက ထမင်းချက်၊ ဟင်းချက်တဲ့ နေရာမှာ အတော့်ကို ညံ့တာ တွေ့ရတယ်၊ အဲဒီအချက်က စပြီး သံသယ ဖြစ်ခဲ့တာပဲ"

ကျွမ်းဟိုက...

"သူက ထမင်းချက်၊ ဟင်းချက်တာကို အားလုံးက သိပါတယ်၊ ဒါပေမယ့် အရက်ကို အလွန်အကျွံသောက်လို့ ဖြစ်တယ်လို့ ထင်မှတ်ကြပါတယ်"

ကျင်းတောင်းက ခေါင်းခါယမ်းလိုက်သည်။

"လူတစ်ယောက်ဟာ အရက် ဘယ်လောက်ပဲ အလွန်အကျွံသောက်သောက် သူ့လက်ရာကတော့ ဒီလောက် ကွာခြားမှာ မဟုတ်ပါဘူး"

လျှောကြိုးက...

"ဒါကြောင့် ခင်ဗျားက သူ့အပေါ် စပြီးသံသယ ဖြစ်လာတယ်ဆိုပါတော့"

ကျင်းတောင်းက...

"ဟုတ်ပါတယ်"

ကျွမ်းဟိုက...



"ဆက်ပါဦးဗျာ"

ကျင်းတောင်းက...

"ကျုပ်ဟာ သူ့အပေါ် သံသယ ဖြစ်တာနဲ့ သူ့ရဲ့ လှုပ်ရှားမှုကို အမြဲတမ်း စောင့်ကြည့်နေပါတယ်၊ သူဟာ ထမင်း၊ ဟင်းချက်ပြီး အရက်သောက်တယ်၊ အရက်သောက်ပြီးရင် တစ်နေရာမှာ ထိုးအိပ်တော့တာပဲ"

လျှောကြိုးက...

"ဒီလိုဆိုရင် သူ့မှာ မှားယွင်းတဲ့အချက် လုံးဝမရှိဘဲ ခင်ဗျားက သူ့ကို ဆက်ပြီး သံသယ ဖြစ်နေတာကိုတော့ ချီးကျူးစရာပါပဲ"

ကျင်းတောင်းက...

"တခြားလူဆိုရင် ဒီကိစ္စကို ဒီအတိုင်းပဲ အဆုံးသတ်ထားမှာပဲ၊ ကျုပ်ကတော့ မဟုတ်ဘူး၊ အဆုံးအစ ခါတိုင်းလိုပဲ စောင့်ကြည့်ခဲ့တယ်"

သူက စကားဆက်လိုက်သည်။

"ကျုပ် ပင်ပန်းရကျိုးနပ်သွားတယ်လို့ ဆိုရမှာပဲ"

သူသည် လျှောကြိုးအား လှည့်ကြည့်လိုက်သည်။

"ကျုပ်က တွေ့ရှိတဲ့ အချက်အလက်များကို ခေါင်းဆောင်ကြီးကို တင်ပြလိုပါတယ်"

လျှောကြိုးက...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ အခု အားလုံးသိအောင် ဦးကပဲ ဆက်ပြောပါဗျာ"

ကျင်းတောင်းက…

"ဒီလိုပါ၊ နောက်ဆုံး ညတစ်ည မိစ္ဆာညည်းသံ ထွက်ပေါ်လာတဲ့ ညပါ"

သူက စကားဆက်လိုက်သည်။

"မိစ္ဆာညည်းသံ ထွက်ပေါ်လာတာနဲ့ တစ်ပြိုင်နက်တည်း ကျုပ်က ဘယ်လိုမှ မသွားဘဲ မီးဖိုဆောင်ဘက်ကို ပြေးလာတယ်၊ အဲဒီမှာပဲ လူရိပ်တစ်ခုက မိန်းကလေးတစ်ယောက်ကို ထမ်းခေါ်နေတာ တွေ့ရတယ်"

အားလုံး စိတ်ဝင်တစား နားစွင့်နေ၏။

ကျူးရှမ်းအော့က…

"ဘယ်သူလဲ ဝမ်းဟုတ်လား"

ကျင်းတောင်းက…

"အဲဒီအချိန်မှာ သူ့ရဲ့လှုပ်ရှားမှုက မြန်တယ်၊ ကောက်ရိုးအခန်းထဲမှာလဲ မှောင်မည်းနေတော့ ရုပ်သွင်ကို သေသေချာချာ မမြင်လိုက်ပါဘူး"

လွေကြီးက…

"သူ့ရဲ့လှုပ်ရှားမှုဟာ ဝမ်းဟုတ်နဲ့ တူသလား"

ကျင်းတောင်းက…



"မမှတ်မိပါဘူး။ အဲဒီ အချိန်မှာ သူ့ရဲ့လှုပ်ရှားမှုဟာ အလွန်သွက်လက်မြန်ဆန်နေပါတယ်"

သူက စကားဆက်လိုက်သည်။

"ဒါနဲ့ ကျုပ်က ဓားဆွဲထုတ်ပြီး မီးဖိုဆောင်ထဲကို ပြေးဝင်သွားတယ်၊ အဲဒီအချိန်မှာပဲ လူရိပ်ဟာ ပြေးထွက်သွားတာကို မြင်တွေ့လိုက်ရတယ်၊ ကျုပ်က ထပ်ကြပ်မကွာ သူ့နောက်ကို လိုက်သွားတယ်"

လွေကြီးက သက်ပြင်းချလိုက်သည်။

"ခင်ဗျား သူ့နောက် လိုက်သွားတဲ့အတွက် အသက် အန္တရာယ်တောင် စိုးရိမ်ရတယ်ဆိုတာ သတိမရဘူးထင်တယ်"

ကျင်းတောင်းက…

"ဟုတ်ပါတယ်၊ ကျုပ်က ရန်သူကို ဖမ်းဖို့သာ စိတ်စောနေတာမို့ မတွေးခဲ့မိဘူး"

လွေကြီးက…

"ဆက်ပြောပါဦး"

ကျင်းတောင်းက…

"ကျုပ် သူ့နောက် လိုက်သွားတဲ့အခါမှာ ကျုပ်တို့ သွေးသောက်တွေလဲ ရုတ်ရုတ်သဲသဲ သူ့နောက်ကို လိုက်ရှာနေကြတာကို တွေ့မြင်ရပါတယ်၊ ဒါနဲ့ ကျုပ်လဲ သူ့နောက်ကို မမီတော့ဘဲ မျက်ခြည်ပြတ်ပြီး ကျန်ရစ်ခဲ့ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းဟိုက...

"ဒါနဲ့ ခင်ဗျားက ရန်သူဟာ ဝမ်းဟုတ်အဖြစ် ဟန်ဆောင်ခဲ့တယ်ဆိုတာ ဘာကြောင့် ပြတ်ပြတ်သားသား ပြောနိုင်လဲ"

ကျင်းတောင်းက...

"ကျုပ်က သူ့နောက်ကို မမီတော့တဲ့အတွက် နောက်ပြန်လာပြီး နေရာအနှံ့လိုက်ပြီး ရှာဖွေကြည့်တယ်"

လှေကြုံးက...

"ခင်ဗျားက ဘာကို ရှာတာလဲ"

ကျင်းတောင်းက...

"ဝမ်းဟုတ်ရဲ့အလောင်း"

သူက စကားဆက်လိုက်သည်။

"ရန်သူဟာ ဝမ်းဟုတ်ရဲ့အလောင်းကို တစ်နေရာမှာ မြှုပ်ထားမယ်လို့ ယုံကြည်ပြီး လိုက်ရှာနေတာပါ"

သူက သက်ပြင်းချလိုက်သည်။

"တွေ့မယ့်တွေ့တော့ ဒီမနက်မှပဲ ဝမ်းဟုတ်ရဲ့ အလောင်းကို ရှာတွေ့တော့တယ်"

♠ ♠ ♠



## အစီအစဉ်

အခန်းတစ်ခုလုံး တိတ်ဆိတ်၍ သွားသည်။

မည်သူကမျှ စကားမပြောကြပါ။

အားလုံးသော လူများသည် ရန်သူ၏ဉာဏ်ပညာ ထက်မြက်ပုံနှင့် ရက်စက်ကြမ်းကြုတ်ပုံတို့ကို တွေးနေကြသည်။

အချိန်ကြာတော့မှ လှေကြုံးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အခု ကျုပ်တို့ အလွန်အရေးကြီးတဲ့ ကိစ္စတစ်ခုကိုတော့ ရှင်းရှင်းလင်းလင်းဖြစ်အောင် လုပ်ဖို့လိုအပ်လိမ့်မယ်"

ကျွမ်းဟိုက...

"ဘာကို ဆိုလိုတာလဲ"

လှေကြုံးက...

www.burmeseclassic.com

www.burmeseclassic.com



"မိစ္ဆာညည်းသံလူသတ်ကောင်ဟာ ဘယ်သူလဲဆိုတာ သိလိုက်တာနဲ့ အားလုံး ရှင်းရှင်းလင်းလင်း လွယ်လွယ်ကူကူ လုပ်နိုင်လိမ့်မယ်"

မြောင်ရှမ်းက…

"ဟုတ်တယ်၊ မိစ္ဆာညည်းသံလူသတ်ကောင်ဟာ သိုင်းလောကမှာ ဒီလောက် သောင်းကျန်းနေတာတောင် သူက ဘယ်သူဘယ်ဝါဆိုတာ အခုထိ သိတဲ့လူ မရှိသေးဘူး"

ထိုအချိန် သိုင်းလောက၌ အတွေ့အကြုံ ရင့်ကျက်သော အဘိုးအိုတစ်ယောက်က စတင်ဆွေးနွေးလာလေသည်။

ထိုအဘိုးအိုမှာ သိုင်းလောက၌ ဗဟုသုတကြွယ်ဝပြီး ယနေ့တိုင် နာမည်ရှိနေသေးသော 'လုံတံယန်းစု'ဆိုသူ ဖြစ်ပေတော့သည်။

သူသည် ဆွေးနွေးနေကြသော စကားများကို တိတ်ဆိတ်စွာ နားထောင်ပြီးမှ စတင်ဆွေးနွေးလာ၏။

"ဟုတ်ပါတယ်၊ မိစ္ဆာညည်းသံလူသတ်ကောင်ကို ဖော်ထုတ်နိုင်ဖို့ အချက်က အရေးကြီးဆုံးပါပဲ"

ကျွမ်းဟို တစ်ချက်စဉ်းစားကာ…

"ဦးလေး အခုလို အကြံပြုတာ လူသတ်ကောင်ကို ဖော်ထုတ်နိုင်တဲ့ အကြံကောင်းဉာဏ်ကောင်းများ ရှိနေလို့လား"

ယန်းစုက…

"အကြံကောင်းရယ်လို့တော့ မဟုတ်ဘူး။ ဒါပေမယ့် လက်



တွေ့စမ်းသင့်တယ်လို့ ကျုပ်ယူဆမိပါတယ်"

ကျွမ်းဟိုက…

"ဦးရဲ့အကြံ ပြောပါဦး၊ ကျွန်တော်တို့က လုပ်သင့် မလုပ်သင့် ဝိုင်းပြီး စဉ်းစားကြတာပေါ့"

ယန်းစုသည် လွှေကြိုးအား သေချာစွာ ကြည့်လိုက်လေသည်။

"ခေါင်းဆောင်ကြီးရဲ့ သိုင်းပညာ တော်တော်လေး တိုးတက်လာပြီလား"

လွှေကြိုးက…

"တခြားအလုပ်တွေ သိပ်များနေလို့ တိုးတက်သင့် သလောက်တော့ မတိုးတက်သေးပါဘူး"

ယန်းစုက…

"တကယ်လို့ မိစ္ဆာညည်းသံလူသတ်ကောင်နဲ့ ရင်ဆိုင်တဲ့အခါမှာ သူ့ကို သိုင်းကွက် ဘယ်နှစ်ကွက်အထိ ခုခံနိုင်မလဲလို့ ယူဆထားသလဲ"

လွှေကြိုး လေးနက်စွာ စဉ်းစားပြီး…

"မနိုင်ပေမယ့် သိုင်းကွက်တစ်ရာအထိတော့ ရင်ဆိုင်နိုင်ပါတယ်"

ယန်းစု သဘောကျသွား၏။

"ဒါဆို အလုပ်ဖြစ်ပြီ၊ ခေါင်းဆောင်ကြီးက မိစ္ဆာညည်းသံ

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ဟန်ဆောင်ပြီး တစ်ဖက်လူကို အတုလို့ စွပ်စွဲပြီး လူသိရှင်ကြား စိန်ခေါ်လိုက်ပါ"

"ကျုပ်မှ မနိုင်ဘဲ ဘယ်လိုလုပ်မလဲ"

"ဒီကိစ္စကို ကျုပ်က အစအဆုံး တာဝန်ယူပါတယ်၊ အခု ကျုပ်တို့ လူသုံးဆယ်လောက် စုပြီး ချောင်းဆုံစခန်းကနေ ထွက်ဖို့ အမိန့်ချပေးပါ"

♠ ♠ ♠



လှေကြီးသည် မြောင်ရှမ်း၊ ကျူးရှမ်းအော့၊ ယန်းစူ၊ ကျင်း လုံတို့ကို ခေါင်းဆောင်ကာ စွက်လှေဖြင့် ထွက်ခွာသွားသည်။

ချောင်းဆုံစခန်းကိုမူ ကျွမ်းဟိုအား လွှဲပေးခဲ့သည်။

သူတို့သည် ပြည်မဘက်သို့ ဦးတည်၍ စွက်လှော်သွားရာ လေစုန်ရေစုန် ကြုံတွေ့နေရသဖြင့် နောက်တစ်နေ့ ညနေချိန်တွင် ကျန်ကြူးဆိပ်ကမ်းမြို့သို့ ဆိုက်ကပ်လိုက်လေသည်။

ယင်းမြို့မှာပင် လူစုခွဲကာ အနားယူလိုက်ကြ၏။

နောက်တစ်နေ့ နံနက်...

လှေကြီးသည် နံနက်စောစော တစ်ယောက်တည်း တည်းခိုခန်းမှ ထွက်လာခဲ့သည်။

သူသည် စည်ကားလှသော ကျန်ကြူးမြို့၏လမ်းမကြီး ပေါ်တွင် အေးဆေးစွာ လျှောက်လာရင်း တစ်နေရာတွင် လူများ စုရုံးနေသည်ကို တွေ့လိုက်ရ၏။

သူက စိတ်ဝင်စားကာ တိုးဝှေ့ကြည့်လိုက်၏။

ထိုအခါ သစ်ပင်တစ်ပင်ပေါ်၌ စာတစ်စောင်ကပ်ထားသည် ကို ဝိုင်းအုံကြည့်နေကြောင်း သိလိုက်ရ၏။

သူက စာကို ဖတ်ကြည့်လိုက်၏။

စာထဲ၌ စာလုံးမည်းကြီးများဖြင့် အောက်ပါအတိုင်း ရေး သားထားသည်ကို တွေ့လိုက်ရလေသည်။

"မိစ္ဆာညည်းသံအတုအား စိန်ခေါ်လိုက်သည်။ သုံးရက်

www.burmeseclassic.com

www.burmeseclassic.com



အတွင်း ဤဘုံကျောင်းရှေ့တွင် ရင်ဆိုင်ရန် ချိန်းဆိုလိုက်သည်။

ပုံ မိစ္ဆာညည်းသံရှင်အစစ်"

လေ့ကြိုး ထိုစာကိုဖတ်ပြီး ပြုံးလိုက်မိသည်။

ယန်းစုသည် အသက်ကြီးသော်လည်း စိတ်မြန်လက်မြန် ရှိကြောင်း နားလည်လိုက်၏။

သူက ရှေ့ဆက်မသွားတော့ဘဲ နောက်ကြောင်းပြန်လှည့်လာခဲ့၏။

တည်းခိုခန်းသို့ ရောက်သည်နှင့် သူ၏အခန်းမှ ယန်းစု၊ ကျွင်းလုံ၊ မြောင်ရှမ်းနှင့် ကျူးအောင်ရှမ်းတို့ ရောက်ရှိနေသည်ကို တွေ့ရသည်။

လေ့ကြိုးက ယန်းစုအား ပြုံးပြကာ...

"ဦးက အကောင်အထည် ဖော်လိုက်ပြီကိုး"

ယန်းစုက...

"ကျုပ်က ဒီလို လုပ်ပေမယ့် သူက လာချင်မှ လာမှာ"

"ဘာဖြစ်လို့လဲ"

ယန်းစုက လေးနက်စွာဖြင့်...

"မိစ္ဆာညည်းသံရှင်ဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာ ကျုပ် မသိပေမယ့် သူလှုပ်ရှားသွားတဲ့ အမှုအားလုံး စုံစမ်းကြည့်တဲ့ အခါ သူ့ရဲ့စိတ်နေသဘောထားကို ကျုပ်ကောင်းကောင်း လေ့လာ ခန့်မှန်းထားမိတယ်"



လေ့ကြိုး အံ့အားသင့်သွားသည်။

"ဦးလေး စုံစမ်းမိသလောက် ပြောပြပါလား"

ယန်းစုက...

"ပထမအချက်ကတော့ မိစ္ဆာညည်းသံရှင်ဟာ ကျုပ်တို့ ထင်မြင်ထားသလို အကြောင်းမဲ့ လူသတ်နေတာ မဟုတ်ပါဘူး"

"သူသတ်တဲ့လူတွေဟာ ဘာများ အပြစ်ရှိလို့လဲ"

"ကျုပ်တို့အနေနဲ့ အပြစ်မရှိဘူးလို့ ထင်ပေမယ့် သူနဲ့ တစ်နည်းနည်းပတ်သက်နေနိုင်တယ်"

သူက အားလုံးကို ကြည့်ကာ စကားဆက်လိုက်၏။

"ဒုတိယအချက်က သူဟာ သိုင်းလောကကို လွှမ်းမိုးလိုစိတ်နဲ့ လှုပ်ရှားနေတာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုရင် သူဟာ ဘာမှ မကော်မောတဲ့ပုံပဲ၊ အကြောင်းတစ်ခုကြောင့်သာ လှုပ်ရှားနေတာ ဖြစ်နိုင်တယ်"

"သူက ဘာကြောင့် လှုပ်ရှားနေရတာလဲ"

"သူဟာ အစွဲအလမ်းတစ်ခုကြောင့် လှုပ်ရှားနေတယ်လို့ ထင်မိတယ်"

မြောင်ရှမ်းက...

"ဒါဖြင့် ဒီလူဟာ ဘာတွေ စိတ်ထိခိုက်ပြီး ရန်ငြိုးထား လုပ်ဆောင်နေရတာလဲ"

ယန်းစုက...

www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေး စကားနိုးစပ်လာပြီ၊ ဂုဏ်နဲ့ ဩဇာတိက္ကမကို မမက်မောတဲ့ လူတစ်ယောက်ကို ချစ်ခြင်းမေတ္တာသည်သာ စိတ်ဒုက္ခ အပေးနိုင်ဆုံးပဲ၊ လူတစ်ယောက် တိုးတက်အောင်၊ ပျက်စီးအောင် ချစ်ခြင်းမေတ္တာက စွမ်းဆောင်နိုင်တယ်"

လှေကြီးက...

"ဒါဖြင့် မိစ္ဆာညည်းသံရှင်ဟာ ချစ်ခြင်းမေတ္တာကြောင့် စိတ်ထိခိုက်ပြီး အခုလို ပရမ်းပတာ လျှောက်လုပ်နေတယ်လို့ ဦးက ပြောချင်တာလား"

"တိတိကျကျကို ပြောတာပါ"

သူက စကားဆက်လိုက်သည်။

"နောက်ဆုံးတစ်ချက်ကတော့ မိစ္ဆာညည်းသံရှင်ဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားတဲ့ ပုဂ္ဂိုလ်ဆိုတာလဲ ကျုပ်ယုံကြည်ပါတယ်"

သူ၏စကားကြောင့် အားလုံး အံ့ဩကုန်ကြသည်။

ကျင်းလိုက...

"သူ ဘယ်သူဘယ်ဝါဆိုတာ ခန့်မှန်းမိသလား"

ယန်းစူ သက်ပြင်းချကာ...

"ကျုပ်ကလဲ သိပ်သိချင်ပါတယ်၊ ဒါပေမယ့် အခုထိ သူဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာ သဲလွန်စ မရသေးပါဘူး"

မြောင်ရှမ်း ပခုံးတွန့်ကာ...



"ကျွန်မတော့ မိစ္ဆာညည်းသံရှင်နဲ့ ပတ်သက်ပြီး ဘာမှ မဆက်စပ်တတ်အောင်ကို ဖြစ်နေရပြီ"

ဟု စိတ်ပျက်လက်ပျက် ညည်းညူလိုက်၏။

ကျင်းလိုက...

"သိပ်လဲ စိတ်ဓာတ်မကျပါနဲ့၊ တစ်နေ့တော့ အဖြစ်မှန်ဟာ ပေါ်ရစမြဲပါပဲ"

ဟု အားပေးနှစ်သိမ့်လိုက်၏။

သူ၏စကားကို အဘိုးအိုယန်းစူက ထောက်ခံလိုက်သည်။

"သိပ်ဟုတ်တာပေါ့၊ လောကပေါ်မှာ ဘယ်လျှို့ဝှက်ချက်မှ ကြာရှည်မတည်တံ့ကြပါဘူး၊ အချိန်တန်တော့ ပေါ်ပေါက်လာရတာ ပါပဲ"

သူသည် လှေကြီးအား ကြည့်ကာ ဆက်၍ မေးမြန်းလိုက်လေသည်။

"ကျုပ်က ဘာဖြစ်လို့ ခေါင်းဆောင်ကြီးကို မိစ္ဆာညည်းသံရှင် ဟန်ဆောင်ပြီး စိန်ခေါ်ခိုင်းရသလဲဆိုတာ သိသလား"

လှေကြီး ခေါင်းယမ်းကာ...

"မသိပါဘူး ခင်ဗျာ"

ဟု ပြောလိုက်၏။

သူက ယန်းစူအား ကြည့်ကာ...

"ဘာဘာမှာ အကြောင်း ရှိလို့လား"

www.burmeseclassic.com

www.burmeseclassic.com



ပြန်မေးလိုက်သည်။

ယန်းစွ ခေါင်းညိတ်လိုက်သည်။

"သိပ်ရှိတာပေါ့၊ သူဟာ ကျော်ကြားတဲ့ သိုင်းသမားတစ်ဦး ဖြစ်မယ်လို့ ကျုပ်က တထစ်ချ ယုံကြည်ထားတယ်လေ"

သူ၏စကားကြောင့် အားလုံး စိတ်ဝင်စားသွားကြပြန်လေသည်။

လွှေကြိုးက...

"ကျွန်တော်တို့ကို ပြောပြပါလား"

"ဟုတ်ပါတယ်"

ကျင်းလုံတို့ကလည်း ဝင်ထောက်ခံလာကြ၏။

ယန်းစွ သက်ပြင်းချလိုက်သည်။

သူ၏မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်၍ လာလေသည်။

အားလုံးကို တစ်ချက်ဝေ့ကြည့်ကာ...

"ကျုပ်ရဲ့အကြံဟာ သူ့ကို စိန်ခေါ်ပြီး တိုက်ခိုက်လာတဲ့အခါ သူက ရင်ဆိုင်ခဲ့ရင် သူ့ရဲ့သိုင်းပညာ၊ သူ့ရဲ့သိုင်းကွက်တွေဟာ ကျိန်းသေပေါက် ထွက်ပေါ်လာမှာပဲ"

လွှေကြိုး၏မျက်လုံးအစုံ ဝင်းလက်သွားသည်။

"ကျွန်တော်သဘောပေါက်ပြီ"

ယန်းစွက ပြုံး၍...



"ဘာများလဲ"

ဟု မေးလိုက်သည်။

လွှေကြိုးက...

"ကျွန်တော်တို့ ရင်ဆိုင်တဲ့အခါမှာ သူ့ရဲ့သိုင်းပညာ၊ သိုင်းကွက်တွေကို လေ့လာပြီး သူ ဘယ်သူလဲဆိုတာ ဦးက ဖော်ထုတ်မလို့မဟုတ်လား"

ဟု ပြန်မေး၏။

ယန်းစွ မငြင်းပါ။

ဦးခေါင်းညိတ်ရင်း...

"ဟုတ်ပါတယ်၊ ဒါမှလဲ သူ့အကြောင်းသိပြီး အလွယ်တကူ ဖော်ထုတ်နိုင်မှာ မဟုတ်လား"

ဟု ပြောလာသည်။

အားလုံးမှာ ယန်းစွအား အထင်ကြီးလေးစားကာ သဘောကျသွားလေသည်။

ယန်းစွ၏ဉာဏ်ပညာရှိပုံနှင့် စီမံခန့်ခွဲပုံကို တွိုက်၍ ချီးကျူးမိလေသည်။

ယင်းနောက် မနက်စာစားကာ အသီးသီး အနားယူလိုက်ကြလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



လွှကြိုးသည် မနက်စာ စားသောက်ပြီးနောက် သီးသန့်ခန်းတွင် အနားယူလိုက်၏။

သို့သော်...

သူက တကယ်ပင် အနားယူနိုင်ပါမည်လော။

သူက ကိုယ်ခန္ဓာ အနားယူနိုင်သော်လည်း ဦးနှောက်နှင့် စိတ်အစဉ်ကတော့ အနားယူ၍ရမည် မဟုတ်ပါချေ။

ဟိုလင်တောင်ကုန်းအား မည်ကဲ့သို့ ပြန်လည်ထူထောင်ရန် တွေးတောမိသည်။

တစ်ဖန်...

မြောင်ရှမ်းနှင့် ကျူးရှမ်းအော့တို့ အကြောင်းကိုလည်း သတိရလာလေသည်။

မြောင်ရှမ်းနှင့် ကျူးရှမ်းအော့တို့သည် သူ့အပေါ် မေတ္တာမှုနေကြသည်မှာ ယုံမှားဖွယ် မရှိချေ။

သူသည် တွေးရင်း စိတ်ရှုပ်လာသည်။

အနားယူ၍ မရသည့် အတူတူ မိစ္ဆာညည်းသံရှင်နှင့် ပတ်သက်ပြီး ယန်းစူနှင့် တွေ့ဆုံဆွေးနွေးမည်ဟု စဉ်းစားလိုက်မိသည်။

ထို့နောက်...

သူသည် ယန်းစူထံသို့ ထွက်လာခဲ့တော့သည်။

♠ ♠ ♠



ယန်းစူသည်လည်း အနားမယူနိုင်သေးဘဲ မိစ္ဆာညည်းသံရှင်နှင့် ပတ်သက်ပြီး စဉ်းစားတွေးတောနေရာ လွှကြိုး ရောက်ရှိလာသည်နှင့် အတော်ပင် ဖြစ်သွား၏။

ယန်းစူက နေရာထိုင်ခင်းပေးကာ...

"ပထမအဆင့်အနေနဲ့ ခေါင်းဆောင်ကြီးက သူ့ရဲ့သိုင်းကွက်ကို သိရှိဖို့ သိုင်းကွက်တစ်ရာတိတိ ကြံ့ကြံ့ခံနိုင်ဖို့ပဲ လိုတယ်"

"ဒါတော့ စိတ်ချပါ၊ ခက်တာက သူလာပါ့မလား"

"ကျုပ်လဲ ဒါကိုပဲ စဉ်းစားနေတာ၊ သူဟာ အလွန်ပါးနပ်တယ်၊ ဒါကြောင့် လာချင်မှလာမှာ"

ယန်းစူအား အကဲခတ်ရင်း လွှကြိုး မေးလိုက်၏။

"ဒါထက် သူဟာ ချိန်းတဲ့အတိုင်း မလာခဲ့ရင် ဘယ်လိုလုပ်မလဲ"

"သူ မလာရင် နောက်နည်းလမ်းတစ်ခု ရှာဖို့ ကျုပ်အပြင်းအထန် စဉ်းစားနေတာ"

လွှကြိုးသည် ယန်းစူအား မနှောင့်ယှက်လိုတော့၍ နှုတ်ဆက်ကာ ထွက်လာခဲ့လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## ဆရာသခင်

ဘုံကျောင်း အနီးရှိ ကသစ်ပင်ပေါ်၌ မိစ္ဆာညည်းသံရှင်အစစ်က စိန်ခေါ်သည့် စာတန်းသည် လေထဲ၌ လွင့်ပျံ့နေလျက်။

ပွဲကြီးပွဲကောင်း ကြည့်ရှုလိုကြသည့် လူများသည် နေ့စဉ်နှင့်အမျှ ကြိတ်ကြိတ်တိုး ရောက်ရှိလာကြလေသည်။

သို့သော်...

ချိန်းဆိုထားသည့်အတိုင်း သုံးရက် ကျော်သွားပြီ ဖြစ်သော်လည်း မိစ္ဆာညည်းသံရှင်က ရောက်ရှိလာခြင်း မရှိပါ။

ပွဲကြည့်ပရိသတ်များတို့သည် တဖြည်းဖြည်း စိတ်ပျက်လာကြ၏။

နောက်ဆုံး အသီးသီး စိတ်ပျက်စွာဖြင့် ပြန်ကုန်ကြလေသည်။



အလွန်စည်ကားနေသော ဘုံကျောင်း အနီးတစ်ဝိုက်မှာ နဂိုအခြေအနေအတိုင်း တိတ်ဆိတ်အေးချမ်း၍ နေလေတော့သည်။

ယန်းရှုနှင့် လွေကြုံးတို့သည် ဤဘုံကျောင်းသို့ လာရောက်လေ့လာခဲ့သည်။

ဘုံကျောင်းဝန်း၌ ကျောင်းထိုင်တစ်ပါး၊ ညွှန့်ခ်ကြီးဆိုရေး ဘုန်းတော်ကြီးတစ်ပါး၊ ဝေယျာဝစ္စညွှန့်ခ်သော ဘုန်းကြီးလေးပါးနှင့် ကိုရင်တစ်ပါး နေထိုင်ကြသည်။

တစ်လတစ်ကြိမ် ပုံမှန်ဟူသော နေ့တစ်နေ့မှလွဲ၍ ကျန်ရှိသော အချိန်တွင် လာရောက်ဖူးမြော်သော သူတော်စင်များ ကျိုးတိုးကျဲတဲမျှသာရှိသည်။

ထို့ကြောင့်...

ယင်းဘုံကျောင်းမှာ အေးချမ်းသာယာသည့်အပြင် တိတ်ဆိတ်နေလေတော့သည်။

လွေကြုံးနှင့် ယန်းရှုတို့သည် ရောက်တုန်းရောက်ခိုက် ဘုံကျောင်းထဲသို့ ဝင်ရောက်ပြီး အမွေးတိုင်များဖြင့် ပူဇော်ကန်တော့ကြလေသည်။

ထို့နောက်...

ဆီမီးထွန်းရန် ငွေစတစ်တုံးကို လှူဒါန်းလိုက်၏။

ဘုံကျောင်းတစ်ခုလုံးမှာ အစစအရာရာ ရွှေရောင်ဖြင့် မွမ်းမံထားသောကြောင့် ဝင်းထိန်၍ သပ္ပာယ်လှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



လွှကြိုးသည် လက်နှစ်ဘက်ကို ပိုက်ပြီး နံရံပေါ်မှ ရေးဆွဲထားသော ရုပ်ပုံများကို တစ်ခုပြီးတစ်ခု မော့ကြည့်ရင်း အနောက်ဘက်အဆောင်သို့ အလိုလို ရောက်ရှိသွားလေသည်။

ထိုအချိန်...

"အင်း"

အခန်းတစ်ခုထဲမှ ညည်းညူသော အသံတစ်ချက် ကြားရလေသည်။

လူနာတစ်ယောက်၏ ညည်းညူသံမျိုး ဖြစ်သည်။

လွှကြိုး ခြေလှမ်းရပ်တန့်လိုက်၏။

သနားကြင်နာသော စိတ်များလည်း ပေါ်ပေါက်လာ၏။

အခန်းထဲ၌ မည်သူမည်ဝါ ဖြစ်သည်ကိုလည်း သိချင်လာသည်။

ထိုအချိန် ကိုရင်တစ်ပါး ရောက်ရှိလာလေသည်။

"ခဏလေး ကိုရင်"

လွှကြိုး ကပျာကယာ ဟန့်တားလိုက်သည်။

ကိုရင်လေး ရပ်တန့်သွားသည်။

လွှကြိုးအား အကဲခတ်ကြည့်ကာ...

"ဘာကိစ္စများလဲ"

လွှကြိုးက အခန်းအား ညွှန်ပြရင်း...

"ကိုရင်လေး ဒီအခန်းထဲမှာ ဘယ်သူများ ရှိနေပါသလဲ"



ကိုရင်လေးက...

"အာဂန္တုတစ်ယောက် လမ်းခရီးသွားရင်း မကျန်းမာလို့ ဒီမှာဝင်ပြီး နားခိုနေပါတယ်"

လွှကြိုးက...

"ကျုပ်ဝင်ကြည့်ချင်တယ် ဖြစ်ပါ့မလား"

ဟု မေးလိုက်သည်။

ကိုရင်လေးက...

"ရပါတယ်၊ ဝင်ကြည့်နိုင်ပါတယ်"

သူက ပြောပြီး ထွက်သွားသည်။

လွှကြိုးက အခန်းတံခါးကို အသာအယာ တွန်းလိုက်လေသည်။

အခန်းထဲ၌ ညည်းညူနေသော အသံသည် ရုတ်တရက် ရပ်တန့်သွားသည်။

လွှကြိုးသည် အခန်းထဲသို့ ခြေလှမ်းလှမ်းဝင်လိုက်လေသည်။

သူက စူးရှသော မျက်လုံးတစ်စုံကို တွေ့လိုက်ရသဖြင့် ခြေလှမ်းတန့်ခနဲ ဖြစ်သွားသည်။

အခန်းထဲမှ စူးရှသော မျက်လုံးအစုံသည် ချက်ချင်းပျော့အိသွားသည်။

လွှကြိုးက လက်နှစ်ဖက်ဆုပ်၍...

www.burmeseclassic.com

www.burmeseclassic.com



"ဦးကြီးခင်ဗျာ ကျုပ်က လွှေကြိုးပါ၊ ဦးကြီးဆီက ညည်းညူနေတဲ့ အသံကြားလို့ ဘာများ အကူအညီပေးရမလဲဆိုတာ ဝင်လာခဲ့တာပါ"

သူ၏စကားဆုံးသည်နှင့်...

"မင်းက လွှေကြိုးလား"

အခန်းထဲမှ အဘိုးအိုတစ်ယောက်၏အသံ ဖြစ်သည်။

လွှေကြိုးက...

"ဟုတ်ပါတယ်"

အဘိုးအိုက...

"မင်းနဲ့ သူရဲကောင်းတောင်ကုန်းနဲ့ ဘယ်လိုပတ်သက်သလဲ"

လွှေကြိုးက မျက်မှောင်ကြုတ်သွားသည်။

"ဦးက ဘာကြောင့် ဒီစကားကို မေးတာလဲ"

ဟု မေးလိုက်သည်။

အဘိုးအိုက...

"မင်းမှာ မီးခြစ်ပါသလား"

လွှေကြိုးက...

"ပါ,ပါတယ်၊ ဘာလုပ်မလို့လဲ"

အဘိုးအိုက...

"အခန်းထဲကို ဝင်ခဲ့ပါ၊ စားပွဲပေါ်မှာ ဖယောင်းတိုင် ရှိတယ်၊ ထွန်းလိုက်ပါ"



လွှေကြိုး ဘာမှမပြောတော့ပါ။

မျက်ချင်းပင် ဖယောင်းတိုင် မီးကို ထွန်းလိုက်လေသည်။

အခန်းတစ်ခုလုံး လင်းထိန်သွားသည်။

လွှေကြိုးသည် မီးထွန်းပြီး၍ အဘိုးအိုအား လှည့်ကြည့်လိုက်သည်။

ရုတ်တရက်...

"ဟင်"

သူ၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားလေတော့သည်။

မျက်နှာတစ်ခုလုံးမှာ အံ့သြခြင်းမက အံ့သြပြီး မှင်တက်သွားလေသည်။

အဘိုးအိုက...

"လွှေကြိုး၊ မင်း ငါ့ကို မမှတ်မိတော့ဘူးလား"

အဘိုးအို၏စကားကြောင့် လွှေကြိုးက ပြန်လည်သတိရလာလေသည်။

သူသည် အဘိုးအို၏ခုတင်ရှေ့သို့ လျှောက်သွားပြီး ဒူးထောက်လိုက်သည်။

"မှတ်မိပါတယ် ဆရာ"

ထိုအဘိုးအိုသည် သူရဲကောင်းတောင်ကုန်း အရှင်သခင်

www.burmeseclassic.com

www.burmeseclassic.com



ဟောင်း ဖြစ်သည်။

လှေကြီး၏ဆရာလည်း ဖြစ်ပေသည်။

အဘိုးအိုက…

"ဟင်း မင်းမှတ်မိတယ်လို့ ကြားလိုက်ရတာ ငါဝမ်းသာလိုက်တာ"

အဘိုးအိုသည် စိတ်ထိခိုက်၍လားမသိ။ အသံပင်တုန်ခါနေ၏။

လှေကြီးက ဒူးထောက်လျက်…

"ဆရာ့ကို ကျွန်တော် တစ်နေ့မှမမေ့ပါဘူး၊ ကျွန်တော်ကိုယ်တိုင် ဖြစ်စေ၊ ကျွန်တော့်မိတ်ဆွေများပါ လိုက်လံစုံစမ်းပါတယ်၊ ဆရာ ဒီရောက်နေတာကိုး"

အဘိုးအိုက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ငါ့ကို မသမာတဲ့ လူတွေက အလစ်ဝင်ရောက် တိုက်ခိုက်ပြီး ငါ့မှာ ဒဏ်ရာနဲ့ အသက်လုပြီး ထွက်ပြေးလာရတယ်၊ မင်းရဲ့ သတင်းလဲ မကြားတော့ ငါလဲ တစ်နေရာတည်းမှာ မနေရဲလို့ ဟိုရောက်ဒီရောက်နဲ့ နောက်ဆုံး ဒီမှာ ရောက်နေတာပဲ"

လှေကြီးက ထရပ်လိုက်သည်။

"အခု ဆရာက ဘာဝေဒနာရောဂါများ စွဲနေပါသလဲ"

အဘိုးအိုက…

"တခြား ဘာရောဂါမှ မရှိပါဘူး။ ရန်သူရဲ့လက်ချက်တဲ့



ချက် မိသွားတာနဲ့ အဲဒီ ဒဏ်ရာက အခုထိ မပျောက်နိုင်သေးဘူး"

ဟု ပြောလာသည်။

လှေကြီးက…

"ဆရာ မကုသဘူးလား"

အဘိုးအိုက…

"မကုဘဲ နေပါ့မလား။ ဒါပေမယ့် တစ်နေရာတည်းမှာ မနေရဲလို့ ခရီးပမ်းတဲ့ဒဏ်ကြောင့် အခုထိ မပျောက်သေးတာ"

ဟု ပြောလာသည်။

လှေကြီးက…

"အခု ဘာမှ မစိုးရိမ်ပါနဲ့တော့"

သူက စကားဆက်လိုက်သည်။

"ကျွန်တော်က ချောင်းဆုံစခန်းမှာ အခြေချထားပါတယ် ဆရာ၊ အဲဒီကို လိုက်ပြီး အနားယူရင်း ဒဏ်ရာပျောက်အောင် ကုတာပေါ့"

အဘိုးအို ခေါင်းညိတ်လိုက်သည်။

"အေးကွယ်၊ ငါ့တပည့်ကို တွေ့တော့မှ ငါစိတ်ချမ်းသာတော့တယ်"

လှေကြီး ပြုံးပြလိုက်သည်။

ထိုအချိန်…

ယန်းစု၏အသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

"ခေါင်းဆောင်ကြီး...ခေါင်းဆောင်ကြီး"

လှေကြီးက အခန်းထဲမှ လှမ်းထွက်လိုက်သည်။

"ဦး ကျွန်တော် ဒီမှာ"

ယန်းစုက သူ့ထံသို့ လျှောက်လာသည်။

"ခေါင်းဆောင်ကြီးက ဘာကိစ္စကြောင့် ဒီမှာ ကြာနေရတာလဲ"

လှေကြီးက...

"ကျွန်တော် ပျောက်ဆုံးနေတဲ့ ဆရာကို ဒီမှာ မမျှော်လင့်ဘဲ လာတွေ့လို့ စကားပြောနေကြတာပါ"

ယန်းစု၏မျက်ခုံးမွေးအစုံသည် အလယ်သို့ စုရုံးလာလေသည်။

လှေကြီးအား အကဲခတ်ကြည့်ကာ...

"ခေါင်းဆောင်ကြီးရဲ့ဆရာ ဟုတ်လား"

ဟု မေးလိုက်သည်။

လှေကြီး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ သူရဲကောင်းတောင်ကုန်းပိုင်ရှင်ပါ"

ယန်းစု၏မျက်နှာပေါ်ဝယ် အလွန်အံ့ဩသော အရိပ်အယောင်များ ဖြစ်ပေါ်လာလေသည်။

သူသည် လှေကြီးအား စကားမပြော ဖြစ်တော့ပါ။



သူသည် အခန်းထဲသို့ လှမ်းဝင်သွားပြီး အဘိုးအိုအား လက်နှစ်ဖက်ဆုပ်ကာ အရိုအသေပြုလိုက်လေသည်။

"ကျုပ်နာမည်က ယန်းစုပါ။ ဆရာကြီးကို တွေ့ရတာ ဝမ်းသာဂုဏ်ယူမိပါတယ်"

အဘိုးအိုက လက်နှစ်ဖက်ဆုပ်ကာ တုံ့ပြန်အရိုအသေပြုလိုက်သည်။

လှေကြီးက ယန်းစုနှင့် ပတ်သက်သော အကြောင်းအရာများကို ဆရာဖြစ်သူအား မိတ်ဆက်ပြောပြလိုက်လေသည်။

အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

"ငါတပည့်က ဒီပုဂ္ဂိုလ်မျိုး ရထားတော့ ဘာမဆို အောင်မြင်မှာပါ"

လှေကြီးက...

"ကဲ ဆရာ၊ ကျွန်တော်တို့နဲ့ တစ်ခါတည်း လိုက်ခဲ့ပါ"

ဟု ပြောလိုက်သည်။

အဘိုးအို ခေါင်းညိတ်လိုက်သည်။

"အေးကွယ်၊ အခုမှပဲ ငါလဲစိတ်ချမ်းသာ ကိုယ်ချမ်းသာ နေရတော့မယ်"

လှေကြီးနှင့် ယန်းစုတို့လည်း အဘိုးအိုအား တွဲ၍ တည်းခိုခန်း ရှိရာသို့ ခေါ်ဆောင်သွားလေသည်။

အားလုံးက သေဆုံးသွားပြီဟု ထင်မှတ်ထားကြသော သူ့ရဲ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတောင်ကုန်းပိုင်ရှင် ပိုင်ဖန်းက အသက်ရှင် လွတ်မြောက်နေသေး၏။

ပိုင်ဖန်း အသက်ရှင် လွတ်မြောက်နေသဖြင့် လှေကြိုး ဝမ်းသာမိသည်။

အဖြစ်မှန်များလည်း ပေါ်ပေါက်နေပြီ ဖြစ်၍ ပိုင်ဖန်းကို စောင့်ရှောက်ရန် ခေါ်ဆောင်သွားခြင်း ဖြစ်လေသည်။

♠ ♠ ♠



## မိတ်ဆွေဟောင်း

လရောင်သည် ထိန်ထိန်သာနေ၏။

လှေကြိုးသည် ဆရာဖြစ်သူအား ပြုစုရင်း အခန်းထဲ၌ ကွပ်ပျစ်တစ်လုံးချကာ စောင့်အိပ်နေရလေသည်။

သန်းခေါင်ယံ အချိန် ဖြစ်၍ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်၍ နေလေသည်။

ပန်းရနံ့များသည် မွှေးကြိုင်ပြီး ဦးနှောက်ကို ကြည်လင်စေလေသည်။

ကျင်းလုံတို့အဖွဲ့သားတို့သည် အိပ်ပျော်သွားကြပြီ ဖြစ်လေသည်။

တည်းခိုခန်း၌ တည်းခိုနေကြသော သူများသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြ၏။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



အိပ်မပျော်သော လူတစ်ယောက်ရှိသည်။

လုံ့တံယန်းရှူ ဖြစ်သည်။

လုံ့တံယန်းရှူသည် အိပ်ရာပေါ်၌မရှိပါ။

သူ၏အိပ်ခန်းထဲ၌လည်း မရှိပါ။

သူသည် တည်းခိုခန်း အနောက်ဘက် ပန်းမာလ်များ ဖုံလင်စွာ ဖူးပွင့်နေသော ဥယျာဉ်ထဲ၌ ရှိနေ၏။

ယင်းကဲ့သို့ သာယာလှပသော အချိန်၌ ယန်းရှူသည် စိတ်ချမ်းသာမှုကို ခံစားနေ၍လော။

မဟုတ်ပါ။

လုံး၀ မဟုတ်ပါ။

သူသည် အလွန်ခက်ခဲနက်နဲသော ပြဿနာတစ်ခုကို အစရှာနေခြင်း ဖြစ်သည်။

သူသည် သူရဲကောင်းတောင်ကုန်း အကြောင်းကို သိရှိခဲ့သည်။

သို့သော်...

သူရဲကောင်းတောင်ကုန်းပိုင်ရှင်ကို တစ်ကြိမ်တစ်ခါမျှ မတွေ့မြင်ခဲ့ဖူးပေ။

တွေ့ဆုံရန်မှာလည်း တစ်ယောက်နှင့်တစ်ယောက် အကြောင်း မရှိပါ။

သို့သော်...



ယနေ့ သူသည် သူရဲကောင်းတောင်ကုန်းပိုင်ရှင်အား တွေ့မြင်လိုက်သောအခါ သူ့ရင်ထဲ၌ ယင်းပုဂ္ဂိုလ်အား တွေ့မြင်ဖူးသည်ဟု စိတ်ထဲ၌ ထင်မှတ်လိုက်သည်။

သိဖူးမြင်ဖူးရုံမက တစ်ယောက်နှင့်တစ်ယောက် အလွန်ရင်းရင်းနှီးနှီး နေခဲ့ကြသည်ကိုလည်း သူ၏စိတ်ထဲ ကောင်းစွာ မှတ်မိထားသည်။

သို့သော်...

ထိုလူနှင့် အကြောင်းတစ်ခုကြောင့် ခွဲခွာခဲ့ရာမှ နှစ်ပေါင်းလေးဆယ်ပင် ရှိခဲ့သည်။

ထိုလူ၏သတင်းကိုလည်း သိုင်းလောက၌ လုံး၀ကြားခဲ့ရပါတော့ချေ။

ထို့ကြောင့်...

ဤသူရဲကောင်းတောင်ကုန်းပိုင်ရှင်သည် လွန်ခဲ့သော နှစ်များစွာက မိမိ၏အရင်းနှီးဆုံး မိတ်ဆွေတစ်ယောက် ဖြစ်နေပါသလား။

သူသည် စိတ်ကို မထိန်းနိုင်၊ မေးမြန်းရန် အကြိမ်ကြိမ် ကြိုးစားခဲ့သည်။

သို့သော်...

တစ်ဖက်က လူသည် မိမိအား တစိမ်းတစ်ယောက်ကဲ့သို့ စိမ်းစိမ်း ဆက်ဆံနေသည်ကို တွေ့ရသဖြင့် ရုတ်တရက် မမေးဘဲ

www.burmeseclassic.com

www.burmeseclassic.com



မျိုသိပ်ခဲ့ရလေသည်။

ထိုလူသည် မိမိအား တကယ်ပင် မမှတ်မိသည်လော။

သို့မဟုတ်…

မှတ်မိလျက်နှင့် မမှတ်မိခြင်း ဟန်ဆောင်နေသည်ပေလော။

မိမိနှင့် ထိုလူနှင့် ရန်ငြိုးလုံးဝ မရှိပါ။

ရန်ငြိုး မရှိသည့်အပြင် အဘက်ဘက်မှ မိတ်ဆွေကောင်းပီသစွာဖြင့် ကူညီခဲ့သေး၏။

ဤသို့ဆိုလျှင် မိမိအပေါ် အဘယ်ကြောင့် တစိမ်းဆန်ဆန်နေရပါသနည်း။

သူ့မှာ မည်သည့် လျှို့ဝှက်ချက် ရှိသနည်း။

သို့မဟုတ် လောကပေါ်၌ လူတူမရှား ဖြစ်နေသဖြင့် မိမိကပင် လူများ မှားနေ၍လော။

ထိုအတွေးအမျိုးမျိုးကြောင့် သူက အိပ်၍ မပျော်နိုင်တော့ဘဲ ဤနေရာသို့ တစ်ဦးတည်း လာရောက်တွေးတောနေခြင်း ဖြစ်သည်။

သူသည် အတွေးများ လွင့်ပျံ့နေစဉ်မှာပင် သူ့နောက်ကွယ်တွင် လူရိပ်တစ်ခုက တဖြည်းဖြည်း ချဉ်းကပ်လာသည်ကို သူလုံးဝ သတိမထားမိပါ။

ထိုအချိန်…



ထိုလူရိပ်က သူ့ထံသို့ နီးသထက် နီးလာသည်။

သူ့ထံသို့ လက်တစ်ကမ်းသာ ဝေးကွာတော့သည်။

ထိုအချိန် ဖုတ်တရက် စူးရှသော အသံတစ်ခု ထွက်ပေါ်လာသည်။

"အမယ်လေး"

အသံတစ်ချက် ထွက်ပေါ်လာသည်။

ယန်းစူက ရုတ်တရက် သတိရလာ၏။

ရုတ်ခြည်း ထရပ်လိုက်သည်။

ထိုနောက်မှ လူရိပ်သည် လျှင်မြန်စွာ ဆုတ်ခွာသွားလေသည်။

စူးရှစွာ အော်ဟစ်နေသူမှာ မြောင်ရှမ်းပင် ဖြစ်လေတော့သည်။ မြောင်ရှမ်းသည် မည်သည့်အချိန်က ဥယျာဉ်ထဲသို့ ရောက်ရှိနေမှန်း ယန်းစူက မတွေ့မိလိုက်ပါ။

သူသည် မြောင်ရှမ်းဆီသို့ ပြေးလွှားသွား၏။

"တူမလေး ဘာဖြစ်လို့လဲဟင်"

မြောင်ရှမ်းသည် မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

"ကျွန်မက အိပ်နေတုန်းမှာ အခန်းအပြင်ဘက်မှာ လူတစ်ယောက် ဖြတ်သွားတဲ့အသံ ကြားလိုက်လို့ ကျွန်မ ဆင်းခဲ့နဲ့ နီးလာတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူမက စကားဆက်လိုက်သည်။

"ဘယ်သူများ ဖြစ်မလဲလို့ သံသယ ဖြစ်ပြီး အကျီလဲပြီး ထွက်လိုက်လာခဲ့တယ်၊ လမ်းတစ်လျှောက်မှာ အဲဒီ လူရိပ်ကို မတွေ့ရတော့ဘူး"

ယန်းစုက စိတ်ဝင်တစား နားထောင်နေ၏။

မြောင်ရှမ်းက...

"ကျွန်မလဲ မကျေနပ်တာနဲ့ ဆက်လိုက်တာ၊ ပန်းခြံထဲ ဝင်လာတဲ့အခါမှာ ဦးတစ်ယောက်တည်း ထိုင်နေတာကို တွေ့ရတယ်၊ ဦးပဲ ဖြစ်ရမယ်လို့ ကျွန်မက ထင်လို့ စိတ်ချသွားတယ်"

ယန်းစုက ခေါင်းခါယမ်းလိုက်သည်။

"ဦး ဒီကို ရောက်လာတာ အတော်ကြာသွားပြီ"

သူက မျက်မှောင်ကြုတ်၍...

"ဒါနဲ့ ငါ့တူမကြီးက ဘာဖြစ်လို့ အော်လိုက်ရတာလဲ"

မြောင်ရှမ်းက...

"ကျွန်မက ဒီကိုလာပြီး နှုတ်ဆက်မယ့်အခါမှာ ဦးရဲ့နောက်မှာ လူတစ်ယောက် တဖြည်းဖြည်း ချဉ်းကပ်လာတာ တွေ့ရတယ်၊ သူ့ရဲ့ပုံစံက ဦးကိုအန္တရာယ်ပြုမယ့် ပုံစံပဲ၊ ဒါကြောင့် ကျွန်မက အော်လိုက်မိတာပါ"

ယန်းစု မျက်မှောင်ကုပ်သွားသည်။

"ဒီလိုဆိုရင် ငါ့တူမက ဦးရဲ့အသက်ကို ကယ်လိုက်သလို



ဖြစ်သွားတာပေါ့"

မြောင်ရှမ်း ပြုံးလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ဦးကံကောင်းသွားပါတယ်"

ယန်းစုက...

"ဒါနဲ့ ကျုပ်နောက်ကလူ ဘယ်သူဘယ်ဝါဆိုတာ တူမကြီး သေသေချာချာ မတွေ့လိုက်ဘူးလား"

မြောင်ရှမ်းက ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မက ဦးအတွက် စိုးရိမ်လွန်းလို့၊ သူ့ကို မကြည့်နိုင်တော့ဘဲ အော်လိုက်မိတာပါ"

ယန်းစုက ခေါင်းညိတ်လိုက်သည်။

"ဒီတစ်ခါ ကံကောင်းသွားတယ်၊ နောက်တစ်ခါဆိုရင် ငါ့အသက်ကို အမြဲတမ်း သတိရှိမှဖြစ်မယ်"

မြောင်ရှမ်းက...

"ရန်သူက ကျွန်မတို့ဆီ ချဉ်းကပ်လာပြန်ပြီဘာဘာ"

ယန်းစုက ခေါင်းခါယမ်းလိုက်သည်။

"ငါ့တူမ တို့ ဘာမှစိုးရိမ်စရာ မလိုပါဘူး"

သူသည် မြောင်ရှမ်း၏ပခုံးကို အသာအယာပုတ်လိုက်သည်။

"ငါ့တူမကြီး အချိန်မီ ရောက်လာခဲ့တဲ့အတွက် ဦးမှာ ဖြေရှင်းလို့ မရတဲ့ ပြဿနာတစ်ခု အခုတော့ အဖြေပေါ်သွားပါပြီ၊ မင်းကို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူး”

မြောင်ရှမ်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

“ကျွန်မကြောင့် ဟုတ်လား”

ယန်းစုက ပြုံးပြလိုက်သည်။

“သိပ်ဟုတ်တာပေါ့”

မြောင်ရှမ်း ပခုံးတွန့်လိုက်သည်။

“ကျွန်မဖြင့် ဘာမှ မသိရပါလား”

ယန်းစု ရယ်မောလိုက်သည်။

“နောက်တော့ သိရမှာပေါ့”

သူသည် ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်သည်။

“ကဲ အချိန် မစောတော့ဘူး။ ပြန်အိပ်ကြပါစို့”

♠ ♠ ♠



## ရင်ဆိုင်ပွဲ

လှေကြိုးသည် ကြက်တွန်သံ ကြားလိုက်သည်နှင့် အိပ်ရာမှ နိုးလာလေသည်။

သူသည် အသာအယာ အိပ်ရာပေါ်မှ ဆင်းလိုက်လေသည်။

ဆရာဖြစ်သူအား လှမ်းကြည့်လိုက်သောအခါ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်ကို တွေ့မြင်လိုက်ရသည်။

ဆရာဖြစ်သူသည် ဆေးဝါးကုသမှုကြောင့် ဒဏ်ရာသက်သာရ ရှိလာသဖြင့် ညည်းညည်းညူညူ မရှိတော့ဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေခြင်း ဖြစ်သည်။

သူသည် အခန်းတံခါးကို ဖွင့်၍ တိတ်တဆိတ် ထွက်သောအခါ အခန်းဝတွင် ယန်းစုက စောင့်နေသည်ကို တွေ့မြင်ရလေသည်။

“ဦး အရေးကြီးတဲ့ ကိစ္စ ရှိလို့လား”

www.burmeseclassic.com

www.burmeseclassic.com



ယန်းစူက…

"မရှိပါဘူး၊ နံနက်စာ စားဖို့ စောင့်နေတာပါ"

လှေကြိုး ခေါင်းညိတ်လိုက်သည်။

"ဦးသွားနှင့်ပါ၊ ကျွန်တော် မျက်နှာသစ်ပြီး လိုက်ခဲ့ပါ့မယ်"

ယန်းစူသည် အခန်းထဲသို့ အမှတ်မထင် လှမ်းကြည့်လိုက်သည်။

ထို့နောက်…

ဦးခေါင်းတစ်ချက် ခါယမ်း၍ ထွက်သွားတော့သည်။

♠ ♠ ♠



ယန်းစူသည် စားသောက်ခန်း ရှောင်ကျကျ နေရာတစ်ခုတွင် နေရာယူထားသည်။

တခဏအကြာတွင် လှေကြိုး ရောက်ရှိလာလေသည်။

ဆိုင်လုလင်သည် နံနက်စာကို သယ်ဆောင်ကာ လာရောက်ချပေးလေသည်။

ဆိုင်လုလင် ထွက်သွားတော့မှ ယန်းစူက စားသောက်ရင်း

"ခေါင်းဆောင်ကြီး ညက တော်တော်မှ အိပ်ပျော်ရဲ့လား"

ဟု မေးလိုက်သည်။

လှေကြိုး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ ဆရာနဲ့ ပြန်ဆုံတွေ့ခဲ့လို့လား မပြောနိုင်ဘူး၊ စိတ်ချလက်ချ အိပ်ပျော်သွားတော့တာပဲ"

ယန်းစူက…

"မင်းဆရာ အပြင်ထွက်သေးလား"

"ဗျာ"

လှေကြိုး ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ယန်းစူက…

"သြော် အပေါ့အပါးသွားသေးသလားလို့ မေးတာပါ"

လှေကြိုး ပြုံးလိုက်သည်။

ဦးခေါင်းတစ်ချက်ခါယမ်းပြီး…

"ပြောရမှာ ရှက်တောင်ရှက်ပါတယ်ဗျာ၊ ညက ဘာဖြစ် မှန်း

www.burmeseclassic.com

www.burmeseclassic.com



မသိဘူး။ ကျွန်တော် အိပ်လိုက်တာနဲ့ မိုးကို လင်းသွားတာပဲ"

သူက ယန်းစုအား အကဲခတ်ရင်း ပြန်မေးလိုက်သည်။

"ဘာဖြစ်လို့လဲ"

ယန်းစု ခေါင်းယမ်းလိုက်သည်။

"ဘာမှ မဖြစ်ပါဘူး။ သူ့အဆင်ပြေလား သိချင်လို့ပါ"

လှေကြီး ပြုံး၍ စားသောက်လိုက်သည်။

ယန်းစု သက်ပြင်းတစ်ချက် မသိမသာ ချမိလိုက်လေတော့သည်။

♠ ♠ ♠



သုံးရက်အတွင်း လှေကြီးတို့လူစုသည် သူ့ရဲကောင်းတောင်ကုန်း နယ်မြေသို့ ပြန်လည်ရောက်ရှိလာ၏။

သူတို့သည် နဂါးစိမ်းဂိုဏ်းသားများက လာရောက်တိုက်ခိုက်လိမ့်မည်ဟု ကြိုတင်ခန့်မှန်းထားသည်။

သို့သော်...

သူတို့သည် အန္တရာယ် မကြုံတွေ့ခဲ့ပါ။

ဘေးမသီရန်မခဘဲ အေးချမ်းစွာ ရောက်ရှိသွားကြလေသည်။

သူတို့သည် ယန်းစု စီစဉ်ထားသော ကျေးရွာတစ်ခုတွင် စခန်းချကြလေသည်။

ထိုကျေးရွာသည် အမှန်တော့ မြို့ငယ်တစ်မြို့ နီးပါးမျှ စည်ကားသိုက်မြိုက်လှပေသည်။

ထိုရွာကြီးသည် လမ်းဆုံလမ်းခွတွင် တည်ရှိနေသောကြောင့် တည်းခိုခန်း၊ စားသောက်ဆိုင် စသည်များ စုံလင်စွာ ရှိနေကြ၏။

ယန်းစုတို့ စခန်းချသောနေရာမှာ ထိုရွာကြီး၏အရှေ့ဘက်စွန်း၌ ဖြစ်သည်။

မြေအနေအထားမှာ တောင်ကုန်းကလေးနှင့် တူလှပေသည်။

ထိုတောင်ကုန်းကလေးပေါ်၌ သစ်လုံးကလေးများဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တည်ဆောက်ထားသော အဆောက်အအုံတစ်ခုရှိ၏။

အမှန်တော့ ခံတပ်တစ်ခုနှင့် တူလှပေသည်။

လှေကြီးက ယန်းစူအပေါ် တစ်နေ့တစ်ခြား ကြည်ညိုလေးစားလာမိသည်။

ယန်းစူက နေရာတိုင်ခင်းချထားပြီးနောက်…

"ကဲ ခေါင်းဆောင်ကြီး ကျုပ်တို့ လုပ်ငန်း မကြာမီ စတော့မှာမို့ ချောင်းဆုံစခန်းက လူတွေကို အမြန်ဆုံး လွှတ်ပြီးခေါ်ဖို့ သင့်တယ်လို့ အကြံပြုပါတယ်"

လှေကြီးက ခေါင်းညိတ်လိုက်ပြီး…

"ကောင်းပြီ၊ ဒီတာဝန်ကို ကျင်းလုံကို တာဝန်ပေးလိုက်မယ်"

ယန်းစူက…

"ကျုပ်တို့က သူရဲကောင်းတောင်ကုန်းကို ပြန်ယူမယ်ဆိုတော့ ဒီတစ်ခါ တစ်ဘက်နဲ့တစ်ဘက် အင်အားသုံး ရင်ဆိုင်ရဖို့များတယ်၊ ဒါကြောင့် သူတို့ကို ခုနစ်ရက်အတွင်း ရောက်လာအောင် ကြိုးစားနိုင်းပါ"

ဟု လေးနက်စွာဖြင့် ပြောလာသည်။

လှေကြီး ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ၊ ကျွန်တော် အမြန်ဆုံး စီစဉ်ပေးပါ့မယ်"

ထို့နောက်ဝယ်…



လှေကြီးသည် အလွန်တစ်ရာ အလုပ်ရှုပ်သွားလေတော့သည်။

♠ ♠ ♠

ခုနစ်ရက်…။

ခုနစ်ရက်အတွင်း ယန်းစူသည် အလွန်အလုပ်ရှုပ်နေ၏။

မြောင်ရှမ်း ကျူးရှမ်းအော့တို့နှင့် ကျန်ရှိသော အဖွဲ့သားများမှာလည်း အလုပ်ကိုယ်စီ များနေကြ၏။

လှေကြီးမှာမူ နဂါးစိမ်းဂိုဏ်းအား ထိန်းချုပ်ထားသော မိစ္ဆာညည်းသံရှင်နှင့် ရင်ဆိုင်တိုက်ခိုက်ရမည်ဖြစ်၍ နေ့စဉ်နှင့်အမျှ သိုင်းပညာရပ်များကို မအားမလပ် လေ့ကျင့်နေလေသည်။

ဆရာဖြစ်သူက လှေကြီး၏သိုင်းပညာ ထူးချွန်တိုးတက်လာသည်ကို တွေ့ရသဖြင့် ကျေနပ်စွာ ချီးကျူးလိုက်လေသည်။

"တစ်နေ့ မင်းဟာ သူရဲကောင်းတောင်ကုန်းရဲ့ အရှင်သခင်ဖြစ်လာမှာ သေချာတယ်"

လှေကြီး ဦးညွှတ်လိုက်သည်။

"ကျွန်တော့်ရဲ့ ပညာဟာ ဆရာ့ရဲ့ခြေဖျားတောင် မမီနိုင်သေးပါဘူး ခင်ဗျာ"

ဆရာဖြစ်သူ ခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အသက်ကြီးလာပါပြီ၊ လူတစ်ယောက်ဟာ ဇရာထောင်းတဲ့အခါမှာ အစစအရာရာ နားလည်သဘောပေါက်လာတယ်၊ သံဝေဂတရား ရလာနိုင်ပါတယ်"

သူ၏မျက်နှာတစ်ခုလုံး ဝမ်းနည်းကြေကွဲသည့် အရိပ်အရောင်များ ပေါ်လွင်လာလေသည်။

သူက လှေကြီးအား စေ့စေ့ကြည့်လိုက်သည်။

"ငါ့တပည့်ကတော့ ဆရာဟာ သိက္ခာသမာဓိနဲ့ ပြည့်စုံတဲ့ ဆရာသမားတစ်ယောက် ဖြစ်တယ်လို့ ယုံကြည်ပြီး ကြည်ညိုလေးစားခဲ့တယ်ဆိုတာ ဆရာနားလည်ပါတယ်"

သူသည် သက်ပြင်းတစ်ချက်ချပြီး စကားဆက်လိုက်သည်။

"တကယ်လို့ မင်းရိုသေနေတဲ့ ဆရာသမားဟာ လူအများရဲ့ ရှုံ့မုန်းနေတဲ့ လူတစ်ယောက် ဖြစ်ခဲ့ရင် မင်းက ငါ့ကို ရိုသေနိုင်ပါဦးမလား"

ဆရာဖြစ်သူ၏ စကားကြောင့် လှေကြီး ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဆရာပြောတာ ကျွန်တော်နားမလည်ဘူး"

ဟု ပြန်မေးလိုက်သည်။

ဆရာဖြစ်သူက...

"ငါမေးတာသာ ဖြေပါ"

လှေကြီး သက်ပြင်းချလိုက်သည်။



သူက. တည်ငြိမ်သော လေသံဖြင့်...

"ဆရာသမားဟာ ဆရာသမားပါပဲ၊ လူကောင်းပဲ ဖြစ်စေ၊ လူဆိုးပဲ ဖြစ်စေ ကျွန်တော်ကတော့ ဆရာလို့ပဲ အသိအမှတ်ပြုမှာပါ"

ဟု ပြောလိုက်သည်။

ဆရာဖြစ်သူက သူ့အား ကြည့်ရင်း မျက်ရည်ဝဲလာလေသည်။

"ဒီစကား ကြားရတာ၊ ကျုပ်ကျေနပ်လှပါပြီ"

လှေကြီးက...

"ဆရာရယ်၊ ကျွန်တော့်ဆီမှာ အေးအေးချမ်းချမ်းသာ နေပါ၊ ဘာမှ မစိုးရိမ်ပါနဲ့၊ စိတ်ရှုပ်စရာတွေလဲ မတွေးပါနဲ့"

ဆရာဖြစ်သူ ခေါင်းညိတ်လိုက်သည်။

"အေးပါကွယ်၊ ကျေးဇူးတင်လှပါတယ်"

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ရက်အတွင်း ကျောင်းလုံတို့စုသည် ချောင်းဆုံစခန်းမှ လူများကို ခေါ်ဆောင်လာပြီ ဖြစ်သည်။

သူတို့သည် ခရီးရောက်မဆိုက် သူရဲကောင်းတောင်ကုန်းကို အပိုင်စီးထားသော ကျူးထင်းဖုန်းတို့လူစုအား စိန်ခေါ်လိုက်သည်။

ယင်းသတင်းသည် သိုင်းလောကတစ်ခုလုံး ရှတ်ရှတ်သဲသဲ ဖြစ်သွားစေသည်။

အနီးအဝေး၌ နေထိုင်ကြသော သိုင်းလောကသားများနှင့် သိုင်းလောက အကြောင်းကို ဝါသနာပါသော လူများသည် အစုလိုက် အဖွဲ့လိုက်သော်လည်းကောင်း၊ နှစ်ယောက်တစ်တွဲ သုံးယောက်တစ်ဖွဲ့သော်လည်း ရောက်ရှိလာကလေသည်။

စိန်ခေါ်ပွဲသည် လပြည့်နေ့ ဖြစ်သည်။

ရက်ပေါင်း ဆယ့်ငါးရက်ခန့် လိုသေး၏။

သို့သော်...

ပွဲကြီးပွဲကောင်းကို ကြည့်ရှုလိုသော လူများသည် နေရာထိုင်ခင်း ရရှိရန်အတွက် ကြိုတင်ရောက်ရှိလာကြ၏။

သုံးရက်အတွင်း ရွာကြီးတစ်ခုလုံးသာမက အရေးပေါ် ဖြစ်ကတတ်ဆန်း တည်ဆောက်လိုက်သော တည်းခိုခန်းများ၊ စားသောက်ဆိုင်များ၌ပါ လူများ ပြည့်နှက်သွားသည်။

အထူးသဖြင့်...

လွှကြိုး စိန်ခေါ်လိုက်သောလူမှာ ကျူးထင်းဖုန်း မဟုတ်



ဘဲ နဂါးစိမ်းဂိုဏ်း၏ ခေါင်းဆောင် မိစ္ဆာညည်းသံရှင် ဖြစ်သည်။

ထို့ကြောင့်...

သိုင်းလောကတစ်ခုလုံး အုတ်အော်သောင်းနင်း ဖြစ်ကုန်ကြသည်။

လွှကြိုးသည် နေ့စဉ်နှင့်အမျှ သိုင်းပညာကို ယခင်ကထက် ပို၍ လေ့ကျင့်သည်။

ယန်စုနှင့် ကျောင်းလုံတို့ လူများသည် နဂါးစိမ်းဂိုဏ်းသားများကို ရင်ဆိုင်တိုက်ခိုက်ရန် အထူးလေ့ကျင့်ကြလေတော့သည်။

ယခု စိန်ခေါ်ပွဲသည် သိုင်းလောကတွင် နှစ်ပေါင်းငါးဆယ် အတွင်း အကြီးကျယ်ဆုံးနှင့် ကြောက်စရာအကောင်းဆုံး တိုက်ပွဲ ဖြစ်ရမည်ဟု သိုင်းလောက ကျွမ်းကျင်သူများက ဝေဖန်ပြောဆိုကြသည်။

အချိန်သည် တဖြည်းဖြည်း နီးကပ်လာသည်။

နယ်အသီးသီးမှ သိုင်းလောကသားများတို့သည် အဆက်မပြတ် ရောက်ရှိလာကြသည်။

နောက်ဆုံး...

နေထိုင်စရာ မရှိသောအခါ တောင်ကုန်းပေါ်တွင် သစ်ကိုင်းများကိုချိုးကာ ခေတ္တနားခိုရာ တဲငယ်ကလေးများ ပြုလုပ်နေကြသည်။

အချိန်သည် တဖြည်းဖြည်း ကုန်ဆုံးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



စိန်ခေါ်ပွဲမှာ ငါးရက်တည်းသာ လိုတော့သည်။

လွှကြီးတို့လူစုသည် မိမိတို့ ယူထားသော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် အားသွန်ခွန်စိုက် လေ့ကျင့်နေကြရလေသည်။

ယနေ့ည...

သူသည် လေ့ကျင့်ပြီး၍ ရေမိုးချိုး အဝတ်အစားလဲကာ ဆရာနေထိုင်သော အခန်းသို့ သွားရောက်၍ ဂါရဝပြုလိုက်လေသည်။

သို့သော်...

အံ့ဩဖွယ်ကောင်းသည်မှာ သူ၏ဆရာကို မတွေ့ရတော့ပါ။

သူသည် ဆရာက အပြင်ထွက်ပြီး လမ်းလျှောက်နေသည်ဟု ထင်မှတ်ထားသည်။

ထို့ကြောင့်...

သူသည် အခန်းထဲမှ ပြန်လည်ထွက်ခွာရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်...

စားပွဲပေါ်၌ စာတစ်စောင် တင်ထားသည်ကို အမှတ်မထင် တွေ့သွား၏။

"ဟင်"



လွှကြီး ရင်ထဲတစ်ချက် လှုပ်ရှားသွား၏။

ထိုစာကို အလျင်အမြန်ကောက်၍ ဖွင့်ကာ ဖတ်ကြည့်လိုက်သည်။

"တပည့်လွှကြီး

ဆရာ အရေးတကြီး ဆောင်ရွက်စရာ ကိစ္စတစ်ခုကို သတိရလို့ ဒီကထွက်သွားပါတယ်၊ မသွားမဖြစ်လို့ ချက်ချင်း ထွက်သွားရတာပါ၊ ငါကိစ္စပြီးတာနဲ့ မင်းနဲ့ငါ ပြန်ဆုံမှာပါ၊ ဘာပဲဖြစ်ဖြစ် သူ့ရဲ့ ကောင်းမတောင်ကုန်းကို အမွေဆက်ခံပါလို့ ငါတိုက်တွန်းပါတယ်၊ ဆရာ့ကို ရိုသေလေးစားရင် ဆရာပြောတဲ့ စကားကို နားထောင်ပါလို့ တိုက်တွန်းချင်ပါတယ်

ဆရာ"

လွှကြီးသည် စာကိုဖတ်ရင်း ငိုင်ကျသွားသည်။

လေပူတစ်ချက်မှုတ်ထုတ်ကာ...

"ဆရာက ဒီလောက် အရေးကြီးတဲ့ အချိန်ရောက်ခါမှ ဘာကြောင့် ငါ့ကို စွန့်ခွာသွားရတာလဲ၊ ငါ့ကို ဘာကြောင့် သူ့ရဲ့ကောင်းတောင်ကုန်းကို အမွေဆက်ခံဖို့ တိုက်တွန်းရတာလဲ"

ဟု တွေးလိုက်မိ၏။

ထိုအချိန်...

"အဟမ်း"

သူ၏အနောက်ဘက်မှ တစ်စုံတစ်ယောက်၏ ချောင်းဟန့်

www.burmeseclassic.com

www.burmeseclassic.com



သံကို ကြားလိုက်ရသည်။

လှေကြီး ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

ထိုအခါ…

လှမ်းဝင်လာသော ယန်းစုကို တွေ့လိုက်ရသည်။

ယန်းစုက သူ့အား ပြုံးစစနှင့် ကြည့်နေ၏။

လှေကြီးက စာကို လှမ်းပေးလိုက်သည်။

"ဖတ်ကြည့်ပါဦးဗျာ၊ ကျူပ်ဆရာက ကျူပ်ကို ပေးသွားတဲ့စာ"

ယန်းစုက စာကို ဖတ်ကြည့်လိုက်သည်။

စာကို ဖတ်ပြီးနောက် သက်ပြင်းချကာ…

"ဒါက ဒီလိုပဲ ဖြစ်ရမှာပဲလေ"

ဟု ရေရွတ်လိုက်လေသည်။

လှေကြီး မျက်မှောင်ကုပ်သွားသည်။

ယန်းစုအား အကဲခတ်ကြည့်ကာ…

"ဦး ဘာကို ဆိုလိုတာလဲ"

ဟု မေးလိုက်သည်။

ယန်းစုက…

"မင်းဆရာ ထွက်သွားလိမ့်မယ်လို့ ငါက ကြိုတင်ခန့်မှန်းပြီးသားပါ"

ဟု ပြောလာသည်။



လှေကြီးက…

"ခင်ဗျား ဘာကြောင့် ဒီလို ခန့်မှန်းနိုင်ရတာလဲ"

ဟု မေးလိုက်သည်။

ယန်းစု လက်ကာပြလိုက်သည်။

"ဒါတွေ ထားလိုက်ပါ။ အရေးကြီးဆုံးက မင်း သိုင်းပညာကို အဆက်မပြတ် လေ့ကျင့်ဖို့ပဲ ကျန်တဲ့ကိစ္စအားလုံး နောက်တော့ ရှင်းရှင်းလင်းလင်း နားလည်သွားပါလိမ့်မယ်"

သူက ပြုံး၍ စကားဆက်လိုက်သည်။

"ကဲ မင်းလဲ ပင်ပန်းလှပြီ၊ စားသောက်ပြီးရင် အနားယူလိုက်ပါတော့"

လှေကြီး ဘာမှ မပြောတော့ပါ။

သက်ပြင်းရှည်တစ်ချက် လေးတွဲ့စွာ ချလိုက်လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## အစီအစဉ်

ကျူးထင်းဖုန်းသည် လက်နှစ်ဖက်ကို နောက်ပစ်ကာ ခေါက်တုန့်ခေါက်ပြန် လျှောက်နေ၏။

အနက်ရောင်ဝတ်ဆင်ထားကြသူများသည် ဝဲယာတစ်ဖက်တစ်ချက်တွင် တန်းစီ၍ရပ်နေ၏။

ကျူးထင်းဖုန်းက ခေါက်တုန့်ခေါက်ပြန် လျှောက်နေရာမှ ခြေလှမ်းရပ်တန့်လိုက်၏။

သူသည် အဖွဲ့ခေါင်းဆောင်ဖြစ်သူ လောက်တအား လှမ်းကြည့်လိုက်သည်။

"သူများ စိန်ခေါ်လိုက်တာ၊ အခုဆိုရင် ငါးရက်ပဲ လိုတော့တယ်၊ မင်းဆရာ အခုထိ ပြန်မရောက်သေးဘူး။ ငါတို့ ဘာလုပ်ကြမလဲ"



စိုးရိမ်စွာဖြင့် မေးလိုက်သည်။

လောက်တက...

"စိတ်ချပါ ဂိုဏ်းချုပ်ကြီး၊ ဆရာ အချိန်မီ ရောက်လာပါလိမ့်မယ်"

ဟု ပြောလိုက်သည်။

ကျူးထင်းဖုန်း၏မျက်နှာ ရှုံ့မဲ့သွားသည်။

"ဘာလဲ၊ အချိန်မီ ရောက်လာမယ်နဲ့ အခု ဘယ်နှစ်ရက်လိုတော့လို့လဲ ပြောစမ်းပါဦး"

သူ၏လေသံ တင်းမာနေပါသည်။

သို့သော်...

လောက်တကတော့ အမူအရာ မပျက်ပါ။

သူက ရင်ကော့လိုက်ပြီး...

"မစိုးရိမ်ပါနဲ့ ဂိုဏ်းချုပ်ကြီး၊ ဆရာ အချိန်မီ ရောက်လာမှာပါ"

ဟု အာမခံလိုက်သည်။

ကျူးထင်းဖုန်း၏မျက်နှာ မည်းမှောင်သွား၏။

သူက လက်ကာပြကာ...

"တော်ပြီ၊ ဆက်မပြောနဲ့တော့ ငါစိတ်မရှည်တော့ဘူး"

ဒေါသသံဖြင့် ပြောလာသည်။

ထို့နောက်...

www.burmeseclassic.com

www.burmeseclassic.com



သူသည် ချာခနဲလှည့်ကာ သူ၏သီးသန့်အခန်းထဲသို့ လှမ်းဝင်လိုက်သည်။

သူသည် အခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် ခြေလှမ်းရုတ်တရက် ရပ်တန့်သွားသည်။

မျက်နှာတစ်ခုလုံးတွင်လည်း အံ့ဩသော အရိပ်အယောင်များ ထွက်ပေါ်လာသည်။

အကြောင်းမှာ...

အခန်းထဲ၌ ကြေးမျက်နှာဖုံးနှင့်လူက ဧအေးဆေးစွာ ထိုင်နေသည်ကို အံ့ဩစွာ တွေ့လိုက်ရခြင်းကြောင့်ပင်။

ကျူးထင်းဖုန်း သတိဝင်လာသည်။

သူက အရှိအသေးပေးကာ...

"ခေါင်းဆောင်ကြီး ပြန်ရောက်လာပြီကိုး"

ဟု ရေရွတ်လိုက်သည်။

ကြေးမျက်နှာဖုံးနှင့်လူက...

"ဘာလဲ ငါက ပြန်မလာနိုင်တော့ဘူးလို့ မင်းက ထင်နေလို့လား"

ဟု မေးလိုက်သည်။

ကျူးထင်းဖုန်း မျက်နှာပျက်သွားသည်။

ကပျာကယာ ခေါင်းငုံ့လိုက်ပြီး...

"မဟုတ်ပါဘူး။ ခေါင်းဆောင်ကြီးက အချိန်မီ ရောက်မလာ



မှာကို စိုးရိမ်နေလို့ပါ"

ဟု ပြောလိုက်သည်။

ကြေးမျက်နှာဖုံးနှင့်လူက...

"စိတ်ချ၊ ကျုပ်က သူ့အချိန်နဲ့သူ ရောက်လာမယ်ဆိုတာ မင်းစိတ်ချလက်ချ ယုံကြည်ဖို့ ကောင်းတယ်"

ဟု ပြောလိုက်သည်။

ကျူးထင်းဖုန်းက...

"ဟုတ်ကဲ့ပါ ခေါင်းဆောင်ကြီး"

ကြေးမျက်နှာဖုံးနှင့်လူက...

"အခု ရန်သူနဲ့ တိုက်ခိုက်ဖို့ မင်း ဘာများ ပြင်ဆင်ထားသလဲ"

ဟု မေးလိုက်သည်။

ကျူးထင်းဖုန်းက...

"အဖွဲ့ခေါင်းဆောင် လောက်တတွေကို တာဝန်ပေးထားပါတယ်"

ဟု ဖြေကြားလိုက်၏။

ကြေးမျက်နှာဖုံးနှင့်လူက...

"မင်းရော ဘာမှ မလုပ်တော့ဘူးလား"

ဟု ငေါက်လိုက်၏။

ကျူးထင်းဖုန်းက ပါးစပ်ပိတ်ထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကြေးမျက်နှာဖုံးနှင့်လူက…

“ပြောလေ”

ကျူးထင်းဖုန်း သက်ပြင်းချလိုက်သည်။

အတန်ကြာတော့မှ…

“ကျုပ်က ခေါင်းဆောင်ကြီးရဲ့ အမိန့်ကို စောင့်နေတာပါ”

ဟု ဖြေလိုက်၏။

ကြေးမျက်နှာဖုံးနှင့်လူက တစ်ချက် ငြိမ်ကျသွားလေ သည်။

အတော်ကလေးကြာမှ သက်ပြင်းရှည်တစ်ချက်ချလိုက်သည်။

“ကောင်းပြီလေ၊ ကျုပ်အမိန့်ပေးမယ်”

သူသည် ကျူးထင်းဖုန်းအား သေချာစွာ စိုက်ကြည့်လိုက်သည်။

“ခင်ဗျားက နဂါးစိမ်းဂိုဏ်းသား အားလုံးကို ဦးဆောင်ပြီး စိန်ခေါ်ပွဲ မစခင်မှာ စိန်ခေါ်ပွဲ ကျင်းပမယ့် နေရာတဝိုက်မှာ သွားရောက်နေရာယူထားရမယ်”

ဟု ပြောလိုက်သည်။

ထိုစကားကြောင့် ကျူးထင်းဖုန်း၏မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

ကြေးမျက်နှာဖုံးနှင့်လူအား ကြည့်ကာ…

“ဖြစ်…ဖြစ်ပါ့မလား ခင်ဗျာ”



ဟု စိုးထိတ်စွာ ပြန်မေးလိုက်သည်။

ကြေးမျက်နှာဖုံးနှင့်လူက…

“မင်းက ဂိုဏ်းသားတွေကို ဒီအတိုင်း လွှတ်ထားမှာလား”

ဟု မေးလိုက်သည်။

ကျူးထင်းဖုန်း သဘောပေါက် နားလည်လိုက်လေသည်။

ဦးခေါင်း ဆတ်ခနဲညိတ်ကာ…

“ကျုပ် သဘောပေါက်ပါပြီ”

ဟု ပြောလိုက်သည်။

ကြေးမျက်နှာဖုံးနှင့်လူက…

“ခင်ဗျားသဘောပေါက်ရင် အချိန်မနှောင်းမီ ကြိုတင်စီစဉ်ပေတော့”

ကျူးထင်းဖုန်းက အရိုအသေ ပြုလိုက်သည်။

“ဟုတ်ကဲ့ပါ ခေါင်းဆောင်ကြီး”

သူသည် ပြောပြီးသည်နှင့် ခေါင်းငုံ့ထားလိုက်၏။

သူသည် ခေါင်းပြန်မော့ကြည့်လိုက်သောအခါ ကြေးမျက်နှာဖုံးနှင့်လူကို မတွေ့ရပါတော့ချေ။

ဤတစ်ကြိမ်…

ကျူးထင်းဖုန်း မအံ့သြတော့ပါချေ။

ထို့အပြင်…

သူက ကျိတ်၍ပင် ပြုံးလိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ...

ကြေးမျက်နှာဖုံးနှင့်လူသည် ကြမ်းပြင်ပေါ်မှ လျှို့ဝှက်အပေါက်ဖြင့် အောက်သို့ လျှောဆင်းသွားခြင်း ဖြစ်နေသောကြောင့်ပင်။

♠ ♠ ♠

စိန်ခေါ်ပွဲသည် တစ်နေ့တစ်ခြား နီးကပ်လာလေသည်။

ပရိသတ်များတို့သည်လည်း တစ်နေ့တစ်ခြား များပြားလာလေသည်။

ယှဉ်ပြိုင်မည့်ရက်တွင် နေရာများပင် မရှိသလောက် လူများ ပြည့်ကျပ်၍နေ၏။

ဤသို့ဖြင့် ယှဉ်ပြိုင်ပွဲ ကျင်းပသော မွန်းလွဲအချိန်ပင် ရောက်ရှိလာပြီ ဖြစ်လေသည်။

ကျူးထင်းဖုန်းသည် နဂါးစိမ်းဂိုဏ်းသားများကို ပြိုင်ပွဲ၏ ပတ်ပတ်လည်တွင် ချထားခဲ့၏။

အရှင်းချင်း လူမမှားစေရန် ဝတ်ဆင်ထားသော အင်္ကျီ အနက်ပေါ်တွင် အဖြူရောင်ဆေးဖြင့် အမှတ်အသား ရေးသားထားလေသည်။

အမှန်မှာ ယင်းကဲ့သို့ အမှတ်အသား ပြုလုပ်ပေးခြင်းမှာ



သူ၏ညာလက်ရုံး ဝေါကျိုနှင့် သူ၏အဖွဲ့သားများ တိုက်ခိုက်နိုင်ရန် အမှတ်ပြုထားခြင်း ဖြစ်သည်။

ထို့ကြောင့်...

ဝေါကျိုတို့လူစုသည် အမှတ်အသား ရှိသော နဂါးစိမ်းဂိုဏ်းသားများ အနီးတွင် ကပ်၍ နေရာယူထားကြလေသည်။

ဤအချက်ကို နဂါးစိမ်းဂိုဏ်းသား အဖွဲ့ငယ် ခေါင်းဆောင်ဖြစ်သော ဝမ်းတာတို့လူစုက လုံးဝမသိပါချေ။

မွန်းလွဲချိန် ရောက်ရှိလာသည်နှင့် အသင့်တည်ဆောက်ထားသော စင်မြင့်ပေါ်တွင် ကြီးမားသော မောင်းတစ်လုံး ချိတ်ထားလေသည်။

မွန်းတည့်ချိန်တိတိ ရောက်ရှိလာသဖြင့် မောင်းတီးသော တာဝန်ယူထားသော လူသည် စင်မြင့်ပေါ်တက်၍ မောင်းကို တစ်ချက်ထုလိုက်လေသည်။

"ဒေါင်"

မောင်းသံသည် အဝေးသို့ ပျံ့နှံ့ထွက်သွားလေ၏။

မောင်းသံဆုံးသွားသည်နှင့် အဖြူရောင်ဝတ်ဆင်ထားသော လူငယ်တစ်ယောက်သည် စင်မြင့်ပေါ်သို့ အေးဆေးစွာ တက်ရောက်လာလေသည်။

လှေကြိုးပင် ဖြစ်ပေသည်။

ပရိသတ်များသည် လှုပ်လှုပ်ရွရွ ဖြစ်သွားကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



လှကြိုးသည် လေးဘက်လေးတန်ကို မျက်နှာမူ၍ ပရိသတ်များကို လေးလေးနက်နက် အရိုအသေ ပြုလိုက်သည်။

"ကြွရောက်လာကြတဲ့ ညှို့ပရိသတ်များခင်ဗျာ အခုလို စိန်ခေါ်ပွဲ လုပ်ရတဲ့ ရည်ရွယ်ချက်ဟာ ကျုပ်ဆရာရဲ့ သူရဲကောင်းတောင်ကုန်းကို မတရားနည်းနဲ့ ဖျက်ဆီးလုယူသွားပြီး အပိုင်စီးထားတာကို ပြန်လည် တောင်းယူလိုသောကြောင့် ဖြစ်ပါတယ်"

သူက စကားဆက်လိုက်သည်။

"မသမာသူဟာ ဘယ်လောက်အထိ ရက်စက်ကြမ်းကြုတ်တယ်ဆိုရင် ဆရာ့ကိုလဲ ပုန်းစရာနေရာ မရှိအောင် လိုက်ပြီး လုပ်ကြံသတ်ဖြတ်ပါတယ်၊ ကျုပ်ကိုလဲ မိစ္ဆာညည်းသံလူသတ်ကောင်လို့ စွပ်စွဲခဲ့ပါတယ်"

သူက စကားဆက်လိုက်သည်။

"ကျုပ်ဟာ မိစ္ဆာညည်းသံလူသတ်ကောင် မဟုတ်ပါဘူး။ ကျူးထင်းဖုန်းကို အကြွပ်ကိုင်ပြီး မတရားခိုင်းနေတဲ့ ပုဂ္ဂိုလ်သာလျှင် လူသတ်ကောင် ဖြစ်ပါတယ်"

သူသည် အသံကို မြှင့်လိုက်သည်။

"ဒါကြောင့် ကနေ့ဟာ လူပုံအလယ်မှာ မိစ္ဆာညည်းသံလူသတ်ကောင်ကို စိန်ခေါ်လိုက်တာပါ။ သတ္တိရှိရှိ ယောကျ်ားပီသစွာ ကျုပ် စိန်ခေါ်တာကို အချိန်မီ ရောက်လာပါစေလို့ ကျုပ်စောင့်မျှော်နေပါတယ်"



သူသည် ပြောပြီး စင်မြင့်၏ထောင့်တစ်ဖက်သို့ သွားရောက်ရပ်တန့်လိုက်လေသည်။

တခဏ ကြာသွားသည့်တိုင် မိစ္ဆာညည်းသံလူသတ်ကောင် ရောက်မလာသေးပါ။

ပွဲကြည့်ပရိသတ်များတို့သည် ဟိုဟိုသည်သည် လည်ဆန့်မျှော်ကြည့်ကြလေသည်။

သို့သော်...

မည်သည့် ထူးထူးခြားခြား ဖြစ်သည်ကိုမျှ မတွေ့ရချေ။

သူတို့သည် ရုတ်ရုတ်သဲသဲ ဖြစ်နေစဉ်မှာပင် စင်မြင့်ပေါ်သို့ ကြေးမျက်နှာဖုံးနှင့်လူတစ်ယောက်သည် မည်သည့်အချိန်က ရောက်ရှိလာမှန်းမသိ။

စင်မြင့်ပေါ်သို့ ရောက်ရှိနေသည်ကို တွေ့ရလေသည်။

ပွဲကြည့်ပရိသတ်ထဲ၌ ထိပ်တန်းသိုင်းပညာရှင်များလည်း ပါဝင်နေလေသည်။

သူတို့သည် ကြေးမျက်နှာဖုံးနှင့်လူ၏ လှုပ်ရှားပုံကို မြင်တွေ့လိုက်သည်နှင့် ထိတ်လန့်အံ့ဩသွားသည်။

"သည်လူရဲ့ သိုင်းပညာ အထွတ်အထိပ်အဆင့် ရောက်နေပြီ"

ဟု ဝေဖန်မှတ်ချက်ချလိုက်လေသည်။

လှကြိုးသည် ကြေးမျက်နှာဖုံးနှင့်လူ မည်သည့်သို့ ရောက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



နေသည်ကိုမူ မသိလိုက်ရပါ။

ထို့ကြောင့်...

ထိုပုဂ္ဂိုလ်သည် မိမိထက် များစွာ သာလွန်နေသည်ကို ခန့်မှန်းမိလေသည်။

သူသည် ကြေးမျက်နှာဖုံးနှင့်လူထံသို့ လျှောက်လှမ်းသွားသည်။

ထို့နောက် လက်နှစ်ဖက်ဆုပ်ကာ အရိုအသေ ပြုလိုက်သည်။

"လေးစားပါတယ် မိတ်ဆွေကြီး"

ထိုလူက လက်ကာပြသည်။

"မင်းလေးစားတာကို ငါက ဘာလုပ်ရမှာလဲ"

လွှေကြီးက...

"ခင်ဗျားဟာ မိစ္ဆာညည်းသံ လူသတ်ကောင်ပဲ မဟုတ်လား"

ထိုလူက...

"ခင်ဗျားက ဘယ်သူ့ကို စိန်ခေါ်တာလဲ"

လွှေကြီးက...

"မိစ္ဆာညည်းသံ လူသတ်ကောင်"

ထိုလူက ရယ်မောလိုက်သည်။

လွှေကြီးက မျက်မှောင်ကြုတ်သွားသည်။



"ခင်ဗျားက ဘာဖြစ်လို့ မျက်နှာဖုံးအတုတွေ တပ်ထားတာလဲ"

ထိုလူက ရယ်မောလိုက်သည်။

"ကျုပ်က တပ်ချင်လို့ တပ်ထားတာပေါ့"

လွှေကြီးက...

"ခင်ဗျား ဘယ်သူဘယ်ဝါဆိုတာ အားလုံးသိသွားအောင် မျက်နှာဖုံးချွတ်ပြလိုက်ပါလား"

ထိုလူက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က မင်းနဲ့ ယှဉ်ပြိုင်ဖို့လာတာ၊ သူတို့ကို မျက်နှာပြဖို့ လာတာမှ မဟုတ်တာ"

လွှေကြီး အနည်းငယ် ဒေါသထွက်သွားသည်။

"ခင်ဗျားက လူ့ခွစာကြီးဝါလား"

ထိုလူက ရယ်မောလိုက်သည်။

"ဒါနဲ့ မင်းက ငါ့ကို ရိုသေလေးစားတယ်ဆို"

လွှေကြီးက ဒေါသကို မထိန်းနိုင်တော့ပါ။

"စကားမများနဲ့ လာပြီ"

သူသည် ရှမ်းအော့ သင်ကြားပေးသော သိုင်းကွက်သုံးဆွက်အနက် ပထမသိုင်းကွက်ကို အသုံးပြုလိုက်လေသည်။

ထိုလူက ရယ်မောလိုက်သည်။

"မင်းက အသက်ငယ်ငယ်နဲ့ သည်လိုပညာမျိုးတောင်

www.burmeseclassic.com

www.burmeseclassic.com



တတ်သွားတာကိုး”

သူက ပြောရင်း လွှကြိုး၏ပထမသိုင်းကွက်ကို အသာကလေး ချေပလိုက်လေသည်။

လွှကြိုးက ဒုတိယသိုင်းကွက်ကို ဆက်လက်အသုံးပြုလိုက်သည်။

ထိုသူက အသာအယာ ချေပနိုင်ခဲ့ပြန်လေသည်။

လွှကြိုးသည် သိုင်းကွက်သုံးကွက်စလုံးကို အသုံးပြုလိုက်၏။

သို့သော်...

ကြေးမျက်နှာဖုံးနှင့်လူက အသာကလေး ရှောင်တိမ်းနိုင်ခဲ့လေသည်။

လွှကြိုးက ထိုလူအား မချီးကျူးဘဲ မနေနိုင်ပါ။

“တော်တော်နှမြောစရာ ကောင်းတယ်”

ကြေးမျက်နှာဖုံးနှင့်လူက...

“မင်းက ဘာကို ဆိုလိုတာလဲ”

လွှကြိုးက...

“ခင်ဗျား သည်လောက် တော်တဲ့ ပညာကို တတ်ထားပြီး မဟုတ်တာ လုပ်တာ နှမြောစရာကောင်းလိုက်တာ”

ထိုလူက ရယ်မောလိုက်သည်။

“ငါက မင်းထက် အသက်အများကြီးကြီးတယ်၊ ငါ့ကို လာ



ပြီး တရားမချနဲ့”

လွှကြိုးသည် စကားမပြောတော့ဘဲ မြောင်ရှမ်းထံမှ သင်ကြားခဲ့သော သိုင်းကွက်သုံးကွက်ကို ဆက်လက်အသုံးပြုလိုက်လေသည်။

သို့သော်...

သူ၏ပြင်းထန်သော တိုက်ကွက်များသည် ထိုသူအဖို့ လုံးဝ ထိရောက်ခြင်း မရှိပါ။

လွှကြိုးသည် သိုင်းကွက်ငါးဆယ်ခန့် ဆက်တိုက် တိုက်ခိုက်လိုက်ရာ ထိုလူက ပြန်လည်တိုက်ခိုက်လာလေသည်။

ထိုလူ၏တိုက်ခိုက်မှုမှာ အလွန်ပျော့ပျောင်းလှသည်။

သို့သော်...

အားမာန်ပြင်းထန်လှပေသည်။

လွှကြိုးက အံကို တင်းတင်းကြိတ်ကာ ကြံ့ကြံ့ခံပြီး သူ၏ တိုက်ခိုက်မှုကို ကျော်လွှားနိုင်ခဲ့လေသည်။

ဤသို့ဖြင့် ပြန်လည်တိုက်ခိုက်ရာ တဖြည်းဖြည်းဖြင့် သိုင်းကွက်တစ်ရာကျော်ပင် ရောက်ရှိလာခဲ့လေသည်။

လွှကြိုးသည် မိမိက မမျှော်လင့်ဘဲ သိုင်းကွက်တစ်ရာကျော်အထိ ယှဉ်ပြိုင်လာသည်ကို ကိုယ့်ကိုယ်ကို အံ့ဩမိလေသည်။

ဤသို့ဖြင့် သိုင်းကွက်တစ်ရာကျော်ခန့် ရောက်ရှိလာသော အခါ ခင်းမြင့်ပေါ်သို့ လူတစ်ယောက် ခုန်တက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် စင်မြင့်ပေါ်သို့ ရောက်ရှိလာသည်နှင့် စကား တစ်ခွန်းမျှ မပြောဘဲ ထိုလူအား ပြင်းပြင်းထန်ထန် ဝင်ရောက်တိုက် ခိုက်လိုက်လေသည်။

လှေကြီးက လှည့်ကြည့်လိုက်ရာ ကွမ်းရှ ဖြစ်လေသည်။

သူသည် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ကြေးမျက်နှာဖုံးနှင့်လူသည် ကွမ်းရှက ရုတ်တရက် ကြား ဖြတ်တိုက်ခိုက်လာသည်ကို တွေ့ရ၍ ကမန်းကတန်း နောက်သို့ ဆုတ် သွားလေသည်။

"ရပ်လိုက်"

ကြေးမျက်နှာဖုံးနှင့်လူက ဟန့်တားလိုက်၏။

ကွမ်းရှ ရုတ်တရက် ရပ်လိုက်သည်။

ကြေးမျက်နှာဖုံးနှင့်လူက...

"ဟေ့လူ၊ ခင်ဗျား စည်းကမ်းမှ နားလည်ရဲ့လား"

ကွမ်းရှက မဲ့ပြုံးပြုံးလိုက်သည်။

"စည်းကမ်းတွေ ပြောမနေနဲ့၊ ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျားသိပါတယ်"

ကြေးမျက်နှာဖုံးနှင့်လူက...

"ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲဗျ"

ကွမ်းရှက...

"အခုထိ ခင်ဗျား ဝန်မခံချင်သေးဘဲကိုး"



သူက ဆက်လက်ဝိုက်ခိုက်သည်။

"အဲသည် ညမှာ ခြောင်ရှမ်းကသာ ငှက်လိုအော်ပြီး သတိ မပေးရင် အခုဆို ငါ မြေကြီးထဲ ရောက်နေပြီ"

လှေကြီးသည် ကွမ်းရှနှင့် ကြေးမျက်နှာဖုံးနှင့်လူ အချီအချ ပြောနေသော စကားကို နားမလည်နိုင်ဘဲ ဖြစ်နေ၏။

ကွမ်းရှက စကားဆက်လိုက်သည်။

"သည်မှာ ခင်ဗျား ဆက်လက်ဖုံးမနေပါနဲ့၊ ခင်ဗျားရဲ့ ကြေး မျက်နှာဖုံးကို ချွတ်လိုက်ပါတော့"

ကြေးမျက်နှာဖုံးနှင့်လူသည် ခန္ဓာကိုယ်တစ်ချက် ဆတ်ခနဲ တုန်လှုပ်သွားသည်။

"ကွမ်းရှ၊ မင်းက ငါ့ရဲ့မိတ်ဆွေပါ။ ဘာဖြစ်လို့ ငါ့ကိစ္စကို နှောင့်ယှက်နေရတာလဲ"

ကွမ်းရှက...

"ခင်ဗျားကို လာနှောင့်ယှက်တာ မဟုတ်ဘူး။ ခင်ဗျားကို တမင်ရှန်ရောက်အောင်သာပြီး ဖျောင်းဖျနေတာ"

ကြေးမျက်နှာဖုံးနှင့်လူက ခေါင်းခါယမ်းလိုက်လေသည်။

"သူငယ်ချင်းရဲ့ စေတနာကို ကျုပ်မှတ်သားထားပါမယ်၊ ဒါပေမယ့် ငါ့ရဲ့လက်နှစ်ဖက်က စွန်းထားတဲ့ သွေးတွေကို ဘယ်လိုမှ ဆေးကြောလို့ မရတော့ဘူး။ ဒါကြောင့် ငါ့ကိစ္စကို ဝင်မရှုပ်ပါနဲ့တော့"

ကွမ်းရှက...

www.burmeseclassic.com

www.burmeseclassic.com



"သည်မှာ ဝိုင်ဖန်း၊ ဘယ်အရာမျိုးမဆို တစ်သက်လုံး ဖုံးထားလို့ မရဘူးဆိုတာ ခင်ဗျားသိပါတယ်၊ ခင်ဗျား အမှားကို ခင်ဗျား သိရင် ပြန်ပြင်လို့ ရပါသေးတယ်"

ပွဲကြည့်ပရိသတ်များတို့သည် ပွဲကြီးပွဲကောင်းကြည့်ရန် ဆန္ဒဖြင့် ရောက်ရှိလာကြခြင်း ဖြစ်သည်။

ယခုမှာမူ ယှဉ်ပြိုင်တိုက်ခိုက်ခြင်း မရှိဘဲ မဆီမဆိုင်သော စကားများ ပြောနေကြသည်ကို တွေ့ရသဖြင့် အချို့စိတ်မြန်ကိုယ်မြန်သော သူတို့သည် အော်ဟစ်ဆူပူကုန်လေသည်။

"ခင်ဗျားတို့ ယှဉ်ပြိုင်ဖို့ လာတာလား၊ စကားပြောဖို့ လာတာလား"

တစ်စုံတစ်ယောက်က ထအော်လိုက်သည်နှင့် ကျန်ရှိသော လူများသည် သူတစ်ခွန်း ကိုယ်တစ်ခွန်း ထအော်ကြလေသည်။

ဝန်းကျင်တစ်ခုလုံးမှာ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြလေသည်။

ထိုအချိန်မှာပင် ကြေးမျက်နှာဖုံးနှင့်လူက လျှပ်တစ်ပြက် လက်ဝါးတစ်ဖက်ဖြင့် ကွမ်းဝူ၏ရင်ဝကို တွန်းထုတ်လိုက်လေသည်။

ကွမ်းဝူသည် မိမိအား ယခုကဲ့သို့ ရက်ရက်စက်စက် တိုက်ခိုက်လိမ့်မည်ဟု မထင်မှတ်လိုက်သဖြင့် ရှောင်တိမ်းနိုင်စွမ်း မရှိတော့ဘဲ နောက်သို့ ပက်လက်လှန်ပေးလိုက်သည်။

"ဝုန်း"

ကြေးမျက်နှာဖုံးနှင့်လူ၏လက်ဝါးသည် ကွမ်းဝူ၏ရင်ဘတ်ကို



ရှပ်၍ ထိမှန်သွားလေသည်။

ကွမ်းဝူသည် မထနိုင်တော့ဘဲ စင်မြင့်ပေါ်မှ လွင့်စဉ်ကျသွားလေသည်။

လှေကြီးသည် ကြေးမျက်နှာဖုံးနှင့်လူ၏ ကောက်ကျစ်စဉ်းလဲပုံကို တွေ့ရသောအခါ ဒေါသထွက်လာပြီး အန္တရာယ်ကို လုံးဝမေ့လျော့ကာ ကြေးမျက်နှာဖုံးနှင့်လူအား ဝင်ရောက်တိုက်ခိုက်လိုက်သည်။

လှေကြီးက ဝင်ရောက်တိုက်ခိုက်လိုက်သောအခါ စင်မြင့်အောက်တွင် အသင့်စောင့်နေသော ကျွမ်းဟိုနှင့် မြှောင်ရှမ်းတို့က စင်မြင့်ပေါ်သို့ ခုန်တက်သွားသည်။

သူတို့သည် ကြေးမျက်နှာဖုံးနှင့်လူအား ဝိုင်းရံတိုက်ခိုက်လိုက်သည်။

ကြေးမျက်နှာဖုံးနှင့်လူသည် တစ်ယောက်နှင့် အများ တိုက်ခိုက်နေသော်လည်း လုံးဝမမှုပါ။

ထိုအချိန်တွင် ရွှေဓားကျင်းတောင်းနှင့် ရှမ်းအေဘတို့က စင်မြင့်ပေါ် ခုန်တက်ပြီး ဝင်ရောက်တိုက်ခိုက်လိုက်သည်။

စင်မြင့်အောက်ရှိ နဂါးစိမ်းဝိုဏ်းသားတို့သည် အခြေအနေ ဆန်းမှန်း သိလိုက်သဖြင့် ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ပေါ်ကျိုက အချက်ပြလိုက်သည်နှင့် သူ၏အဖွဲ့သား ကိုးဆယ့်ကိုးယောက်သည် ရင်ဘတ်တွင် အမှတ်အသားရှိသော လူများ

www.burmeseclassic.com

www.burmeseclassic.com



ကို ရုတ်တရက် ဝင်ရောက်တိုက်ခိုက်လိုက်သည်။

နဂါးစိမ်းဂိုဏ်းသားတို့သည် ရန်သူများမှာ သူတို့နှင့်ကပ်လျက်ရှိနေသည်ကို လုံးဝမသိလိုက်ပါ။

သူတို့ သိရှိလိုက်သောအခါ နောက်ကျသွားချေပြီ။

ငေါ်ကျိဘက်တော်သား ကိုးဆယ့်ကိုးယောက်တို့သည် နဂါးစိမ်းဂိုဏ်းသား အားလုံးနီးနီးကို လက်ဦးမှုယူကာ သုတ်သင်ရှင်းလင်းနိုင်ခဲ့လေသည်။

ထိုအချိန်တွင် ကျူးထင်းဖုန်းသည် သူ၏ဘက်တော်သားများကို ခေါ်ဆောင်၍ ရောက်ရှိလာလေသည်။

သူသည် လှေကြီးတို့လူစု ကြေးမျက်နှာဖုံးနှင့်လူအား ဝိုင်းရံတိုက်ခိုက်နေသည်ကို တွေ့ရသဖြင့် သူသည် ခံပြင်းသော စိတ်များ တစ်မုဟုတ်ချင်း ဖြစ်ပေါ်လာပြီး ဓားကို ဆွဲထုတ်ကာ ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ကြေးမျက်နှာဖုံးနှင့်လူက သိုင်းပညာ မည်ကဲ့သို့ ထက်မြက်စေကာမူ တစ်ယောက်နှင့်အများ ရင်ဆိုင်တိုက်ခိုက်လာသောအခါ သူရင်ဆိုင်တိုက်ခိုက်သော လူများမှာ ထိပ်တန်းသိုင်းသမား ဖြစ်နေသဖြင့် သူသည် အချိန်ကြာလာသောအခါ မဟာနိုင်တော့ဘဲ တစ်ပတ်ကျွမ်းပစ်ကာ ထွက်ပြေးရန် ဟန်ပြင်လိုက်၏။

ကျူးထင်းဖုန်းက အချက်ပေးလိုက်ရာ...

"ရှူ"



အစိမ်းရောင်အင်္ကျီဝတ်ဆင်ထားသော လူရှစ်ယောက်တို့သည် ကြိုးကွင်းအသီးသီးဖြင့် ကြေးမျက်နှာဖုံးနှင့်လူထံသို့ ပစ်သွင်းလိုက်သည်။

ဤသည်မှာ ကျူးထင်းဖုန်းနှင့် ငေါ်ကျိတို့ အထူးလေ့ကျင့်ထားသော တိုက်ကွက်တစ်ကွက် ဖြစ်သည်။

ကြေးမျက်နှာဖုံးနှင့်လူက မရှောင်လွှဲဘဲ ခံလိုက်ရသဖြင့် သူ၏တစ်ကိုယ်လုံး ကြိုးများ ရစ်ပတ်ခြင်း ခံရသည်။

အစိမ်းရောင်ဝတ်ဆင်ထားသော လူရှစ်ယောက်တို့သည် ကြိုးကွင်းအသီးသီးဖြင့် ပြိုင်တူလှုပ်ရှားမှု အလွန်လျင်မြန်လှသည်။

ရန်သူအား ကြိုးကွင်းရစ်ပတ်မိသည်နှင့် ပြိုင်တူ ဆွဲယူလိုက်လေသည်။

"ဝုန်း"

ကြေးမျက်နှာဖုံးနှင့်လူသည် မဟာနိုင်တော့ဘဲ စင်မြင့်ပေါ်သို့ လဲကျသွားသည်။

သူသည် ရစ်ပတ်ထားသော ကြိုးများကို ကမန်းကတန်း ဆွဲဖြတ်လိုက်သည်။

သို့သော်...

ထိုကြိုးများသည် သာမန်ကြိုးများ မဟုတ်ပါ။

ငွားသားရေဖြင့် အထူးပြုလုပ်ထားသော ကြိုးများ ဖြစ်ရာ ကြေးမျက်နှာဖုံးနှင့်လူက မည်သို့မျှ ဆွဲဖြတ်၍မရပေ။

www.burmeseclassic.com

www.burmeseclassic.com



ကျူးဆင်းဖုန်းက အောင်မြင်စွာ ရယ်မောလိုက်လေသည်။

"ခင်ဗျား ကျုပ်ကို တစ်ချိန်လုံး ဒုက္ခပေးခဲ့တာ၊ သည်ကနေ့တော့ ကျုပ်အလှည့် ရောက်ပြီလေ"

သူသည် ပြောပြီး ဓားကို ကိုင်လျက် ရှေ့သို့ တစ်လှမ်းချင်း လှမ်းလိုက်သည်။

အားလုံးသော လူများသည် ကြောင်အမ်းအမ်းဖြင့် ကြည့်နေကြသည်။

လွှေကြိုးကလည်း ရုတ်တရက် မှင်တက်နေမိလေသည်။

ကျူးထင်းဖုန်းက ရယ်မောရာမှ ရပ်တန့်လိုက်သည်။

"ခေါင်းဆောင်ကြီးခင်ဗျား ဘယ်သူလဲဆိုတာ သည်ကနေ့တော့ လူပုံအလယ်မှာ မျက်နှာပြရတော့မှာပဲ"

သူက ပြောပြီး အနီးသို့ ချဉ်းကပ်သွားကာ ထိုလူ၏ကြေးမျက်နှာဖုံးကို ဆွဲယူလိုက်လေတော့သည်။

♠ ♠ ♠



ကြေးမျက်နှာဖုံးကို ဆွဲယူလိုက်သည်နှင့် တစ်ပြိုင်နက် သူ၏မျက်လုံးအစုံသည် အံ့သြခြင်း၊ မယုံကြည်ခြင်း အရိပ်အယောင်များ ပေါ်လွင်လာသည်။

ယန်းစူသည်လည်း အနီးသို့ ရောက်ရှိလာပြီး ထိုလူအား တစ်ချက်ကြည့်လိုက်သည်။

ထို့နောက်...

သူသည် သက်ပြင်းရှည်တစ်ချက်ချလိုက်သည်။

"ပိုင်ဖန်း၊ ခင်ဗျားက ဒီလောက် မိုက်လိမ့်မယ်လို့ ကျုပ်မထင်မိဘူး"

ဟု ပြောလိုက်သည်။

လွှေကြိုးသည် ထိုလူ၏မျက်နှာကို မြင်တွေ့လိုက်ရသောအခါ သူ၏ငယ်ထိပ်ပေါ်သို့ မိုးကြိုးပစ်ချလိုက်သည့်အလား ခံစားလိုက်ရသည်။

သူ၏မျက်နှာတစ်ခုလုံးမှာ သွေးရောင် မရှိ။

ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။

သူ၏နဖူးပေါ်တွင် ချွေးသီးချွေးပေါက်များပင် ကျဆင်းလာသည်။

သူသည် လုံးဝမယုံကြည်နိုင်ပါ။

မိမိနှင့် သိုင်းလောကတစ်ခုလုံးကို အမျိုးမျိုး ဒုက္ခပေးနေသူ [illegible] အလွန်ကြည်ညိုလေးစားခဲ့သော သူ့ရဲကောင်းတောင်ကုန်း၏

www.burmeseclassic.com

www.burmeseclassic.com



အရှင်သခင်(ဝါ)မိမိ၏ဆရာပင် ဖြစ်နေ၏။

သူသည် အိမ်မက်များ မက်နေသည်လားဟုပင် သံသယဖြစ်နေ၏။

သူသည် ဆရာဖြစ်သူအား ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိသည်။

ပိုင်ဖန်း(ဝါ)အဘိုးအို သက်ပြင်းချလိုက်၏။

လွှေကြိုးအား စိုက်ကြည့်ကာ...

"ငါ့တပည့် ငါ့အပေါ်မှာ ကြည်ညိုလေးစားတဲ့စိတ် ကျန်သေးသလား"

လွှေကြိုး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

သူက ချက်ချင်းခွေးထောက်လိုက်သည်။

သူသည် မည်သည့်စကား ပြောရမှန်းမသိ ရင်ထဲ၌ရှုပ်ထွေးမှုန်ကြုပ်၍ နေ၏။

ကျူးထင်းဖုန်းက ပိုင်ဖန်းအား ကြည့်ရင်း ခေါင်းခါယမ်းလိုက်လေသည်။

"ပိုင်ဖန်း။ မင်းက ဘာဖြစ်လို့ ငါ့ကို ဒီလောက်တောင် ဒုက္ခပေးချင်ရတာလဲ၊ ငါစဉ်းစားလို့ကို မရဘူး"

"ဟား...ဟား...ဟား"

ပိုင်ဖန်း ရယ်မောလိုက်သည်။

တစ်ဖန်...



ကျူးထင်းဖုန်းအား စေ့စေ့ကြည့်ကာ...

"မင်းဟာ လောကပေါ်မှာ ငါ့ရဲ့အရင်းနှီးဆုံး မိတ်ဆွေတစ်ယောက် ဖြစ်ခဲ့သလို ငါ့ရဲ့အမုန်းဆုံး ရန်သူတစ်ယောက်လဲ ဖြစ်ခဲ့ပါတယ်၊ ငါ မင်းကို လုပ်ကြံနှိပ်စက်တယ်ဆိုတာ ဆန်းသလား"

မိမိအား ဒုက္ခပေးနေသည့် စိစ္စာညည်းသံရှင်မှာ မိမိ၏အရင်းနှီးဆုံး မိတ်ဆွေ ဖြစ်နေသောကြောင့် အလွန်စိတ်မကောင်းဖြစ်နေ၏။

သူက ဝင်သက်ရှိုက်ကာ...

"ဘာကြောင့်လဲဆိုတာရော ငါ မသိရဘူးလား"

ဟု မေးလိုက်သည်။

ထိုအခါ...

ယန်းစုက ဝင်ပြောလာသည်။

"ဒီကိစ္စ ငါသိသင့်သလောက်တော့ သိတယ်"

သူသည် ပိုင်ဖန်းအား တစ်ချက်ကြည့်ကာ...

"ခင်ဗျားနဲ့ ပိုင်ဖန်းတို့ဟာ ငယ်သူငယ်ချင်းတွေ ဖြစ်တယ်၊ အရင်းနှီးဆုံး မိတ်ဆွေတွေလဲ ဖြစ်တယ်၊ တစ်ယောက်ကိုတစ်ယောက် အသက်ပေးချစ်ကြတယ်၊ ဒါပေမယ့် ခင်ဗျားတို့နှစ်ယောက် [illegible]လေးတစ်ယောက်ကို ပြိုင်တူ မေတ္တာရှိခဲ့ကြတယ် မဟုတ်[illegible]"

ထိုစကားကြောင့် ကျူးထင်းဖုန်း မျက်မှောင်ကြုတ်သွား

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ယန်းစုအား စေ့စေ့ကြည့်ကာ…

"မင်းက ကြူးကြူးကို ဆိုလိုတာလား"

ဟု မေးလိုက်သည်။

ယန်းစု ခေါင်းညိတ်လိုက်သည်။

"မင်းတို့နှစ်ယောက်ထဲမှာ ငါလဲပါဝင်နေတယ် မဟုတ်လား"

ကျူးထင်းဖုန်း မငြင်းပါ။

ဦးခေါင်းဆတ်ခနဲ ညိတ်လိုက်သည်။

"ဟုတ်တယ်၊ ခင်ဗျားလဲ ကျုပ်တို့နှစ်ယောက်ရဲ့မိတ်ဆွေကောင်းပါပဲ"

ဟု ပြောလိုက်သည်။

ယန်းစုက…

"ခင်ဗျားတို့နှစ်ယောက် ကြူးကြူးကို ပြိုင်တူ မေတ္တာရှိကြတယ်၊ ဒါပေမယ့် နောက်ဆုံးမှာတော့ ကြူးကြူးဟာ ခင်ဗျားရဲ့ရင်ခွင်ထဲ ရောက်သွားပါတယ်"

ကျူးထင်းဖုန်းက…

"ဟုတ်ပါတယ်၊ ကျုပ်က အတင်းအဓမ္မ သိမ်းသွင်းတာ မဟုတ်ဘဲ ကျုပ်တို့နှစ်ယောက်ထဲမှာ သူက အချိန်ယူပြီးမှ ကျုပ်ကို ရွေးချယ်လိုက်တာပါ"



ဟု ပြောလာသည်။

ယန်းစုက…

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ပိုင်ဖန်းကျတော့ မင်းဟာ မတရားနည်းနဲ့ သိမ်းပိုက်ခဲ့တယ်လို့ ထင်ပြီး မင်းကို တစ်ဘက်သတ် မုန်းသွားတယ်လေ"

ဟု ပြောလိုက်သည်။

ကျူးထင်းဖုန်း ခေါင်းယမ်းလိုက်သည်။

"မဟုတ်ရပါဘူးဗျာ၊ ကြူးကြူးသာ ရှိမယ်ဆိုယင် မေးပြချင်စမ်းလိုက်တာ"

ယန်းစုက ပိုင်ဖန်းဘက်သို့ လှည့်ကြည့်လိုက်သည်။

"သူပြောတာ ဟုတ်လား"

ဟုလည်း မေးလိုက်သည်။

ပိုင်ဖန်း အံကြိတ်လိုက်သည်။

သူက ကျူးထင်းဖုန်းအား ရွံ့မုန်းစွာဖြင့် ကြည့်ကာ…

"အလကား လိမ်ပြောတာ"

ဟု အော်ပြောလိုက်သည်။

ကျူးထင်းဖုန်း ပင့်သက်ရှိုက်လိုက်သည်။

ပိုင်ဖန်းအား စိုက်ကြည့်ကာ…

"ကျုပ်လိမ်ပြောနေတယ်ဆိုတာ ခင်ဗျားမှာ ဘာအထောက်အထား ရှိလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်သည်။

ပိုင်ဖန်းက…

"မင်းနဲ့ ကြူးကြူး အိမ်ထောင်ကျပြီး မိန်းကလေးတစ်ယောက် မွေးပြီးတဲ့နောက် သူက ဘာကြောင့် ထွက်သွားပြီး ဘာကြောင့် သေဆုံးသွားတာလဲ၊ ဒါ မင်းလက်ချက်ပဲ မဟုတ်လား"

ပြန်မေးလိုက်သည်။

သူ၏အမေး စကားကြောင့် ကျူးထင်းဖုန်း၏မျက်နှာ ညိုးငယ်သွားလေသည်။

"မင်း ငါ့ကို အထင်မလွဲပါနဲ့၊ လင်မယားဆိုတာ လျှာနဲ့ သွားလိုပါပဲ၊ တစ်ခါတစ်လေ သဘောထား မတိုက်ဆိုင်လို့ ဖြစ်ကြတာ မဆန်းပါဘူး"

သူက စကားဆက်လိုက်သည်။

"တစ်ခုတော့ ရှိတယ်၊ ကြူးကြူးဟာ တစ်ခြားမိန်းမတွေနဲ့ မတူဘူး။ စိတ်ကြီးလွန်းတယ်၊ သူလုပ်မယ့် အလုပ်တစ်ခုကို ဘယ်သူကမှ ဖျောင်းဖျလို့ မရဘူး။ သူနဲ့ ငါနဲ့ ဘာမဟုတ်တဲ့ ကိစ္စလေးတစ်ခုကနေ စိတ်ဆိုးပြီး သမီးကိုတောင်ပစ်ပြီး အိမ်က ထွက်သွားတော့တာပဲ"

ပိုင်ဖန်း နှာခေါင်းရှုံ့လိုက်သည်။

"မင်းက လိုက်မခေါ်ဘူး မဟုတ်လား"

ကျူးထင်းဖုန်းက…



"သူ ဘယ်ကို ထွက်သွားမှန်းမှ မသိဘဲ၊ ကျုပ်က လူလွှတ်ပြီး စုံစမ်းပါသေးတယ်၊ ဒါပေမယ့် သတင်းအစအနတောင် မရဘူး"

သူသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"သူကွယ်လွန်သွားတော့မှ သူ့သတင်းကို ရတော့တယ်"

ကျူးထင်းဖုန်းသည် ပြောရင်းပြောရင်း အသံများပင် တိမ်ဝင်သွားသည်။

သူသည် အစိမ်းရောင်ဝတ်ဆင်ထားသော လူများကို လက်တစ်ချက် ဝှေ့ယမ်းပြလိုက်သည်။

ထိုအခါ…

ထိုလူများသည် ကြိုးများကို ပြန်လည်ရုပ်သိမ်းသွားကြကုန်လေသည်။

ပိုင်ဖန်း အချုပ်အနှောင်မှ လွတ်သွား၍ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

ချက်ချင်းပင် မတ်တတ်ရပ်လိုက်သည်။

တစ်ဖန်…

ကျူးထင်းဖုန်းအား စူးစိုက်ကြည့်ရင်း…

"မင်း ဘာတွေပြောပြော ကျုပ်မယုံဘူး။ ကြူးကြူးကို မင်းက ငါ့လက်ထဲကနေ လုယူသွားတယ်၊ နောက်တော့ ကြူးကြူး ငါ့ကို ချစ်မှန်းသိလို့ မင်း သူ့ကို နှိပ်စက်တယ်၊ ဒါကြောင့် သူက မခံရပ်နိုင်ဘဲ မင်းဆီက ထွက်ပြေးသွားခဲ့တာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်သည်။

ကျူးထင်းဖုန်းက…

"ကျုပ် အမှန်အတိုင်း ပြောပြီးပြီပဲ၊ မယုံလဲ မတတ်နိုင်ဘူး"

ဟု ခပ်ပြတ်ပြတ် ပြောလိုက်သည်။

ပိုင်ဖန်းက…

"ကြူးကြူးနဲ့ ပတ်သက်တဲ့ကိစ္စ ခုနသမျှ ငါ မင်းအပေါ် အယုံအကြည် မရှိဘူး"

ကျူးထင်းဖုန်းက…

"မင်းက ဒီအကြောင်းနဲ့ ပတ်သက်ပြီး ငါ့ကို လက်စားချေတယ်ဆိုပါတော့ ဟုတ်လား"

ဟု မေးလိုက်သည်။

ပိုင်ဖန်း မဲ့ပြုံးပြုံးလိုက်၏။

ထို့နောက်…

လေသံပြတ်ဖြင့်…

"သိပ်ဟုတ်တာပေါ့"

ကျူးထင်းဖုန်း ခေါင်းယမ်းလိုက်၏။

သူက လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး…

"ငါ့ကို လက်စားချေချင်ရင် ငါ့ကို သတ်လိုက်ပေါ့၊ ဒါဆိုရင် ကိစ္စ အေးသွားပြီ မဟုတ်လား။ ဘာကြောင့် အမျိုးမျိုး ဒုက္ခပေးနေရတာလဲ"



နားမလည်နိုင်စွာဖြင့် မေးလိုက်သည်။

ထိုစကားကြောင့်…

"ဟား..ဟား..ဟား"

ပိုင်ဖန်းက ကောက်ကာငင်ကာ ရယ်မောလိုက်၏။

အတန်ကြာအောင် ရယ်မောပြီးမှ…

"မင်းနားလည်အောင် ရှင်းပြရတာပေါ့၊ မင်းကို သတ်လိုက်ရင် လွယ်ပါတယ်၊ မင်းလဲ ဘာမှမခံစားရဘဲ သေသွားနိုင်တယ်၊ မင်းသေသွားတာကို ငါ မလိုလားဘူး၊ ကြူးကြူး ဒုက္ခခံစားရသလို မင်းလဲ စိတ်ဒုက္ခအမျိုးမျိုး ရောက်ပြီး တဖြည်းဖြည်းညှင်းပန်းချင်လို့ အခုလို ကျုပ်က ကြံစည်လိုက်တာပဲ"

ဟု ရှင်းပြလာ၏။

ထိုစကားကြောင့် ကျူးထင်းဖုန်း မျက်နှာပျက်သွားလေသည်။

ပိုင်ဖန်းအား ကြည့်ကာ…

"ဒါဖြင့် သူ့ရဲကောင်းတောင်ကုန်းကို ခင်ဗျားက မီးရှို့ဖျက်ဆီးလိုက်တာပေါ့"

ဟု မေးလိုက်သည်။

ပိုင်ဖန်း ခေါင်းညိတ်လိုက်၏။

"သိပ်ဟုတ်တာပေါ့"

သူက ဆက်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါဟာ ကြူးကြူး သေဆုံးသွားတာကို ကြားလိုက်တာနဲ့ မင်းကို တစ်နေ့ လက်စားချေမယ်ဆိုပြီး ထွက်သွားခဲ့တာ၊ ငါ့ရဲ့ ကြိုးစားမှုကြောင့် သိုင်းလောက ပထမဘွဲ့ ရရှိခဲ့တယ်၊ သူ့ရဲ့ကောင်းတောင်ကုန်းပိုင်ရှင်အဖြစ် ရောက်ခဲ့တယ်၊ ကျုပ်က အောင်မြင်လာတဲ့အခါမှာ မင်းကို ဘယ်လိုလက်စားချေမယ်ဆိုတာ အမျိုးမျိုး ကြံစည်တော့တာပဲ"

ကျူးထင်းဖုန်း ပင့်သက်ရှိုက်လိုက်၏။

သူက အံတစ်ချက်ကြိတ်ကာ...

"ကျုပ်သဘောပေါက်ပြီ၊ ခင်ဗျားက နောက်ကွယ်ရာမှာ ကျုပ်ကို ချုပ်ကိုင်ပြီး သူ့ရဲ့ကောင်းတောင်ကုန်းကို အပိုင်စီးနိုင်းတယ်၊ သိုင်းလောက အဖွဲ့အစည်းအားလုံးကို အတင်းအဓမ္မ သိမ်းသွင်းခိုင်းတယ်၊ ငြင်းပယ်တဲ့လူကို လိုက်ပြီးသတ်ဖို့ အမိန့်ပေးခဲ့တယ်၊ သိုင်းလောကတစ်ခုလုံး ကျုပ်ကို မုန်းလာအောင် ကျုပ်ကို သိုင်းလောကရဲ့ ရန်သူ ဖြစ်လာအောင် မင်းက ဖန်တီးခဲ့တာ မဟုတ်လား"

ပိုင်ဖန်းက ရယ်မောလိုက်သည်။

"မင်းသဘောပေါက်ရင် ပြီးတာပါပဲ"

ကျူးထင်းဖုန်း ခေါင်းခါယမ်းလိုက်သည်။

သူက စိတ်ပျက်လက်ပျက်ဟန်ဖြင့် ပိုင်ဖန်းအား ကြည့်ကာ ပြောလိုက်သည်။

"မတရားတာလုပ်ရင် မတရားတာဖြစ်မယ်၊ မင်း အခုလို



မဟုတ်တာတွေ လျှောက်လုပ်နေတာ ဘာအကျိုးရှိသလဲ"

ပိုင်ဖန်း မဲ့ပြုံးပြုံးလိုက်သည်။

သူက အားရကျေနပ်သော လေသံဖြင့်...

"သိပ်ရတာပေါ့၊ မင်း စိတ်ဆင်းရဲပုံကို ကြည့်ပြီး ငါမှာ ကျေနပ်အားရနေတယ်လေ"

ဟု ပြောလာသည်။

သူ၏စကားကြောင့် ကျူးထင်းဖုန်း မျက်နှာကွက်ခနဲ ပျက်သွားသည်။

တစ်ဖန်...

ပိုင်ဖန်းအား မယုံကြည်နိုင်စွာဖြင့် ကြည့်ကာ...

"သူငယ်ချင်း၊ မင်း အရင်က ဒီလို စိတ်ထားမျိုး လုံးဝမရှိခဲ့ပါဘူး၊ အခု ဘာဖြစ်လို့ ဒီလောက်တောင် ပြောင်းလဲသွားခဲ့ရတာလဲ"

ဟု မေးလိုက်သည်။

ရုတ်တရက်...

ပိုင်ဖန်း၏မျက်နှာ ခက်ထန်တင်းမာသွားလေသည်။

ကျူးထင်းဖုန်းအား မုန်းတီးစွာဖြင့် ကြည့်ကာ...

"ငါပြောပြီးပြီလေ၊ ကြူးကြူးအတွက် မင်းကို လက်စားချေနေတာ"

ဟု ပြောလိုက်သည်။

ထိုစဉ်...

www.burmeseclassic.com

www.burmeseclassic.com



ယန်းစုက ကြားဝင်လိုက်လေသည်။

"ကဲပါလေ၊ သေတဲ့လူလဲ သေပြီ၊ ဒုက္ခရောက်တဲ့လူလဲ ဒုက္ခရောက်ခဲ့ပြီးပြီ၊ အခု ပရိသတ်အလယ်မှာ ငါတို့ ဘယ်လိုဖြေရှင်းကြမလဲ"

ကျူးထင်းဖုန်း ဘာမှမပြောနိုင်ပါ။

ပိုင်ဖန်းကမူ ကောက်ကာငင်ကာဖြင့် ပြောလိုက်လေသည်။

"လွယ်ပါတယ်၊ လောကပေါ်မှာ ကျူးထင်းဖုန်းရှိရင် ပိုင်ဖန်းမရှိဘူး၊ ပိုင်ဖန်းရှိယင် ကျူးထင်းဖုန်းဆိုတာ မရှိစေရဘူး"

သူက စကားဆုံးသွားသည်နှင့် ရုတ်တရက် ကျူးထင်းဖုန်း အား တိုက်ခိုက်လိုက်လေသည်။

"ဟာ"

မမျှော်လင့်သော အဖြစ်ကြောင့် ကျူးထင်းဖုန်း မျက်လုံး ပြူးသွားရသည်။

သူက ယခုကဲ့သို့ ပိုင်ဖန်း တိုက်ခိုက်လာလိမ့်မည်ဟု လုံ မထင်ထားပါ။

တစ်ယောက်နှင့်တစ်ယောက်လည်း နီးနီးကပ်ကပ် ရှိ သဖြင့် ပိုင်ဖန်းက တိုက်ခိုက်လာသောအခါ ရှောင်တိမ်းရန် အ မရတော့ပါချေ။

"မလုပ်နဲ့"

ယန်းစု အော်ဟစ်လိုက်၏။



သို့သော်...

နောက်ကျသွားချေပြီ။

"ဝုန်း"

"အင့်"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာလေသည်။

ပိုင်ဖန်း၏လက်ဝါးနှစ်ဖက်သည် ကျူးထင်းဖုန်း၏ရင်ဝသို့ တည့်မတ်စွာ ထိမှန်သွားလေသည်။

ကျူးထင်းဖုန်း၏ခန္ဓာကိုယ် နောက်သို့ ခြေသုံးလှမ်းခန့် ယိမ်းယိုင်သွားလေသည်။

"ဝေါ့"

မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားကာ ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်၏။

သူက ပိုင်ဖန်းအား လက်ညှိုးထိုးကာ...

"ပိုင်ဖန်း၊ မင်း အတော်ယုတ်မာပါလား"

ဗလုံးဗထွေး ရေရွတ်လိုက်၏။

"ဟား..ဟား..ဟား"

ပိုင်ဖန်း ရယ်မောလိုက်သည်။

"ငါပြောသားပဲ၊ လောကပေါ်မှာ မင်းနဲ့ငါ တစ်ယောက်တည်းပဲ ရှိရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း လှုပ်တစ်ပြက် ချဉ်းကပ်သွားသည်။

ထို့နောက်...

လက်ဝှေ့ယမ်းကာ တိုက်ခိုက်လိုက်ပြန်သည်။

ကျူးထင်းဖုန်းသည် ပိုင်ဖန်း၏ပြိုင်ဘက် မဟုတ်ပါ။

သူ၏သိုင်းပညာအဆင့်သည် ပိုင်ဖန်းထက် နိမ့်ကျပေသည်။

ယခု...

ဒဏ်ရာထပ်မံ ရရှိထားသဖြင့် မည်သို့မျှ ခုခံနိုင်စွမ်း မရှိဘဲ နောက်ကိုသာ ဆုတ်ပေးနေရသည်။

ထိုအချိန်...

ကျူးရှမ်းအော့က စင်မြင့်ပေါ်သို့ လျှင်မြန်စွာ ခုန်တက်လာသည်။

"ကျွန်မအဖေကို မထိနဲ့"

သူမက အော်ပြောရင်း ပိုင်ဖန်းအား တိုက်ခိုက်လိုက်လေသည်။

သူမ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပေသည်။

သို့သော်...

ပိုင်ဖန်းက အရေးမစိုက်ချေ။

"မင်းကို မသတ်ချင်ဘူး။ ဖယ်စမ်း"



အော်ဟစ်ကာ လက်ဝါးတစ်ချက် တွန်းထုတ်လိုက်၏။

ထိုအခါ...

အင်အားကြီးသော လေဖိအားတစ်ခု ဖြစ်ပေါ်လာကာ...

"ဝုန်း"

ကျူးရှမ်းအော့သည် စင်မြင့်ပေါ်မှ လွင့်စဉ်ကျသွားတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## ဆရာနဲ့တပည့်

လွှကြိုး...။

လွှကြိုးသည် အသိဉာဏ်ကင်းလွတ်နေသူတစ်ဦးပမာ ငေးငိုင်၍ ရပ်နေ၏။

မိမိ ရင်ဆိုင်တိုက်ခိုက်ရမည့် ရန်သူမှာ မိမိ၏ဆရာအရင်း ဖြစ်နေသည်။

ထို့ကြောင့်...

သူက မည်သို့လုပ်ရမှန်း မသိဘဲ ကြောင်အမ်းအမ်းဖြင့် ရပ်နေ၏။

ရုတ်တရက်...

ကျူးရှမ်းအော့ စင်မြင့်ပေါ်မှ လွင့်စဉ်သွားသောအခါ သတိဝင်လာလေသည်။



သူက ကမန်းကတန်း ပြေးဆင်းလိုက်ပြီး ကျူးရှမ်းအော့အား အချိန်မီ ဖမ်းထားနိုင်ခဲ့လေသည်။

"လွှတ်"

ကျူးရှမ်းအော့သည် လွှကြိုး လက်မှ အတင်းရုန်းထွက်ပြီး စင်မြင့်ပေါ်သို့ ပြေးတက်သွားပြန်သည်။

ထိုအချိန်...

ပိုင်ဖန်းက ကျူးထင်းဖုန်းအား ထပ်မံတိုက်ခိုက်လိုက်ပြီး ဖြစ်ရာ...

"ဝုန်း"

"အား"

ကျူးထင်းဖုန်းသည် စူးရှစွာ အော်ဟစ်ရင်း စင်မြင့်အောက်သို့ ပြုတ်ကျသွားလေသည်။

ထိုအချင်းအရာကို မြင်လျှင် ယန်းစူ မခံမရပ်နိုင်အောင် ဖြစ်သွားလေသည်။

"ပိုင်ဖန်း။ မင်းအတော်လွန်နေပြီ"

သူသည် ပြောပြီးသည်နှင့် ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ပိုင်ဖန်းသည် စူးရဲသော မျက်လုံးအစုံဖြင့် သူ့အား စိုက်ကြည့်လိုက်သည်။

"ဒီကနေ့ မင်းကသာ ဝင်မရှုပ်ရင် ငါ အခုလို အခြေအနေမျိုး မရောက်ဘူး။ မင်းကိုလဲ လောကပေါ်မှာ မထားဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ပြောရင်း ယန်းစုအား တိုက်ခိုက်လိုက်၏။

သူ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေလေသည်။

ယန်းစု ရင်ထိတ်သွားသည်။

သူသည် တိုက်ခိုက်ရာမှ ခုခံရသည့် အဆင့်သို့ ရောက်ရှိသွားသည်။

ယန်းစုသည် ပိုင်ဖန်းအား ယှဉ်၍မရပါ။

သူသည် အစွမ်းကုန် ခုခံနေသော်လည်း နောက်ဆုံးဝယ် ပိုင်ဖန်း၏လက်ဝါးတစ်ချက် ထိမှန်သွားလေသည်။

"ဝုန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

ယန်းစုသည် စင်မြင့်အောက် ပြုတ်ကျသွားသည်။

သူ၏မျက်နှာ ရှုံ့မဲ့ကာ ဖြူဖပ်ဖြူရော် ဖြစ်နေ၏။

ယန်းစုသည် ပိုင်ဖန်း၊ လက်ချက်ကြောင့် အတွင်းဒဏ်ရာ ရရှိသွားချေပြီ။

အဖြစ်အပျက်ကို တွေ့မြင်ရသော လှေကြီးတစ်ယောက် ခံပြင်းဒေါသထွက်လာသည်။

သူက ကိုယ်ဖော့ပညာ အသုံးပြုကာ စင်မြင့်ပေါ် ခုန်တက်လိုက်သည်။

တစ်ဖန်...



ပိုင်ဖန်း၏ရှေ့ဝယ် ရဲရဲစွာဖြင့် ရပ်တန့်လိုက်ပြီး...

"ဆရာ...ဆရာ့ လုပ်ရပ်တွေ အတော်လေး မှားနေပါတယ်၊ ဆရာရပ်လိုက်ပါတော့"

ဟု ပြောလိုက်သည်။

ပိုင်ဖန်း နှာခေါင်းရှုံ့လိုက်သည်။

လှေကြီးအား စေ့စေ့ကြည့်ကာ...

"ဘာလဲ မင်းကပါ ငါ့ကို အာခံမလို့ ဟုတ်လား"

ဟု မာမာထန်ထန် မေးလိုက်သည်။

လှေကြီး သက်ပြင်းချလိုက်၏။

သူသည် တရားနည်းလမ်းကျကျ ဆောင်ရွက်ရတော့မည့် အချိန်သို့ ရောက်ရှိနေပြီ ဖြစ်သည်။

အမှန်တရားအတွက် ရင်ဆိုင်ရပေတော့မည်။

လှေကြီး၏မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်လာလေသည်။

"ဆရာ၊ ဆရာ့ရဲ့အမှားတွေ ပြင်ဆင်ချိန် ရပါသေးတယ်၊ ဆရာ ရပ်လိုက်ပါတော့"

"ဟား...ဟား...ဟား"

ပိုင်ဖန်း ရယ်မောလိုက်၏။

အတန်ကြာအောင် ရယ်မောပြီးမှ...

"လှေကြီး၊ မင်းဟာ ငါ့တပည့်ပါ၊ ငါ့ကို ပြန်ပြီး မဆုံးမချင်

www.burmeseclassic.com

www.burmeseclassic.com



စမ်းပါနဲ့ ငါ မင်းနဲ့ ထိပ်တိုက်မတွေ့ချင်ဘူး၊ ငါ့ကိုစွ၊ ငါ့ပြဿနာ၊ ငါ ဘာသာ ဖြေရှင်းနေတာ၊ အချိန်တန်ရင် မင်းဟာ သူ့ရဲ့ကောင်း တောင်ကုန်းကို အုပ်ချုပ်ရမယ်ဆိုတာသာ ခေါင်းထဲထည့်ထားပါ၊ ငါ့ကိုစွ ဝင်မရှုပ်ချင်စမ်းပါနဲ့"

ဟု ပြတ်သားစွာဖြင့် ပြောလာသည်။

လှေကြီး ခေါင်းယမ်းလိုက်သည်။

"ကျွန်တော် ဝင်ရှုပ်နေတာ မဟုတ်ပါဘူး၊ ဆရာ့ လုပ်ရပ်တွေ မှားနေလို့ တားဆီးနေတာပါ"

ဝိုင်ဖန်းက...

"ငါက ဆက်လုပ်မယ်ဆိုရင်ကော"

လှေကြီး သက်ပြင်းချကာ...

"ဒီလိုဆိုရင်တော့ အကောင်းဆုံး ဖြစ်အောင် ကျွန်တော်က မလွဲမရှောင်ဘဲ ဆရာ့ကို တားဆီးရပါလိမ့်မယ်"

ဟု ပြောလိုက်သည်။

သူ၏စကား ကြားလျှင်...

"ဟား...ဟား...ဟား"

ဝိုင်ဖန်းက ခွက်ထိုးခွက်လှန် ရယ်မောလိုက်လေသည်။

ထို့နောက်...

တွေးတစ်ချက်တွေးရင်း...

"မင်းက ငါ့ကို တားမယ် ဟုတ်လား"



ဟု မေးလိုက်သည်။

လှေကြီးက ရင်ကော့ကာ...

"ဟုတ်ပါတယ်"

ဟု ဖြေကြားလိုက်၏။

ဝိုင်ဖန်းက...

"ကောင်းပြီ၊ မင်း ငါ့ကို တိုက်ပါ"

ပြောရင်း ရင်ဖွင့်ပေးလိုက်၏။

လှေကြီး၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

ထို့နောက်...

ဝိုင်ဖန်းအား ဒူးထောက်၍ ဦးသုံးကြိမ်ချ ကန်တော့လိုက်လေသည်။

"ဟင်"

သူ၏အပြုအမူကြောင့် ဝိုင်ဖန်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

လှေကြီးအား ကြည့်ကာ...

"မင်း ဒါဘာလုပ်တာလဲ"

ဟု မေးလိုက်သည်။

လှေကြီးက...

"ကျွန်တော်က ဆရာနဲ့ မလွဲမသွေ ယှဉ်ပြိုင်ရတော့မှာမို့ ကြိုတင်ဂါရဝပြုထားတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သည်။

ပိုင်ဖန်းက...

"မလိုပါဘူး။ မင်း ထလိုက်ပါ"

လှေကြီး ထရပ်လိုက်သည်။

ပိုင်ဖန်းက လက်နှစ်ဖက်ကို ဆန့်ထုတ်လိုက်ပြီး...

"ကဲ ငါ့တပည့်၊ မင်း ငါ့ကို မညှာဘဲ တိုက်ပါ။ ငါလဲ မင်းကို ညှာမှာ မဟုတ်ဘူး"

ဟု အေးတိအေးစက် ပြောလိုက်၏။

လှေကြီး ဘာမှမပြောပါ။

လက်နှစ်ဘက်ဝယ် အတွင်းအားများ ပို့လွှတ်ထားလိုက်လေသည်။

ပိုင်ဖန်းက...

"ကဲ ငါ့တပည့် သတိသာထားပေတော့"

စကားဆုံးလျှင် လက်ဝါးနှစ်ဖက် ရှေ့သို့ တွန်းပို့လိုက်လေသည်။

ယင်းသိုင်းကွက်မှာ အပူသိုင်း ဖြစ်မှန်း လှေကြီး သိရှိလိုက်သည်။

ထို့ကြောင့်...

သူသည် လက်ဝါးနှစ်ဖက်ဖြင့် ဆန့်ထုတ်ကာ ခံပေးလိုက်သည်။



"ဖတ်"

လက်ဝါးနှစ်ဖက် ထိတွေ့လိုက်သောအခါ ပိုင်ဖန်း၏လက်ဝါးမှ အပူငွေ့များသည် တဖြည်းဖြည်း ထိုးဖောက်ဝင်ရောက်လာသည်ကို လှေကြီးက ခံစားလိုက်ရလေသည်။

သူသည် အံကိုတင်းတင်းကြိတ်ကာ တောင့်ခံထားလေသည်။

ပွဲကြည့်ပရိသတ်များ ဆူညံစွာ အားပေးကြကုန်၏။

အတန်ကြာသောအခါ လှေကြီး၏တစ်ကိုယ်လုံး ချွေးများ စို့ရွှဲလာပြီး ယပ်ထိပ်ပေါ်တွင် အခိုးအငွေ့များက ထောင်းထောင်းထလာသည်။

လှေကြီး တုန်လှုပ်ချောက်ချားလာသည်။

ထိုအချိန်မှာပင် ပိုင်ဖန်း၏လက်ဝါးပေါ်မှ အပူငွေ့များသည် ရုတ်တရက် ပျောက်ကွယ်သွားသည်ဟု ခံစားလိုက်ရသည်။

သူက အံ့သြစွာဖြင့် မျက်လုံးဖွင့်ကြည့်လိုက်ရာ ပိုင်ဖန်း၏ ခန္ဓာကိုယ်သည် နောက်သို့ ဆုတ်ခွာသွားရင်း စင်မြင့်ပေါ်မှ ပြုတ်ကျသွားသည်ကို တွေ့လိုက်ရလေသည်။

သူက ကြောင်အမ်းအမ်း ဖြစ်နေစဉ် ကျွမ်းဟိုတို့လူစု ပိုင်ဆိုင် လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

သူသည် စင်မြင့်အောက်သို့ ပြုတ်ကျသွားသော ပိုင်ဖန်း အား ကြည့်လိုက်ရာ နောက်ကျောတွင် မြှားနှစ်စင်း စိုက်ဝင်နေသည်

www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့မြင်လိုက်ရလေသည်။

အစိမ်းရောင်ဝတ်ဆင်ထားသော လူတစ်ယောက်၏ လက်ထဲတွင် လေးတစ်လက် ပါနေ၏။

ထိုလူက ပစ်ခွင်းလိုက်သည်ဟု နားလည်လိုက်၏။

"ခင်ဗျားက ဘယ်သူလဲ"

ထိုလူက ဦးညွတ်ကာ...

"ကျွန်ုပ်က ငေါ်ကျိုပါ ခေါင်းဆောင်ကြီး"

လှေကြီးမှာ အားအင်ကုန်ခမ်းသွားပြီး စင်မြင့်ပေါ်သို့ ခွေခနဲ လဲကျသွားတော့သည်။

♠ ♠ ♠



မိစ္ဆာညည်းသံလူသတ်ကောင်(ဝါ)ကြေးမျက်နှာဖုံးရှင် သ

သူရဲကောင်းတောင်ကုန်းပိုင်ရှင် ပိုင်ဖန်း ဖြစ်ကြောင်း ပေ

ပေါက်လာလေသည်။

ပိုင်ဖန်း ဖြစ်နေလိမ့်မည်ဟု မည်သူကမျှ မထင်မှတ်ခဲ့ကြပေ

ပိုင်ဖန်းသည် ကျူးထင်းဖုန်းအား ဒုက္ခပေးလိုခြင်းကြော

အနာခံကာ သူရဲကောင်းတောင်ကုန်းကိုပင် ပြန်လည်ဖျက်ဆီးပစ်

လေသည်။

ပိုင်ဖန်း၏မကောင်းသော လုပ်ရပ်ကို ဖော်ထုတ်နိုင်ခဲ့သလ

ကျူးထင်းဖုန်းက သူရဲကောင်းတောင်ကုန်းမှ ထွက်ခွာပြီး သမာဓိမင်

ကြီးဘွဲ့ထူးကိုလည်း စွန့်လွှတ်လိုက်ခြင်းကြောင့် သိုင်းလောကတစ်

လုံး ပြန်လည် အေးချမ်းသာယာသွားခဲ့တော့သည်။

သိုင်းလောကသားများက လှေကြီးအား သူရဲကောင်

တောင်ကုန်း အမွေဆက်ခံရန် တိုက်တွန်းခဲ့လေသည်။

သို့သော်...

လှေကြီးသည် သူရဲကောင်းတောင်ကုန်းကိုလည်းကောင်

သမာဓိမင်းကြီးဘွဲ့ထူးကိုလည်းကောင်း စိတ်ဝင်စားခြင်း မရှိခေ

လှေကြီးက သိုင်းလောကမှ နုတ်ထွက်ရန် ဆုံးဖြတ်ထာ

ခြင်းကြောင့် ဖြစ်လေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ကျူးထင်းဖုန်းသည် ကြေးမျက်နှာဖုံးရှင်၏ ချုပ်ကိုင်မှုခံရတာ သိုင်းလောကအား ဒုက္ခပေးခဲ့သူတစ်ယောက် ဖြစ်ခဲ့ရသည်။

သို့သော်...

ကြေးမျက်နှာဖုံးရှင်၏ မကောင်းသော လုပ်ရပ်များကို လက်မခံနိုင်ဘဲ အာခံခဲ့သည်။ လျှို့ဝှက်စွာ တွန်းလှန်ခဲ့သည်။

ငေါ်ကျိုကို အားထားပြီး လွှေကြီးနှင့် ဆက်သွယ်ကူညီနိုင်ခဲ့သည်။

ဝိုင်ဖန်း၏မကောင်းသော လုပ်ရပ်များကို ဖော်ထုတ်ပြီးနောက် သိုင်းလောကမှ အနားယူလိုက်တော့သည်။

ကျူးထင်းဖုန်း အနားမယူမီ လွှေကြီးနှင့် ကျူးရှမ်းအော့တို့အား လက်ထပ်ပေးရန် စီစဉ်ခဲ့သည်။

သို့သော်...

သူမျှော်လင့်သလို ဖြစ်မလာခဲ့ပါချေ။

ကျူးရှမ်းအော့တစ်ယောက် ပျောက်ချင်းမလှ ပျောက်ဆုံးသွားခြင်းကြောင့် ဖြစ်လေသည်။

ကျူးရှမ်းအော့ မည်သည့်နေရာ ရောက်ရှိသွားပါသနည်း။

♠ ♠ ♠



ကျူးထင်းဖုန်းက အခန်းတွင်း၌ လက်နှစ်ဘက် နောက်ပစ်ကာ ခေါက်တုန့်ခေါက်ပြန် လျှောက်နေ၏။

လွှေကြီးက မလှုပ်မယှက် ထိုင်နေသည်။

အတော်ကလေးကြာမှ ကျူးထင်းဖုန်းက ခြေလှမ်းရပ်လိုက်သည်။ လွှေကြီးကို ကြည့်ပြီး...

"ကျုပ်က သူ့ရဲ့ကောင်းတောင်တုန်းကို သွားမယ်လို့ ထင်နေတာ"

လွှေကြီး ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော့်ဆီကို ရောက်မလာပါဘူးဗျာ"

ကျူးရှမ်းအော့ ပျောက်ဆုံးသွားခြင်းကြောင့် လွှေကြီးနှင့် ကျူးထင်းဖုန်းတို့ တွေ့ဆုံခဲ့ကြခြင်း ဖြစ်သည်။

ကျူးထင်းဖုန်းက...

"ဒါဖြင့် ကျုပ်သမီးတော့ အန္တရာယ်တစ်ခုခုနဲ့ ကြုံတွေ့နေရပြီ ထင်တယ်"

လွှေကြီးက...

"ညီမလေးကျူးရှမ်းအော့ကို ကျွန်တော်တွေ့အောင် ရှာဖွေပေးပါ့မယ် ခင်ဗျာ"

ထိုစဉ်...

အိမ်ဖော်တစ်ယောက် ရောက်ရှိလာပြီး ဦးညွတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျူးထင်းဖုန်းက…

"ဘာကိစ္စလဲဟေ့"

ဟု မေးလိုက်သည်။

အိမ်ဖော်က…

"လူတစ်ယောက် ရောက်လာပြီး သခင်ကြီးအတွက် စာတစ်စောင် ပေးသွားပါတယ် ခင်ဗျာ"

ကျူးထင်းဖုန်းက…

"ဘယ်သူလဲ"

"ဘယ်သူဘယ်ဝါဆိုတာ မသိရပါဘူး၊ စာပေးပြီးတာနဲ့ ချက်ခြင်း ပြန်ထွက်သွားပါတယ်"

ကျူးထင်းဖုန်းသည် အိမ်ဖော်ပေးသော စာကို ယူကာ ဖတ်ကြည့်လိုက်လေသည်။

စာထဲ၌…

"ကျူးထင်းဖုန်း

ခင်ဗျားသမီးကို အသက်ရှင်လျက် ပြန်လိုချင်တယ်ဆိုရင် သိုင်းလောကက နုတ်ထွက်ကြောင်း ကြေညာလိုက်ပါ၊ သမာဓိမင်းကြီးဘွဲ့ထူးကို အခြားသင့်တော်မယ့်လူကို လွှဲပြောင်းပေးဖို့ စီစဉ်လိုက်ပါ"

ဟု ရေးသားထားလေသည်။

"ဟား…ဟား…ဟား"



ကျူးထင်းဖုန်း ရယ်မောလိုက်သည်။

"တော်တော်ရယ်စရာကောင်းပါလား။ ကျုပ်က သိုင်းလောကက ထွက်လိုက်ပြီ၊ သမာဓိမင်းကြီး ဘွဲ့ထူးကိုလည်း စွန့်လွှတ်လိုက်ပြီ၊ ဒါကိုတောင် မသိသေးဘူးလား"

သူက စာကိုလွှကြီးအား ပေးလိုက်သည်။

လွှကြီးက စာဖတ်ပြီးလျှင်…

"သည်လူမှာ နောက်ထပ်အကြံအစည်တစ်ခု ရှိရဦးမယ် ထင်ပါတယ်ခင်ဗျာ"

ဟု ပြောလိုက်သည်။

ကျူးထင်းဖုန်း မျက်မှောင်ကုပ်သွားလေသည်။

"ဘယ်လို အကြံအစည်မျိုးလဲ"

လွှကြီးက…

"ဦးက သူရဲကောင်းတောင်ကုန်းနဲ့ကော သမာဓိမင်းကြီးဘွဲ့ထူးနဲ့ကော မပတ်သက်တော့ဘူးဆိုတာ အားလုံးသိနေကြပါပြီ"

ကျူးထင်းဖုန်းက အရာရာကို စွန့်လွှတ်ကာ သိုင်းလောကမှလည်းနုတ်ထွက်လိုက်ခြင်းကြောင့် အားလုံးက သူ့ကိုလျစ်လျူရှုထားလိုက်ကြပြီ ဖြစ်သည်။

သို့ပါလျက် ကျူးရှမ်းအောကို ခုတုံးလုပ်ကာ ခြိမ်းခြောက်လာသည်မှာ သဘာဝမကျပါချေ။

ကျူးထင်းဖုန်း အနည်းငယ်စဉ်းစားလိုက်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



"သူက မင်းကိုဘက်ကို မြှားဦးလှည့်လာမယ် ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ"

"မင်း ဘာကြောင့် သည်လိုပြောနိုင်တာလဲ"

"ကျူးရှမ်းအော့က ကျွန်တော်နဲ့ ပတ်သက်နေလို့ပါ"

ကျူးထင်းဖုန်း သက်ပြင်းချလိုက်လေသည်။

လှေကြူးက...

"သမာဓိမင်းကြီးဘွဲ့ထူးကို တကယ်တမ်းဆက်ခံရမယ့် လူက ကျွန်တော်ပါပဲ၊ ကျွန်တော်က သိုင်းလောကနဲ့ မပတ်သက်ချင်တော့ဘူးဆိုရင် တခြားလူတစ်ယောက်ကို လွှဲပြောင်းပေးလို့ ဖြစ်ပါတယ်"

ကျူးထင်းဖုန်းက...

"ကျူ့ပ်ကို ဖယ်ရှားပြီးမှ မင်းကို ကျူးရှမ်းအော့နဲ့ အကြွပ်ကိုင်မယ် ဟုတ်လား"

"သည်သဘောပါပဲ ခင်ဗျာ"

"ကျူ့ပ်က"

"သည်ကိစ္စကို ကျွန်တော် တာဝန်ယူပြီး ဆောင်ရွက်ပါရစေ ခင်ဗျာ"

ကျူးထင်းဖုန်း သဘောတူလိုက်သည်။

"ကောင်းပြီလေ၊ မင်းစိတ်ကြိုက်ဆောင်ရွက်နိုင်ပါတယ်၊ ကျူ့ပ်က သိုင်းလောကက နုတ်ထွက်ကြောင်း သမာဓိမင်းကြီးဘွဲ့ထူး



မင်းကို ပြန်လည်အပ်နှံလိုက်တဲ့အကြောင်း အားလုံးသိအောင် ကြေညာလိုက်ပါမယ်"

"ကျေးဇူးပါပဲ"

ထို့နောက် ကျူးရှမ်းအော့အား ဖမ်းဆီးကာ သမာဓိမင်းကြီးဘွဲ့ထူးရယူလိုသူအား ဖော်ထုတ်ရန် ဆက်လက်တိုင်ပင်ဆွေးနွေးလိုက်ကြလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



သူရဲကောင်းတောင်ကုန်း...။

သူရဲကောင်းတောင်ကုန်းမှ ပျက်စီးသွားသော အဆောက်အဦးများကို ကျူးထင်းဖုန်းက ပြန်လည်ပြင်ဆင်ထားပြီး ဖြစ်လေသည်။

သို့သော်...

ကျူးထင်းဖုန်း သိုင်းလောကမှ အနားယူလိုက်ခြင်းကြောင့် သူရဲကောင်းတောင်ကုန်း၌ နေထိုင်မည့်သူ မရှိတော့ဘဲ တိတ်ဆိတ်ခြောက်သွေ့သွားလေတော့သည်။

လျှေကြိုးက သူရဲကောင်းတောင်ကုန်းသို့ ပြန်လည်ရောက်ရှိလာသည်။

အစဉ်အလာအရ သမာဓိမင်းကြီးဘွဲ့ထူးကို သူဆက်ခံရမည်ဖြစ်သည်။

သမာဓိမင်းကြီးဘွဲ့ထူး လိုလားတဲ့ ဝိမက်သူ့ရှိပါက လျှေကြိုးသဘောတူလွှဲပြောင်းပေးမှ ရနိုင်မည်ဖြစ်လေသည်။

သူရဲကောင်းဂေဟာ၏ဧည့်ခန်းအတွင်း၌ လျှေကြိုးက တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေ၏။

သူက မကြာမီ ရောက်လာမည့်သူကို စောင့်ဆိုင်းနေခြင်းဖြစ်လေသည်။

လျှေကြိုး ကြာကြာ မစောင့်လိုက်ရပါချေ။

အပြင်ဘက်မှ စကားသံထွက်ပေါ်လာလေသည်။



"သူရဲကောင်းဂေဟာမှာ ဘယ်သူမှ မရှိကြတော့ဘူးလား"

လျှေကြိုး ပြုံးလိုက်သည်။

"ရှိပါတယ်ဗျာ၊ အထဲဝင်ခဲ့ပါ"

လူတစ်ယောက်က ဂေဟာထဲ ဝင်လာလေသည်။

ထိုသူမှာ နတ်ဓားရွှေလက်ဝါးဘွဲ့ရှင် တောင်ပိုင်းနယ်မှ သိုင်းဆရာယွမ်လီဖြစ်လေသည်။

လျှေကြိုးက ခရီးဦးကြိုပြုကာ နေရာထိုင်ခင်းပေးလိုက်၏။

ယွမ်လီက ဟိုဟိုသည်သည် ကြည့်လိုက်ပြီးမှ...

"မင်းက လျှေကြိုး ဟုတ်ပါတယ်နော်"

ဟု မေးလာလေသည်။

လျှေကြိုး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်တော် လျှေကြိုးပါ"

ယွမ်လီက...

"မင်းက ဆရာကိုသစ္စာဖောက်ပြီး သိုင်းလောကကိုဒုက္ခပေးခဲ့တယ်လို့ သတင်းတွေထွက်လာခဲ့သေးတာပဲ၊ အဲဒါ"

"သည်ကိစ္စ အဖြစ်မှန်ပေါ်ပေါက်သွားပါပြီခင်ဗျာ၊ တကယ်တော့ ကျွန်တော့်ဆရာက စိတ္တဇဝေဒနာစွဲကပ်နေခဲ့ပြီး သူစိတ်ထင်ရာလုပ်ခဲ့တာပါ၊ ဒါကို အားလုံးသိပြီးကြပါပြီ"

လျှေကြိုးက ရှင်းပြလိုက်လေသည်။

ယွမ်လီက ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ခုလိုမေးနေပေမယ့် သိုင်းလောကမှာ ထွက်ပေါ်နေတဲ့သတင်းတွေ အားလုံးကြားသိထားပြီးပါပြီ မင်းက မင်းဆရာရဲ့ အရိုက်အရာကို ဆက်ခံမယ်ဆိုပါတော့"

လွှေကြိုး ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော်က သူ့ရဲ့ကောင်းဂေဟာကို ပြန်ပြီးထူထောင်မှာ မဟုတ်ပါဘူး"

ယွမ်လီက...

"ဒါဖြင့် သမာဓိမင်းကြီးဘွဲ့ထူးဟာ..."

လွှေကြိုးက...

"သည်ဘွဲ့ထူးဟာ ကျွန်တော့်ဆရာနဲ့ပဲ ထိုက်တန်ခဲ့တာပါ။ ဆရာမရှိတော့ဘူးဆိုတော့ သည်ဘွဲ့တံဆိပ်ကို သက်ဆိုင်ရာကို ပြန်အပ်နှံလိုက်တာ အကောင်းဆုံးပဲ မဟုတ်လားဗျာ"

ယွမ်လီ နှာခေါင်းရှုံ့လိုက်သည်။

"ဒါဆိုရင် မင်းလောက်မိုက်မဲတဲ့လူ လောကပေါ်မှာ ရှိတော့မှာမဟုတ်ဘူး"

လွှေကြိုးက...

"ဘာများဖြစ်လို့လဲဗျာ"

ယွမ်လီက...

"သမာဓိမင်းကြီးဘွဲ့ထူးကို ခံယူထားရင် သိုင်းလောကမှာ အမိန့်ပေးနိုင်တယ်ဆိုတာ မင်း မသိဘူးလား"



လွှေကြိုး ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော့်ဆရာလက်ထက်မှာ အမိန့်ကိုနာခံကြပေမယ့် ခုချိန်မှာတော့ ဘယ်သူကမှ နာခံကြတော့မှာ မဟုတ်ပါဘူး"

ယွမ်လီက...

"သည်ဘွဲ့တံဆိပ်ဟာ ဘာမှအသုံးမဝင်တော့ဘူးလို့ မင်းပြောချင်တာလား"

"ဟုတ်ပါတယ်ခင်ဗျာ"

"ဒါဆို ကျုပ်ကို ပေးလိုက်ပါလား"

"ဗြော်"

လွှေကြိုး ပြုံးလိုက်လေသည်။

"ဆရာယွမ်က လိုချင်နေတာလားဗျာ"

ယွမ်လီက...

"သည်ဘွဲ့တံဆိပ်ဟာ ဘယ်လောက်အသုံးဝင်တယ်ဆိုတာ ကျုပ်လက်တွေ့ပြပါ့မယ်"

လွှေကြိုးက...

"ကျွန်တော် ပေးလိုက်ချင်ပါတယ်၊ ဒါပေမယ့် ပေးလို့မဖြစ်ပါဘူးခင်ဗျာ"

ယွမ်လီက...

"အေး မင်းမပေးလည်း ငါက ရအောင်ယူမယ်ဆိုရင်ကော"

လွှေကြိုး ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးယူလို့ရရင် ယူသွားနိုင်ပါတယ်ခင်ဗျာ"

"ကောင်းပြီ"

ယွမ်လီက စတင်တိုက်ခိုက်လိုက်လေသည်။

လှေကြီးလည်း ယွမ်လီနှင့်ယှဉ်ပြိုင်လိုက်ရလေတော့သည်။

♠ ♠ ♠

ယွမ်လီနှင့်မြစ်ဝါသိုင်းဆရာလင်ချုန်းတို့သည် သမာဓိမင်းကြီးဘွဲ့ကို လိုချင်မက်မောနေကြသူများ ဖြစ်နေကြပါတော့သည်။

ယွမ်လီသည် အဖြူရောင်သိုင်းသမားကြီးဟု ဘွဲ့ထူးခံယူထားသည်ကိုပင် လျစ်လျူရှုကာ လှေကြီးအား တိုက်ခိုက်လိုက်ပြီဖြစ်လေသည်။

လှေကြီး၏သိုင်းပညာမှာ ယခင်ကနှင့်မတူတော့ဘဲ များစွာ တိုးတက်နေပြီဖြစ်ပါသည်။

ထို့ကြောင့်...

လှေကြီးသည် ယွမ်လီကို ကောင်းစွာရင်ဆိုင်နိုင်ခဲ့သည်။

ယွမ်လီ အံ့ဩသွားလေသည်။

"မင်းရဲ့ပညာ မဆိုးပါလား"

လှေကြီးက ဆက်လက်တိုက်ခိုက်ခြင်း မပြုဘဲနောက်ဆုတ်လိုက်လေသည်။



ယွမ်လီ မဲ့ပြုံးပြုံးလိုက်သည်။

"ငါက မင်းကို အနိုင်မယူနိုင်ဘူးလို့များ ထင်နေသလား"

လှေကြီး လက်ကာပြလိုက်သည်။

"ကျွန်တော် မေးစရာလေးတစ်ခု ရှိနေလို့ပါဗျာ"

ယွမ်လီက...

"မင်း ဘာသိချင်တာလဲ"

လှေကြီးက...

"ကျူးရှမ်းအော့ကို ခင်ဗျား ဖမ်းဆီးထားတာလား"

"ကျူးရှမ်းအော့ဆိုတာ ကျူးထင်းဖုန်းရဲ့သမီး မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"ကျုပ်က ဘာကြောင့် သူ့ကိုဖမ်းထားရမှာလဲ"

လှေကြီးက...

"ဒါဖြင့် သူ့ကို ဘယ်သူက ဖမ်းဆီးထားတာလဲဆိုတာ ပြောပါဦးဗျာ"

ယွမ်လီ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် မသိဘူး"

လှေကြီး သက်ပြင်းချလိုက်သည်။

သမာဓိမင်းကြီးဘွဲ့တံဆိပ်ကို လိုချင်မက်မောသူတစ်ယောက်က ကျူးရှမ်းအော့အား ဖမ်းဆီးထားခြင်းဟု လှေကြီး နား

www.burmeseclassic.com

www.burmeseclassic.com



လည်ထားလေသည်။

ယွမ်လီက ဖမ်းဆီးထားခြင်းမဟုတ်လျှင် မည်သူကဖမ်းဆီးထားပါသနည်း။

လွှေကြိုး စိတ်ပျက်သွားလေတော့သည်။

ယွမ်လီက…

"သမာဓိမင်းကြီးဘွဲ့ တံဆိပ် ကျူပ်ကို ပေးလိုက်တာ မင်းအတွက် အကောင်းဆုံးဖြစ်မယ်"

လွှေကြိုး သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ၊ ခင်ဗျား သည်လောက်တောင် လိုချင်နေမှတော့ပေးလိုက်ပါ့မယ်"

အင်္ကျီရင်ဘတ်ကြားမှ ရွှေတံဆိပ်လေးတစ်ခုကို ထုတ်ယူလိုက်သည်။

သိုင်းလောကသားများ လိုချင်မက်မောနေကြသည့် သမာဓိမင်းကြီးဘွဲ့ တံဆိပ်တော် ဖြစ်လေသည်။

ယွမ်လီ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပလာလေတော့သည်။

လွှေကြိုးက…

"ခင်ဗျားလိုချင်ရင် ယူသွားပါဗျာ"

ရွှေပြားလေးကို ပစ်ပေးရန် ဟန်ပြင်လိုက်၏။

ထိုစဉ်…



"နေဦး"

ဟန့်တားသံ ထွက်ပေါ်လာသည်။

လူတစ်ယောက် ပြေးလွှားရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

♠ ♠ ♠

လူတစ်ယောက် ပြေးလွှားရောက်ရှိလာလေသည်။

ထိုလူအား ယွမ်လီ ကောင်းစွာသိထားသည်။

သူ၏သွေးသောက်မိတ်ဆွေ မြစ်ဝါသိုင်းဆရာလင်[illegible]နေသည် မဟုတ်ပါလား။

ယွမ်လီက…

"ခင်ဗျားက တားဆီးလိုက်တာလား"

လင်ချန်းက…

"ဟုတ်ပါတယ်ဗျာ"

"ဘာသဘောလဲဗျ"

"ရွှေတံဆိပ်ဟာ ကျုပ်နဲ့လည်း သက်ဆိုင်တယ်လို့ [illegible] ပါတယ်ဗျာ"

"ဘာဗျ"

ယွမ်လီ မကျေမနပ်ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်ချွန်းက...

"ကျုပ်တို့နှစ်ယောက်စလုံးက ရွှေတံဆိပ်ကို လိုချင်ခဲ့ကြတာပဲ မဟုတ်လားဗျာ"

ယွမ်လီက...

"ကောင်းပြီလေ၊ ဘယ်သူ ပိုင်ဆိုင်သင့်သလဲဆိုတာ ကျုပ်တို့ ယှဉ်ပြိုင်ပြီး ဆုံးဖြတ်ကြတာပေါ့"

"စိန်လိုက်လေ"

ထို့နောက် လင်ချွန်းနှင့်ယွမ်လီတို့ ယှဉ်ပြိုင်တိုက်ခိုက်လိုက်ကြလေတော့သည်။

♠ ♠ ♠



ယွမ်လီနှင့်လင်ချွန်းတို့မှာ ရွှေတံဆိပ်ကို လိုချင်မက်မောနေကြသူများဖြစ်လေသည်။

ထို့ကြောင့် သူရဲကောင်းတောင်ကုန်း ပျက်စီးသွားပြီး ကြေးမျက်နှာဖုံးရှင် ပြဿနာပေါ်ပေါက်လာသောအခါ လှုပ်ရှားလာကြခြင်းဖြစ်သည်။

သို့သော်...

ထင်ထင်ပေါ်ပေါ် လှုပ်ရှားခြင်းမပြုဘဲ နောက်ကွယ်မှနေ၍ တိတ်တဆိတ် လှုပ်ရှားခဲ့ကြသည်။

တရားခံအစစ် ပေါ်ပေါက်သွားပြီး လွှကြီးက ရွှေတံဆိပ် ဆက်ခံရမည်မို့ နှစ်ဦးသားပြောင်ပြောင်တင်းတင်း လှုပ်ရှားလိုက်ကြခြင်းဖြစ်လေသည်။

ယွမ်လီနှင့်လင်ချွန်းတို့ တိုက်ခိုက်လိုက်ကြသောအခါ လွှကြီးလည်း စိတ်ပျက်စွာဖြင့် ဂေဟာထဲမှထွက်လာခဲ့လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



သမာဓိမင်းကြီးဘွဲ့ကို သိုင်းလောကသားများက ချီးမြှင့်ခဲ့ကြပြီး မြို့စား နယ်စားများ၏ ထောက်ခံမှုဖြင့် နန်းတွင်းမှလည်း အသိအမှတ်ပြုခဲ့လေသည်။

ဘွဲ့တံဆိပ်ပိုင်ရှင်သည် ကွယ်လွန်သွားသည်ဖြစ်စေ၊ သိုင်းလောကမှ အနားယူသွားသည်ဖြစ်စေ အခြားတစ်ယောက်ယောက်ကို အမွေခံအဖြစ် လွှဲပြောင်းပေးခွင့်ရှိသည်။

အမွေဆက်ခံသူကလည်း အများအကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်ရမည်သာ ဖြစ်လေသည်။

ရွှေတံဆိပ်၏ အရှိန်အဝါကြီးမားရကား သိုင်းလောကသားတိုင်း လိုချင်မက်မောသော ပစ္စည်းတစ်ခု ဖြစ်လာခဲ့လေတော့သည်။

ရွှေတံဆိပ်ကြောင့် လင်ချွန်းနှင့်ယွမ်လီတို့ကဲ့သို့ သိုင်းသမားကြီးများပင် ဖောက်လွဲဖောက်ပြန်ဖြစ်ခဲ့ကြပြီ မဟုတ်ပါလား။

လှေကြီးက သစ်ပင်ကြီးတစ်ပင်အောက်၌ ရပ်တန့်လိုက်၏။

ကျူးရှမ်းအော့က အဖမ်းခံနေရသည်။

ယွမ်လီနှင့်လင်ချွန်းတို့၏ လက်ချက်မဟုတ်ပါ။

ဤသို့ဆိုလျှင် မည်သူ၏လက်ချက်ဖြစ်ပါသနည်း။

လှေကြီး စဉ်းစား၍မရအောင် ဖြစ်နေသည်။

ထိုအချိန်မှာပင်...

"အား"



"အမယ်လေး"

စူးရှသောအော်ဟစ်သံများ တစ်ခဲနက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

♠ ♠ ♠

အော်ဟစ်သံများသည် ဂေဟာထဲမှ ထွက်ပေါ်လာခြင်းဖြစ်လေသည်။

လှေကြီး ရင်ထိတ်သွားသည်။

ယွမ်လီနှင့်လင်ချွန်းတို့၏ အသံဖြစ်သည်။

ယှဉ်ပြိုင်တိုက်ခိုက်နေသော ယွမ်လီတို့ ဒုက္ခရောက်သွားကြပြီလော။

နှစ်ယောက်စလုံး၏ အော်ဟစ်သံ တပြိုင်နက်တည်း ထွက်ပေါ်လာခြင်းကြောင့် ထူးခြားနေသည်ဟု ဆိုနိုင်ပါတော့သည်။

လှေကြီး မနေနိုင်တော့ဘဲ ပြေးလွှားသွားလိုက်လေသည်။

ဂေဟာထဲသို့ ဝင်လိုက်မိလျှင် ကြမ်းပြင်ပေါ်လဲကျနေကြသည့် ယွမ်လီနှင့်လင်ချွန်းတို့အား တွေ့လိုက်ရလေတော့သည်။

နှစ်ယောက်စလုံး သွေးအိုင်ထဲလဲကျကာ အသက်ပျောက်နေကြပြီဖြစ်သည်။

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



လှေကြီး ရင်ထိတ်သွားလေသည်။

"ဒါဟာ အချင်းချင်းတိုက်ခိုက်ပြီး နှစ်ယောက်စလုံး သေသွားတာမျိုး မဟုတ်ဘူး။ သူတို့နှစ်ယောက် တိုက်ခိုက်နေတုန်း တစ်ယောက်ယောက်က လုပ်ကြံလိုက်တာပဲ"

ချက်ချင်း ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။

ဤတွင်...

မလှမ်းမကမ်း၌ ရပ်နေသော အနက်ရောင်ဝတ်ထားသူတစ်ယောက်ကို တွေ့လိုက်ရလေတော့သည်။

♠ ♠ ♠

အနက်ရောင်ဝတ်ထားသူက မလှုပ်မယှက် ရပ်နေ၏။

ထိုလူထံမှ လူသတ်လိုသော အငွေ့အသက်များ ပျံ့လွင့်နေသည်ဟု လှေကြီး ခံစားလိုက်ရလေသည်။

ထိုလူ၏ လက်ထဲ၌ သွေးစွန်းနေသော ဓားတစ်လက်ကိုင်ထားလေသည်။

"မင်း ဘယ်သူလဲ"

လှေကြီးက မေးလိုက်သည်။

ထိုလူက...

"ကျုပ် ဘယ်သူလဲဆိုတာထက် ကျူးရှမ်းအော့ကို အသက်



ရှင်လျက် လိုချင်သလား။ မလိုချင်ဘူးလားဆိုတာက ပိုပြီးအရေးကြီးတယ်"

"ဘာ"

"ကျူးရှမ်းအော့က ကျုပ်လက်ထဲမှာ"

လှေကြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"သူ ဘယ်မှာလဲ"

"ကျုပ်လက်ထဲမှာလို့ ပြောပြီးပြီလေ၊ ရွှေတံဆိပ် ကျုပ်ကို ပေးပါ၊ ကျူးရှမ်းအော့ကို လွှတ်ပေးလိုက်မယ်"

လှေကြီး ခေါင်းခါယမ်းလိုက်သည်။

"ကျူးရှမ်းအော့ကို မတွေ့ရဘဲ မပေးနိုင်ဘူး"

ထိုလူက...

"ကောင်းပြီ၊ ကျုပ်နောက်လိုက်ခဲ့"

စကားဆုံးလျှင် ချာခနဲလှည့်ကာ ပြေးလွှားသွားလေသည်။

လှေကြီးလည်း ထပ်ကြပ်မကွာ လိုက်သွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲကျောင်းတောင်ကုန်း အနောက်ဘက်တွင် စိမ်းလန်းစိုပြည်နေသော တောအုပ်တစ်ခု ရှိလေသည်။

အနက်ရောင်ဝတ်ထားသူက တောအုပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

လွှကြီး ခြေလှမ်းရပ်လိုက်သည်။

"ခင်ဗျား ဘယ်ရောက်သွားပြီလဲ၊ ရွှေတံဆိပ်ကို မယူတော့ဘူးလားဗျ"

ဟု အော်ပြောလိုက်လေသည်။

သူ၏အသံနှင့် မရှေးမနှောင်းမှာပင်...

"အစ်ကို"

တောအုပ်ထဲမှ မိန်းကလေးတစ်ယောက် ပြေးထွက်လာလေသည်။

ကျူးရှမ်းအော့ ဖြစ်လေသည်။

"ညီမ"

လွှကြီး ဝမ်းသာအားရ ဖြစ်သွားလေသည်။

ကျူးရှမ်းအော့ကို ဘေးမသီရန်မခ တွေ့လိုက်ရသည် မဟုတ်ပါလား။

ကျူးရှမ်းအော့၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

သူမ မောဟိုက်နေသည်။

"ညီမ"



လွှကြီးသည် ကျူးရှမ်းအော့ တစ်စုံတစ်ခုဖြစ်လာပြီဟု နားလည်လိုက်လေသည်။

ကျူးရှမ်းအော့က...

"အစ်ကို...ကျွန်..."

"ညီမ ဘာဖြစ်လို့လဲ"

"ဟို...ဟို"

သူမ မဟာန်နိုင်တော့ဘဲ မြေပေါ် ဝုန်းခနဲလဲကျသွားလေတော့သည်။

လွှကြီးက ပြေး၍ ဖေးမပွေ့ထူလိုက်လေသည်။

ကျူးရှမ်းအော့၏နှုတ်ခမ်းထောင့်မှ သွေးမည်းများ ယိုစီးကျနေသည်။

"ဟာ"

လွှကြီး အလန့်တကြားဖြစ်သွားသည်။

ကျူးရှမ်းအော့ အဆိပ်မိထားသည် မဟုတ်ပါလား။

အနက်ရောင်ဝတ်ထားသူက ကျူးရှမ်းအော့ကို အဆိပ်ခတ်ပြီး လွှတ်ပေးလိုက်ခြင်း မဟုတ်ပါလား။

"ညီမ...ညီမ"

လွှကြီးက ကျူးရှမ်းအော့ကို ဖေးမပြီး သူမ၏ကျောပြင်ရှိ သွေးကြောများကို အမိကထားပြီး လက်ဝါးဖြင့် ဖိကပ်ကာ အတွင်းအားပို့ဆောင်ပေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အတွင်းအားဖြင့် ကျူးရှမ်းအော့၏ခန္ဓာကိုယ်ထဲ ရောက်နေသော အဆိပ်များကို ခန္ဓာကိုယ်ပြင်ပရောက်အောင် ကြိုးစားလိုက်လေသည်။

အဆိပ်ဝေဒနာကို အတွင်းအားသုံးကာ ကုသပေးခြင်းသည် အလွန်အန္တရာယ်များသောကိစ္စဖြစ်လေသည်။

အတွင်းအားများ ဆုံးရှုံးကာ အခက်ကြုံရတတ်သည် မဟုတ်ပါလား။

လွှေကြီးက မိမိ၏အတွင်းအားထိခိုက်မည်ကို အမှုမထားဘဲ ကျူးရှမ်းအော့၏ အသက်အန္တရာယ် မထိခိုက်အောင် ကြိုးစားပေးလိုက်ခြင်းဖြစ်လေသည်။

"ဟား..ဟား..ဟား"

ရယ်မောသံများ ထွက်ပေါ်လာသည်။

အနက်ရောင်ဝတ်ထားသူက တောအုပ်ထဲမှ ထွက်လာသည်ကိုတွေ့လိုက်ရလေတော့သည်။

♠ ♠ ♠

အနက်ရောင်ဝတ်ထားသူက တဟားဟားရယ်မောလိုက်လေသည်။ လွှေကြီး မကျေမနပ် ဖြစ်သွားလေသည်။

သို့သော်...



ကျူးရှမ်းအော့အတွက် စိုးရိမ်ရသေးသဖြင့် ဘာမှမပြော

သာအောင်ဖြစ်နေသည်။

အနက်ရောင်ဝတ်ထားသူက...

"ကျုပ်ကို ရွှေတံဆိပ်ပြားပေးပါ။ ကျူးရှမ်းအော့အတွက် အဆိပ်ဖြေဆေးပေးမယ်"

ဟု ပြောလာလေသည်။

လွှေကြီးက...

"ကောင်းပြီ..မင်းမလိမ်ရဘူး"

အနက်ရောင်ဝတ်ထားသူက...

"ကျုပ်က ရွှေတံဆိပ်ကို လိုချင်တာပါ။ ကျူးရှမ်းအော့ကို လိုချင်တာ မဟုတ်ပါဘူး"

"ဒါဖြင့် အဆိပ်ဖြေဆေးပေးပါ"

"ကောင်းပြီ"

အနက်ရောင်ဝတ်ထားသူက ဆေးပုလင်းလေးတစ်လုံး ပေ

ပေးလိုက်လေသည်။

လွှေကြီးက အတွင်းအား ရှုပ်သိမ်းကာထရပ်ပြီး ဆေး

လင်းလေးကို ဖမ်းယူလိုက်သည်။

ဆေးပုလင်းလေးထဲ၌ အနီရောင်ဆေးတစ်လုံး ရှိလေသည်

လွှေကြီးက...

"ဒါ အဆိပ်ဖြေဆေးဆိုတာ သေချာတာပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ဝတ်ထားသူ ခေါင်းညိတ်လိုက်သည်။

“သိပ်သေချာတာပေါ့”

“ကောင်းပြီ”

လျှော်ကြိုးက ရွှေတံဆိပ်လေးကို ပစ်ပေးလိုက်သည်။

အနက်ရောင်ဝတ်ထားသူက ဖမ်းယူရန် ဟန်ပြင်လိုက်လေသည်။

ထိုအချိန်မှာပင်...

“ယား”

လျှော်ကြိုး လျှပ်တပြက် ခုန်ဝင်သွားပြီး တိုက်ခိုက်လိုက်လေတော့သည်။

♠ ♠ ♠

လျှော်ကြိုးမှာ ကျူးရှမ်းအော့ကို ကုသပေးခဲ့ရခြင်းကြောင့် အတွင်းအားကုန်ခမ်းကာ သိုင်းအားတစ်ဝက်ခန့်လျော့ကျနေသည်။

ထို့ကြောင့် တိုက်ခိုက်ဝံ့မည်မဟုတ်ဟု အနက်ရောင်ဝတ်ထားသူက ယုံကြည်ထားလေသည်။

သို့သော်...

လျှော်ကြိုးက တိုက်ခိုက်လာသောအခါ ရင်ထိတ်သွားလေသည်။



သူက ရွှေတံဆိပ်ကို ဖမ်းယူဖို့ ဟန်ပြင်နေချိန်၌ တိုက်ခိုက်ခံလိုက်ရသည် မဟုတ်ပါလား။

“ဒါက ဘာသဘောလဲ”

အနက်ရောင်ဝတ်ထားသူ ဒေါသတကြီးဖြစ်ကာ ပြန်လည်ရင်ဆိုင်လိုက်လေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလျှင်—

“ဝုန်း”

ကျယ်လောင်သောအသံနှင့်အတူ နှစ်ယောက်သား ဖြိုင်တူနောက်ဆုတ်လိုက်ကြရလေသည်။

အနက်ရောင်ဝတ်ထားသူသည် လျှော်ကြိုး၏အတွင်းအားမှာ တကယ်တမ်းလျော့ကျသွားခြင်းမရှိသည်ကို တွေ့ရလျှင် အံ့ဩသွားလေသည်။

“လျှော်ကြိုး...မင်း...မင်း”

လျှော်ကြိုး ပြုံးလိုက်သည်။

“ကျုပ်ဟာ အရင်က လျှော်ကြိုးမဟုတ်ဘူးဆိုတာ မင်းသိသင့်တာပေါ့”

“မင်း”

“သည်မှာ...ဖန်စွန်း...ဆရာဟာ ကြေးမျက်နှာဖုံးဆိုတာ မင်းသိနေတယ်၊ ရွှေတံဆိပ်ကို လိုချင်လို့ ငါ့ကိုဒုက္ခပေးခဲ့တာပဲ၊ ငါဟာ လူသတ်ကောင်ဆိုပြီး သိုင်းလောကထဲမှာ သတင်းဖြန့်ခဲ့တယ်၊

www.burmeseclassic.com



နောက်ပိုင်း အဖြစ်မှန်ပေါ်ပေါက်သွားတော့ မင်းပျောက်ကွယ်သွားတယ်”

အနက်ရောင်ဝတ်ထားသူကား ပိုင်ဖန်း၏ဘယ်လက်ရုံး ဖန်စွမ်းဖြစ်လေသည်။

ဖန်စွမ်းသည် ညာလက်ရုံးဖြစ်သော လျှောကြီးက ရှေတံဆိပ် ရသွားမည်ကို မနာလိုဖြစ်ကာ နောက်ကွယ်မှ အကောက်ကြံခဲ့ခြင်း ဖြစ်လေသည်။

ယခုတော့ လျှောကြီးက ဖန်စွမ်း၏ မကောင်းမှုကိုဖော်ထုတ်လိုက်ပြီဖြစ်လေသည်။

ဖန်စွမ်း ခေါင်းငိုက်စိုက် ကျသွားလေတော့သည်။

လျှောကြီးက ကျူးရှမ်းအော့ကို ဖေးမလိုက်သည်။

ယခုမှ သူတို့၏ဘဝလေး အမှန်တကယ် အေးချမ်းသာယာသွားပြီ ဖြစ်လေသည်။

ပြီးပါပြီ။

www.burmeseclassic.com